

# ဘ၀အမျှော်အလင်းဆောင်

ဘဒ္ဒန္တဇာနေယျ

(မိုးညှို့ရွှေပုဏ္ဏားလေး)

WIN NAING (A-7)

# ဘဝအမျှော်အလင်းဆောင်

မိုးညိုရွှေပုဏ္ဏားလေး

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် – ၃၂၀၆၀၅၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၂၀၅၂၆၀၅၀၈

ပုံနှိပ်ခြင်း – ပထမအကြိမ်၊ (၅၀၀)အုပ်

ထုတ်ဝေခြင်း – ၂၀၀၅–ခု၊ အောက်တိုဘာလ

မူပိုင် – မျိုးညွန့်နှင့်အဖွဲ့

မျက်နှာဖုံး – Win Naing (A-7)

ထုတ်ဝေသူ – ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
၁၁၁၊ ၃၃–လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ – ဒေါ်အေးအေးခိုင်
စိန်ကြယ်ပုံနှိပ်တိုက်
အမှတ် ၇၂၊ ၃၀–လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး – မျိုးဆက်သစ်စာပေ(ရန်ကုန်)

တန်ဖိုး – ၉၀၀/-ကျပ်

# မာတိကာ


| | |
|---|---|
| နိဒါန်းစကား | ၁ |
| ဘဝဒဿန | ၈ |
| အချိန်ကို ဆင်ခြင်တတ်မှ တန်ဖိုးနားလည် | ၁၀ |
| တွေးခေါ်မှုပညာအားထုတ်ပါ | ၁၆ |
| စေတနာသုံးတန်နှင့် ဒါနသီလဘာဝနာ | ၃၉ |
| ပြိတ္တာတို့၏အမှောင်ဘဝ | ၆၄ |
| ကုသိုလ်အကုသိုလ်တို့ရဲ့ ပစ္စုပ္ပန်တမလွန်အကျိုးပေးပုံသာဓက | ၈၀ |
| ပါရမီရှင်များ ကုသိုလ်ကန့်ဆော်ပေးပုံ | ၁၀၀ |
| ပွားများအားထုတ်နည်း | ၁၀၈ |
| ယုံမှားခြင်း ၁၆ ပါး | ၁၁၇ |
| ဒိဋ္ဌိဝိသုဒ္ဓိအယူစင်ကြယ်အောင်အားထုတ်ပါ | ၁၂၇ |
| ဘုရားရှင်ဟောတော်မူခဲ့သော ပွားများအားထုတ်နည်း | ၁၅၁ |
| မမေ့မလျော့ခြင်း၏အကျိုးကျေးဇူး | ၁၇၄ |
| အနိစ္စလက္ခဏာနှင့် တရားထူးရသွားသော ဝတ္ထုသာဓက | ၁၈၄ |
| အကုသိုလ်အမှား ကာလသုံးပါးသိ၍ ခံစား | ၁၉၂ |
| သစ္စာတရား | ၂၂၃ |

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်းစကား

ဤဘဝအမှောင်အလင်းဆောင်ဟူသော စာအုပ်ကို ရေးသားထုတ်ဝေရခြင်းသည် ရဟန်းရှင်လူများစွာသော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ဂတိမမြဲကြ၍ ဘဝအာမခံချက် မရကြသေးပေ။ ယခုဘဝ လူလာဖြစ်ကြရာ ဘယ်ဘဝက လာခဲ့သည်ကို မသိကြလေဘူး။ နောင်ဖြစ်ရမည့် ဘဝကိုလည်း မသိနိုင်သေးဘူး။ လူတိုင်းလူတိုင်း သိထားကြတဲ့ တရားက အိုရမည်၊ နာရမည်၊ သေရဦးမည်။ ယင်းတရားများကား မလွဲမသွေ ဧကန်ရင်ဆိုင် ရမည့် တရားဖြစ်သည်ကို သိထားကြလေ၏။

ထိုသို့ အိုခြင်း နာခြင်း သေခြင်း သိထားပေမဲ့ အချိန်နာရီ နေ့ရက်နေရာဌာနတို့ကို သိခွင့်မရဘဲ နေကြရလေ၏။ ထိုအဖြစ် အပျက်ကို သေချာစဉ်းစားကြည့်လေတော့ မရေမရာ ဇဝေဇဝါနှင့် မသေချာသောဘဝမျိုးတွေ ဖြစ်နေကြရ၏။ ဤဘဝမျိုးနှင့် သွား

ကြမည်ဆိုလျှင် လိုတာမရ၊ ရတာမလိုဟူသော ဆင်းရဲမျိုးနှင့် သံသရာလှည့်လည် နေကြရမည်။ သံသရာလှည့်လည်ဖြစ်သည့် အခါ လူဘဝ နတ်ဘဝမျိုးနှင့် ဖြစ်ရလျှင် တော်သေး၏။ အောက် သံသရာဖြစ်သော ငရဲတိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဖြစ်သော အပါယ်လေးဘုံအဖြစ်မျိုးနှင့် ကျင်လည်ရလျှင် သံသရာပိုရှည် လျားပြီး ကောင်းသောပါရမီပြုလုပ်ခွင့် မရဘဲ ဆင်းရဲတွင်းနက်နေ လိမ့်မည်။

ဤစာအုပ်၌ မကောင်းတဲ့ကံ သင်္ခါရတွေ ပြုလုပ်ကြ၍ ဘဝရှည်စွာ ဆင်းရဲတို့ဖြင့် ဖြစ်နေရပုံတို့ကို ဝတ္ထုသာဓကများဖြင့် ရှေ့ပိုင်းမှာ ဖော်ပြထားလေ၏။ ရနိုင်မည့် သံဝေဂမျိုးကိုလည်း တွဲဖက်ဖော်ပြထားလေ၏။ အမြင်ဒဿနပိုင်းများကို လေးလေး နက်နက် ဖော်ပြထားသည့်အတွက် ဖတ်ရသူတိုင်း ဉာဏ်အမြင်မှာ ရှင်းရှင်းလင်းလင်း သိနိုင်အောင် တင်ပြထားပါတယ်။ တစ်ဖန် အဆင်ပြေချမ်းသာသော ဘဝမျိုးနှင့် နိဗ္ဗာန်သို့အရောက်ထောက်ပံ့ ပေးနိုင်သောဒါနများကို အခြေခံမှစ၍ ပြုလုပ်ပုံ ပြုလုပ်နည်းစနစ် တို့ကို ကျကျနန တင်ပြချက်များ ပါရှိလေ၏။ အကျင့်သီလ ပိုင်းဆိုင်ရာမှာလည်း မကောင်းမှုတို့ရဲ့ ဆိုးကျိုးများ သိရပြီး ကုသိုလ်ကံတို့၏ ကောင်းကျိုးများကိုလည်း သိရှိနိုင်၍ မကောင်း မှုမှရှောင်ကြဉ်လိုသောစိတ်၊ ကောင်းကျိုးတွေ တဖြည်းဖြည်း ရလေအောင် ကြိုးစားချင်သောစိတ်များ ဖြစ်ပေါ်လာအောင် ရှုထောင့် အမျိုးမျိုးနှင့် ရေးသားထားလေ၏။ အမြင်အယူနှင့် ပတ်သက်လို့ ဘုရားတရား သံဃာ ဆရာမိဘတို့၏ ဂုဏ်ကျေးဇူး

များကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား တွေ့မြင်လေအောင် ရေးသားထားသည်ကိုလည်း ဖတ်ရှုရမှာ ဖြစ်ပါသည်။

ဘာဝနာ အပိုင်းမှာတော့ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာဟု နှစ်ပိုင်းပါရှိရာ ချမ်းသာသုခသက်တမ်း ရှည်ရှည်နှင့် နိဗ္ဗာန်ရောက်သည်ထိ ခံစား၍ ငြိမ်းအေးချင်လျှင် သမထဘာဝနာကို ဦးစားပေး ပြုလုပ်နိုင်ပုံ၊ ဝဋ်ဘဝတိုတိုနှင့် နိဗ္ဗာန်သို့ အရောက် လှမ်း၍ ငြိမ်းအေးချင်လျှင် ဝိပဿနာဘာဝနာကို အဓိကယူ ကြိုးစားနိုင်ပုံတို့ကို အသေးစိတ်ကျင့်စဉ်များ တွေ့ရှိရမှာဖြစ်လေ သည်။ ယုံမှား သံသယများရှိနေကြ၍ ဆုံးဖြတ်ချက် ခက်နေကြ သော ပုထုဇဉ်တို့အား ယုံမှားမှု အမျိုးမျိုးအကြောင်းကိုလည်း ရေးသားထားသောကြောင့် စာရှုသူများ ကျေနပ်နှစ်သိမ့်လိမ့် မည်ဟု ထင်မြင်မိပါ၏။

သစ္စာပိုင်းကို ဖွင့်ဆိုရာမှာ အမှန်တရားကို သိမြင်လို၍ ရှာကြံ လျှောက်လှမ်းနေကြသော ပုဂ္ဂိုလ်များကို ဆင်းရဲချမ်းသာ မရွေး သိခွင့်ရနိုင်ဖို့ သစ္စာတရား၏ အနက်အဓိပ္ပာယ်များကို ထိထိမိမိ တိုတိုကျဉ်းကျဉ်းနှင့် ရေးသားဖွင့်ဆိုထားရာ ရရှိထား သော ဘဝဖြစ်ပျက်နေမှုများကို ကွင်းကွင်းကွက်ကွက်မြင်သာ အောင် မီးမောင်းထိုးပြနေသည်ကို ဖတ်ရှုလေ့လာရင်း ကိုယ်တိုင် ခံစားစံစားနိုင်လိမ့်မည်ဟု ယုံကြည်မိပါ၏။ သစ္စာဟူသော အမှန် တရားကို မသိခင် ပုထုဇဉ်များ ချမ်းသာတစ်မျိုး၊ ဆင်းရဲတစ်ဖုံ ဘဝဇာတ်ခုံဟူသော ၃၁ ဘုံတွင် ဖြစ်ပျက်နေခြင်းသည် သစ္စာမသိ သေးသော ဘဝများရဲ့ ဆင်းရဲနေရပုံအကြောင်းစုံကိုလည်း

ထင်ဟပ်ပေါ်လွင်အောင် ရေးသားထားသည်ကို ဖတ်ရှုရပါလိမ့်မည်။ များစွာသော လူတို့ အသက်ရှင်နေထိုင်ကြရာ ကျမ်းမာစွာဖြင့် အသက်ရှည်ပြီးကုသိုလ်ပြုလုပ်အားထုတ်နိုင်ဖို့ ကျန်းမာရေးအထောက်အကူပြုဘာဝနာအလုပ်များ ထွက်လေဝင်လေတို့၏အရှည်အတို၊ အကြမ်းအနု ငြိမ်းအေးမှု ချမ်းသာမှုရအောင်နည်းများလည်း ပါရှိလေသောကြောင့် စာဖတ်သူများ သဘောကျနှစ်သက်နိုင်လိမ့်မည်ဟု ထင်မိလေ၏။

နိဗ္ဗာန်တည်းဟူသော ငြိမ်းအေးရာ မြတ်ချမ်းသာကိုများစွာသော သူတို့သည် အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးအကြံအစည်အမျိုးမျိုးတို့ဖြင့် သိမြင်နိုင်ဖို့ ရှာကြံ အားထုတ်နေကြ၏။ နိဗ္ဗာန်ကို တကယ်တန်း သိမြင်လိုသူတို့အဖို့ အားထုတ်မှုကျင့်စဉ်၊ အသိတရားမှန်ကန်မှုရှိနေဖို့ အဓိကလိုအပ်သော ဉာဏ်ပညာမှန်ကန်နေရမည် "မဇ္ဈိမပဋိပဒါ"လမ်းစဉ်နှစ်ဖက် အစွန်းလွတ်သော အနေမျိုးရောက်အောင် နေနိုင်ရမည်။ ရအောင်လည်းရှာဖွေအားထုတ်ရမှာ ဖြစ်သည်။

ဤစာအုပ်၌ပါသော သစ္စာလေးပါး ဖွင့်ဆိုထားရာ မဂ္ဂသစ္စာအခန်း၌ မဂ္ဂင်ရှစ်ပါးပါရှိလေ၏။ မဂ္ဂင်ရှစ်ပါးကို အကျယ်တဝင့် ဖွင့်ဆိုထားသောကြောင့် နိဗ္ဗာန်ကို သိမြင်လိုသူတိုင်းမဂ္ဂင်ရှစ်ပါးကို လေ့လာရမည်။ ပွားများအားထုတ်ရမည်။ ကျင့်သုံးနေထိုင်ရမည်။ ပွားများအားထုတ်လို့ သတိခိုင်မြဲ၍ နှစ်ဖက်အစွန်းလွတ် မဇ္ဈိမပဋိပဒါ လမ်းစဉ်ကျလျှင်၊ မဂ္ဂင်ရှစ်ပါး ကျင့်သုံးမှုဖြင့် အမြင်ဆုံးရာနိဗ္ဗာန်၊ ပြုလုပ်စရာကိစ္စဆုံးရာ နိဗ္ဗာန်၊ အသိ

ဆုံးရာနိဗ္ဗာန်ဖြစ်သည့်အတွက် လိုချင်တောင်းတမှု ပြတ်ပြီ၊ ပြုဖွယ်ကိစ္စအားလုံး ကုန်ဆုံးသွားပြီ၊ ဘဝသစ်တစ်ဖန် မရှိ အစဉ် ထာဝရ ငြိမ်းအေးလေပြီ။ ထို့ကြောင့်

ဤမဂ္ဂင်ရှစ်ပါး အမှန်တရားသည် စာပေကောင်းမည်၏။

ဤမဂ္ဂင်ရှစ်ပါး အမှန်တရားသည် ဆရာကောင်း မည်ပေ၏။

ဤမဂ္ဂင်ရှစ်ပါး အမှန်တရားသည် မဇ္ဈိမပဋိပဒါ အကျင့်ကောင်းမည်ပေ၏။

ဤမဂ္ဂင်ရှစ်ပါး အမှန်တရားသည် နိဗ္ဗာန်သို့ပို့ရာ ယာဉ်ကောင်းမည်ပေ၏။

ယင်းသို့ အသိအမြင် ဒဿနများ ရေးသားထားသောကြောင့် ဤစာအုပ်ကို ဖတ်ရှုခြင်းအားဖြင့် ကြိုးစားကြိုးစားသလို အကျိုးထူးများလည်း ခံစားစံစားခွင့် ရနိုင်ပါလိမ့်မည်။ တရားထူးတရားမြတ်များ ခံစားစံစားနိုင်အောင် လူတိုင်းလူတိုင်း နေ့စဉ်နေ့စဉ် ပြုလုပ်သမျှ မြင်တွေ့ကြားသိသမျှတို့ကို စိတ်ငြိမ်ရာအခါ၊ အထူးသဖြင့် ညဥ့်ပိုင်းရောက်လျှင် မှန်သောလမ်းဖြင့် မှတ်ကျောက်တင်စစ်ဆေးကြည့်ပါ။ သုံးသပ်ယူကြည့်ပါ။ သို့မှသာလျှင် အသိဉာဏ်ကြွယ်ဝပြီး ဉာဏ်အသားတက်မည်။ နေ့စဉ် တွေ့ကြုံနေကြသော တရားများပေါ် သုံးသပ်မယူကြည့်လျှင် မေ့လျော့ခြင်း ပမာဒတရားတို့ ဖုံးလွှမ်းသွားလိမ့်မည်။ လောဘ၊ ဒေါသ၊ မောဟ စသော တရားများက အနိုင်ယူလွှမ်းမိုးနေလိမ့်မည်။ လောဘ စသော တရားတို့အနိုင်ယူ လွှမ်းမိုးခံရလျှင် လောကီအာရုံ

ကာမဂုဏ်များကို ခံစားချင်သောစိတ်များလည်း ဆုံးနိုင်တော့မည် မဟုတ်ပေ။ များသောအားဖြင့် သတ္တဝါတိုင်းသည် သံဝေဂမရ၍ အသိဉာဏ် အထွဋ်အထိပ်သို့ မရောက်သေးခင် နိုင်ငံအနှံ့၊ ကမ္ဘာအနှံ့ ရောက်ဖူးချင်ကြ၏။ အာရုံများ ခံစားချင်ကြ၏။ ထိုအချက်ကို တရားသဘောနှင့် ဝေဖန်သုံးသပ်ဆင်ခြင်ကြည့်ပါက ကမ္ဘာအနှံ့ နေရာအနှံ့ ရှိနေသည်က ပညတ်နှင့် ပရမတ်တရား၊ ပြုပြင်ပြောင်းလဲပေးနေသည်က အာရုံအမျိုးမျိုး၊ ကိုယ်တိုင်ခံစားတာက ဝေဒနာ၊ တပ်မက်စွဲလမ်း ပြုလုပ်နေတာက တဏှာ၊ လောကမှ မလွတ်မြောက်နိုင်အောင် ဖုံးလွှမ်းပေးနေတာက အဝိဇ္ဇာ၊ သံသရာလည်နေခြင်းနှင့် လိမ်ညာလှည့်ပတ်မှု မာယာကျော့ကွင်း စသည်တို့ဖြစ်သည်ကို သုံးသပ်ဆင်ခြင်နိုင်ရမည်။ ထိုတရားများကို ပေါ်လွင်အောင် အဆိုများ ပြုချင်ပါ၏။ ယင်းတို့ကား–

၁။ မနေတတ်သော့ အသေမတတ်၊
နေတတ်လျှင် အသေမြတ်၏။

၂။ ပညတ်မစင်လျှင် ငါထင်၊
ပရမတ်မြင်လျှင် ငါစင်။

၃။ ခွာတတ်မပိုင်တော့ဖြစ်ပျက်၊
ခွာတတ်နိုင်တော့ မဂ်သို့တက်။

၄။ မသိခင်အလုပ်ရှုပ်၊ သိလျှင် အလုပ်ရှင်း။

ဤအဆိုများကို မှတ်သားဆန်းစစ်၍ အသိဉာဏ်များများ ရအောင် ပွားယူရလေမည်။ စာရေးသူအမြင်မှာ ခုခေတ်အချိန်

အခါသည် များများပြုလုပ်မှ များများဗဟုသုတရမှ၊ များများ တွေးခေါ်နိုင်မှ အသိဉာဏ်လည်း တဖြည်းဖြည်းရင့်ကျက်လာနိုင် လိမ့်မည်။ အသိပညာရင့်ကျက်လာလျှင် အာရုံများပေါ် တုန်လှုပ် ချောက်ချားမှု မဖြစ်နိုင်တော့ပေ၊ တည်ငြိမ်အေးချမ်းမှုသို့ ရောက် အောင်တဖြည်းဖြည်း တက်လှမ်းယူရမည်။ ထိုမှ တန်ရုံကျမည့် ခေတ်မျိုး ဖြစ်နေသည်ကို သတိကြပ်ကြပ်ထားရလေမည်။ ထိုအချက်များ ပြည့်စုံနိုင်ဖို့ တစ်ခုတည်းသော အလိုအပ်ဆုံးတရား ကား အပ္ပမာဒတရား မမေ့မလျော့ခြင်းပင် ဖြစ်သည်။

ကိုယ့်စိတ်မှာ တရားထူးရနိုင်အောင် သတိအမြဲကပ်ထား နိုင်ဖို့ဆိုတာ ငြင်းဆန်လို့မရနိုင်သော အချက်ဖြစ်လေသည်။ ထို့ကြောင့် အချုပ်အားဖြင့် ဘုရား၊ တရား၊ သံဃာ ဆရာ မိဘ အနန္တောအနန္တငါးပါး ဂုဏ်ကျေးဇူးများကို ဦးထိပ်ရွက်ပြီး သူတော်ကောင်းများသည် အိုနာသေရေး ဆင်းရဲဘေးကို မကြိုက်၊ ဆင်းရဲကင်းရာ နိဗ္ဗာန်ချမ်းသာကိုသာ နှစ်သက်စံမြန်းကြ၏။ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ဘ၀အမှောင် ဖြိုခွင်း၍ အလင်းရောင် နိဗ္ဗာနဓာတ်မှာ ငြိမ်းအေးနေကြလေပြီ။

ထိုကို ရည်ရွယ်ပြီး ဤစာအုပ်ကို "ဘ၀ အမှောင်အလင်း ဆောင်"ဟု အမည်ပေးထား ရေးသားထုတ်ဝေရခြင်း ဖြစ်ပေ သတည်း။

**ရွှန်လန်း ချမ်းမြေ့ကြပါစေ။**

# ဘဝဒဿန

၁။ အဆင်းမျိုးစုံရှိနေတဲ့ ဘဝလူသားများ မြင်တွေ့နေကြရ။
၂။ အသံမျိုးစုံရှိနေတဲ့ ဘဝလူသားများ ကြားသိနေကြရ။
၃။ အနံ့မျိုးစုံရှိနေတဲ့ ဘဝလူသားများ နံသိနေကြရ။
၄။ အရသာမျိုးစုံရှိနေတဲ့ ဘဝလူသားများ စားသိနေကြရ။
၅။ အတွေ့ထိမျိုးစုံရှိနေတဲ့ ဘဝလူသားများ တွေ့ထိနေကြရ။
၆။ အကြံအစည်မျိုးစုံရှိနေတဲ့ ဘဝလူသားများ ကြံစည်နေကြရ။
၇။ ဆင်းရဲချမ်းသာ ခံစားနေကြ လှပ မလှမပ ဘဝဒဿန။
၈။ စိတ်တစ်ခုက ပဓာနထား ရှာဖွေစရာ ကမ္ဘာတစ်လွှား။
၉။ ဆန်းကြယ်စွာဖြစ်ပျက် ပဟေဠိဆန်တဲ့ ဘဝဆက်ဆက်
၁၀။ သင်လိုချင်တာ ဘယ်အရာ တွေ့ပြီလား အသင်လူသား စဉ်းစားဒဿနတရားများ၊
၁၁။ အလင်းမရတော့ ဘဝမှောင်ကာ စီးထား၊

၁၂။ အလင်းရတော့ ဘဝမှ လွတ်မြောက်သွား၊
၁၃။ ဗုဒ္ဓဘုရား လောကအမှန် ထုတ်ဖော်ပေးသွား သစ္စာတရား၊
၁၄။ အိုလူသားများ ကျေးဇူးတရား ရှာဖွေလို့ထား၊
၁၅။ လူသားချင်းချင်းရိုင်းပင်းကာ ကူညီသွားပေးဆပ်ဖို့ သင်၏ မမေ့တရား၊ ဘဝဒသနရှာဖွေရန် သင်၏အားမာန် ဤစာအုပ်တွင် လေ့လာဖို့ ဖတ်ရှုကြပါစို့။

# အချိန်ကို ဆင်ခြင်တတ်မှ တန်ဖိုးနားလည်

ဘုရားသခင်ကိုယ်တော်မြတ်သည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီး အဆုံးအမ သာသနာတော်ကို ထားတော်မူခဲ့လေ၏။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် အချိန်ကဆိုလျှင် လက်ယာလက်ဝဲ တေဒဂ်ရာထူး ရရှိတော်မူကြသည့် အရှင်သာရိပုတ္တရာ၊ အရှင် မဟာမောဂ္ဂလာန်တို့လည်း ထင်ရှားရှိနေပြီး မြတ်စွာဘုရားနှင့် အတူ သတ္တဝါများအား ဆင်းရဲဒုက္ခအပေါင်းမှ ကယ်တင်ပေး တော် မူခဲ့လေ၏။ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလာန်တို့သည် ယခုဘဝမှာ နောက်ဆုံးဘဝဖြစ်ကြပြီး ယခု ဘဝကုန်ဆုံးတာနှင့် ပရိနိဗ္ဗာန်စံယူပြီး အစဉ်ထာဝရ ငြိမ်းအေး သွားကြမည် ဖြစ်ပါသည်။

ထိုအရှင်မြတ်တို့သည် နောက်ဘဝမရှိသည့်အတွက် နေတော်မူတဲ့ ကာလပတ်လုံး ချေချွတ်စရာရှိသော သတ္တဝါတို့ကို

ချေချွတ်ပေးသွားရမည်မှာ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့၏ ကြီးမားတော်မူသော မဟာကရုဏာတော်မြတ်ဖြစ်လေသည်။ ပစ္စုပ္ပန်ဘဝ၌ ကျွတ်ထိုက်သူများ ဝေနေယျသတ္တဝါတို့အား ဉာဏ်တော်နှင့် ဆင်ခြင်သုံးသပ်ကာ ကိုယ်တိုင်ကြွရောက်တော်မူ၍ တရားဟော ကြားပေးလို့ ကျွတ်တန်းဝင်သွားကြသူများလည်း များစွာပင် ရှိကြလေသည်။

အချို့ပုဂ္ဂိုလ်များ သရဏဂုံ တည်ကြလေ၏။ အချို့လည်း ငါးပါးသီလကို မြဲမြံစွာ တည်သွားကြ၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများဖြစ်ကြ၍ တစ်ဆင့်နှင့်တစ်ဆင့် ရင့်ကျက်ပြီး ငြိမ်းအေးသွားကြရ၏။ ယခုအချိန်မှာမြတ်စွာဘုရားနှင့် အရိယာသူတော်ကောင်းတို့ ထားတော်မူခဲ့သောသာသနာတော်သည် အထင်အရှားရှိနေသေး၏။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ခိုင်လုံစွာရှိနေသောအချိန်ကာလ ဖြစ်နေ၏။ သာသနာတော်နှင့် တွေ့ကြုံနေတုန်း တန်ဖိုးရှိသော အချိန်ကာလကို ရယူတတ်ဖို့ လိုအပ်လှပါသည်။

သူတော်ကောင်းတို့၏ လမ်းစဉ်ဖြစ်တဲ့ အနှစ်သာရတရားများကို ထောင်နိုင်သော နား၊ ကြည့်တတ်မြင်တတ်သော မျက်စိ၊ ဖြောင့်မတ်သော အယူဝါနှင့် စင်ကြယ်ခြင်းတို့ဖြင့် မိမိကိုယ်ကို စိတ်ချရလောက်အောင် ရသင့်ရထိုက်သော တရားများကိုလိုက်နာကျင့်သုံး နေထိုင်ရမည်။ သို့မှသာ အမှောင်ဘဝမှ လွတ်ကင်းနိုင်လိမ့်မည်။ ခုဘဝမှ နောင်အမှောင်ဘဝသို့ ရောက်သွားမည်ဆိုလျှင် အလင်းဘဝ ပြန်ရောက်အောင် ကျွတ်တန်းဝင်နိုင်ဖို့ဆိုတာ

အကြောင်းညီညွတ်ပေးရန် လွယ်ကူလှသည်မဟုတ်ပေ။ တန်ဖိုးရှိသောအချိန်မှာ တန်ဖိုးထားပြီး ရယူသွားနိုင်ဖို့အချိန်ကာလကို ဆင်ခြင်ကြရပေမည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး လေးဆယ့်ငါးနှစ်ကာလပတ်လုံးအချိန်များစွာ ဟောပြောပို့ချ နာယူစေပြီး၊ အဆုံးအမသာသနာ ရေရှည်တည်နိုင်စေရန် စည်းမျဉ်း စည်းကမ်းနည်းလမ်းအသွယ်သွယ်တို့ကို ထားတော်မူခဲ့ရလေ၏။ အနှစ်တစ်ရာတမ်းမှာ ဘုရားပွင့်တော်မူရလို့ သက်တမ်းအားဖြင့် တိုတောင်းလှသည်။ သို့အတွက် သာသနာထားတော်မူရ၏။ အဆုံးအမ သာသနာမထားခဲ့လျှင် သတ္တဝါအများ အမှောင်ဘဝဖြစ်တဲ့ အပါယ်သံသရာမှာ နစ်မျောနေလိမ့်မည်။ ဘဝမှန်ကို ပြသပေးတော်မူခဲ့သော ဘုရားရှင်အစရှိသော အရိယာသူတော်ကောင်းတို့၏ ကျေးဇူးတရားတို့ကို လှမ်းမျှော်ကြည့်ပြီး တန်ဖိုးထားကြရမည်။

အချိန်ကို တန်ဖိုးသားတက်လာသူတို့ အနန္တော အနန္တငါးပါးတို့ရဲ့ ဂုဏ်ကျေးဇူးတရားများကို သိမြင်နားလည်လာလိမ့်မည်။ အနန္တောအနန္တငါးပါးတို့တွင် အနန္တဂိုဏ်းဝင် မိခင်၊ ဖခင်တို့သည် သားသမီးတို့အပေါ် ချစ်ခင်ယုယ ပိုက်ထွေး နို့ချိုတိုက်ကျွေးပြီး ပြုစုစောင့်ရှောက် သုတ်သင်ပေးသည်မှာ မိဘတို့၏ စစ်မှန်သော မေတ္တာတရားများဖြစ်လေသည်။ ထိုမိဘတို့ရဲ့ အေးမြကြည်လင်သော မေတ္တာရိပ်အောက် ခိုလှုံကြရသော သားသမီးတို့မှာ ဘေးမသီရန်မခဘဲ ကြီးပြင်းလာကြရသည်။ သားသမီးတို့သည် ကြီးပြင်းလာ၍ ကိုယ့်အိုးကိုယ့်အိမ် မထူထောင်ခင်

မိဘတို့ရဲ့ အရိပ်အာဝါသအောက်မှာ အဆင်ပြေပြေနှင့် နေထိုင်ကြရသည်။ မိဘတို့၏ အရိပ်အာဝါသအောက်မှ မလွတ်ကင်းသေးသော သားသမီးတို့သည် ခူးပြီးခပ်ပြီးသား ထမင်းဟင်းတို့ကို အဆင်သင့် လက်ဆေးစားရုံပါပဲ၊ ထို့တွင်မက မိခင်ဖခင်တို့သည် သားသမီးများချမ်းသာစွာ နေနိုင်ရန် အဖက်ဖက်မှ ကြိုးစားရှာဖွေ ဆောင်ရွက်ကာ ကျွေးမွေးပေးနေသလို၊ ထို့အတူပါပဲ ဘုရားမြတ်စွာကလည်း စကြာဝဠာတိုက်အတွင်း မှိုင်းနေကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့အား အမြင်မှန်၊ အသိမှန်ရဖို့အတွက် စစ်မှန်သောတရားများကို ရှာဖွေစုဆောင်းပြီး ထားတော်မူခဲ့လေ၏။

သားသမီးများသည် မိဘတို့၏ရှာဖွေပြီး သားကို အဆင်သင့် သုံးဆောင်ခံစားရသလို သာသနာတွင်း လူလာဖြစ်ကြရသောသူ ခပ်သိမ်းတို့သည်လည်း ဘုရားရှင်၏ရှာဖွေပြီး ထားတော်မူခဲ့သော သာသနာအဆီအနှစ် နို့ချိုရေအေးကို သောက်သုံးရုံပါပဲ၊ ထိုသို့သောက်သုံးနိုင်ရန်အတွက် ဘုရားရှင်သည် မည်မျှကြာအောင် ရင်းနှီးမြှုပ်နှံ ရှာဖွေခဲ့ပါသလဲဆိုလျှင် ပိဋကတ်သုံးပုံ တရားအစုံတို့ကို အာရုံပြု ဆင်ခြင်သုံးသပ်ကြည့်တဲ့အခါ အံ့မခန်းလောက်အောင်ပါပဲ၊ ဒီထက်မက ဘုရားရှင်၏ဂုဏ်တို့ကို ဉာဏ်ပွားပြီး အာရုံပြုလျှင် မြတ်စွာဘုရားသည် လောကဓံ ဖောက်ပြန်မှုမရှိဘဲ အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း ဖြစ်ပျက်နေသော သစ္စာလေးပါး သဘောတရားနှင့် ဖြစ်ပျက်မှုအလုံးစုံမှ ကင်းနေသော သင်္ခတ နိဗ္ဗာန်တရား၊ ညှိမြတ်သော ချမ်းသာ

တရားကို သိနိုင်မြင်နိုင်ရန်နှင့် အလုံးစုံဖြစ်ပျက်နေသော သဘော တရားတို့ကို တစ်စမကျန် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော် တရား၊ ဤလေးနက်သော ဉာဏ်တော်တို့ကို ရယူပိုင်ဆိုင်နိုင်ဖို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ရှာဖွေ စုဆောင်းခဲ့ရ လေသည်။ ရင်နှီးမြှုပ်နှံခဲ့ရသော အရင်းအနှီးတို့ကလည်း များစွာ ပင် ရှိခဲ့လေ၏။ အဇ္ဈတ္တသန္တာန်ဖြစ်တဲ့ ခန္ဓာကိုယ်အသွေးအသား အသက်ပေါင်းများစွာတို့ကို ပေးလှူခဲ့ရလေ၏။ ဗဟိဒ္ဓသန္တာန်ဖြစ် တဲ့ ဇနီးမယား သားသမီးများနှင့် ဆင်ရတနာ၊ မြင်းရတနာ၊ စည်းစိမ်ဥစ္စာ ရွှေငွေရတနာအစရှိသော သက်ရှိ၊ သက်မဲ့ အရာဝတ္ထုတို့ကို ပေးလှူခဲ့ရလေ၏။

ဆိုအပ်ခဲ့ပြီးသော စကားများတွင် "လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း"ဟူသော စကားများ ပါဝင်ခဲ့လေ၏။ ထိုစကားရပ် ၌ တစ်သင်္ချေ၊ တစ်သင်္ချေ၏အကွာအဝေးနှင့် အချိန်ကာလ တစ်ကမ္ဘာ တစ်ကမ္ဘာရဲ့ အကွာအဝေးနှင့် အချိန်ကာလတို့ကို တိုင်းတာကြည့်တတ်လျှင် မည်ကဲ့သို့ မှတ်ယူကြမည်နည်း၊ ထိုအဖြစ်အပျက်က ကြက်သီးမွေးညှင်းထလောက်စရာပါပဲ။

ဤသို့ ဘုရားရှင်၏ လေးလေးနက်နက် သတ္တဝါတွေ အပေါ် ရှာဖွေထားခဲ့သော ပါရမီတော်၊ ဂုဏ်တော်၊ ဉာဏ်တော် တို့သည် ကျေးဇူးဆပ်မကုန် ချီးမွမ်းလို့မကုန် ဖြစ်နေပါမည်။ ဘုရားရှင်၏ ရှာဖွေစုဆောင်းထားတော်မူခဲ့သော စစ်မှန်သော တရားတော်များကို အချိန်မီ အားထုတ်၍ မယူကြဘူးဆိုလျှင် ယုံယုံကြည်ကြည် ပါရမီဓာတ် မဆက်ကြလျှင် ရရှိနေသော

အချိန်ကာလ လျှောက်လှမ်းနေသော ဘဝများသည့် တန်ဖိုးမဲ့ ဖြစ်ရလေမည်ကို ဆင်ခြင်နိုင်ဖို့က အဓိက ဖြစ်လေသတည်း။

# တွေးခေါ်မှုပညာ အားထုတ်ပါ

မှန်ကန်သောတွေးခေါ်မှုသည် မည်မျှကြာအောင် တွေးတောတွေးတော စိတ်ချောက်ချားအောင် စိတ်ဂယောက်ဂယက်ဖြစ်အောင် မပြုလုပ်ပါ မကြံစည်သင့် မတွေးခေါ်သင့်သော အရာမျိုးကို ကြာကြာတွေးခေါ် ကြံစည်မည်ဆိုလျှင် စိတ်ကို တည်ငြိမ်မှု မဖြစ်စေဘဲ စိတ်လေလွင့်ပြီး ပို၍ ရှုပ်ထွေးလာအောင် စိတ်များနေတတ်သည်။ ပုထုဇဉ်ပုဂ္ဂိုလ်များသည် တစ်ခါတစ်ခါ ဒုက္ခများပြီး စိတ်ဆင်းရဲလာသည့်အခါ ငယ်ရွယ်သူလူငယ်များ အနေနှင့် လတ်တလော စိတ်ညစ်ပြေဖို့ ပေါက်တတ်ကရ ပြုလုပ်တတ်ကြသည်။ စိတ်ဓာတ်ကောင်း အရင်းခံမရှိသော အချို့လူငယ်တို့သည် အကုသိုလ်ဒုစရိုက်များကို ကျူးလွန်ကြပြီး အမှောင်ဖုံး၍ ဒုက္ခတွေ ပင်လယ်စေနေတတ်သည်။ စိတ်ဓာတ်ကောင်း အရင်းခံရှိသူ လူငယ်တို့အဖို့ အပြစ်မှရှောင်ကျဉ်ကာ ကုသိုလ်ပြုလုပ်ပြီး စိတ်ညစ်ပျောက်အောင် တောင့်တတတ်ကြသည်။ ထို့အတူ စိတ်ဓာတ်အရင်းခံကောင်းရှိကြတဲ့ လူကြီးများလည်း စိတ်ဆင်းရဲမှုမျိုး ဖြစ်ပေါ်လာလျှင် ကုသိုလ်တရားနှင့်

အာရုံပြောင်း၍ဖြစ်စေ၊ စာကောင်းပေကောင်းမျိုးကို ကြည့်ရှု၍ ဖြစ်စေ၊ အကုသိုလ်မပြုမိအောင် ဖြေဖျောက်၍ ဆင်ခြင်နေထိုင်ကြ၏။ လူကြီးလူငယ် မည်သူမဆို စာကောင်းပေကောင်းမျိုးကို လေ့လာဖတ်ရှုပြီး အကုသိုလ်တရားများ မဝင်မိအောင် သည်းခံစိတ်မွေးပြီး ရှောင်ကြဉ်ခြင်းက အသင့်တော်ဆုံး ဖြစ်ပေလိမ့်မည်။

ကြီးသူပဲဖြစ်ဖြစ်၊ ငယ်သူပဲဖြစ်ဖြစ် မိမိတို့သည် လူ့လောကတွင် ကျင်လည်ကာ လုပ်ကိုင်စားသောက်နေထိုင်ရာ မိမိတို့ တွေ့ကြုံခဲ့သမျှ လေ့လာမှတ်သားထားခဲ့သမျှနှင့် ပတ်ဝန်းကျင်ရဲ့ အတွေ့အကြုံများများ ရှိနေပြီး တစ်ခါတစ်ခါ မိမိသည် ရှုပ်ထွေး ပွေလီနေတဲ့ လောကဓံဟာရားတွေ ရိုက်ခတ်မှုကြောင့် ရှာဖွေလုပ်ကိုင်စားသောက်နေရတဲ့ဘဝကို တစ်နည်းပြောရလျှင် လောကကြီးကို ငြီးငွေ့ချင်လာသည့် သံဝေဂမျိုးဖြစ်ပေါ်လာတတ်သည်။ အသက်ရှင်နေထိုင်စဉ် မိမိ၏သက်တမ်းတစ်လျှောက် လုပ်ကိုင်လေ့လာမှတ်သား ဖြစ်ပျက်ခဲ့တဲ့ အချက်အလက်များနှင့် လောကက ပြသပေးနေသည့် သံဝေဂမျိုးများ ရယူပြီး ဆင်ခြင်နိုင်မှ ဒုက္ခအပေါင်းမှ သက်သာရာ ရနိုင်သည်။ မည်သူမဆို ဒုက္ခရောက်လာလျှင် ဒုက္ခရောက်နေချိန် ခံစားနေချိန်မှာ ကုသိုလ်ကောင်းမှု ပြုဖူးခဲ့သောသူမှာ ကိုယ်က ကောင်းစွာပြုလုပ်ခဲ့တဲ့ အကြောင်းတရားများကို သတိရမိပြီဆိုလျှင် ခံစားနေရတဲ့ ဆင်းရဲဒုက္ခမှ သက်သာရာ ရသွားနိုင်လိမ့်မည်။ ဆင်းရဲမှ သက်သာရာ ရနိုင်အောင် တတ်နိုင်သမျှ အကုသိုလ်ရှောင်ကြဉ်ပြီး

ကုသိုလ်တရားကို ရင့်ကျက်စေနိုင်တဲ့ "မှန်ကန်သော တွေးခေါ်မှုမျိုး"ကို ပုံမှန်အချိန်ပေးပြီး ကြံစည်အားထုတ်သင့်ကြပါသည်။

ပြုခဲ့ဖူးသော ကုသိုလ် အကုသိုလ်ကံတို့ကို စိစစ်ခြင်း

ကောင်းသောအလုပ် ကုသိုလ်ပဲဖြစ်စေ၊ မကောင်းသော အလုပ် အကုသိုလ်ပဲဖြစ်စေ၊ အကျဉ်းချုံးလိုက်လျှင် အလုပ်နှစ်မျိုး ပေါ်ထွက်လာ၏။ ထိုအလုပ်နှစ်မျိုးကို လောကလူသားတို့ တစ်ယောက်တည်းဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ အပေါင်းအသင်း အဖွဲ့လိုက်ဖြစ်စေ ပြုလုပ်တတ်ကြသည်။ ယင်းပြုလုပ်ခဲ့သည့် အလုပ်ကံအကြောင်းတရားတို့က အကျိုးပေးဖို့ အချိန်ကြလျှင်တစ်ယောက်တည်းဆိုလျှင် တစ်ယောက်တည်းပဲ၊မိသားစုလိုက် ပြုလုပ်ခဲ့လျှင် မိသားစုပဲ၊ အပေါင်းအသင်းလိုက် ပြုလုပ်ခဲ့လျှင် အပေါင်းအသင်းလိုက်ကိုပဲ အကျိုးပေးတတ်သည်ကို ယုံကြည်နိုင်ရမည်။

ကောင်းသောကုသိုလ်ဘက်က အကျိုးပေးခြင်းကို စစ်ကြည့်လျှင် ကုသိုလ်ပြုခဲ့စဉ် လှူဖွယ်ဝတ္ထု ပစ္စည်း စင်ကြယ်မှု၊ မစင်ကြယ်မှု၊ အလှူခံပုဂ္ဂိုလ် စင်ကြယ်မှု မစင်ကြယ်မှု၊ အလှူပေးပုဂ္ဂိုလ်စင်ကြယ်မှု မစင်ကြယ်မှု၊ တဖန်စိတ်စေတနာ သဒ္ဓါတရား ထက်သန်မှု၊ မထက်သန်မှု၊ အားကြီးမှု အားနည်းမှုများကို လိုက်ပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲပြားခြားနားကွာဟမှုတော့ ရှိကြလေမည်။

မကောင်းသော အကုသိုလ်ဘက်က ကံငါးပါးတို့တွင်

သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း စတဲ့ အကုသိုလ်တရားကို စစ်ကြည့်လျှင် ကျရောက်လာတဲ့ အာရုံတွေများစွာ တွေ့နိုင်သည်။ သူတစ်ပါးအသက် သတ်ဖြတ်တော့မည်ဆိုလျှင် သူ့အသက် သေစေနိုင်သည့် တုတ်၊ ဓား၊ လက်နက်၊ လေးလုံမြား စသည်တို့ကို ပြုလုပ်ခြင်း၊ ရှာဖွေ စုဆောင်းခြင်း ထိုလက်နက်များနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်ပြီး သတ်ဖြတ်ခြင်းတို့သည် လတ်တလော မိမိအပေါ် မြင်ရတွေ့ရကြားရတဲ့ အာရုံတို့အပေါ် အလိုမကျနိုင်ခြင်း၊ သည်းခံစိတ် ပျောက်ပြီး မခံမရပ်နိုင်ဖြစ်သည့် ဒေါသအမှန်တရားကို ဖုံးကွယ်ပေးသည့် အဝိဇ္ဇာမည်သော မောဟ အကုသိုလ်တရားတို့က ကိုယ်ထိလက်ရောက် ပြစ်မှား ကျူးလွန်မိကြလေ၏။

တစ်ခါ ကုသိုလ်အရာမှာ ထပ်စစ်ကြည့်လျှင် ကောင်းသော ကုသိုလ်အာရုံတွေ အကြောင်းပြုပြီး ကျရောက်လာတဲ့ အာရုံတို့ကို တွေ့နိုင်လေ၏။ တစ်ဖန် စိတ်ကိုတိုးပြီး အာရုံယူကြည့်လျှင် ဘုရားရှင်၏ကိုယ်စား ရုပ်ပွားဆင်းတုတော် စေတီတော် စတဲ့ ဘုရားအာရုံများ၊ ပရိတ်တရားတော်များကို ကိုယ်တိုင် ရွတ်ဖတ်ပွားများခြင်း၊ နာယူခြင်းစတဲ့ တရားတော်အာရုံများ ရဟန်းသံဃာတော်များကို ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး စသည်တို့ဖြင့် လှူဒါန်းပူဇော်ရတဲ့ သံဃာတော်တို့ရဲ့ အာရုံကောင်းများ ထိုအာရုံကောင်းတွေအပေါ်မှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပသူတော်ကောင်း ဥစ္စာ သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ဝမ်းမြောက်ဝမ်းသာမှု၊

ပီတိသောမနဿ တရားတို့ကို ဦးစီးခေါင်းဆောင်ပြုပြီး ကုသိုလ်တရားများ မြှုပ်နှံပြုလုပ်ကြလေ၏။

ပြုလုပ်ခဲ့သည့် အကုသိုလ်အလုပ်နှင့် ကုသိုလ်အလုပ်ကို ဆန်းစစ်ဝေဖန်၍ ဆင်ခြင်ကြည့်လျှင် အမည်းနှင့်အဖြူ၊ အမှောင်နှင့်အလင်းတို့ ကွာခြားမှု ရှိနေသည်မှာ လူတိုင်းရဲ့ ဆင်ခြင်စရာ သံဝေဂတရားမျိုး ဖြစ်နေသည်။ အကုသိုလ်ဒုစရိုက်တရားများ ပြုလုပ်သူတို့မှာ သူတကာတို့ မမြင်နိုင်တဲ့ အရပ်ဒေသနှင့် နေရာဌာန၊ အမှောင်ဖုံးသည့်အချိန်အခါ၊ ပေါ်ပေါ်လွင်လွင်ထင်ထင်ရှားရှား မပြုလုပ်နိုင်ဘဲ ခိုးချောင်ခိုးဝှက် ပုန်းလျှိုးဝှက်လျှိုးနှင့် ပြုလုပ်ရသည့်အလုပ်မျိုးဖြစ်သည်။ ထို့ကြောင့် သူ့ရဲ့ အကျိုးပေးပုံကလည်း မည်းမည်းညစ်ညစ် မသန်မစွမ်း ဆင်းရဲမွဲတေ ပညာမဲ့စတဲ့ မကောင်းကျိုးတွေ သက်ရောက်၍ အကျိုးပေးမှုကို ခံစားရတော့တယ်။ ကုသိုလ်ကို ပြုလုပ်ရခြင်းသည် ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင် မင်္ဂလာရှိသော အချိန်အခါမျိုး၊ လူသိရှင်ကြား ဖိတ်ကြားကာဖြင့် လှူဒါန်းပေးကမ်းစွန့်ကြဲရခြင်း ဆုတောင်းအမျှပေးဝေခြင်းတို့သည် အများသူငါ ကြည်ဖြူစိတ်ထားတို့ဖြင့် ပြုလုပ်ရတဲ့အလုပ်မျိုးဖြစ်လေသည်။

အကျိုးပေးလာတော့လည်း ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း ရောဂါကင်းစင်၍ အခြွေအရံ အကျော်အဇောပေါ်များခြင်း၊ ချမ်းသာကြွယ်ဝစွာဖြင့် ပညာတိုးပွား အကျိုးများရခြင်းစသော ကောင်းကျိုးတွေ ဝမ်းမြောက်ဝမ်းသာ ခံစားရတော့တယ်။ ထိုကောင်းကျိုး မကောင်းကျိုးများ ဖြစ်လာခြင်းအပေါ် သတိထား

ဂရုစိုက်ကာ ပြုလုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်တရားများကို ကိုယ်တိုင်စိစစ် ဝေဖန်၍ကောင်းကျိုး မကောင်းကျိုး ခွဲခြားပြီး ဆင်ခြင်နိုင်ဖို့သာ လိုအပ်ပါပေသည်။

ဘုရားရှင် ဟောတော်မူခဲ့တဲ့ ဝတ္ထုသုတ်တော်

အထက်ပါအကြောင်းအရာနှင့် ပတ်သက်တဲ့ အကုသိုလ်ကံ၏ အကျိုးပေးကုသိုလ်ကံ၏ အကျိုးပေးပုံတို့ကို ဘုရားရှင်က ခုဒ္ဒကနိကာယ် ပါရာဇိကဏ်အဋ္ဌကထာ စသည်တို့မှာဟောတော်မူခဲ့လေ၏။ "အတီတေ ကိရပဉ္စသတာ မိဂလုဒ္ဒကာ မဟာတိဟိ ဒဏ္ဍပါဂုရာဟိ အရညံ ပရိက္ခိပိတွာဟဋ္ဌ တုဋ္ဌာ ဧကတောယေဝ ယာဝ ဓိဝံ မိဂပက္ခိဃာတကမ္မေ နဓိဝိတံ ကပ္ပေတွာ နိရယေ တေ တတ္ထ ပစ္စိတွာ ပုဗ္ဗေကတေန ကေနစိဒေဝ ကုသလကမ္မေန ဥပပန္နာ၊ ကလျာဏကူပနိဿာယ ဝသေနသဗ္ဗေပိ ဘဂဝတော သန္တိကေပဗ္ဗဇ္ဇ ဥပသမ္ပဒဉ္စ လဘိံသု– တေသံတတော မူလာ ကုသလကမ္မ တောအဝိပက္ကဝိပါကာ အပရာပရစေတနာ တသ္မိံ အဒ္ဓမာ သဗ္ဗန္နရေ အတ္တူပက္ကမေနစဓိဝိတုပစ္စေ ဒါယဩကာသ မကာသိ တံဘဂဝါအဒ္ဒသ"

ထိုဘုရားဟော ဒေသနာတော်၏ အနက်အဓိပ္ပာယ်တို့ကား ကိရ–ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးပေး ပုံကို ချဲ့၍ ပြဦးအံ့။ အတီတေ ပဉ္စသတာ၊ ငါးရာအတိုင်းအရှည်ရှိကုန်သော၊ မိဂလုဒ္ဒကာ–သားမုဆိုးတို့သည်၊ မဟာတိဟိ–များစွာကုန်သော၊ ဒဏ္ဍပါဂုရာဟိ–လှံတံတပ်အပ်သော ပိုက်ကွန်တို့ဖြင့်၊ အရညံ၊

ဇောကို၊ ပရိက္ခိပိတွာ၊ ကာရံ၍၊ ဟံ႒တု႒ာ၊ ရွှင်လန်းနှစ်သက်ကုန်သည်ဖြစ်၍၊ ကေဝဋာ ယေဝ– တစ်ပေါင်းတည်းသာလျှင်၊ ယာဝဇီဝံ– အသက်ထက်ဆုံး၊ မိဂပက္ခိဃာတကမ္မေန–သားကောင်ငှက်တို့ကို သတ်ဖြတ်မှုဖြင့်၊ ဇီဝိတံ–အသက်မွေးမှုကို၊ ကပ္ပေတွာ–ပြု၍၊ နိရယေ–ငရဲ၌၊ ဥပပန္နာ–ဥပ္ပန္နာဖြစ်ကြရကုန်ပြီ၊ တေ– ထိုသားမုဆိုးတို့သည်၊ တတ္ထ–ထိုငရဲ၌၊ ပစ္စိတွာ–ကျက်ပြီး၍၊ ပုဗ္ဗေ–ရှေးဘဝက၊ ကတေန–ပြုအပ်ပြီးသော၊ ကေနစိဒေဝ– တစ်စုံတစ်ခုသာလျှင်ဖြစ်သော၊ ကုသလကမ္မေန–ကုသိုလ်ကံကြောင့်၊ မနုဿေသု–လူတို့၌။ ဥပ္ပန္နာ–ဖြစ်ကြရကုန်သည်။ သမာနာ–ဖြစ်ကုန်လျက်၊ ကလျာဏူပနိဿယဝသေန–ရဟန်းဖြစ်ဖို့ အကြောင်းကောင်းသော ဥပနိဿယ၏အစွမ်းဖြင့်။ သဗ္ဗေပိ–အလုံးစုံတို့သည်လည်း၊ ဘဂဝတော–မြတ်စွာဘုရား၏၊ သန္တိကေ–အထံ၌၊ ပဗ္ဗဇ္ဇ–ရှင်သာမဏေအဖြစ်ကိုလည်းကောင်း၊ ဥပသမ္ပဒ္ဒ–ရဟန်းအဖြစ်ကိုလည်းကောင်း၊ လဘိံသု– ရကြကုန်ပြီ။ တေသံ၊ ထိုသူတို့၏၊ တဇောမူလာကုသလကမ္မတော– ထိုအရင်းခံဖြစ်သော သားငှက်သတ်မှု အကုသိုလ်ကံမှ၊ အဝိပက္ကဝိပါကာ–မရင့်ကျက်သေးသော အကျိုးရှိသော (ဝါ) အကျိုးမပေးရသေးသော၊ အပရာပရစေတနာ–အပရာပရိယစေတနာသည်၊ တသ္မိံအဒ္ဓမာ သဗ္ဗန္တရေ– ထိုလဝက်အတွင်း၌၊ အတ္တပက္ကမေနစ–မိမိ၏လုံ့လဖြင့်လည်းကောင်း၊ ပရပက္ကမေနစ–သူတစ်ပါး၏လုံ့လဖြင့်လည်းကောင်း၊ ဇီဝိတုပစ္ဆေဒါယ– အသက်ကို ဖြတ်ခြင်းငှာ၊ ဩကာသံ–အခွင့်ကို၊ အကာသိ–ပြုပြီ၊ တံ–

ထိုအကြောင်းကို ဘဂဝါ မြတ်စွာဘုရားသည်၊ အဒ္ဒသ–မြင်တော် မူပြီ။

ဤဘုရားဟော ဝတ္ထုသာခကကိုကြည့်လျှင် အသက်မွေး ဝမ်းကြောင်းပြုရာမှာ သားငှက်တို့ကို သတ်ဖြတ်ပြီး အသက်မွေး ဝမ်းကြောင်း ပြုနေသည်ကို တွေ့ရလေ၏။ သားငှက်သတ်ခြင်း ဟူသော မကောင်းမှုဖြင့် အသက်မွေးဝမ်းကြောင်းပြုရာမှာ **တစ်ဦး** တစ်ယောက်တည်း မဟုတ်ဘဲ အပေါင်းအသင်း အဖွဲ့**အစည်း** စုပြီး ပြုလုပ်သည်ကိုလည်း တွေ့ရလေ၏။ ယင်းအဖွဲ့၏ **အရေ** အတွက်မှာ ငါးရာအရောက် ငါးရာအဖွဲ့ဖြစ်သည်။ အက**သိုလ်** အရာမှာလည်း ထက်ထက်သန်သန် ညီညီညွတ်ညွတ်နှင့် **အားရုံ** စိုက်ပြီး ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရလေ၏။ ထိုကဲ့သို့ **အဖွဲ့** လိုက် ပြုလုပ်ခဲ့လျှင် အကျိုးပေးရာမှာလည်း ထိုပုဂ္ဂိုလ်အားလုံး ပြင်းပြင်းထန်ထန် အကုသိုလ်၏ ဆိုးကျိုးကို ခံစားရတတ်သည်။ မှဆိုးငါးရာတို့၏စိတ်များသည်ညီညွတ်ပြီး ထက်သန်စွာ ရွှင်လန်း အားရ ကျေနပ်မှုတို့ဖြင့် ပြုလုပ်ခဲ့လေ၏။ ပြုလုပ်ခဲ့သည့် အချိန် အခါကို ကြည့်ပြန်လျှင်လည်း တစ်ရက်နှစ်ရက်၊ တစ်လနှစ်လ၊ တစ်နှစ်နှစ်နှစ် မဟုတ်ပါဘဲ အသက်ထက်ဆုံး မိမိတို့ သေဆုံး ချိန်ထိ အကုသိုလ်အလုပ်ဖြင့် လုပ်ကိုင်စားသောက် နေထိုင်ခဲ့ကြ လေ၏။ ထိုပုဂ္ဂိုလ်အပေါင်းတို့သည် အသက်တမ်းကုန်၍ **သေဆုံး** လေသော် ငရဲဘုံသို့ ရောက်သွားကြလေ၏။ အကုသိုလ်ပြုခဲ့စဉ်က စိတ်တူကိုယ်တူ ညီညီညွတ်ညွတ် ထက်သန်စွာ ပြုလုပ်ခဲ့သည့် ငါးရာစလုံး ငရဲဘုံမှာ အတူတကွ ခံစားနေရလေ၏။ ထိုပြုမှား

မိသော အကုသိုလ်အကျိုး ဝိပါက်တို့ကို နှစ်ရှည်စွာ ခံစားလာရာ အရှိန်အဟုန် လျှော့၍ အားနည်းလာလေ၏။ အကုသိုလ်အရှိန် ပျော့၍ အားနည်းလာသည့်အခါ အတိတ်ဘဝက ပြုခဲ့ဖူးသော ကုသိုလ်တရားများက အခွင့်သာ အရှိန်ရသွားပြန်၏။

ကုသိုလ်နှင့်အကုသိုလ်တို့သည် အလေးသာသူကတစ်လှည့်စီ၊ အကျိုးပေးတတ်သည်ကို ပေါ်လွင်ထင်ရှားပြသနေပေ၏။ ကုသိုလ်ကံအစွမ်းကြောင့် ငရဲမှ လွတ်မြောက်ကာ လူ့ဘဝကို ရသွားကြ၏။ လူ့ပြည်မှာလည်း ဘုရားပွင့်၍ ဘုရားရှင်သာသနာ ပွင့်လင်းနေ၏။ လူ့ဘဝ ရရှိနေသော ထိုပုဂ္ဂိုလ်ငါးရာတို့သည် ကြီးပြင်း၍ အရွယ်ရောက်သည့်အခါ ဘုရားရှင်သာသနာ၊ ဘုရားရှင်ထံ ရှင်အဖြစ်ရဟန်းအဖြစ်ကို တောင်းခံလေ၏။ ဘုရားရှင် ခွင့်ပြု၍ ဘုရားထံတော်မှာ ရဟန်းဘဝနှင့် နေနေကြ၏။ ရဟန်းဘဝဖြစ်လင့်ကစား ကြွင်းကျန်နေသော အကုသိုလ် ဝိပါက်က တစ်ဖန် ကျရောက်လာပြန်၏။ မှန်လေ၏။ အကုသိုလ်တရားက ဆင်းရဲချမ်းသာ ပညာရှိပညာမဲ့၊ တန်ခိုးရှိသူ မရှိသူ ရုပ်ချော မချော၊ ငယ်သူကြီးသူ စသည်ဖြင့် ခွဲခြားပြီး အကျိုးပေးမည် မဟုတ်။

အကျိုးပေးဖို့အချိန်ကျလာလျှင် ခံစားရမှာတော့ မလွဲမသွေ အသေအချာပါပဲ၊ ဒီလိုနှင့် ရဟန်းတော်ငါးရာတို့သည် မိမိတို့ ပြုခဲ့သော အကျိုးမပေးရသေးသော အကြွင်းအကျန်များက အကျိုးပေးရန် ဆိုက်ရောက်လာလေ၏။ ရဟန်းတော်တို့သည် ကိုယ့်ကိုယ်ကို သတ်ဖြတ်ရန်အကြောင်း တိုက်ဆိုင်လာခြင်း၊

သူတစ်ပါးတို့က သတ်ဖြတ်၍ အကြောင်းတိုက်ဆိုင်လာခြင်းတို့ကြောင့် သေဆုံးရမည့်ဘေးသို့ ဆိုက်ရောက်နေပြီး အဲဒီအဖြစ်အပျက် အကြောင်းအရာကို သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ကြည့်ရှု၍ မြင်တော်မူပြီ။

## ကျေးဇူးဆပ်မကုန် ဘုရားဂုဏ်

သတ္တဝါတွေရဲ့အပေါ် မေတ္တာကရုဏာကြီးမားစွာ ထားတော်မူသည့်အတွက် လောကသုံးပါးမှာ ဖြစ်ပျက်နေတဲ့အမျိုးမျိုးသော လူနတ်ဗြဟ္မာ၊ သုခိတဒုက္ခိတ သုံးဆယ့်တစ်ဘုံသားများကို ကယ်တင်ဖို့ ဘုရားမြတ်စွာသည် လောကကို ကြည့်ရှုမြဲ ကြည့်ရှုတော်မူ၏။ ကြည့်ရှုတော်မူပြီး သတ္တဝါတို့ရဲ့ ပါရမီအကြောင်းကံအနုအရင့်ကြည့်ပြီး ချေချွတ်တော်မူ၏။ အချို့ပုဂ္ဂိုလ်တို့သည် တရားနာကြားရ၍ သီလ၌ တည်မည့်သူဖြစ်လျှင် သီလနှင့်ပတ်သက်သည့်အကြောင်းအကျိုး၊ ထိုအကြောင်းအမျိုးမျိုးပြပြီး သီလ၌တည်စေခြင်း၊ သီလတန်ခိုးကြောင့် နတ်ပြည်၌ အသက်ရှည်စွာ ခံစားစေနိုင်ပုံ၊ ဤပုဂ္ဂိုလ်ကဖြင့် တရားနာရ၍ သောတာပန် သဒါဂါမ်ဖြစ်နိုင်လျှင် သောတာပန် သဒါဂါမ် ပုဂ္ဂိုလ်တို့နှင့်စပ်သည့် ပယ်ခွာရမည့်တရား ဆောင်ထားရမည့်တရား စသည်တို့ကို ဟောကြားပေးတော်မူခြင်း အာသဝေါကုန်ခမ်း ရဟန္တာအဆင့်ထိ ဖြစ်နိုင်သော ပုဂ္ဂိုလ်ထူးများတွေ့လျှင်လည်း ကိလေသာကာမတရားတွေ အပြီးအပိုင် စွန့်ခွာနိုင်တဲ့တရားထူးများကို ဟောကြားပေးတော်မူခြင်း၊ သတ္တဝါတွေအပေါ် စစ်မှန်သောတရားများကို

ဟောကြားပေးတော်မူခြင်းသည် ကျေးဇူးဆပ်လို့ မကုန်နိုင်သည့် ဘုရားရှင်၏ ကြီးမားသော စေတနာမေတ္တာ ဂုဏ်တရားတွေ ဆိုတာ တရားတော်ကို လိုက်နာကျင့်သုံးသူတိုင်း သိနိုင်မြင်နိုင် လေ၏။

လောကမှာ ရတနာသုံးပါးနှင့် ဆရာမိဘတို့၏ ဂုဏ်**ကျေး**ဇူးကို နားလည်သောလူကြီးလူငယ်အချို့ ပုဂ္ဂိုလ်တို့သည် စေ**တနာ** မေတ္တာတရားကို ဆင်ခြင်သုံးသပ်ကြလေ၏။ ရတနာသုံးပါးနှင့် ဆရာမိဘကျေးဇူးရှင်တွေ သူတော်ကောင်းတွေ၊ ထိုသူတော် ကောင်းတို့ပို့သနေသော စေတနာမေတ္တာတွေ ရှိနေ၏။ ထိုသို့ သိသောသူတို့သည် သူတော်ကောင်းများ ပို့လွှတ်ပေးသောမေတ္တာ များကို ခံယူပါ၏။

အကျွန်ုပ်တို့က တစ်ဖန်ပို့သသောမေတ္တာ တို့ကိုလည်း ရတနာသုံးပါး၊ ဆရာမိဘတွေထံ ရောက်ပါစေသိပါစေ၊ ရောက် စေချင်သောစိတ်ထား၊ သိစေချင်သောဆန္ဒ၊ ယင်းကဲ့သို့ကောင်း မြတ်သော စိတ်ထား ဆန္ဒမွန်တို့ဖြင့် ပို့သပေးခြင်း၊ ခံယူခြင်းတို့ကို ပြုလုပ်နေကြလေ၏။ ဤတိုးတက်လာသော စိတ်ထားတို့က ပို့သပေးသောမေတ္တာများ ခံယူနေသော မေတ္တာများရောက်မှ ရောက်ပါမည်လား၊ သိမှသိပါမည်လား စသည်အားဖြင့် စေတနာ မေတ္တာတရားတို့ကို ဆင်ခြင်ပွားများနေလေတော့၏။ ဆင်ခြင် ပွားများနေချိန်မှာ “မေတ္တာဟူသော အအေးဓာတ်တရားသည် အလျားအနံမရှိပေမယ့် အသွားအပြန်တော့ရှိသည်”ဟူသော သူတော်ကောင်းတို့ဆိုခဲ့သော စကားကို သွားပြီးကြားယောင်

မိတတ်၏။ ထိုစကားကြားယောင်မိတော့လည်း မေတ္တာပို့သခြင်း၊ ခံယူခြင်းတို့အပေါ် ပိုမိုယုံကြည်ခိုင်မြဲလာနိုင်လေ၏။

## အကျိုးပေးကံကို ဘုရားရှင်သော်မှ မတားမြစ်နိုင်ပုံ

သတ္တဝါများသည် မိမိတို့ကိုယ်တိုင် ပြုလုပ်ခဲ့သော ကောင်းကံ၊ မကောင်းကံတို့ကို ဘုရားရှင်တို့လည်း တားမြစ်ပိတ်ပင်မပေးနိုင်ပါဘူး။ ထို့ကြောင့် ဘုရားရှင်ကိုယ်တိုင်က "ကမ္မဝိပါကော နာမနသက္ကာ ကေနစိပဋိဗာဟိတုံ"ဟု ဟောတော်မူခဲ့လေ၏။ "ကမ္မဝိပါကောနာမ၊ ကံ၏အကျိုးပေးမည်သည်၊ ဝါ ကံ၏အကျိုးပေးမည်သည်ကို၊ ကေနစိ–မည်သူတစ်ဦးတစ်ယောက်မျှ၊ ပဋိဗာဟိတုံ–တားမြစ်ပိတ်ပင်ခြင်းငှာ၊ နသက္ကာ–မတတ်နိုင်၊ ဒီဒေသနာတော်သည် ကာယကံရှင်ကိုယ်တိုင် ပြုလုပ်ခဲ့သူသည် ကိုယ်တိုင်ခံစားရမှာ သေချာသည်။ မခံစားနိုင်ရအောင် အခြားသူတို့က တားမြစ်ပိတ်ပင်ပါသော်လည်း ရနိုင်မည် မဟုတ်ပါ။ ကောင်းကျိုးပေးသည့်အခါ ထိုကောင်းကျိုးများကို ဝမ်းမြောက်ဝမ်းသာ ခံစားရသလို၊ ဆိုးကျိုးပေးလာလျှင်လည်း ယင်းဆိုးကျိုးများကို ဆင်းရဲစွာ ခံစားရမှာတော့ မလွဲကေန်ပါ။ ဘုရားရှင်တို့သော်မှ တားမြစ်မပေးနိုင်လျှင် အခြားပုဂ္ဂိုလ်များ ဆိုဖွယ်ရာမရှိ၊ မတားမြစ်နိုင်သည်သာ။

ဤသို့ ခိုင်ခိုင်မြဲမြဲ အကျိုးပေးတတ်သော ကံအကြောင်း တရားများကို လေးလေးနက်နက် ယုံကြည်ချက်ထားပြီး ကောင်းကံများကို များများပြုလုပ်ပြီး မကောင်းကံများကို ရှောင်ကြဉ်ပြီး နေနိုင်ဖို့သာ လိုအပ်လေတော့သည်။

## ပုထုဇဉ်နှင့် အရိယာတို့ကွာခြားပုံ

ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအရိယာပုဂ္ဂိုလ်တို့သည် စိတ်နေစိတ်ထား နေပုံထိုင်ပုံတို့သည်ကွာခြားကြပါသည်။ ပုထုဇဉ် ပုဂ္ဂိုလ်များက အဆင်းရူပါရုံ၊ အသံသဒ္ဒါရုံ၊ အနံ့ဂန္ဓာရုံ၊ အရသာ ရသာရုံ၊ အတွေ့အထိဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါးအပေါ် အသိတရားနှင့် ဆင်ခြင်ကာ နေထိုင်ကြလေ၏။ ပုထုဇဉ်တို့သည် အာရုံမျိုးစုံကို လောဘစသော တရားတို့ဖြင့် ခံစားသည့်အတွက် အာရုံများ၏အလှည့်အပြောင်း ကျရောက်လာသောအခါ ကောင်းကျိုး၊ ဆိုးကျိုးများကို ခံစားကြရသည်။ ကောင်းကျိုးဖြစ်ဖြစ်၊ ဆိုးကျိုးဖြစ်ဖြစ် ခံစားရသည့်အခါ ပညာအမြော်မြင် ဆင်ခြင်တုံရှိသော ပုထုဇဉ်များသည် ကောင်းကျိုးအတွက် အောက်ခြေမလွတ် သတိမလွတ်ဘဲ တရားနှင့်ယှဉ်ကာ ခံစားနေတတ်ကြသည်။ မကောင်းကျိုးများနည်းများမဆို ဝင်လာလျှင်လည်း တရားနှင့် ဖြေသိမ့်ကာ နေထိုင်လေ့ရှိကြသည်။

ပညာအမြော်အမြင် ဆင်ခြင်တုံမရှိသော ပုထုဇဉ်တို့သည် ကောင်းကျိုး၊ ဆိုးကျိုးဖြစ်ပေါ်လာလျှင် သတိလက်လွတ် အောက်ခြေလွတ်ပြီး ကောင်းကျိုးအပေါ် ဘဝင်မြင့်နေတတ်သေးသည်။ ထိုအကျိုးဆက်က ဘဝင်မြင့်နေသူသည် အကုသိုလ်တရားအဖြစ်များတတ်သည့်အတွက် အများကိုအမှန်ဟု ထင်မြင်နေပြီး အများအယူကိုလည်း စွန့်လွှတ်နိုင်ခဲလေ၏။ "ပုထုဇဉ်တို့သည် တကယ်တော့ အကုသိုလ်တရားတစ်ခု၊ နှစ်ခုကိုပင် ပိုင်ပိုင်နိုင်နိုင်

ပယ်ခွာမှုကို ဆုံးဖြတ်ချက် မချနိုင်သေးသည့်အတွက် မသေမချာ မရေရာသောဘ၀ဖြင့် သံသရာကျောမှာ မျှောပြီး ရှည်လျားစွာ နေရလေသည်။ သောတာပန်ဖြစ်သော အရိယာပုဂ္ဂိုလ်သည် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီး ပတ်ခွာနေသောတရားနှစ်မျိုးရှိနေသည်။ အဲဒီတရားနှစ်မျိုးက ကံကံ၏အကျိုးပေးပုံနှင့် ရတနာသုံးပါးအပေါ်မှာ သံသယဖြစ်သည့် ဝိစိကိစ္ဆာတစ်ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဖြစ်သော အာရုံငါးပါး၊ ကာမဂုဏ်တရားအပေါ် အမြင်မှား၊ အယူမှား အမှတ်မှားတတ်တဲ့ ဒိဋ္ဌိတစ်ပါး၊ ထိုတရားနှစ်ပါးကို သောတာပန်ဖြစ်သော အရိယာပုဂ္ဂိုလ်သည် အပြီးအပိုင် ပယ်ခွာပြီးဖြစ်သည်။

သို့အတွက်ကြောင့် လားရာဂတိ သွားရမည့်ဘ၀လည်း မြဲခြင်းရှိလေ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဖြစ်သော မကောင်းသော ဘ၀လေးမျိုးဖြစ်ခြင်း မရှိသည့်အတွက် အပါယ်တံခါးပိတ်၍ သုဂတိဘ၀တံခါး ပွင့်သွားလေ၏။ သုဂတိဘ၀မှာလည်း လူ့ဘုံ၊ နတ်ဘုံသို့ ခုနစ်ကြိမ်သာ ဖြစ်ခွင့်ရှိ၍ ဘ၀ခုနစ်ကြိမ်သာဖြစ်ခွင့် ရှိပြီး၊ နောင်ဘ၀အတွက် ဖြစ်ခြင်းမရှိဘဲ အပြီးအပိုင် ဘ၀ငြိမ်းအေးလေတော့၏။ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာပုဂ္ဂိုလ်တို့သည် သောတာပန်ပုဂ္ဂိုလ် ပယ်ထားသောတရားအပြင် ကာမတရားတို့ကို ခေါင်းပါးအောင်ပြုတတ်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် နောင်ဖြစ်မည့် ဘ၀အရေအတွက်ကလည်း သုဂတိဘုံဘ၀ တစ်ကြိမ်သာဖြစ်ခွင့်ရှိ၍၊ အပြီးအပိုင် ငြိမ်းအေးသွားမည့် အရိယာပုဂ္ဂိုလ်များ ဖြစ်လေသည်။

ရဟန္တာဖြစ်သည့် အရိယာပုဂ္ဂိုလ်တို့ကြတော့ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့ကို အကုန်အစင် ပယ်ခွာပြီးဖြစ်ကြကာ နောင်ဖြစ်ရမည့်ဘဝဆိုတာလည်း ရှိနိုင်တော့မည် မဟုတ်ပါ။ ထို့ကြောင့် ကိလေသာအာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်ထူးများ ဖြစ်သွားလေ၏။ ထို့ကြောင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်မြတ်များသည် အယူအားဖြင့် စင်ကြယ်နေခြင်း၊ အမြင်အားဖြင့် မှန်ကန်ဖြောင့်မတ်နေခြင်း၊ အကျင့်အားဖြင့် အကုသိုလ်တရားများကို အဆင့်လိုက် ပယ်ခွာပြီး၊ သီလတရားကို အမြတ်တနိုး ဆောက်တည်နေခြင်း၊ ကောင်းမြတ်သော အကျင့်သီလတရားနှင့် မိမိအသက်ရှင်သန်နေသမျှ ကာလပတ်လုံး နေထိုင်သွားခြင်းတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ နေထိုင်ပုံနှင့် မတူညီဘဲ ခြားနားနေ၏။ ပုထုဇဉ်နှင့် အရိယာတို့သည်အယူမှား၊ အယူမှန်၊ အမြင်မှား၊ အမြင်မှန် ဖြစ်နေကြကာ အမှောင်လမ်းနှင့် အလင်းလမ်း၊ လောကီအာရုံနှင့် လောကုတ္တရာအာရုံပြုလုပ်နေထိုင်ပုံတို့သည် တူညီမှု မရှိကြ၍ ကျင့်ကြံပွားများအားထုတ်မှုတို့လည်း ကွာခြားနေလေတော့၏။

ဝတ္ထုအကြောင်း ပြန်ဆက်ကြပါစို့ သားငှက်တို့ကို ထောင်ဖမ်းပြီး သတ်ဖြတ်၍ အသက်မွေးဝမ်းကြောင်း ပြုလုပ်ခဲ့သော သားသတ်မုဆိုးငါးရာတို့သည် အကုသိုလ်ကံအလျောက် ငရဲမှာဖြစ်ကြပြီးကာ၊ တစ်ဖန် ကုသိုလ်ကံအကျိုးပေးမှုကြောင့် မြတ်စွာဘုရားထံတော်မှာ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရကြလေ၏။ ထိုရဟန်းငါးရာတို့ကို မိမိပြုခဲ့တဲ့အကျိုး၊ မပေးရသေး

သော အကြွင်းအကျန် အကုသိုလ်ကံများက ယခုတဖန် ရဟန်း ဘဝမှာလာပြီး အကျိုးပေးတော့မည်။ ရဟန်းဘဝဆိုတော့ မြတ်စွာဘုရား၏ တပည့်သားတွေဖြစ်နေလေပြီ။ မြတ်စွာဘုရား ၏ တပည့်သားရဟန်းငါးရာထဲမှာ အချို့ရဟန်းက သောတာပန် ဖြစ်နေ၏။ အချို့ရဟန်းမှာ သကဒါဂါမ်ဖြစ်သည်။ အချို့ရဟန်း မှာ အနာဂါမ်လည်း ပါဝင်နေ၏။ အချို့ရဟန်းကြလည်း ရဟန္တာ အဆင့်ထိဖြစ်နေသော ရဟန်းများလည်း ပါဝင်နေတာ တွေ့ရ လေ၏။ ထို့ကြောင့် ဒေသနာအမှန်လာ ပြန်သည်က–

တေသုစဘိက္ခူ သုပုထုဇ္ဇနာပိအတ္ထိသောတာ ပန္နသကဒါ ဂါမိ·အနာဂါမိ ခီဏာသဝါပိ–စ–ရဟန်းငါးရာအကြောင်း ဆက် ပါဦးအံ့။ တေသုဘိက္ခူသု– ထိုရဟန်းငါးရာတို့တွင်၊ ပုထုဇ္ဇနာပိ– ပုထုဇဉ်ရဟန်းတို့သည်လည်း၊ အတ္ထိ–ပါဝင်ကုန်၏။ သောတာပန္န သကဒါဂါမိအနာဂါမိ ခီဏာသဝါပိ– သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတို့သည်လည်း၊ အတ္ထိ– ပါဝင်ကုန်၏။

ထိုပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတို့ရှိရာတွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်သော ရဟန်းတို့အတွက် အပါယ်တံခါး ပိတ်နေ၏။ သွား ရမည့်ဘဝ ဂတိကလည်း မြဲ၏။ ဖြစ်ရမည့် နေရာဌာန၊ ဘုံ ကလည်း ချမ်းသာ၍ ကောင်းသောနေရာဌာနဖြစ်လေ၏။ ထိုအထဲ ရဟန္တာအရှင်မြတ်တို့သည် နောင်ဖြစ်ရမည့်ဘဝမရှိ သည်ဖြစ်၍၊ ပဋိသန္ဓေနေရခြင်း၊ ဇာတိဒုက္ခမှ ကင်းငြိမ်းသွား၏။ ပုထုဇဉ်ရဟန်းတို့အတွက်တော့ ခက်နေ၏။ မှန်လေ၏။ သွားရ

မည့်နေရာဌာနလည်း မမြဲဂတိ မမြဲလေတော့၊ ဆင်းရဲသော အပါယ်လေးဘုံ ပါဝင်နေ၏။ ယင်းအပါယ်လေးဘုံသို့ ရောက်သွားလျှင်လည်း တော်တော်နှင့်ကောင်းသော ဘုံဌာနသို့ ပြန်ရောက်လာမည်မဟုတ်ပါ။ တစ်ဖန် လူ့ဘဝပြန်ရဖို့ဆိုတာ လွယ်ကူမည်မဟုတ်၊ လူ့ဘဝရဖို့ မလွယ်ကူသလို၊ ဘုရားသာသနာနှင့် ကြုံဖို့ဆိုတာလည်း ပိုပြီးခဲယဉ်းနေပေ၏။ သာသနာတော်နှင့် ကြုံပြီး သာသနာ့ဘောင်အတွင်းမှာရှင်အဖြစ်၊ ရဟန်းအဖြစ်ဆိုတာ တော်ရုံတန်ရုံ ကုသိုလ်ပါရမီကံမျိုးနှင့် ရနိုင်လိမ့်မည်မဟုတ်ပါ။ ယင်းအချက်ကို သိတော်မူမည့် ဘုရားရှင်သည် ငါ၏တပည့်သား ရဟန်းတို့တွင် ဂတိမမြဲသော ပုထုဇဉ်ရဟန်း စိတ်မချရသေးသော ပုထုဇဉ်ရဟန်းတို့ကို အထူးအားဖြင့် သနားတော်မူလွန်းလို့ တရားရေအေး အမြိုက်အရသာဆေးကို တိုက်ကျွေးပြီး ကယ်တင်ပေးဖို့ ဘုရားရှင်၏စိတ်အကြံအစည် ဖြစ်လာလေ၏။

တတ္ထ ခီဏာသဝါ အပ္ပဋိသန္ဓိကာ ဣတရေ အရိယာသာဝကာ နိယတဂတိကာ သုဂတိပရာယဏာ ပုထုဇ္ဇနာနံ ပနဂတိ အနိယတာ၊ အထဘဂဝါစိန္တေသိ။

တတ္ထ-ထိုရဟန်းငါးရာတို့တွင်၊ ခီဏာသဝါ-အာသဝေါကုန်ခန်းရဟန္တာတို့သည်၊ အပဋိသန္ဓိကာ-ပဋိသန္ဓေနေရခြင်း မရှိကုန်၊ ဣတရေ-ရဟန္တာမှတစ်ပါးကုန်သော၊ အရိယာသာဝကာ-သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့သည်၊ နိယတဂတိကာ-မြဲသောဂတိရှိကုန်၏။ သုဂတိပရာယဏာ-

သုဂတိဟူသော လဲလျောင်းရာရှိကုန်၏။ ပန– ထိုမှတစ်ပါး၊ ပုထုဇ္ဇနာနံ–ပုထုဇဉ်ပုဂ္ဂိုလ်တို့၏၊ ဂတိ–သွားရာဂတိသည်၊ အနိယတာ–မမြဲ၊ အထ–ထိုအခါ၌၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ စိန္တေသိ–ကြံစည်တော်မူပြီ။ ဘုရားရှင်အကြံဖြစ်တော်မူခြင်းသည် အဓိကအားဖြင့် ပုထုဇဉ်ရဟန်းတော်တို့အတွက် ဖြစ်လေသည်။ ပုထုဇဉ်ရဟန်းတို့အား တရားဟောတော်မူမည်၊ ဘုရားရှင် ဟော တော်မူမည့် တရားတော်သည် အရေးကြီးလှပေသည်၊ မည်ကဲ့သို့ အရေးကြီးပါသနည်း။

ဥပမာအားဖြင့် အရေးကြီးသော ကိစ္စသည် လတ်တလော ပေါ်လာသည့်အခါ သွားရမည့်ပုဂ္ဂိုလ်သည် အချိန်တိုတွင်းမှာ အလိုအပ်ဆုံးပစ္စည်းကို ရအောင်ယူနိုင်ရမည်။ ရအောင်ယူနိုင်ဖို့ လေးနက်သော အတွေးအခေါ် မှန်ကန်သောအကြံအစည်များ ဖြစ်ပေါ်အောင် အားထုတ်ကြိုးစားရလေမည်။ ပုထုဇဉ် ရဟန်း တော်များ သေခြင်းတရားနှင့် ရင်ဆိုင်ရတော့မည်ဖြစ်၍ ဘဝကို နားလည်ဖို့ အရေးကြီးပေ၏။ မိမိရရှိထားသောဘဝကို မစွန့်လွှတ် နိုင်လျှင် ဘဝကို စွဲလမ်းတပ်မက်နေလျှင် တစ်ဖန်ဘဝကို မသုတ် သင်နိုင်လျှင် ဆင်းရဲတဲ့ ဘုံဘဝရောက်မှာ သေချာနေသည်။ ရရှိထားတဲ့ဘဝ၊ စွန့်လွှတ်ရမည့်ဘဝအပေါ် တပ်မက်ထားသည့် တဏှာဆိုး၊ ထိုတဏှာကပင်လျှင် ဘဝရှည်အောင် သွားလာ တတ်သော အဓိကတရားဖြစ်နေသည်။ ဤအဓိကဖြစ်သည့် တဏှာတရားကင်းပြတ်အောင် ဘုရားရှင်ဟောပြော ပြသဆုံးမ တော်မူပေမည်။ နောက်တဏှာ၏တွဲဖက် အဆိုးဆုံးတရား

အဝိဇ္ဇာ၊ ယင်းတဏှာနှင့် အဝိဇ္ဇာတရားနှစ်ပါးက သတ္တဝါတစ်ဦး တစ်ယောက်၏ဘဝ မခွဲခွာနိုင်အောင် ပြုလုပ်ပေးနေတဲ့ အရင်းခံ နှစ်ပါးပင် ဖြစ်သည်။ ထိုနှစ်ပါးတို့တွင် အဝိဇ္ဇာတရားက ဘဝ အလင်းရောင်၊ ဘဝအမှန်မရောက်အောင် ဖုံးလွှမ်းထားသည်။

တဏှာတရားက ရရှိထားတဲ့ ဘဝကိုပျော်သည်၊ နှစ်သက် နေသည်၊ ရောင့်ရဲတင်းတိမ်မှုမရှိဘဲ တောင့်တမှုတွေနှင့် ပြည့်နက် နေသည်။ တောင့်တမှုများလျှင် စွဲလမ်းမှု ဥပါဒါန်တရားက ပိုဆိုးလာလိမ့်မည်။ ဥပါဒါန်တရားတွေ များလေလေ သံယောဇဉ် ကတစ်ဆင့် ချည်နှောင်လေလေ၊ မဖြတ်နိုင်သည့် တဏှာ သံယောဇဉ်တရားများသည် သေခါနီးထိ ဒုက္ခလိုက်ပေးသည့် အတွက် အဆိုးဆုံးတရားတွေပါပဲ။

သေခါနီး မည်ကဲ့သို့ ဒုက္ခပေးတတ်ပါသလဲ။ သတ္တဝါတွေ များသောအားဖြင့် သေခါနီး မိမိခန္ဓာကိုယ် လောကကြီးနှင့် အဆက်ဖြတ်ရမှာ ခွဲထားခဲ့ရမှာကို စိုးရိမ်ပူဆွေးနေရတတ်သည်။ တဏှာကတပ်မက်ထားလို့ ဥပါဒါန်က အစွဲအလမ်းကြီးပြီး သံယောဇဉ် မဖြတ်နိုင်သည့် အာရုံတွေ တပ်မက်ထားလို့ ဥပါဒါန် က အစွဲအလမ်းကြီးပြီး သံယောဇဉ် မဖြတ်နိုင်သည့် အာရုံတွေ သေကာနီး ကျရောက်နေသည့်အတွက် ကုသိုလ်အာရုံဘက် မရောက်နိုင်ဘဲ ဆုံးဖြတ်ရခက်နေသည်။

လင်ယောကျ်ားကလည်း ဇနီးမယားက မိမိအပေါ် ချစ်ခင် မြတ်နိုးပြီး ပြုစုယုယခဲ့တဲ့ တဏှာသံယောဇဉ်၊ ဇနီးမယား ကလည်း လင်ယောကျ်ားက မိမိအပေါ် ချစ်ခင်မြတ်နိုးခဲ့၍ သူများ

အောက်မကျ အောင် ပြုစုလုပ်ကျွေးခဲ့သည့် တဏှာသံယောဇဉ်၊ သားသမီး၊ ညီအစ်ကိုမောင်နှမ၊ မြေးမြစ်တို့အပေါ် စိတ်မချနိုင်တဲ့ သံယောဇဉ်၊ တစ်ဖန် မိမိပိုင်ဆိုင်နေတဲ့ အိုးအိမ်၊ တိုက်တာ၊ လယ်ယာကိုင်း ကျွန်းစသည်တို့နှင့် ခွဲခွာသွားရမည်ကို မထားရက်နိုင်ဘဲ စွဲလမ်းနေတတ်သည်။ သုံးဆောင်ခံစားနေသည့် ရွှေ၊ ငွေ ကျောက်သံ ပတ္တမြား၊ မော်တော်ကား စသော ဓိမ်ခံပစ္စည်းတို့ကို စွန့်လွှတ် ထားရမည်ကို ပူပန်နေရသော စိတ်အာရုံများ၊ ထိုအာရုံတွေများပြီး ကျရောက်လေလေ သေတော့မည့်စိတ်က ဆင်းရဲဘက်သို့ ဆွဲခေါ် နေတတ်ပြီး စိတ်မကြည်ဘဲ နောက်ကျုနေမည်။ ထိုအဖြစ်အပျက် နှင့်စိတ်အာရုံများသည် ဂတိမမြဲသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ ကျရောက်ခံစားရသောတရားများ ဖြစ်လေသည်။ ယင်းသို့ ကြောက်တတ်သည့် အကြောင်းကို ဘုရားရှင်က ဤသို့ ဟောတော်မူခဲ့လေ၏။

**ဣမေအတ္တဘာဝေ ဆန္ဒရာ ဂေနမရဏာဘာယဘီတာန သိက္ခိ သဿ္တိဂတိ ဝိသောဓေတုံ**

ဣမေ- ဤရဟန်းတို့သည်၊ အတ္တဘာဝေ-ခန္ဓာကိုယ် အတ္တဘော၌၊ ဆန္ဒရာဂေန-တပ်မက်မှုဆန္ဒရာဂကြောင့်၊ မရဏာဘာယဘီတာ-သေဘေးမှ ကြောက်ကုန်သည်ဖြစ်၍၊ ဂဟိ-ဂတိကို၊ ဝိသောဓေတုံ-သုတ်သင်ခြင်းငှာ၊ နသိက္ခိသဿ္တိ-မစွမ်းနိုင်ကုန်လတ္တံ့။

ပုထုဇဉ်ရဟန်းတို့သည် ခန္ဓာကိုယ်ကို တပ်မက်ထားမှုကြောင့် သေရမည်ကို ကြောက်လန့်နေသည်။ စွဲလမ်းမှုအာရုံတွေ

လာရောက်ပြီး အမျိုးမျိုး ကျရောက်နေသည့်အတွက် ကောင်းသောဂတိသို့ သွားနိုင်ဖို့ ခက်ခဲနေလေ၏။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူ၍ မကောင်းသောအာရုံဘဝကို သုတ်သင်ဖယ်ရှားပြီး ကောင်းသောဘဝကို ရအောင် တရားဟောတော်မူမည်၊ ဟောတော်မူမည့်တရားတော်သည် ခန္ဓာကိုယ်အပုပ်ကောင်ရုပ်ဆောင်နေသည်ကို စွန့်လွှတ်ရမည့်တရား၊ ယင်းတရားကားအသုဘကထာ ဖြစ်သည်။ ရဟန်းများသည် အသုဘနှင့်စပ်သောတရားတော်ကို နာရသည်ရှိသော် ခန္ဓာကိုယ်တပ်မက်ထားသည့်ဆန္ဒရာဂ ကင်းသွားမည်ဖြစ်သည်။ မကောင်းသော ဘဝတွေမှာတပ်မက်ထားသည့် ဆန္ဒရာဂကင်းသွားမှ ဖြတ်နိုင်မှ ကောင်းသောနတ်ပြည်စသော ဂတိဝင်လာနိုင်မည်။ ထို့ကြောင့် ဘုရားရှင်ကောင်းသော ဘဝဂတိရအောင် ဆက်ပြီး ဟောတော်မူသည်က–

**ဟန္ဒ နေသံ ဆန္ဒရာဂ ပဟာနာယ အသုဘကထံကထေမိ၊ တံသုတွာအတ္တဘာဝေဝိဂတစ္ဆန္ဒရာဂတာယ ဂတိဝိသောဓနံ ကတွာ သဂ္ဂေ ပဋိသန္ဓိံ ဂဏှိ သန္တိ။**

ဟန္ဒ–ယခု၊ နေသံ–ထိုရဟန်းတို့အား၊ ဆန္ဒရာဂ ပဟာနာယ–ဆန္ဒရာဂပယ်နိုင်ခြင်းအကျိုးငှာ၊ အသုဘကထံ– အသုဘနှင့်စပ်သောတရားစကားကို၊ သုတွာ–ကြားနာရ၍၊ အတ္တဘာဝေ– ခန္ဓာကိုယ် အတ္တဘော၌၊ ဝိဂတစ္ဆန္ဒရာဂတာယ–ကင်းသောတပ်မက်မှုဆန္ဒရာဂရှိကုန်သည်၏အဖြစ်ကြောင့်၊ ဂတိဝိသောဓနံ–ဂတိကို သုတ်သင်ခြင်းကို၊ ကတွာ–ပြု၍၊ သဂ္ဂေ–နတ်ပြည်၌၊ ပဋိသန္ဓိံ–ပဋိသန္ဓေကို၊ ဂဏှိသန္တိ–ယူနိုင်ကုန်လတ္တံ့–ပုထုဇဉ်

ရဟန်းတော်တို့သည်၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော အသုဘာနှင့် စပ်သောတရားကို နာကြားရ၍ နတ်ပြည်သို့ရောက်ကြရမှာဖြစ်လေသည်။

**စဉ်းစားဝေဖန်စရာဖြစ်လာပုံ**

ထိုရဟန်းတော်တို့ကို ယခုအချိန်မှာ ပြန်ကြည့်လျှင် ရောက်နေသောနေရာသည် ဘုရားထံမှာရရှိထားတဲ့ ဘဝက မြင့်မြတ်သော ရဟန်းဘဝ၊ အယူဝါဒက ဗုဒ္ဓဝါဒ ဘုရားအယူ၊ ထိုသို့ယူထားသည့်အတွက် ဗုဒ္ဓဘာသာဘုရားသားတော်များ ဖြစ်နေသည်။

အကျင့်တရားကို စစ်ကြည့်ပြန်တော့လည်း ကောင်းသော အကျင့်ကို ကျင့်နေသော ရဟန်းများဖြစ်သည်။ ဘဝလည်း ကောင်း၊ အကျင့်လည်းကောင်းသည့် ဘုရားရှင်၏ တပည့်သား ရဟန်းတို့သည် အပါယ်လေးဘုံသို့ ရောက်ရမည်ဆိုလျှင် အများ သူငါကဲ့ရဲ့ပြစ်တင်စကားပြောကြားလာနိုင်လေ၏။ နောက်ပြီး ရဟန်းတို့သည် ဘုရားရှင်ထံမှာ ရဟန်းအဖြစ်၊ ရဟန်းဘဝကို ရရှိနေတာအကျိုးမရှိပါတကားဟု ထင်မြင်နိုင်သည်။ ပုထုဇဉ်တို့ရဲ့စိတ်သည် အမျိုးမျိုး ထင်မြင်ယူဆတတ်ခြင်းသည် သဘာဝ ပါပဲ၊ ဘုရားရှင်သည် လောက၌ အကျိုးရှိသည်ကိုသာ သွားလာ လှုပ်ရှားဟောပြောတော်မူပါသည်။ အချည်းနှီး မသွားလာ မပြော ဆိုပါ။ ဘုရားရှင်၏ တရားစကားကို နာကြားရသောသူတို့သည် အချို့ပုဂ္ဂိုလ်များ သရဏဂုံ တည်ကြသည်။ အချို့မှာ ငါးပါးသီလ

မြဲကြ။ အချို့လဲ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ရောက်ကြရသည်။

ဘုန်းကံပါရမီ ရင့်သူများကတော့ သောတာပန် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာစသောအားဖြင့် ဖြစ်သွားကြသည်ကို ယုံမှားသံသယဖြစ်ဖွယ် မရှိနိုင်ပါ။ ယခုအချိန်မှာ ရဟန်းငါးရာတို့သည် မြတ်စွာဘုရား၏ ဟောကြားတော်မူအပ်သော ခန္ဓာကိုယ်၏မတင့်တယ်ပုံ၊ ယိုစီးမှု၊ အပုပ်အစပ်တွေနှင့် ပြည့်နှက်ဆက်ဆံနေရသော ခန္ဓာကိုယ်၏အကြောင်း နာကြားရသည့်အတွက် "အတိတ်က အကုသိုလ်ကံပါပါစေ အကျိုးရှိမှာတော့ ဧကန်မလွဲပါ။ ထို့ကြောင့် ပုထုဇဉ်ရဟန်းများသည်၊ ဘုရားရှင်ဟောပေးအပ်သော တရားတော်ကို နာယူမှတ်သား ပွားများရသောကြောင့် အပါယ်တံခါးပိတ်၍ နတ်ပြည်ပဋိသန္ဓေကို ယူနိုင်ခြင်း၊ နတ်ပြည်စသည်သို့ ရောက်ရခြင်းသည် ဘုရားရှင်၏ သာသနာတော်မှာ ရဟန်းဘဝကို ရရှိခြင်းသည် အကျိုးရှိသော ဖြစ်ခြင်းပင် ဖြစ်လေတော့သတည်း။ "ဧဝံ နေသံမမ သန္တိကေ ပဗ္ဗဇ္ဇာသာတ္ထိကာ ဘဝိဿတိ"

ဧဝံ ဤသို့ နတ်ပြည်ပဋိသန္ဓေကို ယူနိုင်ကုန်လတ်သော်၊ နေသံ၊ ထိုရဟန်းတော်တို့၏ မမ- ငါဘုရား၏၊ သန္တိကေ- အထံ၌၊ ပဗ္ဗဇ္ဇာ- ရှင်ရဟန်းအဖြစ်သည်၊ သာတ္ထိကာ- အကျိုးရှိသည်၊ ဘဝိဿတိ-ဖြစ်ပါလတ္တံ့။ ဤသို့ဘုရားရှင် ဟောကြားတော်မူသော်ရဟန်းများ တရားရ၍ အကျိုးရရှိသွားလေသတည်း။

## စေတနာသုံးတန်နှင့် ဒါန သီလ ဘာဝနာ

ဒါနပြုသည့်အခါ သီလဆောက်တည်သည့်အခါဖြစ်စေ၊ ဘာဝနာပွားများသည့်အခါဖြစ်စေ အနှစ်သာရရှိပြီး အကျိုးများဖို့ လိုအပ်ပါသည်။ အကျိုးများဖို့ဆိုလျှင် ပြုလုပ်သည့်အခါ ဒါန သီလ ဘာဝနာတို့ကို စိစစ်ဝေဖန်တတ်ရမည်။ လောကမှာ သိန်းပေါင်းများစွာ အကုန်အကျခံ လှူဒါန်းနေသော ပုဂ္ဂိုလ်တို့ ရှိသလို တစ်ဆယ်ငါးကျပ် တစ်ရာ တစ်ထောင် တတ်နိုင်သမျှဖြင့် လှူဒါန်းနေသော ပုဂ္ဂိုလ်များလည်း ရှိကြလေ၏။

ယင်းသို့ရှိကြရာတွင် သိန်းပေါင်းများစွာ လှူဒါန်းနေသော ပုဂ္ဂိုလ်တို့ လှူဒါန်းသလောက် ပြည့်ဝစွာ အကျိုးများမည်လော၊ အကျိုးနည်းမည်လော၊ တစ်ဖန် တစ်ဆယ် ငါးကျပ် တစ်ရာ တစ်ထောင်လှူဒါန်းဖြင်းဖြင့် အကျိုးများမည်လော၊ အကျိုးနည်းမည်လော မေးကြလျှင် မိမိပြုလုပ်မည့်အကြောင်းကံ စေတနာပေါ် မူတည်ပြီး ထိုအကြောင်းကံ စေတနာကောင်းလျှင် ကောင်းသလောက် ညံ့လျှင် ညံ့သလောက် အကျိုးအများ အနည်းရရှိနိုင်

လိမ့်မည်ဟု ဖြေဆိုရလေမည်။ အလှူဒါနကို မည်သောက်ပင် များစွာ လှူဒါန်းပါသော်လည်း စေတနာမမှန် မထားတတ်လျှင် ကုန်သလောက် အကျိုးများလိမ့်မည်မဟုတ်၊ စေတနာမှန် ထားတတ်လျှင် အကျိုးများမည်။ ထို့အတူ တစ်ဆယ် ငါးကျပ် တစ်ထောင် လှူဒါန်းသော ပုဂ္ဂိုလ်များလည်း စေတနာ မမှန် မထားတတ်လျှင် အကျိုးများမည်မဟုတ်၊ စေတနာမှန် ထားတတ်လျှင် အကျိုးများပါလိမ့်မည်။

စေတနာသည် ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ ဟူ၍ သုံးချက်ရှိနေသည်။ မလှူမီ ရှေ့အဖို့၌ဖြစ်သော စေတနာသည် ပုဗ္ဗစေတနာ ထိုအဖြစ်က ဘယ်နှစ် ဘယ်လ ဘယ်ရက်၊ ဘယ်နေ့ကြလျှင် လှူမည်ဟု ဆုံးဖြတ်ချက်ချထား၏။ ထိုဆုံးဖြတ်ချက်ချပြီး ချိန်မှစလို့ ကြိုးစား၍ ငွေရှာခြင်း၊ ပစ္စည်းစုခြင်း၊ ရလာသောငွေကြေးပစ္စည်းတို့အပေါ် ကိုယ်လှူမည့်အလှူ အမျိုးအစားနှင့် ဆက်စပ်ကာ ဖြစ်ပေါ်လာနိုင် သောအကြောင်းတရားများအပေါ် သဒ္ဓါတရားထက်သန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်နေခြင်းသည် ပုဗ္ဗစေတနာမည်၏။ လှူဆဲအခါ ဖြစ်ပေါ်နေသော စေတနာသည် မုဉ္စစေတနာဖြစ်သည်။ ထိုအဖြစ်က စားဖွယ် အာဟာရအမျိုးမျိုး၊ အဆောက်အဦးအမျိုးမျိုး၊ ဝတ္ထုငွေကြေးစသည်တို့ကို၊ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လှူဒါန်း ပူဇော်နေချိန်မှာ ဖြစ်ပေါ်နေသော စေတနာ၊ လှူဒါန်းပူဇော်နေချိန် ကျွေးမွေးညွှေ့ခံချိန် အစီအစဉ်မပြီးမချင်း ကာလမှာ စေတနာ သဒ္ဓါ မှန်ကန်စွာ ထက်သန်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်နေ

ခြင်းသည် မုဉ္စစေတနာ မည်လေ၏။ လှူပြီး၍ နောက်အဖို့မှာ ဖြစ်ပေါ်နေသော စေတနာသည် အပရစေတနာဖြစ်သည်။ ထို အဖြစ်က အလှူဒါနပြီးစီးသွားသောအခါ အလှူခံပုဂ္ဂိုလ်များ အပေါ်နှင့် လှူဖွယ်ပစ္စည်းအသီးသီး အဆောက်အဦး အမျိုးမျိုး တို့မှာ အာရုံထဲပေါ်လာအောင် မြင်လာအောင် ဝမ်းမြောက်ဝမ်း သာ ပွားများကာ အားရကျေနပ်နှစ်သက်နေသော စေတနာသည် အပရစေတနာမည်လေ၏။ ထိုစေတနာသုံးချက်နှင့် ဒါန၊ သီလ၊ ဘာဝနာသည် ပြောဟောတော့ လွယ်ကူတတ်ကြ၏။ တကယ် တမ်း ညီညွတ်ဖို့ ဆိုသည်မှာ လွယ်ကူမည် မဟုတ်ပေ။ ညီညွတ် ခြင်းဟူသည်မှာ အလှူခံပုဂ္ဂိုလ်က သီလနှင့် ပြည့်စုံနေရခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းက ဓမ္မိယလဒ္ဓတရားနှင့်အညီရသော ပစ္စည်း ဝတ္ထုဖြစ်ခြင်း၊ အလှူပေးပုဂ္ဂိုလ်ကလည်း ကံအကြောင်းတရား စေတနာယုံကြည်ပြီး သဒ္ဓါတရားနှင့် ပြည့်စုံနေရခြင်း၊ ဤအချက် များနှင့် ပြည့်စုံနေလျှင် အလှူဒါနသည် အကျိုးများမည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထိုအချက်များကို သိထားဖို့ လိုအပ် လေသည်။ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တို့အဖို့ စေတနာ သုံးတန်ဟူသော စကားသည် ပြောဟောကြားနာ သိနေကြ၍ နှလုံးသားထဲ စိမ့်ဝင်စွဲမြဲနေကြ၏။ စွဲမြဲနေသည့်အတိုင်း လှူဒါန်း ပူဇော်နေကြတယ်၊ သို့ပေမယ့် အချို့ပုဂ္ဂိုလ်များ အလှူဒါနပြု သည့်အခါ အလှူခံပုဂ္ဂိုလ်နှင့် ပတ်သက်ပြီး အကြောင်းအမျိုးမျိုး ကြောင့် စေတနာပျက်တတ်သည်။

အလှူခံ ပုဂ္ဂိုလ်တို့အပေါ် ရပ်ချောခြင်း မချောခြင်း၊

ဖြူခြင်း၊ မည်းခြင်း၊ ဝခြင်း၊ ပိန်ခြင်း၊ ရှည်ခြင်း၊ ပုခြင်းစသည့်ဒွိ တိုင်းတာကြည့်ပြီး မနှစ်သက်တဲ့ အာရုံမှာ စေတနာသဒ္ဓါပျက်ပြီး နည်းနေတတ်ကြ၏။ စေတနာ သဒ္ဓါအစစ်အမှန်မှာ ပုဂ္ဂိုလ် သတ္တဝါ အာရုံများနှင့် မတိုင်းတာဘဲ အကျင့်မြတ်သီလတရား နှင့်တိုင်းတာကြည့်ခြင်းက အမှန်ပင် ဖြစ်ပါလိမ့်မည်။ တစ်ခါ စေတနာသဒ္ဓါဖက် အလေးမထားဘဲ လောကီဂုဏ်ပကာသနတွေ ဦးစားပေးပြီး လှူဒါန်းပြန်ရင်လည်း စေတနာမှန်ကန်မှု မဖြစ်နိုင် တော့ပေ။ လှူဖွယ်ဝတ္ထုပစ္စည်း ငွေကြေးများအပေါ် မဆုံးဖြတ် တတ်၊ နိုင်နင်းမှု မရှိရင်လည်း စေတနာပျက်သွားနိုင်သည်။ အလှူပေး ပုဂ္ဂိုလ်သည် လှူဒါန်းသာနေရသည်။ မိမိကိုယ်ကို လည်းကောင်း ရလာသောပစ္စည်းတို့အပေါ်လည်းကောင်း၊ ကံ အကြောင်းတရားပေါ်လည်းကောင်း၊ ယုံကြည်မှု အပြည့်အဝ မရှိတတ်ပေ၊ ယုံကြည်ပြည့်ဝမှု မရှိဘဲ လှူဒါန်းရသောအလှူသည် စေတနာတရားကလည်း ညီညွတ်ဖို့ ခဲယဉ်းသွားလေ၏။ ယင်းသို့ ဖြစ်နေပါက တစ်နည်းဆိုရလျှင် စေတနာ သဒ္ဓါတရား မပြည့်စုံ ဘဲ လေးငါးဆယ်ကြိမ် လှူခြင်းထက်၊ စေတနာသဒ္ဓါတရား ပြည့်စုံပြီး တစ်ကြိမ်လှူဒါန်းခြင်းက ပိုပြီး အကျိုးများမည်ဆိုတာ စိစစ်နိုင်ဖို့အချက် ဖြစ်လေသည်။

တချို့ပုဂ္ဂိုလ်များက မလှူမီ ရှေးဦးစွာ ပုဗ္ဗစေတနာ ထက် သန်ပြီး လှူဆဲအခါ မုဉ္စစေတနာ ပျက်နေတတ်၏။ အချို့လည်း လှူဆဲ မုဉ္စစေတနာ ထက်သန်ပြီး၊ လှူပြီးသောအခါ ကုန်ခန်းသွား သော ပစ္စည်းငွေကြေးအပေါ် နှမြောတမ်းတကာ နေတတ်သည့်

အတွက် အပရစေတနာ ပျက်ကွက်သွားလေ၏။ ထိုသူတို့ ပျက်ကွက်ခဲ့သော အလှူဒါနအကြောင်းကံ စေတနာကလည်း အကျိုးပေး သက်ရောက်လာသောအခါ တည်ငြိမ်မှု မရှိဘဲ ဆုံးရှုံးမှု၊ တုန်လှုပ်မှုများနှင့် ရင်ဆိုင်ရလေ၏။ ဥပမာ–ထီပေါက်ပြီး လက်မှတ်ပျောက်သူနှင့် တူနေ၏။ ထီတော့ပေါက်ပါရဲ့ လက်မှတ်မပြနိုင်တော့ ငွေရမှုဆုံးရှုံးသွားရ၏။ ထီပေါက်တဲ့ကံကို ဝေဖန်ကြည့်လျှင် မိမိထိုးထားသော ထီဂဏန်းများ အလုံးတိုင်း အလုံးတိုင်းတူအောင် တိုက်တဲ့ကံသည် နည်းတဲ့ကံမဟုတ်၊ ဆုကြေးများများထဲ ပေါက်တဲ့ကံကလည်း နည်းတဲ့ကံမဟုတ်။

ဤထူးခြားတဲ့ကံအကျိုးပေးကို သုံးသပ်ပါက မလှူမီ ရှေ့အချိန်တုန်းက အချိန်ပြည့် စေတနာသဒ္ဓါထက်သန်နေခြင်းကြောင့် မိမိလက်မှတ်ဂဏန်းအတိုင်း တူနေအောင် အကျိုးပေးခြင်းဖြစ်၏။ လှူဆဲအချိန်တုန်းက စေတနာပျက်ကွက်ခဲ့လျှင် ပေါက်တဲ့ဆုငွေအတိုင်းတော့ ရပါရဲ့၊ အကြောင်းအမျိုးမျိုးကြောင့် ချမ်းသာတရား အထိုက်အလျောက်ပဲ ခံစားရကာ တတိတိနှင့် ကုန်ဆုံးသွားတတ်၏။ လှူပြီးအချိန်အခါတုန်းက စေတနာသဒ္ဓါ ပျက်ကွက်ခဲ့လျှင် ရလာသောငွေများကို အလုံးအရင်းနှင့် ရင်းနှီးမြှုပ်နှံထား၏။ ထိုအခါ အကြောင်းအမျိုးမျိုးကြောင့် ခံစားခွင့်အမြတ်မရဘဲ အရင်းပါ ဆုံးရှုံးသွားရလေ၏။ ချမ်းသာခံစားခွင့်ကို လတိုနှစ်တို အချိန်ပဲ ခံစားခွင့်ရလေ၏။ တစ်ခါ ငွေများအလုံးအရင်းနှင့် ဝင်လာပါ၏။ တစ်ဖက်မှလည်း ရောဂါများဖိစီးနှိပ်စက်ခြင်းကြောင့် ကုန်သွားရသည့်အဖြစ်မျိုး၊ လုပ်ငန်း

ကိုင်ငန်း အဆင်ပြေလို့ ငွေများများ ဝင်ခဲ့ရင်လည်း တစ်ဖက်မှ အမှုကိစ္စပေါ်ပေါက်လာလို့ ငွေကုန်ရသောအဖြစ်မျိုးနှင့် ရင်ဆိုင်နေကြရသူတို့ကို လောကဓံ အထင်အရှား မြင်တွေ့နေကြရလေ၏။ လှူခဲ့တုန်းက စေတနာသုံးတန် အချိန်ပြည့်အောင်မြင်ခဲ့လျှင် အကျိုးပေးဖို့အချိန်ရောက်လျှင် အလုပ်အကိုင် ရရှိအဆင်ပြေလာကာ ထို့ကြောင့်ပင် ရင်းနှီးမြှုပ်နှံ အောင်မြင်တိုးတက်စီးပွားဖြစ်ထွန်း စည်းစိမ်ချမ်းသာ ခံစားခွင့် ရလေတော့၏။ ထိုပုဂ္ဂိုလ်တို့၏ အဖြစ်အပျက်အကျိုးပေးပုံများကို လေ့လာကြည့်လျှင် စေတနာပျက်ကွက်မှုတို့ရဲ့ ရောင်ပြန်ဟပ်မှု ဖြစ်ရမည်ပဲ ဆိုသည့်အချက်ကို နားလည်သဘောပေါက်ကာ သိလာနိုင်သော အကြောင်းတရားများပင် ဖြစ်နေပါ၏။

## စေတနာသုံးတန်နှင့် အချိန်အခါတိုင်းတာကြည့်ခြင်း

စေတနာအကြောင်းကံအကျိုးပေးလာသော ခံစားခွင့်အချိန်ကာလကို တိုင်းတာကြည့်လျှင် မလှူမီ ရေးအချိန်တုန်းက ဖြစ်ပေါ်ခဲ့သော စေတနာက လှူမည့်နေ့ လှူဆဲအချိန်မရောက်မချင်း ရက်လနှင့် အချိန်ကို တိုင်းတာကြည့်နိုင်လေ၏။ ယင်းကို ပုဗ္ဗစေတနာအကျိုးပေးပုံ အချိန်ကို သတ်မှတ်ချက် ချနိုင်သောအခါ ဖြစ်လေသည်။ လှူဆဲ မုဥ္စစေတနာကို တိုင်းတာရာမှာ လွယ်ကူလေ၏။ ကပ်လှူပူဇော်နေဆဲ အချိန်ကာလက ရေစက်သွန်းချ အမျှဝေ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်အောင်ပွဲယူချိန်ထိ သတ်မှတ်နိုင်လေသည်။ လှူပြီးအပရစေတနာ ခံစားခွင့် ကာလကို

တိုင်းတာကြည့်ခဲ့သော် အချိန်အခါကိုကြည့်ပြီး တိုင်းတာသတ်မှတ်ရလေမည်။ တစ်ခုရှိတာက နောက်အလှူတစ်ခုအား မထုတ်မီထိ သတ်မှတ်ထားရလေမည်။ အကုသိုလ်ဘက် တိုင်းတာရာမှာလည်း အကုသိုလ်အလုပ် အကုသိုလ်စေတနာကံနှင့် တိုင်းတာချက် အသီးသီး ဖြစ်ပေါ်ခြင်း ရှိနေပါ၏။ အပြစ်သေးသေးကျူးလွန်ခြင်း ကြီးမားသော အပြစ်ကျူးလွန်ခြင်း ကံတရားတို့ကသက်ရောက်လာသော ဆင်းရဲခြင်း ရေရှည်ရေတို ခံစားရခြင်းတို့ကို ကြည့်ပြီး အကုသိုလ်အရာ သတ်မှတ်ကြည့်ရှုနိုင်လေသည်။

## အကျိုးရှိအောင် အခြေခံကစပါ

မည်သူမဆို များသောအားဖြင့် ကိုယ့်အိတ်ထဲက ငွေများလှူဒါန်းပေးကမ်း စွန့်ကြဲရမည့်ကို ဝန်လေးကြလေ၏။ အလှူဒါနကို လှူဒါန်းခြင်းသည် လောလောဆယ်မှာတော့ ကုန်သွား၏။ အကျိုးမပေးခင် ဒါနအားကိုးပြီး အကျိုးမျှော်နေဖို့မလိုပါ။ အကျိုးပေးဖို့ အချိန်ကျလာလျှင် အရာရာမှာ အဆင်ပြေချမ်းသာ လာပါလိမ့်မည်။ စိတ်ချမ်းသာမှုရှိအောင် ကိုယ်ကျန်းမာမှုရှိအောင် အကြောင်းတရားရှာကြံတတ်ဖို့ လိုအပ်ပေမည်။ ဗုဒ္ဓဘာသာဝင်တို့အဖို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာအောင် အကြောင်းတရားကဒါန၊ သီလ၊ ဘာဝနာတို့ပင် တွေ့ရပေလိမ့်မည်။ ထိုသို့ တွေ့နေချိန်၊မှာ ဒါန၊ သီလ၊ ဘာဝနာများကို စိတ်ချမ်းသာ ကိုယ်ကျန်းမာအောင် နေ့တိုင်းနေ့တိုင်း ပြုလုပ်နိုင်ဖို့ အားထုတ်ပေးရလိမ့်မည်။ အစီအစဉ်ချ၍ လေးလေးနက်နက် ပြုလုပ်ရမည်မှာ

အိမ်မှာ ကိုးကွယ်ဆည်းကပ် ပူဇော်ထားသော ဘုရားရှင်၏ ကိုယ်တော်စား ရုပ်ပွားဆင်းတုတော်မြတ်ထံမှာ ဘုရား၊ တရား၊ သံဃာ တော်တို့အကျိုးငှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေး ပါးအတွက် နေ့စဉ်နေ့စဉ် ငွေတစ်ဆယ် ကပ်လှူပူဇော်ထားပါ၊ ငါးဆယ်၊ တစ်ရာ သုံးရာ စသည်ဖြင့် ကိုယ်တတ်နိုင်သလောက် ရွေးချယ်လှူဒါန်းထားပါ။ လှူဒါန်း သည့်အခါ၊ အလှူခံဖြစ်တော်မူ သော မြတ်စွာဘုရား၏ ဂုဏ်တော် များကိုပွားများပြီး ဘုရားရှေ့တော်မှောက်မှာ ရိုသေစွာ ရှိခိုး ကြည်ညိုရင်း ကပ်လှူပူဇော်ပါ။

အလှူခံဖြစ်တော်မူသော ဘုရားရှင်သည် အကျင့်မြတ်သီလ တရားနှင့်ပတ်သက်လို့ သန့်ရှင်းစင်ကြယ်ပြီး ဖြူစင်နေသည့် အတွက် လောကသုံးပါးမှာ အမြတ်ဆုံးဖြစ်တော်မူ၏။ တည် ကြည်ခိုင်မာသော သမာဓိအရာ လျှင်မြန်စွာ ထိုးထွင်းသိမြင်နိုင် သည့် အသိဉာဏ်ပညာအရာတို့မှာ သုံးလောက၌ ပြိုင်ဖက်တူသူ ရှိတော် မမူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားဟု မိမိကိုယ်ပိုင် ဉာဏ်အသိဖြင့် စိတ်ရောက်နိုင်သ၍ ဂုဏ်တော်ကို ပွားများပြီး ကြည်ညိုပါ။ ဤသို့ ဘုရားဂုဏ်တော်များကို ရှိခိုးကြည်ညိုပွားများ နေသလို တရားဂုဏ်တော်ဘက်လှည့်ကာ အသိဉာဏ်ရင့်ကျက် တိုးတက်အောင် အာရုံမပြတ်ဘဲ ဆင်ခြင်ပွားများ ကြည်ညိုပါ လေ။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားစကား တို့သည် ကောင်းကျိုး၊ ဆိုးကျိုးခွဲခြားဝေဖန်ပြောဆိုရာမှာ သဘာဝ ကျပြီး စစ်မှန်သောတရားများ ဖြစ်လေသည်ဟု စိတ်ထဲနှလုံးသား

ထဲအေးမြ ကြည်လင်စွာ ပွားများကြည်ညိုပါလေ။

ယခုခေတ် ရဟန်းတော် စသည်တို့ကို ကိုးကွယ်ဆည်းကပ် ပူဇော်ရာမှာ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်စသော အရိယာသံဃာတော်တို့၏ ဂုဏ်တော်တို့တိုင်အောင် ပူဇော်လှူဒါန်းပါ။ စိတ်ရောက်ပါ၊ ဤသို့ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးတို့၏ ဂုဏ်တော်များကို ပွားများပြီး ဘုရားထံမှာ ငွေတစ်ဆယ်လှူဒါန်းပါ။ ဤရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်တို့ကို အာရုံပြုပွားများပြီး လှူဒါန်းပူဇော်နေခြင်းသည် မိမိ၏ အလှူကို အလှူခံပုဂ္ဂိုလ်နှင့် ပတ်သက်လို့ ယုံမှားသံသယကင်းကာ ကြည်လင်သောစိတ်အစဉ်ဖြင့် စေတနာသဒ္ဓါတရားကို ရပါလိမ့်မည်။ ယုံကြည်ခြင်း သဒ္ဓါစေတနာဖြင့် ကပ်လှူပူဇော်သော ငါ၏အလှူဒါနသည် အကျိုးကြီးနိုင်သည်ဟု သိမြင်လည်း လာပါလိမ့်မည်။

ယင်းသို့ အကျိုးကြီးနိုင်အောင် ရှေးဦးစွာ လှူဖွယ်ဝတ္ထုကို ငွေနည်းနည်း၊ တစ်ဆယ်ဖြင့် ဆုံးဖြတ်ပေးရာမှာလည်း လွတ်လွတ်ကျွတ်ကျွတ် လှူဒါန်းနိုင်အောင် ဝန်လေးမှုမဖြစ်ဘဲ နိုင်နင်းအောင် အဓိကရည်ရွယ်ချက် ဖြစ်လေသည်။ ငွေတစ်ဆယ်သည် ခုခေတ် မုန့်ဝယ်စားလို့ မဝပါ။ လက်ဖက်ရည်သောက်လို့ မဝပါ။ တန်ဖိုးအားဖြင့် နည်းနေသည်။ တန်ဖိုးနည်းသော ငွေတစ်ဆယ်ပေါ် တပ်မက်ခြင်း၊ မက်မောခြင်း၊ စွဲလန်းခြင်းလည်း မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ငါသည် ငွေတစ်ဆယ်ကို တပ်မက်သေးလား၊ မက်မောသေးလား၊ စွဲလမ်းသေးလားဆိုလျှင် တပ်မက်ခြင်း၊

မက်မောခြင်း၊ စွဲလမ်းခြင်း ကင်းသွားကြောင်း စိတ်ထဲက ပီတိအပြုံးနှင့် ဖော်ပြပါလိမ့်မည်။ တွယ်တာ၊ သမုဒယ၊ အစွဲအလမ်းကင်းနေသော ငွေတစ်ဆယ်ဖြင့် တစ်လပြည့်အောင် တစ်နေ့တစ်ဆယ် လှူထားပါလေ။ တစ်လပြည့်သောအခါ ငွေသုံးရာရပါလိမ့်မည်။ မုတ္တစာဂီ၊ လွတ်လွတ်ကျွတ်ကျွတ် လှူဒါန်းထားသော ယင်းငွေသုံးရာဖြင့် မွန်မွန်မြတ်မြတ် သန့်ရှင်းစွာ ဘုရားရှင်အား ဆွမ်းကပ်လှူပါ။ ဤနေရာမှာ နေ့စဉ်ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ ကပ်လှူသူတို့အဖို့ ပူဇော်မြဲတိုင်း ပူဇော်ပါ။ အစီအစဉ်ချမှတ်ပြီး၊ ကပ်လှူခြင်းသည် စိတ်အထူးဖြစ်အောင် အကျိုးကြီးမားအောင် လှူဒါန်းရခြင်း ဖြစ်လို့ပါ။ မိမိကပ်လှူသော သုံးရာဖိုးသော ဆွမ်းအလှူသည် မကြီးကျယ်ပေမဲ့ စေတနာသဒ္ဓါတရားကကြီးကျယ် မွန်မြတ်လို့ ကိုယ်တိုင်ပင် ကျေနပ် နှစ်သက်လာပါလိမ့်မည်။

နောက်တစ်လအတွက် တစ်ဆယ်တိုးပြီး တစ်နေ့နှစ်ဆယ်လှူလျှင် တစ်လခြောက်ရာ ရပါလိမ့်မည်။ ယင်းခြောက်ရာဖြင့် ဒုတိယအကြိမ် ခြောက်ရာဖိုး ဆွမ်းလှူပါ။ ဒုတိယအကြိမ်ခြောက်ရာဖိုးလှူပြီး နောက်လအတွက် တစ်ဆယ်တိုးကာ တစ်နေ့သုံးဆယ်လှူလျှင် တစ်လကိုးရာဖြစ်မည်။ ထိုကိုးရာဖိုးဖြင့် သုံးကြိမ်ထိ ဆွမ်းပဲကပ်လှူပါ။ ကပ်လှူသည့်အခါ မိမိကြိုက်နှစ်သက်သော အစားအစာဟင်းလျာ၊ သူတစ်ပါး နှစ်သက်တာမလို အကောင်းဆုံး အစားအစာတို့ကို ရွေးချယ်ပြီး ကပ်လှူပါ။ ဝက်သား၊ ကြက်သား၊ ပုစွန်၊ ဝက်အူချောင်း ထိုဟင်းလျာတို့တွင်

တမယ်မယ်ဖြင့် ကောင်းသောဆွမ်းနှင့် ရသလောက် ရှေးနည်း အတိုင်း မွန်မွန်မြတ်မြတ် ကပ်လှူပူဇော်ပါ။ စားပွဲခင်း၊ ဇွန်း၊ လက်သုတ်ပဝါတို့ဖြင့် သက်ရှိထင်ရှားဘုရားရှင် ကြွလာကာ ဘုဉ်းပေးသလို စိတ်ထားရှိ၍ ကပ်လှူပူဇော်ရမည်။ ဤတတိယ အကြိမ်တွင် ရောဂါဘယ ကင်းရှင်းရလေအောင် ဆေးပါ လှူဒါန်း ရမည်။ အင်္ဂလိပ်ဆေး၊ ဗမာဆေး၊ အားဆေးတို့ဖြင့် ကျန်းမာရေး အတွက် ပါဝင်လှူဒါန်းပေးပါ။

သုံးကြိမ်ထိ စင်ကြယ်သော ဆွမ်း၊ ဆေးတို့ကို ကပ်လှူပြီး သင်္ကန်းအတွက် လှူနိုင်ဖို့ ကြိုးစားရလေမည်။ သင်္ကန်းဖို့စုသည့် အခါ၊ သဒ္ဓါတရားကလည်းပြည့်ဝနေ၊ စေတနာတရားကလည်း ညီညွတ်နေပြီး ဖြစ်သည့်အတွက် တစ်နေ့ငါးဆယ်တစ်ရာ လှူဒါန်းလျှင် တစ်လတစ်ထောင့်ငါးရာ၊ သုံးထောင်ရှိနေလိမ့်မည်။ ယင်းငွေပမာဏဖြင့် ကပ်လှူရမည့်ဘုရားရှင် ဉာဏ်တော် ပမာဏ တိုင်း ရွေကြာသင်္ကန်းဖြင့် လှူဒါန်းပူဇော်ပါလေ။ သင်္ကန်းလှူရာ မှာလည်း မိမိကျေနပ်နှစ်သက်သည့်ထိ ဆက်ကပ်ပါ။ ဆွမ်း၊ သင်္ကန်း၊ ဆေးတို့ကို လှူဒါန်းပြီးနောက်၊ ကျောင်းအတွက်လည်း လှူဒါန်းပူဇော်ရမည်။ ကျောင်းအတွက် လှူဒါန်းသောအခါ မိမိ အိမ်၌ရှိသော ဘုရားခန်းတွက်သော်လည်းကောင်း၊ ဘုန်းကြီး ကျောင်းအတွက်သော်လည်းကောင်း၊ တစ်လ နှစ်လ သုံးလဖြည့် စုပြီး သပ်သပ်ခပ်ခပ်ကြည်ညိုဖွယ်ဖြစ်အောင် လှူဒါန်းရပါမည်။

ဤကား ဘုရားရှင်အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ဖြင့် အကျိုးများနိုင်သ၍ များ

အောင် လှူဒါန်းပူဇော်သလို တရားတော်ကိုလည်း ယင်းပူဇော်နည်းမျိုးဖြင့် ပူဇော်ရမည်။ တရားတော်ကို ပူဇော်ရာတွင် "သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ" ပါဠိတော်အရ အလုံးစုံသော အလှူတို့တွင် တရားအလှူသည်မြတ်၏။ အောင်၏။ ဟူသော ဘုရား၊တရားတော် အဓိပ္ပာယ်လေးကို နှစ်သက်မြတ်နိုး အလေးထား ဂရုပြုကာ ပိဋကတ်သုံးပုံ စာအုပ်စာပေများကို လှူဒါန်း ပူဇော်ရမည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ပါဠိစကားထဲသဘာဝကျ မှန်ကန်လေးနက်တဲ့ အဓိပ္ပာယ်တို့ ပါဝင်နေသည်ကိုသိပြီး လှူဒါန်းရမည်။ မှန်သောတရားနှင့် မမှန်သောတရား ကွဲကွဲပြားပြား မသိခင် မကျင့်သုံးနိုင်သေးခင် အရာရာကို အောင်မြင်ဖို့ ခဲယဉ်းနေ၏။ ဒီနေရာမှာ မှန်သောတရား၊ မမှန်သော တရားဆိုရာမှာ သဘာဝဓမ္မ ဟူသမျှ မှန်သောတရားချည်း ဖြစ်နေလို့ပါ။ သတ္တဝါများကသာ ဖောက်ပြန်စွာ ကျင့်သုံးနေလို့ မမှန်သောတရား မမှန်တဲ့အကိုင်း ဖြစ်နေရသည်။ ဤကဲ့သို့ စံထိုးကြည့်လျှင် သဘာဝဓမ္မသဘောမှာ မှန်တာချည်းပါ။ ဤစံနမူနာအသိဖြင့် တရားတော်ကို လှူဒါန်းပူဇော်ခြင်းသည် အလှူတကာတို့ရဲ့ အောင်နိုင်ခြင်း အလှူဆိုတာ အလိုလို သဘောကျစရာ ဉာဏ်အမြင်မှာ ဖြစ်ပေါ်လာပါလိမ့်မည်။

သံဃာတော်တို့အား လှူဒါန်းရာမှာလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတို့ကို တစ်မျိုးပြီးတစ်မျိုး လှူဒါန်းပူဇော်ရမည်။ ဘုရားရှင်သည် မိထွေးတော်ဂေါတမီကို

သံဃာအား လှူဒါန်းရန် မိန့်တော်မူခဲ့သော သာဓကရှိလေ၏။ "သံဃေဒိန္န မဟပ္ဖလံ သံဃေ ဂေါတမိဒေတိ သံဃေတေဒိန္နေ အဟဉ္စေဟော၀ ပူဇိတော ဘ၀ိဿာမိ၊ သံဃာအား လှူဒါန်း အပ်သော အလှူသည် အကျိုးများလေ၏။ ဂေါတမီ သံဃာအား လှူဒါန်းပါလေ၊ သံဃာအား လှူအပ်သည်ရှိသော်၊ ငါဘုရားအား သာလျှင် လှူဒါန်းပူဇော်သည်နှင့် တူ၏ဟု မိန့်တော်မူခဲ့၏။ ဘုရားရှင်သည် ယင်းစကားတော်ကို နောင်အနာဂတ် သာသနာ အရှည်တည်အောင် မိန့်တော်မူခြင်း ဖြစ်လေသည်။ ဘုရား မရှိသည့်နောက်ပိုင်း သာသနာကို သံဃာတော်တို့က တစ်ဆင့်ပြီး တစ်ဆင့် ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်လေသည်။

ယခုအချိန်မှာ သံဃာတော်တို့က သာသနာတော်ကို ထိန်း သိမ်းဆောင်ရွက်နေတာမြင်ရတော့ ဘုရားရှင်၏ သက်ရှိထင်ရှား ရှိစဉ်က ဟောတော်မူခဲ့သော စကားတော်သည် သံဃာတော်များ အတွက်ရော၊ လူနတ်ဗြဟ္မာသတ္တ၀ါတို့အတွက်ရော အကျိုးများပြီး အနှစ်သာရရှိနေသည်ကို အားရကျေနပ် နှစ်သက်လိမ့်မည်။ ထို့ကြောင့် မိမိတို့ခုခေတ်မှာ ပစ္စည်းလေးပါးတို့ဖြင့် ပုထုဇဉ် ရဟန်းတို့အား လှူဒါန်းရသော်လည်း ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာသံဃာတော်တို့၏ ဂုဏ်ကျေးဇူးတို့ကို အာရုံပြု လှူဒါန်း လျှင် ဘုရားရှင်ကို လှူဒါန်းရသည်နှင့် တူနေသည်ကို သတိရှိ အလေးထားကြပါလေ။

ဤသို့ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့အား ပစ္စည်းလေးပါးတို့ဖြင့် စေတနာသုံးတန်ဖြစ်စေပြီး အခြေခံက

စကာ လှူဒါန်းပူဇော်ထားသူတို့သည် နှစ်လများကြာလေကြာလေ ဒါနနှင့်ပတ်သက်လို့ ချမ်းသာစေနိုင်သော အားကိုးအားထားရကာ ပစ္စုပ္ပန် တမလွန် အချိန်ကာလတို့၌ ကောင်းကျိုးတွေ ဝေဝေဆာဆာ ဖြစ်ပေါ်ခံစားရပါလိမ့်မည်။ ချမ်းသာမှုရအောင် ဒါနကို ပြုလုပ်ဆောင်ရွက်ရသလို ကိုယ်ကျင့်သီလတရားကိုလည်း ချမ်းသာစွာ နေရအောင် စေတနာသုံးတန်နှင့် ဆောက်တည်ကျင့်သုံးရလေမည်။ ကျင့်သုံးဆောက်တည်သည့်အခါ လူပုဂ္ဂိုလ်များအတွက် ငါးပါး၊ ကိုးပါး၊ ရှစ်ပါးသီလတို့ဟူ၍ အသီးသီးရှိလေ၏။ ထိုသီလတို့တွင် ငါးပါးသီလကိုပင် အရင်ဆုံး လုံခြုံအောင် ကျင့်သုံးရမည်။ သီလနှင့်ပတ်သက်လို့ ရှေ့မှာလည်း ဖော်ပြခဲ့၏။ သီလတရားကလည်း၊ ကျယ်ဝန်းလို့ စေတနာသုံးတန်နှင့် သီလကိုထပ်ပြီး ဖော်ပြပါဦးမည်။

သီလကို မဆောက်တည်မီ ရှေးဦးစွာ သီလအပေါ် ပုဗ္ဗစေတနာဖြစ်ပါ။ သီလတရားသည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို မကောင်းမှုမှ ကင်းဝေးလေအောင် ထိန်းချုပ်ပေးကာ ယဉ်ကျေးစေသော ကိုယ်ကျင့်အလိမ္မာတရားများ ဖြစ်လေသည်။ သီလတရားနှင့် ပြည့်စုံသော သူတို့ကို မိုးဆည်းကပ် ပေါင်းသင်းဆက်ဆံနေထိုင်ရခြင်းသည် အေးချမ်းသာယာရှိလေသည်။ ပြဿနာအရပ်ရပ် အမှုကိစ္စအဝဝတို့ ပေါ်ပေါက်မှုမရှိဘဲ ငြိမ်းချမ်းသာယာလေ၏။ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ ကျင်းသုံးနေထိုင်သော တရားများ ဖြစ်လေ၏။ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ နေထိုင်ချင်လျှင် သီလတရားဟာ အကောင်းဆုံး

ဖြစ်လေသည်ဟု ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ နေထိုင်ပုံကို အာရုံပြုပြီး သီလအပေါ် ပုဗ္ဗစေတနာထက်သန်ပါ။ သီလခံယူဆောက်တည်သောအခါ ခိုင်မြဲမှုရအောင် တစ်နာရီ၊ နှစ်နာရီ၊ နေ့ဝက်၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်စသောအားဖြင့် အဓိဋ္ဌာန်ပြုပြီး ခံယူဆောက်တည်ရမည်။ ပထမဆုံး ဓိဋ္ဌာန်၍ ရှောင်ကြဉ်ရမည်ကား ငါသည် သူတစ်ပါးအသက်တို့ကို သတ်ဖြတ်ညှဉ်းဆဲနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ပြီး နေထိုင်မည်။ သူတစ်ပါးအသက်သတ်ဖို့ ကြံလာ လျှင် ရှောင်ကြဉ်သွားမည်။ မည်သည့်ကိစ္စကြောင့်နှင့်မျှ ကြံလာ ကြံလာ ရှောင်ကြဉ် နိုင်ရမည်။ ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ ရှောင်ကြဉ်ရမည်။

ဒုတိယရှောင်ကြဉ်ရမည်ကား သူတစ်ပါးတို့က ကိုယ်နှုတ် နှလုံးဖြင့် မပေးအပ်သော တန်ဖိုးရှိမရှိပစ္စည်းဥစ္စာတို့ကို ခိုးယူသုံးစွဲ ခြင်းမှ ရှောင်ကြဉ်နေမည်။ တန်ဖိုးရှိပစ္စည်းများမှာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသည်များတည်း။ တန်ဖိုးမရှိပစ္စည်းဟူသည် မြက်၊ သစ်ရွက်စသည်တို့ပင်တည်း။ ထိုပစ္စည်းဥစ္စာတို့ကို တွေ့ကြုံလို့ဖြစ်စေ၊ မကြုံလို့ဖြစ်စေ၊ ခိုးယူခြင်းမှ ရှောင်ကြဉ် နေမည်။

တတိယရှောင်ကြဉ်ရမည်ကား ကိုယ်ပိုင်ဇနီးမယား လင်ယောကျာ်းမှတစ်ပါး အခြားသောပုဂ္ဂိုလ်တို့အပေါ် လိုက်စား မှီဝဲခြင်းမှ ရှောင်ကြဉ်ရမည်။ ထိုအချက်ကား နှစ်ဦးသဘောတူ သည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ရှောင်ကြဉ်ထားရမည်။

စတုတ္ထရှောင်ကြဉ်ရမည်ကား ပေါ့သောအကြောင်းကိစ္စဖြစ်စေ၊ လေးသောအကြောင်းကိစ္စဖြစ်စေ၊ မဟုတ်မမှန်လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်နိုင်ရမည်။ ထိုအချက်က စကားပြောဆိုလျှင် အမှားမပါဖို့ အရေးကြီး၏၊ အကျိုးစီးပွားပျက်စီးစေနိုင်သောစကားများကို ပြောဆိုရာမှာ အထူးဂရုပြုရှောင်ကြဉ်ရမည်။

ပဉ္စမရှောင်ကြဉ်ရမည့်အချက်ကား အရက်သေစာ မူးယစ်ဆေးဝါးမျိုးစုံတို့ကို သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ရမည်။ အရက်သေစာ မူးယစ်ဆေးဝါးများကို သုံးစွဲလျှင် ကုသိုလ်တရားမေ့ပျောက်တတ်၍ အကုသိုလ်တရား ဆင့်ကဲဆင့်ကဲဖြစ်စေတတ်ရသောကြောင့် တစ်ပါးသောအကြောင်းကိစ္စတို့ကို မငဲ့ကွက်ဘဲရှောင်ကြဉ်နိုင်ရမည်။

ဆိုအပ်ပြီးသော ကိုယ်ကျင့်သိက္ခာငါးပါးတို့ကို ကိုယ်တိုင်လည်း ရှောင်ကြဉ်ရမည်။ သူတစ်ပါးတို့အား ပြုလုပ်စေခိုင်းခြင်းမှလည်း ရှောင်ကြဉ်ရမည်ဖြစ်သည်။ ထိုသိက္ခာပုဒ်ငါးပါးတို့ကိုကျင့်သုံးလိုက်နာသော အချိန်ကာလတို့၌ မုဒ္ဒစေတနာထက်သန်နေရမည်။ စိတ်သည် မိနစ်ပိုင်း နာရီပိုင်းတို့မှာ များစွာဆင်ခြင်ပွားများနိုင်သည့်အတွက် ကိုယ်လုံခြုံနေသောသီလကို စိတ်အားဆေးအဖြစ်ဖြင့် တိုက်ကျွေးကာ ဂုဏ်ယူနေရမည်။ ယင်းသို့ဖြစ်စေနိုင်ရန် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကိုယ့်အသက်ကို သေဘေးမှကြောက်ကြလေ၏။ ညှဉ်းဆဲနှိပ်စက်ခံရခြင်းမှလည်း ကြောက်လန့်ကြ၏။ ငါသည် ယခုသူတစ်ပါးအသက်တို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်၍နေထိုင်[illegible]င်းသည် [illegible]ါ့စိတ်အညစ်

အကြေးကင်းပြီး ချမ်းသာသန့်ရှင်းကြည်လင်နေ၏။ ငါသည် ကိုယ့်ဥစ္စာပစ္စည်းများကို တစ်ပါးသူတို့ ခိုးယူခြင်းကို မကြိုက်သလို၊ သူများပစ္စည်းဥစ္စာတို့ကို ခိုးယူခြင်းမှ ရှောင်ကြဉ်၍ နေထိုင်ခြင်းသည် မြတ်လေစွတကား။ ကိုယ်ကာမပိုင် ဇနီးမယားသားသမီးကို တစ်ပါးသူတို့နှင့် ဖောက်ပြန်ကျင့်သုံးကာ မကြိုက်သလို သူများဇနီးမယား သားသမီးတို့အား ဖောက်ပြန်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ကာနေထိုင်ခြင်းသည် ကောင်းကျိုးတွေ လွန်စွာတိုးပွားစေ၏။ ငါ့ကို သူတစ်ပါးတို့ မမှန်စကားပြောဆိုလာလျှင် မနှစ်သက်သလို ငါလည်း သူတစ်ပါးတို့ကို မှန်သောစကားကိုသာ ပြောဆိုနေထိုင်ခြင်းသည် မြတ်သော သစ္စာတရားပါပဲဟု ချိုမြိန်စွာ ခံယူထားရလေမည်။ အရက်သေစာ မူးယစ်ဆေးဝါးတို့သည် အကုသိုလ်ဖြစ်ခြင်းရဲ့ အကြောင်းပေတည်း။ ထိုအကုသိုလ်ဖြစ်ခြင်းရဲ့ ဆိုးဝါးသော အရက်သေစာမူးယစ်ဆေးဝါးတို့ကို သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းသည် မိမိကိုယ်ကို ဘယ်နေရာသွားသွား ဂုဏ်ကျက်သရေနှင့် ပြည့်စုံနေလို့ တည်ကြည်ခိုင်မာသော ရပ်တည်မှုကို စွမ်းဆောင်ပေးနိုင်သော အကြောင်းပင်တည်းဟု မြင့်မြတ်စွာ နေထိုင်မှု ဖြစ်စေရမည်။ ထိုသိက္ခာပုဒ်ငါးပါးတို့ကို လုံခြုံစွာ စောင့်ထိန်းနေဆဲအခါတို့မှာ မုဋ္ဌစေတနာ ဖြစ်ပေါ်ပါစေ။ ယင်းကဲ့သို့ သီလဆောက်တည်နေဆဲအခါ မုဋ္ဌစေတနာ ဖြစ်ပေါ်နေသလို ကုန်လွန်သွားသော မိနစ်၊ နာရီ၊ ရက်လနှစ် အချိန်ကာလများ၌ အပရစေတနာဖြစ်စေရမည်။ ငါသည် သီလနှင့် လုံခြုံပြီး ကုန်လွန်သွားသော အချိန်ကာလတို့သည်

ဖြူစင်မြင့်မြတ်သော အသက်ရှင်ခြင်းပေတည်း။ ဤသို့ ဖြူစင်သော သီလနှင့်ပြည့်စုံနေသူတို့အား သမ္မာဒေဝနတ်မြတ် နတ်ကောင်းသူတော်ကောင်းများ ချစ်ခင်နှစ်သက်ပါကသူတော် ကောင်းပုဂ္ဂိုလ်အချင်းချင်း ဆက်သွယ်ပေါင်းဆုံပြီး နေရသလို အမြင် ကြည်လင်လာပါလိမ့်မည်။ ထိုအခါ အသက်ရှင်နေထိုင်ရ ခြင်းသည် တန်ဖိုးကြီးမားလေ၏ဟု စသောအားဖြင့် ဆောက် တည်ပြီး ဖြူစင်သော အချိန်ကာလတို့၌ အပရစေတနာဖြစ်စေ ကာ ပွားများပါလေ။

ဒါန သီလ တရားများကို စေတနာသုံးတန်ဖြစ်စေကာ လှူဒါန်းကျင့်သုံး နေထိုင်ပုံ ဖော်ပြပြီး၍ ယခုတစ်ဖန် ဘာဝနာ တရားကို စေတနာသုံးတန်နှင့် ပွားများပုံကို ပြဆိုပါဦးမည်။ ဘာဝနာတရားပွားများရာ၌ ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာဟူ၍နှစ်မျိုးရှိကြောင်း၊ ဤကျမ်း၌ ထပ်ကာ ထပ်ကာ ဦးစားပေးဖော်ပြရခြင်းသည် စိတ်ပိုင်းဆိုင်ရာ အတွေး အမြင်ဒဿနပိုင်းဖြစ်၍ စိတ်ကို တစ်ဖက်စွန်း မရောက်အောင် ဖြောင့်မတ်စွာ ပွားများနိုင်ပြီး နေတတ်ထိုင်တတ်ဖို့ အဓိက ရည်ရွယ်ပါသည်။

ထိုဘာဝနာနှစ်မျိုးတွင် အာရုံတစ်ခုခုကို ပုံမှန်အချိန်ပေးပြီး သမာဓိရအောင် ပွားများယူခြင်းသည် သမထဘာဝနာဖြစ်လေ သည်။ ဒုက္ခဆင်းရဲဟူသည့် တရားများကို ထင်ရှားစွာ သိမြင်နိုင် ရန် ပွားများအားထုတ်ခြင်းသည် ဝိပဿနာဘာဝနာဖြစ်လေ၏။ ထိုနှစ်မျိုးကို အသာမှတ်ထားနှင့်ဦး၊ ဒဿနဖွင့်ဆိုပေးရန် ငါသည်

ပြုလုပ်ပြီး ပြုလုပ်ဆဲ ပြုလုပ်လတ္တံ့ဖြစ်သော ဒါနသီလဘာဝနာ သုံးမျိုးရှိရာတွင် အလှူဒါနပြုလုပ်နိုင်ဖို့မှာ ကာယကံ၊ ဝစီကံ၊ မနောကံ တစ်နည်းဆိုလျှင်၊ ကာယအား၊ ဉာဏအားတို့ဖြင့် လှုပ်လှုပ်ရှားရှား ပြုလုပ်ပေးရ၏။ ကြိုးစားရလေ၏။ ကြိုးစားမှသာလျှင် အလှူဒါနပြုလုပ်နိုင်မည် မဟုတ်လား၊ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် လှူဒါန်းချင်လျှင် ကြိုးစားလှုပ်ရှားမှု ပိုပြီး အားထုတ်ရလေ၏။ ခပ်ကျဉ်းကျဉ်းပဲ လှူဒါန်းချင်လျှင် ကြိုးစားလှုပ်ရှားမှု သိပ်အားမစိုက်ရတတ်ပေ။

သီလစောင့်ထိန်းမှုမှာ ဒါနလောက် လှုပ်လှုပ်ရှားရှားမရှိတော့ပေ။ သီလက ထိန်းချုပ်ပေးသောကြောင့် နားလည်အောင်ပြောရရင် သီလထဲမှာ ထိန်းချုပ်မှုတွေ ပါဝင်နေသောကြောင့် ဖြစ်လေ၏။ သီလနှင့်ပြည့်စုံနေလျှင် လှုပ်ရှားမှုနည်း၍ ကိုယ်စိတ်နှစ်ပါးပင်ပန်း ခြင်းမှလည်း တဖြည်းဖြည်းလျော့နည်းသွားကာ အေးချမ်းမှု ရရှိလာ၏။ ဒါနအတွက် ငွေရှာရာ ဆက်ဆံမှုများတော့ စိတ်ညစ်ရ၊ မညစ်ရနှင့်ရင်ဆိုင်ရကာ တချို့ အကုသိုလ်ခြံရံပြီး ငွေများ ရရှိလေ၏။ ထိုအကျိုးဆက်ကြောင့်ပင် တချို့လှူတာတောင် စိတ်ညစ်မှု ဝင်ရောက်တတ်လေ၏။

ထိုအချက်ကို ထောက်လျှင် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ ဟောတော်မူခဲ့သော စေတနာသုံးတန် ညီမျှစွာ လှူဒါန်းရမည်ဟူသော အဆိုများက အသည်းစွဲသွားမိ့ တန်ဖိုးထားတတ်လေတော့၏။ ဤသို့ဖြင့် ဒါန၊ သီလ၊ ဘာဝနာတို့အပေါ် ချမ်းသာစစ် ရေရှည်ပေးနိုင်သောအကြောင်းကို ပြုလုပ်နိုင်ဖို့သာ

စစ်တမ်းထုတ်ယူရလေမည်။

ဘာဝနာဖက်ပြန်သွားရအောင် အခြေခံသမာဓိရအောင် သမထဘာဝနာကို အရင်ဆုံးပွားများရလိမ့်မည်။ ဘာဝနာ မပွားမီ ရှေးဦးစွာ ဘာဝနာဖြစ်အောင် ဘာဝနာအလုပ်လုပ်ဖြစ်အောင် ပုဗ္ဗစေတနာထားဆောင်ရွက်ပါ။ ဘာဝနာပွားများခြင်းသည် လူတိုင်းလူတိုင်း ပြုလုပ်နိုင်ခဲ၏။ ဘာဝနာပွားများဖို့ရန်အကြောင်း တရားတို့ရှိနေခြင်းသည် ငါတို့ရဲ့ အခွင့်အရေးထူးပင်တည်း။ ထိုအခွင့်အရေးထူးကို ရအောင်ယူပြီး ပွားများအားထုတ် ပါမှ လူဖြစ်ရကျိုး သာသနာနှင့် တွေ့ရကျိုးနပ်လိမ့်မည်ဟု ဘာဝနာပေါ် ပုဗ္ဗစေတနာ ရှင်သန်နေရမည်။

ပုဗ္ဗစေတနာနှင့် နေ့တိုင်းနေ့တိုင်း ရွတ်ဖတ်သရဇ္ဈာယ် ပွားများရမည်။ မရင့်ကျက်သေးခင် အချိန်မသတ်မှတ်သေးဘဲ အနည်းဆုံးတစ်နေ့တစ်ကြိမ် ရွတ်ဖတ်သဇ္ဈာယ်ပွားများ အားထုတ်ပါ။ မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဆိုပါ။ အနက်အဓိပ္ပာယ်ကို ပြန်ဆိုပါ။ သုံးဆယ့်တစ်ဘုံသား အားလုံးကျန်းမာ၊ ချမ်းသာကြပါစေ၊ အန္တရာယ်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း၊ ဘေးရန်ခပ်သိမ်း၊ ရောဂါခပ်သိမ်း၊ နှောင့်ယှက်ခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်နှင့်တန်းတူ တကယ်ကျန်းမာချမ်းသာ ချင်သော စိတ်စေတနာဖြင့် ပို့သပေးရမည်။ မိမိကအရင်မေတ္တာ ပို့ပေးပြီး တစ်ဖန်ပြန်ပြီး မေတ္တာများကို ခံယူပါလေ။

ဤမေတ္တာပို့ ခံယူခြင်းများကို အရဆောင်ကာ ပွားများ အားထုတ်ရမည်။

၁။ ဘုရားမြတ်စွာပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ ပို့သမေတ္တာ အေးမြပါ၏။

၂။ မြင့်မိုရ်တောင်ဦး၊ မကကြူးသည့် ကျေးဇူးကြီးမားမိဖနှစ်ပါးတို့ ပို့သမေတ္တာ အေးမြပါ၏။

၃။ ဆုံးမပဲ့ပြင်သွန်သင်ပေးတတ် ဆရာမြတ်တို့ ပို့သမေတ္တာ အေးမြပါ၏။

၄။ သမ္မာဒေဝနတ်မြတ်အပေါင်း သူတော်ကောင်းတို့ ပို့သမေတ္တာ အေးမြပါ၏။

၅။ အေးမြကြည်လင် ထိုမေတ္တာရှင်တို့ ပို့သမေတ္တာ ခံယူပါ၏။ ခံယူရှိကြား အကျွန်ုပ်အား ချမ်းသာကိုယ်စိတ် မြပါစေ။

ငြိမ်းအေးချင်သောစိတ်၊ ငြိမ်းချမ်းချင်သောစိတ်ဖြင့် ခံယူပါလေ။ ဤအာရုံများ မိမိစိတ်နှလုံးသားထဲ ကပ်ရောက်လာသောအခါ အေးငြိမ်းတည်ကြည်သောစိတ်အဖြစ်ကို အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်လာပါလိမ့်မည်။ အခိုက်အတန့်များ လာပါကသမာဓိတည်ကြည်ခြင်းကို ဖြစ်စေပါ၏။ မိမိစိတ်တည်ကြည်ခြင်း သမာဓိဖြစ်စေဖို့ ဤလိုပွားများခြင်းဖြင့် စိတ်ကို အဖက်ဖက်က ဝိုင်းဝန်းပံ့ပိုးပေးခြင်းဖြစ်လေ၏။ ပုတီးစိပ်ခြင်းဖြင့်လည်း ထောက်ပံ့ ကူညီပေးပါ။ တစ်နေ့အနည်းဆုံး ပုတီးကို ကိုးပတ်စိတ်ပါ။ သောဘဂဝါ ဣတိပိ အရဟံ၊ ဘောဘဂဝါ ဣပိတိ သမ္မာသမ္ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ သောဘဂဝါ ဣတိပိ သုဂတော၊ သောဘဂဝါဣတိပိ လောက

ငှာ၊ သောဘာဂဝါက္ကတိပိ အနုတ္တရောပုရိသဓမ္မသာရထိ၊ သော ဘာဂဝါက္ကတိပိ သတ္ထာဒေဝမနုဿာနံ၊ သောဘာဂဝါက္ကတိပိ ဗုဒ္ဓေါ၊ သောဘာဂဝါက္ကတိပိ ဘာဂဝါ ဟူသော ဂုဏ်တော်ကိုးပါး ကိုလည်းကောင်း၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူသော သရဏဂုံသုံးပါးကိုလည်းကောင်း၊ တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ၊ ကိုးပတ် ဆယ့်ရှစ်ပတ် ရအောင်စိပ်ပါ။ စိပ်သည့်အခါ အသံထွက်၍ ဝစီကံဖြင့်ဖြစ်စေ၊ အသံမထွက်ဘဲ မနောကံဖြင့်ဖြစ်စေ၊ **နေ့စဉ်** မပျက်မကွက် စိပ်ရမည်။

ပျက်ကွက်မှုမရှိဘဲ စိပ်လာ၍ **ရက်လနှစ်** ကြာလာသော အခါ ဂုဏ်တော်ကိုးပါး သရဏဂုံသုံး**ပါးနှင့်စပ်**သော ကာယကံ ကုသိုလ် ဝစီကံ ကုသိုလ်၊ မနောကံကုသိုလ်ပေါင်း မြောက်များစွာ ရရှိနေလိမ့်မည်။ ပုတီးတစ်ပတ်တစ်ပတ်ပြည့်သောအခါ မုဒိတ စေတနာဖက်လှည့်ကာ စိတ်ငြီးငွေ့မသွားရအောင် အားပေးပါ။ ပုတီးစိပ်၍ သမထဘာဝနာ၌ သမာဓိရအောင် ထူထောင်ခြင်းသည် ကျန်းမာရေးကောင်းတုန်း ဆိုးဆိုးရွားရွား မအိုခင်၊ မနာခင်၊ မသေခင် အချိန်တို့မှာ ပြုလုပ်ခွင့် ရယူခွင့်ရှိနေသည်။ ထိုအချိန် အခါ အခွင့်ထူးကို အခွင့်အရေးမပျက် ရယူနေခြင်းသည် သူတော် ကောင်းတို့ ချီးမွမ်း၍ "ငါ၏အခွင့်အရေး အောင်ရမည်"ဟု ပုတီးပတ်ရတိုင်း မုဒိတစေတနာ ဖြစ်ပေါ်တိုးတက်ပါ။

ဘာဝနာနှင့် အပရစေတနာ

အစိဋ္ဌာန်ပုတီးစိပ်ပြီးသောအခါ အခြားအလုပ်ကိစ္စပြုလုပ် လိုလျှင် မပြုလုပ်ခင် အိပ်တော့မည်ဆိုလျှင် မအိပ်ခင် ပြုလုပ်ပြီး သော ကုသိုလ်ကို အပရစေတနာဖြင့် ပွားများပါ။ အလုံးစုံ ပုဂ္ဂိုလ်တို့အား အမျှပေးဝေပါ။ ငါသည် အဓိဋ္ဌာန်ဖြင့် ကုသိုလ် ပြီးစီး**သွား**လို့ ယနေ့အဖို့လူ့ဘဝရဲ့ အသက်ရှင် နေထိုင်ရခြင်း သည် **ကောင်းကျိုးချမ်း**သာရနေပါ၏။ ငါသည်သူတော်ကောင်း တရား**သူတော်ကောင်း**အလုပ် ပြုလုပ်ခဲ့၍ ငါ၏ပါရမီအလုပ်ကို သူတော်**ကောင်းတို့** ကူညီစောင့်ရှောက်နေသည့်အတွက် ငါ အလုပ်တရားကို ရိုသေရမည်။ လေးစားရမည်။ ယုံကြည်ရမည်။ အမြတ်တနိုးထား၍ ဆောင်ရွက်နိုင်ရမည်။ ဤသို့စသည်ဖြင့် အပရစေတနာ ပွားများပြီးမှ ကျန်အလုပ်ကိစ္စဆောင်ရွက်ပါ။ အိပ်စက်ပါ။

ဤသို့ပွားများပါများလျှင် နောက်နေ့အတွက် ပုတီးစိပ် ချိန်ကျဖို့အခါကို အပရစေတနာက အလိုလိုတိုက်တွန်း နှိုးဆော် နေသလို ဖြစ်လာပါ၏။ မိမိအလုပ်အပေါ် အပရ စေတနာနှင့် သက်တောင့်သက်သာ ချမ်းသာစွာ နေရခြင်းသည် ကြမ်းတမ်း သော လောဘ ဒေါသ မောဟအဖြစ်နည်းလို့မို့ တဖြည်းဖြည်း အကုသိုလ်နှင့် ဝေးအောင် ကျင့်သုံးနေသော ဘာဝနာအလုပ်ကို အပရစေတနာက အလှဆင်ကာ ချမ်းသာခြင်းနှင့် တင့်တယ်နေ ပါ၏။ ဤချမ်းသာမှုမျိုး ရေရှည်ခိုင်မြဲအောင် အဓိဋ္ဌာန်ပြု ထားရမည်။ ငါ၏ကောင်းမြတ်သော ပွားများခြင်း အလုပ်ကို

ဘယ်သူတွေ ဘာပဲပြောလာလာ၊ ဘယ်လိုပဲပိတ်ပင် လာလာ ငါ့အလုပ်တရားမပျက်စေရဘူး အလုပ်တရားအပေါ် ယုံကြည်မှု မလျော့စေရဘူး၊ ယုံကြည်ခြင်း၊ ခွဲ၊ လုံ့လအပြည့်ဖြင့် ကျောက် တိုင်ကြီးပမာ မားမားမတ်မတ် ရပ်တည်ထားရမည်။ ရပ်တည်မှု ကြာရှည် ခိုင်မြဲအောင် သမထဘာဝနာလုပ်ငန်းဖြင့် ပွားများ အားထုတ်ယူရလေမည်။ အခြေခံအုတ်မြစ်လော့ကား တောင့်တင်း အောင် စေတနာသုံးတန်နှင့် သမထဘာဝနာကို ပွားများပြီး သမာဓိထူထောင်ရမည်။ တချို့က အခြေခံအုတ်မြစ် လော့ကားနှင့် တူသော သမထဘာဝနာထားပြီး ဝိပဿနာအလုပ်ကို လှမ်းကျော် နေကြ၏။ လော့ကားထစ်အစဉ်အတိုင်း မလှမ်းဘဲ ကျော်တက် တော့ လိုရာမရောက်ဘဲ ဘေးတွေ့သူနှင့်တူ၏။

ထို့ကြောင့်အခြေခံအုတ်မြစ် ခိုင်မြဲမှ အပေါ်ပိုင်းအဆောက် အဦးကောင်းသလို၊ လော့ကားကိုတစ်ထစ်ခြင်း တက်လှမ်းပါမှ ဘေးမရှိနိုင်ဘဲ ချမ်းသာစွာ ရောက်သလို၊ နိဗ္ဗာန်ကိုလိုလား တောင့်တကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည် အခြေခံစိတ်ကောင်းဖြစ်အောင် သမထဘာဝနာအလုပ် ဖြင့် မွေးမြူပြီးမှသာလျှင်နူးညံ့သိမ်မွေ့မှုရှိသော ဝိပဿနာ ဘာဝနာအလုပ်သို့ ကူးပြောင်းတက်လှမ်းရာမှာ စိတ်အနှောင့် အယှက် မဖြစ်နိုင်ဘဲ တစ်ဆင့်တစ်ဆင့် တက်လှမ်းသောခြေလှမ်း တို့က မှန်ကန်သောလမ်းပေါ်သို့ ရောက်နိုင်ပါလိမ့်မည်။ ဤနေရာ မှာ ဝိပဿနာဘာဝနာအတွက် မဖော်ပြတော့ဘဲ၊ အခြားကဏ္ဍမှ ဝိပဿနာဘာဝနာပိုင်း ဦးစားပေးဖော်ပြထားပါကြောင်း စေတနာ

သုံးတန်နှင့် ဒါန၊ သီလ၊ ဘာဝနာပြုလုပ်ပုံ ပြုလုပ်နည်း အစီအစဉ် အဆုံးကမှတ် နိဂုံးသတ်၏။

# ပြိတ္တာတို့၏အမှောင်ဘဝ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ အရှင်သာရိပုတ္တရာမထေရ်၏ ဤဘဝမှ ငါးခုမြောက်ဘဝကမိခင်ဖြစ်ခဲ့ဖူးသော ပြိတ္တာမ တစ်ယောက် အမှောင်ဘဝမှာ ဖြစ်ခဲ့လေ၏။ ထိုပြိတ္တာတို့၏အဖြစ်သည် အမှောင်ဘဝဖြစ်ပြီး ဆင်းရဲဝေဒနာတို့ကို ခံစားနေရပုံ အကြောင်းစုံတို့ကို ဟောကြားတော်မူလေ၏။

## ယုံကြည်သူတို့၏ အလှူဒါနပြုလုပ်ပုံ

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်ကပ္ပိနမထေရ်တို့သည် ရာဇဂြိုဟ်ပြည်၏ မနီးမဝေးတစ်ခုသော တောရကျောင်း၌ သီတင်းသုံးနေတော်မူကြ၏။ ဗာရာဏသီပြည်၌ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာတို့ဖြင့် ချမ်းသာကြွယ်ဝနေသော ပုဏ္ဏားလင်မယား ရှိကြလေ၏။ ထိုနှစ်ဦးတွင် လင်ဖြစ်သူ ပုဏ္ဏားက သဒ္ဓါတရားထက်သန်၍ စေတနာကောင်း

ပြီး အလှူဒါနကို ပေးကမ်းစွန့်ကြဲကာ ကုသိုလ်တရားကို ယုံကြည်စွာ ပြုလုပ်နေသူဖြစ်၏။ ရဟန်းပုဏ္ဏား၊ အထီးကျန်သူ၊ ခရီးသွားသူ၊ ပုန်းတောင်းယာစကာတို့၏ ရေတွင်းရေကန်သဖွယ် ကုသိုလ်စိုက်ထူ၍ လှူဒါန်းနေ၏။ ထမင်းအဖျော် အဝတ်ပုဆိုး အိပ်ရာနေရာစသည်တို့ကို ပေးလှူ၏။ အလှူခံလာကုန်သောသူတို့အား ကာလအလိုက်ထိုက်တန်သော ပစ္စည်းများကို ပေးလှူလေ၏။ ထို့ပြင် ခြေလက်သန့်စင်ဖို့ရေ၊ လိမ်းခြယ်ဖို့အမွှေးနံ့သာ၊ ခြေနယ်ဆီပါမကျန် စီစဉ်ထားလေ၏။

လမ်းခရီးအတွက် အခက်အခဲမရှိရလေအောင် ရိက္ခာထုပ်တို့ကို စီစဉ်ပေး၏။ ရဟန်းတော်တို့အတွက် နံနက်ပိုင်းမှာ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ ညနေပိုင်းအခါ ပျားသကာ အဖျော်စသည်တို့ဖြင့် ရိုသေစွာ ဆက်ကပ်ပူဇော်လေ၏။ သဒ္ဓါတရား ထက်သန်၍ လှူဒါန်းနေသောပုဏ္ဏားသည် မိမိခရီးထွက်ခွာသွားရမည့် အခါများ၌ အလှူခံ ပုဂ္ဂိုလ်တို့အား ဝတ္တရားမပျက်ရအောင် မိမိ၏မယားဖြစ်သူအား “ရှင်မ နေ့စဉ်နေ့စဉ် တည်ခင်းထားသော ဤလှူဒါန်းခြင်း အစီအရင်ကို မဆုတ်မယုတ် မပျက်ပြားပါစေလင့်၊ ရိုသေစွာ ပြုစုလုပ်ကျွေးရစ်ပါလော့”ဟု သေချာစွာမှာပြီးမှ ခရီးထွက်ခွာ သွားလေ၏။

## မယားဖြစ်သူပုဏ္ဏေးမ၏ ယုတ်မာညစ်ညမ်းပုံ

ပုဏ္ဏားကြီး သဒ္ဓါတရားကောင်းသလောက် မယားဖြစ်သူ ပုဏ္ဏေးမသည် သဒ္ဓါတရား မရှိ၊ လှူဒါန်း ပေးကမ်းခြင်းကို

တွန့်တိုဆုတ်ယုတ်နေ၏။ ဝန်တိုခြင်း၊ ဣဿာမစ္ဆရိယတရားတို့က လွှမ်းမိုးထား၏။ သဒ္ဓါတရားမရှိသူအတွက် အလှူဒါနသည် ဆန့်ကျင်ဘက်ဖြစ်နေ၏။ ပုဏ္ဏားကြီးရှိစဉ် အလှူဒါနကို ဝတ်ကျေတန်းကြေသာ ပြုလုပ်ပေးနေ၏။ မိမိလင်ယောကျ်ားကို ကြောက်လို့သာ ဆောင်ရွက်နေရသည်။ သဒ္ဓါတရားရှိလို့တော့မဟုတ်ပါ။ သဒ္ဓါတရားမရှိသူပုဏ္ဏေးမသည် ယခုတော့ သူ့အတွက်အကွက်ဆိုက်လာလေ၏။ ကောက်ကျစ်ယုတ်မာဖို့ အကုသိုလ်တရားများပေါ်လာခဲ့၏။ ဒီလိုနှင့် ပုဏ္ဏေးမသည် လင်ရှေ့မှာတော့ ကောင်းပါပြီဟု ဝန်ခံပြီးလျှင် လင်ယောကျ်ားမရှိတဲ့နောက်ပိုင်း မိမိ၏ယုတ်မာသော အကျင့်စရိုက်တို့ကို ပြသလေတော့၏။ ရှေးဦးစွာရဟန်းတော်တို့အား တည်ခင်းထားသော အလှူဒါနအစီအစဉ်ကို မလှူဒါန်းဘဲ ဖြတ်တောက်ထားလိုက်၏။ ရဟန်းတော်တို့သည် မိမိတို့အား နေ့စဉ် လှူဒါန်းနေကြဆွမ်းအလှူကို မလှူဘဲ ပိတ်ပင်တားမြစ်လိုက်တယ်ဆိုရင်ပဲ အံ့ဩနေမိကြ၏။

တစ်ဖန် ပုဏ္ဏေးမ၏အပြောအဆို အမူအကျင့်တို့ကို မြင်တွေ့ရလျှင် သဒ္ဓါတရားမရှိပုံ၊ ဣဿာမစ္ဆရိယစသော အကုသိုလ်အလိုဆိုးတွေ နှိပ်စက်နေသည်ကို သိကြရလေ၏။ တည်းခိုလာနေကြသော အလှူခံခရီးသွားဧည့်သည်တို့အား နေရာထိုင်ခင်းအတွက် ကောင်းကောင်းမပေးတော့၊ အိမ်နောက်ဖေးစွန့်ပစ်ထားသော ပျက်စီးယိုယွင်းဟောင်းမြည့်နေသော ဇရပ်အိုကြီးကို ညွှန်ပြကာ "ဤအရပ်၌ အသင်တို့ နေကြကုန်လော"ဟု ဆိုလိုက်လေသည်။ ထမင်းစားချိန်တန်၍ ထမင်းအဖျော်အတွက်

အလှူခံရန် ကပ်ရောက်လာကြကုန်သော သူတို့အား “မစင်ကို စားကြကုန်လော၊ ကျင်ငယ်ကို သောက်ကြကုန်လော၊ သွေးကို သောက်ကျကုန်လော၊ သင်တို့၏အမိ ဦးနှောက်ကို စားကြကုန်လော”ဟု ကြမ်းတမ်းသော နှုတ်ဝစီဖြင့် ပြောဆိုလေ၏။ အကြင်အရပ်၌ မစင်ကြယ်သော ဝတ္ထုသည်ရှိ၏။ ထိုမစင်ကြယ်သော ဝတ္ထုကို ယူငင်သုံးစွဲကြကုန်လော့ စသည်ဖြင့် တစ်ဖက်သား အော့အန်ချင်လာအောင် နှလုံးမသာယာအောင် ရက်စက်လှစွာ မညှာမတာ ပြောဆိုလေ၏။

## အကုသိုလ်ကံချ ပြိတ္တာမဘဝ

ကံတူအကျိုးပေးဆိုတာ စာရှုသူတို့ ယုံကြည်ပြီးသား ဖြစ်ပါလိမ့်မည်။ ကောင်းသောကံ ကောင်းသောအကျိုး၊ မကောင်းသောကံ၊ မကောင်းသောအကျိုးဆိုတာ ပြုလုပ်ခဲ့သူတိုင်း ခံရမည်မှာ ကေန်မုချဖြစ်မယ့် ဓမ္မတာ တရားသဘောပါပဲ၊ သူတစ်ပါးကို အစားအသောက်ပြည့်ပြည့်ဝဝ လှူခဲ့လျှင် ကိုယ့်မှာလည်း အစားအသောက်အတွက် ပူပင်မနေရဘဲ ပြည့်ပြည့်ဝဝ စားသုံးနေရလေ၏။ တစ်ပါးသူအား ဝတ်စေချင်တဲ့ဆန္ဒနှင့် ကောင်းမွန်သော အဝတ်အထည်တို့ကို လှူဒါန်းခဲ့လျှင် မိမိမှာ ပြန်ပြီး အဝတ်အထည်များကြောင့်ကြမှုမရှိဘဲ ကောင်းကောင်းမွန်မွန် တောက်တောက်ပြောင်ပြောင် ဝတ်ဆင်နေရတတ်လေ၏။ နေထိုင်စရာ အဆောက်အဦးတို့ကိုလည်း လုံခြုံစွာ ဆောက်လုပ်လှူဒါန်းခဲ့လျှင် မိမိနေထိုင်ရသည်မှာ လုံခြုံမှုနှင့် ဘေးရန်ကင်းစွာ နေရလိမ့်မည်။

ဤတရားတို့ကား ကံတူအကျိုးပေးများ ဖြစ်လေ၏။ ထိုအကျိုးပေးကို ယခု ခံရတော့မည့် ပုဏ္ဏေးမ၊ ပုဏ္ဏေးမသည် စုတိပျက်ကြွေ သေလွန်သောအခါ ပြိတ္တာမဘဝသို့ ရောက်သွားလေ၏။ အလှူခံပုဂ္ဂိုလ်၊ ရဟန်းပုဏ္ဏား စသည်တို့အား အစားအသောက် အဝတ်အထည် နေရာထိုင်ခင်းတို့ကို ပိတ်ပင်တားမြစ်ခဲ့သောကြောင့် ပြိတ္တာမသည် ဝတ်စရာ အဝတ်မပါဘဲ ကိုယ်ချည်းနီး ဖြစ်နေ၏။ နေထိုင်စရာလည်း ကောင်းသောနေရာဌာန ဘုံဗိမာန်မရှိ၊ ဆင်းရဲသောနေရာဌာနၛ် နေရလေ၏။ စားသောက်ရတဲ့ အစားအသောက်ကြည့်ပြန်ရင်လည်း ပြည်၊ သလိပ်၊ တံတွေးစတဲ့ မကောင်းသော အညစ်အကြေးများကို စားသောက်နေရ၏။ မိမိအကုသိုလ်ကံ မိမိခံရင်း ကယ်ပါယူပါ တစာစာနှင့် အော်ဟစ်ရင်း ညည်းတွားစွာ ခံစားနေရ၏။ ခံစားမှု ဆင်းရဲဒုက္ခတရားတို့ကို နှစ်လကာလရှည်စွာ ခံစားနေရပါတော့၏။

ဤအမှောင်ဘဝမှ လွတ်မြောက်ချင်လာ၏။ ဆင်းရဲသည့် ဘဝမှ လွတ်မြောက်ချင်လို့ အကြောင်းအမျိုးမျိုးနှင့် အတိတ်ဘဝ အဆက်ဆက်ကို တွေးတောကြံဆနေလေတော့၏။

## အားကိုးရာရာ ရှင်သာရိပုတ္တရာ

ပြိတ္တာမသည် ကာလရှည်စွာ ဆင်းရဲဝေဒနာတို့ကို ခံစားရင်း အားကိုးရာရာ ကံကောင်းထောက်မလို့ အရှင်သာရိပုတ္တရာကို တွေ့လေ၏။ ပြုခဲ့ဖူးသော ကောင်းသောအတိတ်ကံသည်

အထောက်အပံ့ကို ရလေ၏။ မှန်ပါသည် အရှင်သာရိပုတ္တရာသည် ငါးဘဝမြောက်တုန်းက မိမိသားဖြစ်ခဲ့ဖူးလေ၏။ မိခင်ဖခင်တို့သည် သားသမီးများအပေါ် မွေးကျေးဇူး ကျွေးကျေးဇူးတွေရှိနေ၏။ ထိုကျေးဇူးတရားတို့ကို သားသမီးတို့က ပြန်လည်ပေးဆပ်ရမည်။ ဒုက္ခရောက်နေလျှင် ကယ်တင်ရမည်ဖြစ်သည်။ မိခင်ပြိတ္တာမသည် သားရှိရာ အရှင်သာရိပုတ္တရာနေထိုင်သည့်အရပ်သို့သွားရောက်ရှာဖွေ ချဉ်းကပ်လေ၏။ အရှင်သာရိပုတ္တရာနေထိုင်ရာအရပ်သို့ ရောက်ရှိလာရာ ကျောင်းထဲသို့ ဝင်ရောက်မည်ပြုရာတွင် ကျောင်းတံခါးစောင့်နတ်တို့က တားမြစ်လေ၏။ အကြောင်းကား ခန္ဓာကိုယ်၌ အဝတ်မပါ၊ သွားခေါခေါ၊ နံရိုးအပြိုင်းသား၊ ဆံပင်ဖားလျားနှင့် ရုပ်ဆင်းအင်္ဂါမလှမပ ပုံပျက်ပန်းပျက် ဖြစ်နေသော ပြိတ္တာမအား ကျောင်းတံခါးစောင့်နတ်တို့သည် တွေ့ခွင့်မပေးဘဲ ပိတ်ပင်တားမြစ်လေ၏။

ပြိတ္တာမသည် အရှင်သာရိပုတ္တရာနှင့် တွေ့ခွင့်ရရေးအစောင့်နတ်တို့အား အသနားခံတောင်းပန်ရလေ၏။ သားတော်မြတ်အား စောင့်ရှောက်နေသော အသင်နတ်တို့၊ အကျွန်ုပ်သည်သင်တို့စောင့်ရှောက်နေသော သားကြီးသာရိပုတ္တရာသည်ဤဘဝမှ ငါးခုမြောက်ဘဝက မယ်တော်ပါ၊ မိခင်ဖြစ်ခဲ့ဖူးပါတယ်၊ သားကြီးမထေရ်မြတ်ကို ဖူးမြင်ချင်လို့ လာခဲ့ပါ၏။ အကျွန်ုပ်အား တွေ့ခွင့်ပေးကြပါ။ ဖူးမြင်ခွင့် ပေး၍ တံခါးတွင်းသို့ ဝင်ရောက်ခွင့်ပေးကြပါကုန်ဟု အသနားခံပြောကြားလေ၏။ နတ်တို့အား အကျိုးအကြောင်း ရှင်းပြလေ၏။ ကျောင်းစောင့်

နတ်တို့က ပြိတ္တာမသည် ငါတို့စောင့်ရှောက်နေသော အရှင်မြတ်၏ မိခင်ဖြစ်ခဲ့ဖူးသတဲ့၊ သူ့ကြည့်ရတာ ဆင်းရဲဒုက္ခ ရောက်နေ၍ အားကိုးရှာနေပါလားဟု သိမြင်၍ ဆင်းရဲဒုက္ခမှ လွတ်မြောက်စေရန် ကရုဏာသက်ပြီး တံခါးတွင်းသို့ ဝင်ခွင့်ပြုလိုက်လေ၏။ ဝင်ခွင့်ရလာသော ပြိတ္တာမသည် စင်္ကြံစွန်း၌ရပ်ကာ အရှင်သာရိပုတ္တရာမထေရ်မြတ်အား ကိုယ်ထင်ရှားပြလေ၏။

## အရှင်သာရိပုတ္တရာနှင့် ပြိတ္တာမတို့ အမေးအဖြေပြုလုပ်ပုံ

ပြိတ္တာမက ကိုယ်ထင်ရှားပြလာသောကြောင့် အရှင်သာရိပုတ္တရာက မေးမြန်းလေ၏။ မညီမညာ နံရိုးကလည်း အကြဲသား၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲစွာဖြင့် လွန်စွာပင်ပန်း မရှင်လန်းဘဲ သွေးသားခန်းခြောက် အားအင်ပြောက်ကာ ပိန်ချုံးရှာသည့် အသင်ပြိတ္တာမ၊ အဝတ်မပါ ဗလာကိုယ်ကျင်း ရုပ်ဆင်းအင်္ဂါ ဖောက်ပြန်စွာဖြင့် မလာရောက်အပ်၊ ဤအရပ်ဒေသသို့ ရပ်တည်၍လာငြား အသင်ပြိတ္တာမ၊ အသင်သည် ဘယ်မျိုး ဘယ်ဇာတ် ဘယ်ဘဝမှ လာရောက်၍ အဘယ်သူ ဖြစ်ပါသနည်းဟု မေးမြန်းလေ၏။

ထိုအခါ ပြိတ္တာမသည် မိမိ၏အတိတ်အကြောင်း ကုန်စင်ဖြစ်ကြောင်း စုံလင်စွာဖြင့် ပြန်လည်၍ ဖြေကြားလေ၏။ သာရိပုတ္တရာအမည်တွင် လတ်သား မြတ်ဘုရား တပည့်တော်မသည် ဆင်းရဲမီးပူ တလူလူနှင့် ကယ်သူကင်းပ ခံစားနေရပါသည် အရှင်ဘုရား။ သီလ သမာဓိ ပညာကြီးမား အရှင်ဘုရားသည်

ဤဘဝမှ လွန်လေပြီးသော ငါးဘဝမြောက်က နို့ချိုတိုက်ကျွေး ဝါးဖတ်ကျွေးကာ မွေးမြူခဲ့ရပါသော ကျေးဇူးအရှင် မွေးမိခင် ဖြစ်ခဲ့ပါသည် အရှင်ဘုရား။ တပည့်တော်မသည် ယခု အချိန် အခါ၌ မသက်မသာ ဒုက္ခတွေများသည့် ပြိတ္တာဘုံ၌ အကုသိုလ် ကံမကောင်းခဲ့၍၊ အမှန်စင်စစ် ကျရောက်နေပါ၏။ ရှားရှားပါးပါး ခေါင်းပါးငတ်မွတ်လွှမ်းမိုး နှိပ်စက်နေပါသည် ဘုရား။ စားရသည့် အာဟာရမှာ သူတကာစွန့်အံထွေး အပ်စားပြီး ဝါးဖတ်နှင့်ခံတွင်းမှ ကျလာသည့် အညစ်အကြေးဟူသမျှကို စားနေရပါသည်။ မစင်မကြွယ် ရွံဖွယ်အဖြစ် ထွေးပြစ်သော တံတွေးဟူသမျှကို လည်း စားရ၏။ ဦးနှောက်မှကျ နှာခေါင်းဝနှစ်ဖြာမှလာသော နှပ်အညစ်အကြေးတို့ကိုလည်း စားရပါသည်။ မသတီစရာ ချွဲသလိပ်တို့ကိုလည်း စားရပါသည်။ သူတကာစွန့်ပစ် အပုပ်နံ့ ညစ်ညစ်ဖြင့် သူသေအလောင်းကောင်တို့မှ ယိုစီးပေါက်ကျ ဆီကြည်ဟူသမျှကိုလည်း စားရပါသည်။ ကလေးမီးဖွား မိန်းမများ၏ယိုစီးဖြာကျ သွေးများကိုလည်း စားသောက်ရပါ သည်။ ခန္ဓာကိုယ်၌ ပေါက်ရောက်တတ်သော အဖုအပိန့်ခေါ် ထုတ်၊ အိုင်း အနာပုပ်မှ ထွက်ကျလာပြီး သွေးအညှီကိုလည်း စားသောက်ရပါသည်။ နှာခေါင်းပြတ်၊ လက်ပြတ်၊ ခြေပြတ်တို့၏ နီနီထွေးထွေး သွေးဟူသမျှကိုလည်း စားသောက်နေရပါသည်။ အညစ်အကြေးများထွေထွေနှင့် ရစ်ပတ်နှိပ်စက်နေ၍ ရွံရွံရှက်ရှက် ဝင့်နှိပ်စက်၊ မသက်မသာ စားသောက်၍သာ နေရပါသည် အရှင်ဘုရား။ ပြိတ္တာမသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်

အား မိမိစားသောက်ရတဲ့ အညစ်အကြေးများ၊ နေရသည်မှာလည်း ဟိုကပ် သည်ကပ် မှီခိုရပ်၍ ဆင်းဆင်းရဲရဲ နေရသည်တို့ကို လျှောက်ထားလေ၏။ ပြိတ္တာမသည် ဆက်လက်ပြီး ကုသိုလ်ပြုလုပ်ပေးပါရန် လျှောက်ထားလေ၏။ မှန်ပါသည် ပြိတ္တာဟူသောအမျောင်ဘဝသည် ကုသိုလ်ပြုခွင့်မရပါ။ ကိုယ်တိုင်ကုသိုလ်ပြုခွင့် မရလို့ ကာလရှည်စွာ ဆင်းရဲဒုက္ခတို့ကို ခံစားနေရပါသည်။ ယခု မိမိတောင်းပန်နေတာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ထိုအရှင်သည် အတိတ်ဘဝက မိမိသားဖြစ်ခဲ့ဖူးတာက တစ်ကြောင်း၊ နောက်ပြီး အရှင်သာရိပုတ္တရာသည် တန်ခိုးဂုဏ်ဝါ ပညာဉာဏ်ကြီးမားပြီး သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ထက်မြက်တောက်ပနေသော ပုဂ္ဂိုလ်ထူးကြီး၊ သီလသမာဓိပညာတို့ဖြင့် အစွမ်းထက်နေသော ပုဂ္ဂိုလ်မြတ်တို့ ပြုလုပ်ပေးသော အလုပ်တရား၊ ကြားနာရသော တရားစကားနှင့် ပို့သပေးသော မေတ္တာများ၊ ပေးဝေသော ဆုလာဘ်တို့သည် အောင်မြင်ပြီး လိုရာဆန္ဒ ပြည့်ဝနိုင်သည်။

ထိုအကြောင်းကြောင်းတို့ကြောင့် ပြိတ္တာမသည် အရှင်သာရိပုတ္တရာနှင့် တွေ့နေရသည့်အချိန်မှာ ဒီအခွင့်အရေးထူးကို လက်လွှတ် ဆုံးရှုံးခံလို့ မဖြစ်ပါ။ ရရှိသော အခွင့်အရေးကို အမိအရယူနိုင်မှသာလျှင် မိမိသည် ဆင်းရဲသောပြိတ္တာဘဝမှ လွတ်မြောက်နိုင်မည်၊ ထို့ကြောင့် ချိုသာယဉ်ကျေးသော စကားအလိမ္မာတန်ဆာတို့ဖြင့် လျှောက်ထားလေတော့၏။ "ဒေဟိ ပုတ္တက မေဒါနံ ဒတွာ အန္ဝာဒိ သာဟိမေ၊ အပ္ပေဝနာမမုစ္စေယျ၊

ပုဗ္ဗလောဟိတဘောဇနာ” ပုတ္တက၊ မမှားအစစ်မေ့သားချစ်၊ မေ ရှေ့ဘဝက အမိတော်ခဲ့ရသော တပည့်တော် ပြိတ္တာမ၏အတ္တာဃ၊ သွယ်သွယ်ဒုက္ခ ရှုတ်သမျှကိုမုချမယွင်း လွယ်ကင်းပါစေခြင်း အကျိုးငှာ၊ ဒါနံ တတ်စွမ်းသမျှ လှူဒါန်းဖွယ်ရာအဖြာဖြာကို၊ ဒေဟိ၊ ပေးသနားတော်မူပါ အရှင်ဘုရား၊ ဒတွာ၊ ကောင်းစွာ သီးသီးပေးလှူပြီး၍၊ မေ–ကျေးဇူးအရှိ မွေးသမိ ဖြစ်ခဲ့လေရာ တပည့်တော်မအား၊ အနွာဒိသာဟိ–ရည်ညွှန်း မှန်းဆရေစက်ချ ကာ အမျှ၊ အမျှ ပေးဝေတော်မူပါဘုရား။ ဇဝံ– ဤသို့ရည်ညွှန်း မှန်းဆရေစက်ချကာ အမျှပေးဝေသည်ရှိသော်၊ အဟံ ဤဘဝမှ တွက်ဆချင့်ထောက် ငါးခုမြောက်ဘဝက အမိတော် ခဲ့သည့် တပည့်တော်မဘဝသည် ပုဗ္ဗလောဟိတ ဘောဇနာ၊ ရွံဖွယ် ထွေထွေ ညစ်ကြေးပွေလီ သွေးနှင့်ပြည်သာစားရပါသော ပြိတ္တာမ ဘဝမှ၊ အပေ့ဝနာမ–မလစ်ဇကေန် အစစ် အမှန်သာလျှင် မုစ္စေယျ၊ မေတ္တာရှေ့ထားပေးဝေသမျှ အကုန်ရ၍ ဒုက္ခအဖြာဖြာမှ လွတ်ကင်းရပါတော့အံ့ အရှင်ဘုရား။

## အရှင်သာရိပုတ္တရာ ကုသိုလ်ပွဲအစီအစဉ်

မိခင်ဖြစ်ခဲ့ဖူးသော ပြိတ္တာမ၏ လျှောက်ထားတောင်းပန် သော စကားတို့ကို ကြား၍ အရှင်သာရိပုတ္တရာမထေရ်မြတ် သည် နောက်နေ့ရောက်တော့ အမျှပေးဝေနိုင်ဖို့ ကုသိုလ်ပွဲကို စီမံပြုလုပ်လေ၏။ ရှေးဦးစွာ အရှင်မြတ်သည် “အရှင်မဟာ မောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကပ္ပိနမထေရ်သုံးပါးတို့ကို

ပင့်ဆောင်ခေါ်တော်မူပြီး မထေရ်သုံးပါးတို့နှင့်အတူတကွ၊ ဆွမ်းအလို့ငှာ သပိတ်ကိုယ်စီပိုက်ကာ ရာဇဂြိုဟ်ပြည်ထဲသို့ ဆွမ်းခံလှည့်လည်တော်မူကြ၏။ အရှင်မြတ်တို့ ဆွမ်းခံလှည့်လည်ရာတွင် အရှင်သာရိပုတ္တရာမထေရ်မြတ်၌ အကြံအစည်ရှိပြီးသား မထေရ်မြတ်သည် ဘယ်လို ကြံစည်ထားပါသလဲ၊ ပြိတ္တာမသည် အစားအသောက်လည်း ဆင်းရဲ၊ နေထိုင်စရာဘုံဗိမာန်လည်း မရှိ၊ အဝတ်အစားမရှိ။ သို့ဆိုလျှင် အစားအသောက်အတွက် ဆွမ်းလှူဒါန်းလျှင် အစားအသောက်တော့ ပြည့်စုံနိုင်ပါဘိ၊ နေစရာဗိမာန်၊ ဝတ်ရုံစရာ အဝတ်အထည် စသည်တို့ လိုသေးသည်။

အစားအသောက်၊ နေထိုင်စရာ၊ အဝတ်အထည်တို့ကို ပြည့်ပြည့်စုံစုံရနိုင်အောင် စီစဉ်ပေးရမည့်အတွက် မင်းကြီးဆီ အကူအညီ ကုသိုလ်ပွဲပါဝင်လှူဒါန်းဖို့ မိန့်ကြားမှဖြစ်မည်။ ထို့ကြောင့် မထေရ်မြတ်တို့ ဆွမ်းခံခရီးသည် ဆွမ်းခံရင်း မင်းကြီးထံဝင်ရောက်ရန် ဦးတည်နေသော ဆွမ်းခံခရီးဖြစ်သည်။ မင်းကြီးထံဝင်ရောက်ရခြင်းသည် ဗိမ္ဗိသာရမင်းကြီးသည် သာသနာနှင့်ပတ်သက်လို့ ကြည်ညိုလေးစား အလေးထားသော ရှင်ဘုရင်ကြီးဖြစ်နေလို့ပါ။ အရှင်သာရိပုတ္တရာ အမှူးရှိသော မထေရ်တို့သည် ဗိမ္ဗိသာရမင်းကြီးရှိရာ နန်းတော်အတွင်းသို့ ရောက်ရှိတော်မူလေ၏။ ဗိမ္ဗိသာရမင်းကြီးသည် မထေရ်မြတ်တို့ ကြွလာသည်ကို မြင်၍ "အရှင်ဘုရားတို့ အဘယ်အလို့ငှာ ကြွလာတော်မူကြပါသနည်း"ဟု ကြွလာတော်မူခြင်း၏ ကိစ္စအကြောင်းအရာတို့ကို လျှောက်ထားမေးမြန်းလေ၏။

မထေရ်မြတ်တို့က ကြွလာရခြင်းအကြောင်းကိစ္စတို့ကို မင်းကြီးအား မိန့်လေ၏။ မင်းကြီးသည် မထေရ်မြတ်တို့ အလိုရှိအပ်သော အမှုကိစ္စတို့ကို သိရ၍ "အရှင်ဘုရားတို့ အလိုရှိအပ်သော ကိစ္စအဝဝတို့ကို စီမံဆောင်ရွက်ထားပါမည်ဘုရား၊ အရှင်ဘုရားတို့သာ ချမ်းချမ်းသာသာ ပြန်လည်၍ ကြွတော်မူကြပါဘုရား၊ အရှင်သာရိပုတ္တရာတို့ ပြန်ကြွပြီးနောက် မင်းကြီးသည် အမှုကိစ္စအဝဝတို့ကို လိမ္မာကျွမ်းကျင်စွာ ပြုတတ်သော အမတ်တစ်ယောက်အား ခေါ်၍ မြို့နှင့် မနီးမဝေးဖြစ်တဲ့ အေးချမ်းသာယာဆိတ်ငြိမ်စွာသော အရိပ်ရေနှင့် ပြည့်စုံသော အရပ်၌ ကျောင်းငယ်တို့ကို သွား၍ဆောက်လုပ်ကြရမည်ဟု အမိန့်တော်မြတ် စေခိုင်းအပ်နှင်းလိုက်၏။ မင်းကြီးသည် ကျောင်းများကို ဆောက်လုပ်စေပြီး မိမိကိုယ်တိုင်လည်း ထိုအရပ်သဒေသသို့ သွားရောက်ကြည့်ရှုလေ၏။ ကိုယ်တိုင်လည်း အလေးထားပြီး လျှင်လျှင်မြန်မြန် ဆောင်ရွက်စေကာ မြတ်စွာဘုရားနှင့် စတုဒိသာသံဃာတော်တို့ သီတင်းသုံးနေနိုင်ရန် ကျောင်းငယ် အသီးသီး ဆောက်လုပ်ပြီးစီးသွား၏။ ကျောင်းအတွက် ပြီးစီးသွား၍ လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ကို စီမံရပြန်သည်။ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့အား လှူဒါန်းနိုင်ရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ အဖျော်ယမကာ အစရှိသော အလုံးစုံသော ပရိက္ခရာတို့ကို လှူဒါန်းနိုင်ရန် အသင့်စီမံထား၏။ မြတ်သော ဗိမ္ဗိသာရမင်းကြီးသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်အလိုတော်ကျ ပြည့်စုံစွာ စီစဉ်ပေးခြင်းဖြင့် မင်းကြီး၏စိတ်၌ သာသနာ

တော်ကို ပြည့်ဝစွာ လေးစားကြည်ညိုလို့ စစ်မှန်သောတရားများ ကိန်းအောင်းရှိနေတယ်ဆိုတာ စာရှုသူပရိသတ်တို့အားကြ ကြည်ညို နိုင်လေ၏။ မင်းကြီးသည် လိုအပ်တာမှန်သမျှ ပြည့်စုံစွာ စီမံပြီးတဲ့အခါ အရှင်သာရိပုတ္တရာမထေရ်မြတ် ကျောင်းဆောင် ငယ် ၊ လှူဒါန်းဖွယ်ရာ အဖြာဖြာ ဒါနဝတ္ထုအစုစုတို့ကို အပ်နှင်း လေ၏။ မင်းကြီး အပ်နှင်းသည်ကို အရှင်သာရိပုတ္တရာ မထေရ် မြတ်က လက်ခံတော်မူလေ၏။ လက်ခံတော်မူပြီး မိမိကိုယ်တိုင် လှူဒါန်းပြီး အမျှပေးဝေရမည့် အလှူပွဲဖြစ်နေသည့်အတွက် မြတ်စွာ ဘုရားအမှူးရှိသော စတုဒိသာ သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဆောင်တော်မူ၍ ကျောင်းငယ်အသီးသီး၌ သီတင်း သုံးစေ တော်မူပါသည်။

မြတ်စွာဘုရားနှင့် သံဃာတော်အရှင်သူမြတ်တို့အား မိမိ ကိုယ်တိုင် ပြုလုပ်လှူဒါန်းပေးသော ကုသိုလ်၏ရည်ရွယ်ချက်ကို လျှောက်ထားလေ၏။ ဤကုသိုလ်ပွဲသည် အတိတ်ဘဝက မိခင် ဖြစ်ခဲ့ဖူးသော ပြိတ္တာမကို အကြောင်းပြု၍ ဆင်းရဲသော ပြိတ္တာ ဘဝမှ လွတ်မြောက်ပါစေခြင်း အကျိုးငှာ လှူဒါန်းပေးသော ကုသိုလ်ပွဲဖြစ်ပါသည်ဟု လျှောက်ထားလေ၏။ ဆက်လက်ပြီး ဆွမ်းအဖျော်ယမကာ ပရိက္ခရာအစုံတို့ကို ရိုသေစွာ လှူဒါန်းပြီး "ဤမြတ်သော အလှူခံ ပုဂ္ဂိုလ်တို့အား မြတ်သော ဆွမ်းသက်နှ်း ကျောင်းဆေး အစရှိသော လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ကို လှူဒါန်းပူဇော်ပါ၏။ ဤကုသိုလ်အဖို့ ဘာဂတို့ကို သာဓုခေါ်ဆို ရန် မျှော်လင့်စောင့်ဆိုင်းနေသော မိခင်ပြိတ္တာမအား "ကျေးဇူးအရှိ

ကျေးဇူးသိသူ၏ ပြန်လည်ဆပ်ကောင်းသူတော်ကောင်း”နှင့်အညီ မိခင်ကြီး အမျှအမျှအမျှ ပေးဝေလိုက်ပါတော့သည်။

## အမှောင်ဘဝမှ အလင်းဘဝသို့ရောက်ရှိသွားခြင်း

ပြိတ္တာမသည် အရှင်သာရိပုတ္တရာ ပေးဝေသော အမျှတို့ကို **ဝမ်းမြောက်နုမော်** သာဓုခေါ်၍ ကောင်းမြတ်သောနတ်ပြည် **ဘုံဌာနကို** ရရှိသွားသည်။ နတ်ပြည်သို့ရောက်ရှိသွားတယ်**ဆိုရင်** **အစား**အသောက် အနေအထိုင် ဝတ်ဆင်စရာတို့လည်း ချမ်းသာသွားလေ၏။ စားရသော အာဟာရကား နတ်သုဒ္ဓါ၊ နတ်ဩဇာ ကောင်းသော အာဟာရဖြစ်သည်။ ခန္ဓာကိုယ်လည်း တောက်တောက်ပြောင်ပြောင်နှင့် ဆန်းဆန်းပြားပြား ဘုံဗိမာန်ကို ရရှိခံစားစံစားရသည်ရှိသော် အရှင်သာရိပုတ္တရာ၏ ကျေးဇူးတရားတို့သည် ထင်ရှားပေါ်လာလေ၏။ ထိုကျေးဇူးတရားများကို ထင်ရှားစွာ ပြောပြခြင်းအကျိုးငှာ အရှင်မဟာမောဂ္ဂလာန်ထံ ချဉ်းကပ်လာလေ၏။ အရှင်မဟာ မောဂ္ဂလာန်က မိမိထံ ချဉ်းကပ်လာသော နတ်သမီးကို “ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ချဉ်းကပ်လာတာ မည်သူမည်ဝါဖြစ်ပါသနည်း။ အသင်သည် ဘယ်ဘုံဘယ်ဌာနမှ လာရောက်၍ မည်သည့်ကိစ္စ အကြောင်းထူး ရှိပါသနည်း”ဟု မေးမြန်းတော်မူလေ၏။ နတ်သမီးသည် မိမိ၏ဖြစ်ပျက်ခဲ့ပုံ ဘဝဇာတ်စုံကို လျှောက်ထားလေတော့၏။ တန်ခိုးအရာမှာ ပြိုင်သူကင်းငြား ဧတဒဂ်ထားသည့် အရှင်သူမြတ်ဘုရား တပည့်တော်သည် လွန်ခဲ့သော

အတိတ်ဘဝတို့က အရှင်သာရိပုတ္တရာ၏မိခင် ဖြစ်ခဲ့ဖူးပါသည်။ နောက်ဘဝ၌ အကုသိုလ်ကံပြုမိပြန်၍ ဝတ်စားတန်ဆာကင်းကွာ လုံးလုံး အမှောင်ဖုံးသည့် ပြိတ္တာဘုံသို့ ရောက်ရှိခဲ့ပါသည်။ အကြောင်း အားလျော်စွာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ရှာဖွေတွေ့ ရှိခဲ့၍ ဆင်းရဲသောပြိတ္တာဘဝ၌ ခံစားနေရခြင်းများကို တောင်းပန် လျှောက်ထားခဲ့ပါသည်။ တပည့်တော်မ၏ လျှောက် ထားသော ခံစားချက်တို့ကို ကရုဏာသက်ပြီးသားဖြစ်ခဲ့ဖူးသော အရှင်သာရိ ပုတ္တရာက အရှင်ဘုရားနှင့်အရှင်အနုရုဒ္ဓါ၊ အရှင် ကပ္ပိနတို့ကို ခေါ်ဆောင်၍ မင်းကြီး၏အကူအညီရယူကာ ကျောင်းတို့ကို ဆောက်လုပ်ခဲ့ပါသည်ဘုရား။ မင်းကြီးက အပ်နှင်းသောကျောင်းများနှင့်တကွ လှူဒါန်းဖွယ်ရာအဖြာဖြာတို့ ကို သားကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအမှူး ထား၍ စတုဒိသာသံဃာ တော်အရှင်မြတ်တို့အား ဆက်ကပ် လှူဒါန်း ပူဇော်သောအခါ မြတ်စွာဘုရားနှင့် အရှင်ဘုရားတို့ ကြွရောက် ချီးမြှောက်ပေးသော မြတ်သောကုသိုလ်အဖို့ အစုတို့ကို ဝမ်း မြောက်ဝမ်းသာ သာဓုခေါ်ဆိုသည်ရှိသော် ပြိတ္တာအမှောင် ဘဝမှ လွတ်မြောက်ရပြီး နတ်ပြည်အလင်းဘဝ၌ ဖြစ်နေရပါ သည် အရှင်ဘုရား၊ အတိတ်ဘဝက သားဖြစ်ခဲ့ဖူးသူ အရှင်သာရိ ပုတ္တရာ၏ ကြီးမားသော ကျေးဇူးတရားတို့ကို အရှင်ဘုရားထံ လာရောက်၍ လျှောက်ထားရပါသည် အရှင်ဘုရား။ အရှင် မဟာမောဂ္ဂလာန်သည် ထိုနတ် သမီးလျှောက်ထားသော စကား တို့ကို ကြားရသည်ရှိသော် အံ့သြစွာဖြင့် မြတ်စွာဘုရားကို

တဆင့်လျှောက်ထားတော်မူလေ၏။ ဘုရားရှင်သည် ထို အကြောင်းအရာတို့ကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကြည့်ရှု၍ သိတော်မူ၏။ သိတော်မူပြီး၍ ထိုနတ်သမီး၏ အတိတ်ဘဝ ပြိတ္တာဖြစ်ခဲ့ပုံ၊ ယခုနတ်သမီးဘဝ၌ ခံစားစံစားရသည်တို့ကို အကြောင်းပြုပြီး တရားဟောကြားတော် မူမည်ဖြစ်ရာ၊ အရှင်မဟာမောဂ္ဂလာန်အား ပရိသတ်များစွာကို တရားနာဖို့ စုဝေးစေတော်မူ၏။ ထိုအခါ ပရိသတ်များစွာ စုံစုံညီညီ စုဝေး ရောက်လာသည်ရှိသော် ပြိတ္တာမ၏အမှောင်ဘဝ ရောက်ခဲ့ပုံ၊ အမှောင်ဘဝမှ အလင်းဘဝသို့ ရောက်ရှိရပုံ အတိတ်ဇာတ်စုံ များကို ဟောကြားပေးတော်မူလေ၏။ ဟောကြား ပေးတော်မူ သော တရားများကို ကြားနာရသည်ရှိသော် စိတ်ကြည် လင်အေးမြစွာဖြင့် "လက်ပန်းမောင်းခတ် ပွဲတင်ထပ်လျက်" သာဓုသံစုံ ခေါ်ဟီးတုံလျက် အကျိုးကျေးဇူးရရှိသွားလေသတည်း။

# ကုသိုလ်၊ အကုသိုလ်တို့ရဲ့ ပစ္စုပ္ပန်တမလွန်အကျိုးပေးပုံသာဓက

ဤကမ္ဘာမှပြန်၍ ရေတွက်သော် ကိုးဆယ့်နှစ်ကမ္ဘာ အချိန်ကာလကဖြစ်လေသည်။ ထိုအချိန်အခါက လူတို့မှီတင်းနေထိုင်ကြသော ပြည်သည် ကာသိအမည်ရှိလေ၏။ ကာသိအမည်ရှိသော တိုင်းပြည်အား အုပ်ချုပ်နေသောမင်းကား ဇယသေနအမည်ရှိ၏။ ထိုမင်း၏မိဖုရားက သီရိမာ၊ ဖုဿဘုရားလောင်းသည် ဘုရားဖြစ်ချိန်တန်၍ သီရိမာမိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်၍ အရွယ်ရောက်လတ်သော် အစဉ်အတိုင်း ကျင့်ကြံပွားများ အားထုတ်ရာ သစ္စာလေးပါးမြတ်တရား ထိုးထွင်းသိတော်မူ၍ သဗ္ဗညုတပိုင်ရှင် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။ ဘုရားရှင်၏ဖခမည်းတော်ဖြစ်သော ဇယသေနမင်းကြီးသည် ငါ့သားတော်ဘုရားဖြစ်လေ၏။ ငါ့သားဘုရားဖြစ်ရကား "ငါ၏ဘုရား၊ ငါ၏တရား၊ ငါ၏သံဃာ"ဟု

ချစ်ခင်မြတ်နိုး ဂုဏ်ယူမဆုံးဖြစ်နေ၏။ ဘုရားရှင်၏ လိုအပ်သမျှ ပစ္စည်းလေးပါးတို့ကို မိမိသာလျှင် ပြုစုလုပ်ကျွေး လှူဒါန်းနေ၏။ အခြားသောသူတို့အား လှူဒါန်းခွင့်မပေးလေ။ ပြုစုလုပ်ကျွေးခွင့်လည်း မပေး၊ ဘုရားရှင်နှင့်ညီအစ်ကိုတော်စပ်ကြသော မင်းသားညီနောင်သုံးယောက်တို့သည် ကြံစည် စဉ်းစားကြလေ၏။

ငါတို့၏ ဖခမည်းတော်သည် သားဖြစ်ကြသော ငါတို့တောင်လှူဒါန်းခွင့်မပေး၊ ပြုစုလုပ်ကျွေးခွင့်မပေးလျှင် အခြားသူတို့ဆို ပိုပြီးဝေးလေပြီ။ သဗ္ဗညုသခင် ဘုရားရှင်တို့မည်သည် တစ်ဦးတစ်ယောက်အတွက် ပွင့်ထွန်းပေါ်လာကြသည် မဟုတ်ပေ။ လူနတ်ဗြဟ္မာအများ အကျိုးငှာသာ ပွင့်တော်မူကြလေ၏။ ငါတို့သည် အဘယ်ကဲ့သို့ သဗ္ဗညုဘုရားရှင်အား ပြုစုလုပ်ကျွေးရပါကုန်အံ့နည်းဟု ကြံစည်ကြလေ၏။ တစ်နေ့သ၌ မင်းသားတို့သည် အကြံယူကြသည်ကား တို့တိုင်းပြည်၏ ပစ္စန္တရာဇ်အရပ်၊ ဇနပုဒ်နယ်စပ်ဒေသတို့၌ သူပုန်သူက ... န်က ထကြွ သောင်းကျန်းနေပါ၏ဟု ဖခမည်းတော်ဖြ ... ကြီးအား သံတော်ဦးတင်လျှောက်ထားလျှင် ငါတို့အ ... းရန် အခွင့်ရလေမည်။ သို့အတွက် ငါတို့အား လိုအပ်သောဆုတော်လာဘ်တော် ပေးသနား ... လျှင် ငါတို့လိုချင်သော ဆုတောင်းမည်ဟု အကြံအစည်ဖြစ်ကြလေ၏။

အကြံဖြစ်ပြီးနောက် မင်းကြီးအား သံတော်ဦးတင်လျှောက်ထားခိုင်းလေ၏။ အရှင်မင်းကြီး ပစ္စန္တရာဇ် ဇနပုဒ်အရပ်၊ နယ်စပ်ဒေသတို့၌ သူပုန်သူကန်များ ပုန်ကန်ထကြွ သောင်းကြမ်းပြီး

တိုက်ခိုက် နေကြပါသည် အရှင်မင်းကြီး။ ယခုအခါ ထိုသူတို့အား နှိမ်နင်းရန် လိုအပ်နေပါသည် အရှင်မင်းကြီး၊ သို့မဟုတ်လျှင် တိုင်းပြည်အန္တရာယ်များစွာကျရောက်နိုင်ပါတယ် အရှင်မင်းကြီး စသည်ဖြင့် လျှောက်တင်ကြလေ၏။

ပုန်ကန်ထကြွ သောင်းကျန်းသောစကားကို ကြားရသောမင်းကြီးသည် သားဖြစ်သူမင်းသား သုံးယောက်တို့ကို ခေါ်ယူလေ၏။ သားတော်တို့ ယခုအခါ ပစ္စန္တရာဇ်၊ ဇနပုဒ်၊ နယ်စပ်ဒေသအသီးသီးတို့၌ သူပုန်သူကန်များ ထကြွသောင်းကျန်းနေကြတယ်၊ သားတော်တို့သည် ထိုထကြွသောင်းကျန်းနေသောသူပုန်သူကန်တို့အား သွားရောက်၍ နှိမ်နင်းတိုက်ခိုက်လေတော့။ မင်းသားတို့အား စေလွှတ်လေ၏။ ထို့နောက်မင်းသားညီနောင်သုံးယောက်တို့သည် မိမိတို့ရဲ့အကြံအစည်အတိုင်း အောင်မြင်လာ၍ မင်းကြီးထံ အခစားဝင် သံတော်ဦးတင်လေသည်။ ဘုန်းတော်သခင်ကျေးဇူးအရှင်ဖခမည်းတော် မင်းကြီးဘုရား ယခုအခါထကြွသောင်းကျန်းနေသော သူပုန်သူကန် ရန်သူအပေါင်းတို့ကိုနှိမ်နင်းတိုက်ခိုက်ခဲ့၍ အောင်မြင်စွာ လာခဲ့ပါသည် အရှင်ဘုရား၊ဘေးအပေါင်း ရန်အပေါင်း ငြိမ်းအေးသွားပါပြီ အရှင်မင်းကြီးဘုရား၊ မင်းကြီးသည် သားတော်များ၏ လျှောက်တင်လာသောစကားတို့ကို ကြားရလေသောအခါ ဝမ်းမြောက်ဝမ်းသာ နှစ်သက်စွာဖြင့် ကျေနပ်နေလေ၏။ တစ်ဆက်တည်းမှာပဲ ပြောဆိုသည်ကသားတော်တို့ သင်တို့သည် ငါ၏အားထားရာလက်ရုံးများဖြစ်ကြ၍ သင်တို့ကြိုက်နှစ်သက်သော ဆုတစ်ခုခုကို တောင်းကြလေ၊

ငါ ဖခမည်းတော်ပေးသနားမည်ဟု အခွင့်ပေးလေ၏။ မင်းကြီးထံမှ အခွင့်စကားကြားရလျှင် မင်းသားတို့သည် ယခုအချိန် အခွင့်ကောင်းဖြစ်၍ တညီတညွတ်တည်း တိုင်ပင်ကြကာ ဆုံးဖြတ်ချက်ချတောင်းလေ၏။

ဘုန်းတော်သခင် ကျေးဇူးရှင် ဖခမည်းတော်ဘုရား၊ သားတော်တို့အား ဘုရားရှင်ကို ပြုစုလုပ်ကျွေးလိုပါကုန်၏။။ သံတော်ဦးတင်ခွင့် တောင်းလေ၏။ ဒီတော့ရင် မင်းကြီးက သားတော်တို့အား ဤဆုကိုထား၍ အခြားသော ဆုကိုသာ တောင်းကြပါကုန်ဟု မိန့်လေ၏။ ထိုအခါ သားတော်တို့က ဖခမည်းတော်ဘုရား၊ သားတော်တို့သည် တစ်ပါးသောဆုကို အလိုမရှိပါကုန်၊ ဤဆုကိုသာ အလိုရှိပါကုန်၏။ ဒီတစ်ခါ မင်းကြီးက ယင်းသို့ဖြစ်ပါလျှင် အပိုင်းအခြားနှင့်သာ ပေးနိုင်မည်ဖြစ်၍ အပိုင်းအခြားကိုသာ လျှောက်တင်ကြကုန်လော့ဟု ဆိုသည့်အခါ ခုနစ်နှစ်မျှ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးပါရစေဟု လျှောက်ထားလိုက်၏။ [illegible]နှစ်များ လွန်း၍ မပေးနိုင်လေဘူး၊ ခုနစ်နှစ်များလွန်းလျှင် ခြောက်နှစ် လုပ်ကျွေးပါရစေ၊ ခြောက်နှစ်လည်း များလွန်း၍ မပေးနိုင်ဟု မိန့်လိုက်၏။ ဒီလိုနှင့် လျှော့လာလိုက်ရာ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်၊ ခုနစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလ နောက်ဆုံးတော့ သုံးလထိရောက်သွားလေ၏။ ရှေ့ဆက်မလျှော့တော့ဘဲ မင်းသားတို့သည် သုံးလပြုစုလုပ်ကျွေးခွင့် ရသွားကြလေ၏။ သုံးလပြုစုခွင့် ရကြသောမင်းသားတို့သည် ဝမ်းမြောက်ဝမ်းသာစွာ

မြတ်စွာဘုရားထံချဉ်းကပ်ကြ၏။ ဘုရားထံ ရောက်သည်ရှိသော် မြတ်စွာဘုရားအား ရှိသေစွာရှိခိုး၍ လျှောက်ထား၏။ ကျေးဇူးတော်အနန္တ၊ ဂုဏ်တော်ပေါင်းခသည့် မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဇယသေနမင်းကြီး၏သားတော်များ ဖြစ်ပါသည် မြတ်စွာဘုရား။ တပည့်တော်များသည် ဘုရားရှင်အပေါ် သဒ္ဓါစေတနာဖြစ်ပါသော်လည်း ဖခမည်းတော်မင်းကြီး ခွင့်မပေးသဖြင့် ပြုစုလုပ်ကျွေးခွင့် မရခဲ့ပါဘုရား။ ယခုအခါ ဘုရားရှင်အား သုံးလမျှ ပြုစုလုပ်ကျွေးခွင့်ရ၍ တပည့်တော်တို့အား သုံးလတိုင်တိုင် ပြုစုလုပ်ကျွေးခွင့် ပေးသနားတော်မူပါ အရှင်ဘုရား၊ တပည့်တော် တို့နေထိုင်ရာအရပ်ဒေသ၌ သုံးလပတ်လုံး ဝါဆိုတော်မူ၍ သနားသောအားဖြင့် တပည့်တော်တို့အား ပြုစုလုပ်ကျွေးခွင့် ပေးသနာတော်မူပါ မြတ်စွာဘုရား မင်းသားများ အသနားခံ လျှောက်ထားကြလေ၏။

ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူသဖြင့် သုံးလပတ်လုံး ဝါကပ် သီတင်းသုံးပေးရန် လက်ခံတော်မူလေသည်။ ဘုရားရှင်၏ ဆိတ်ဆိတ်နေတော်မူသဖြင့် သီတင်းသုံးပေးမည့် အကြောင်းအရာကို သိကြကုန်သော မင်းသားတို့သည် ဘုရားရှင်၏ သီတင်းသုံးနေ ိုင်စရာ အဆောက်အဦးကျောင်းဆောင်တို့ကို ပြုလုပ်စီမံဖို့ တတ်သိနားလည်သော နိယုတ္တက အမတ်ကြီးအား စေခိုင်းလေ၏။ အမတ်ကြီးလည်း ဘုရားသ ာင်းသုံးမည့်ကျောင်းများကို ကြိုးစားအားထုတ် ဆောင်ရွက်နေ၏။ အမတ်ကြီး ကြိုးစား၍ ကျောင်းဆောင်များ အသီးသီးပြီးစီးသွားသောအခါ

မင်းသားတို့အား အကြောင်းကြားလေ၏။ မင်းညီနောင်သုံးယောက်တို့သည် ကျောင်းများ လျှင်မြန်စွာ ပြီးစီးခြင်းကို ဝမ်းမြောက်ဝမ်းသာစွာ နှစ်သက်နေကြ၏။ နောက်နေ့ မင်းညီနောင်သုံးယောက်တို့ လှူဒါန်းဖွယ်ရာအဖြာဖြာများကို ယူဆောင်ကြကုန်လျက် အခြံအရံပရိသတ်နှင့်တကွ ဘုရားထံသွားရောက်၍ ပူဇော်ကြကုန်၏။ ဘုရားရှင်အား ပူဇော်ပြီးနောက် မိမိတို့နေထိုင်ရာ ဇနပုဒ်အရပ်၌ ဆောက်လုပ်ထားကြသည့် ကျောင်းဆောင်များသို့ ပင့်ဆောင်သွားကုန်၏။ မိမိတို့အရပ်ဒေသသို့ မြတ်စွာဘုရား ရောက်တော်မူသည်ရှိသော် ဆောက်လုပ်ထားသောကျောင်းများကို အပ်နှင်းလှူဒါန်းကြ၏။ မင်းသားတို့က မိမိတို့၏ဘဏ္ဍာထိန်းအား မိသားစုနှင့်အတူ မြတ်စွာဘုရားအား လှူဒါန်းပူဇော်လုပ်ကျွေးစေ၏။ သဒ္ဓါတရားနှင့်ပြည့်စုံသော နိယုတ္တကအမတ်ကြီးကိုလည်း မိမိတို့ပိုင်ဆိုင်သောပစ္စည်းဥစ္စာဘဏ္ဍာများကို မြတ်စွာဘုရားအား လိုလေသေးမရှိရလေအောင် လှူဒါန်းပူဇော်ရန် စေခိုင်းထားလေ၏။ မင်းညီနောင်သုံးယောက်တို့သည် ဘုရားရှင်၏ ဝေယျာဝစ္စတို့ကို စီမံခန့်ခွဲပေးပြီးနောက် ဘုရားရှင်အထံ၌ ရှင်ဖြစ်ရဟန်းအဖြစ်ကို တောင်းခံလျက် ဖန်ရည်စွန်းသောအဝတ်တို့ကို ဝတ်ဆင်မြန်းကာ ကျင့်ကြံပွားများ အားထုတ်နေကြလေ၏။ ဘဏ္ဍာထိန်းနှင့် မယားဖြစ်သူတို့က ရတနာသုံးပါးအားကြည်ညိုကြကုန်၍ ဘုရားရှင်နှင့်သံဃာတော်တို့အား ဒါနဝတ်တို့ကို ရိုသေစွာ လုပ်ကျွေးလှူဒါန်းနေကြ၏။ နိယုတ္တက အမတ်ကြီးသည် အမြဲမပြတ် ပြုစုလှူဒါန်းနိုင်ရန် ဘုရားရှင်နှင့် သံဃာ

တော်တို့အား ကြည်ညိုလှသဖြင့် အခြံအရံပရိသတ်တို့အား တိုက်တွန်းနှိုးဆော်လေ၏။ နိယုတ္တက အမတ်ကြီး၏ တိုက်တွန်းနှိုးဆော်မှုကြောင့် သဒ္ဓါတရားတူညီသော မိတ်ဆွေအချင်းပရိသတ်တို့ တစ်သောင်းတစ်ထောင် ရသွားလေ၏။ နိယုတ္တကအမတ်သည် ထိုတစ်သောင်းတစ်ထောင်သော ပရိသတ်နှင့် တကွအလှူရေစက်လက်နှင့်မကွာ လှူဒါန်းရ၍ တရွှင်ရွှင် တပြုံးပြုံးပီတိဖုံးကာ နေကြ၏။ ဤသို့အားဖြင့် အမတ်ကြီးနှင့် အပေါင်းအပါတို့သည် သာသနာတော်ကို ကြည်ညိုလေးစား လှူဒါန်းကာကောင်းမြတ်သောဆုကို တောင်းဆုဆို ပန်ဆင်နေကြ ပါ၏။ တစ်ဖက်မှလည်း သဒ္ဓါတရားမရှိကြသူ၊ အလှူဒါနကို အလိုမရှိကုန်သော သူတို့သည် တဖြည်းဖြည်း မကျေမနပ်ဖြစ်နေကြ၏။ ယင်းသို့ဖြစ်ခြင်းသည် ရိုတတ်စမြဲဖြစ်သောကြောင့် လောကမှာအဖြူရှိလျှင် အမည်းရှိ၏။ အဖြူနှင့်အမည်း သူတော် ကောင်းနှင့်သူယုတ်မာ၊ ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့သည် တူညီမှုမရှိကြ၍ ဆန့်ကျင်ဘက်ဖြစ်ကြလေ၏။ ယခုလည်း နိယုတ္တကအမတ်၊ ဘဏ္ဍာထိန်းစသော သဒ္ဓါတရားရှိသော သူတို့ကကုသိုလ်ပြုလုပ်လှူဒါန်းနေသည်တို့ကို အချို့သောသူများနှင့် ဆွေမျိုးများမနာလိုဝန်တို ဖြစ်လာကြ၏။

အလှူအတန်း ပြုလုပ်နေသော အသံများကြားရလျှင်လည်းကောင်း အလှူမဏ္ဍာပ်များ မြင်ရလျှင်လည်းကောင်းသဘောမကျ၊ မနာလိုဝန်တိုစိတ်များ တဖွားဖွား ဖြစ်နေကြ၏။ ဒီလိုနှင့် မနှစ်သက်သူများ နောက်သို့လိုက်နေကြသော သူများ

သည် တစ်ဂိုဏ်းတစ်ဖွဲ့ ဖြစ်လာကြ၏။ ဖျက်ဆီးလိုသော ဒေါသ၊ ငြူစူစောင်းမြောင်းခြင်း၊ ဝန်တိုခြင်း ဣဿာ မစ္ဆရိယတရားတို့ ကြီးထွားလာပြီး ယင်းစိတ်များကို မျိုသိပ်မထားနိုင်ဘဲ ပေါက်ကွဲလာပါတော့၏။ ဒေါသစိတ်များ ပေါက်ကွဲလာသည်နှင့်အမျှ ကိုယ်ထိလက်ရောက် ဖျက်လိုဖျက်စီးပြုလုပ်လာကြလေ၏။ ဖျက်လို ဖျက်ဆီး ပြုလုပ်နေကြသော ထိုအဓမ္မဂိုဏ်းအဖွဲ့သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည် ထင်ရှားရှိနေ၍ ပြုလုပ်နေသော အကုသိုလ်တရားများသည် ကြီးလေးရာ နောင်သံသရာတွင် ရင်လေးစရာဖြစ်နေသည်များကို ထိုအဖွဲ့က မတွေးမိကြပေ။

ရတနာမြတ်သုံးပါးအား အမှန်တကယ်ကြည်ညိုလှူဒါန်းနေသော သူများအား ပြစ်မှားနေကြလေ၏။ ဝစီကံဖြင့် တစ်ဖန် ပြစ်မှားပြောဆိုသည်ကား ဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းကျွေးမွေးနေသည်ကို ရတနာသုံးပါးအကြောင်း ပြပြီး မိမိတို့သာ စားသောက်နေကြတယ်။ အသပြာငွေများကိုလည်း မိမိတို့သာ ရယူသုံးစွဲနေကြသည်။ ဝစီကံဖြင့် ပြောဆို ပြစ်မှားပြီး ထိုပုဂ္ဂိုလ်တို့ စိတ်ထဲမရှုမလှ ဖြစ်နေကြ၏။ ယင်းအချက်က သတိထားစရာအချက် ဖြစ်လေသည်။ စွပ်စွဲ ပြောဆိုခံရသည့်ဘက်က ထင်သလိုဖြစ်နေရင်တောင် အပြစ်မှ သက်သာရာ ရနိုင်ပေမယ့် အမှန်တကယ်စေတနာသဒ္ဓါတရားနှင့် ကြိုးစား လှူဒါန်းနေသောသူများကို ပြောဆိုပြုလုပ်မိလျှင်တော့ အပြစ်က နေမည် မဟုတ်တော့ပေ။ ခုခေတ်အခါမှာလည်း သာသနာရေး

ဘာသာရေးနှင့်ပတ်သက်ပြီး သာသနအဆောက်အဦးများကို အဖွဲ့အစည်းအသီးသီးများ ဖွဲ့စည်းကာ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေကြလေသည်။ ထိုအဖွဲ့အစည်း အသီးသီးအနေဖြင့် ဆောင်ရွက်ရာမှာ စေတနာသဒ္ဓါတရားမှန်ကန်စွာနှင့် ပြုလုပ်ဆောင်ရွက်နိုင်ရလေမည်။

ထိုသို့စေတနာသဒ္ဓါမှန်ကန်စွာဖြင့် ကြိုးစားဆောင်ရွက်နေသော ပုဂ္ဂိုလ်များကို တစ်ဖက်မှလည်း ကဲ့ရဲ့ပြစ်တင်ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြရမည်။ ဇာတ်လမ်းပြန်ဆက်ကြရအောင် တစ်နေ့သောအခါ သဒ္ဓါသီလ၊ စာဂတုမျှကြသော နိယုတ္တက အမတ်နှင့်အဖွဲ့များသည် အလှူဒါနပြုလုပ်ရန် မဏ္ဍာပ်တို့ကို စီမံကြကာ မဏ္ဍာပ်အသီးသီးပြီးစီးသွားကြ၏။ ထိုအခါ အလှူဒါနကို အလိုမရှိ၊ ဒါနကို အန္တရာယ်ပြုမည့်သူတို့သည် ရောက်လာကြကုန်၏။ ဆန့်ကျင်ဘက်အဖွဲ့များ ရောက်လာပြီး အလှူမဏ္ဍာပ်ကို ဖျက်ဆီးကြကုန်၏။ ဖျက်ဆီးယုံတင်မက မီးပါ ရှို့ပစ်ကြ၏။ အလှူရှင်များအဖွဲ့သည် ထိုအချင်းအရာကို မြင်သော် သည်းခံစိတ်မွေး၍ အလှူဒါနပြုလုပ်မြဲ၊ လှူဒါန်းမြဲသာ ရှိကြကုန်၏။ ဤသို့ဖြင့် ကုသိုလ်ပြုသူကပြု၊ အကုသိုလ်ဖြင့် ဖျက်ဆီးသူက ဖျက်ဆီးနေလာကြရာ သီတင်းဝါလကျွတ်ခြင်းသို့ ရောက်ခဲ့လေသည်။ မင်းသားညီနောင်ရဟန်းများသည် တစ်ဝါကျွတ်ခဲ့လေ၏။

သီတင်းဝါလကျွတ် ပဝါရဏာနေ့၌ မင်းသားညီအစ်ကို ရဟန်းများ ပဝါရဏာပြုပြီးနောက်၊ ဘုရားရှင်ကို ပူဇော်ကန်တော့ ခွင့်ပန်လျှောက်ထားကာ ဖခမည်းတော်ရှိရာ ကာသိပြည်သို့

ကြကြလေ၏။ သဗ္ဗညုသခင် ဖုသဘုရားရှင်သည် ဘုရားရှင်တို့ အစဉ်အလာအချိန်ကြတော်မူ၍ ပရိနိဗ္ဗာန်ပြု ငြိမ်းအေးတော်မူလေပြီ။ ထို့နောက် မင်းညီနောင် ရဟန်းများ၊ ဖခမည်းတော်မင်းကြီး၊ နိယုတ္တကအမတ်၊ ဘဏ္ဍာထိန်းဇနီးမယား၊ အခြံအရံပရိသတ်များလည်း သက်တမ်းစေ့နေပြီး စုတေကြကုန်၏။ အလှူဒါန ဖျက်ဆီးသောသူများလည်း သေဆုံးလေပြီ။ မနေရလို့ သေကြလေသောအခါ ကုသိုလ်ပြုခဲ့သောအဖွဲ့၊ အကုသိုလ်ပြုသောအဖွဲ့တို့ သုဂတိဘုံဌာန၊ ဒုဂ္ဂတိဘုံဌာန ကွဲပြားကာ ဖြစ်သွားကြသည်။ ကုသိုလ်ရှင်အဖွဲ့သည် တစ်စုတစ်ဝေးတည်းဖြစ်ကြကာ နတ်ပြည်တစ်ပြည်မှ တစ်ပြည်သို့၊ တစ်ဘုံမှတစ်ဘုံသို့ နတ်သက်ရှည်လျားစွာ စည်းစိမ်ချမ်းသာတို့ကို ခံစားစံစားနေကြလေပြီ။ အကုသိုလ်ပြုခဲ့သောအဖွဲ့က ငရဲတစ်ပြည်မှတစ်ပြည်၊ တစ်ထပ်မှတစ်ထပ်သို့ ရောက်ကြ၍ ဆင်းရဲဒုက္ခများကို ငရဲသက်တမ်းရှည်လျားစွာ ခံစားနေကြရ၏။

ဤနေရာ၌ သတိသံဝေဂယူစရာ အချက်က ကံကံ၏အကျိုးပေးက၊ ကောင်းကောင်းသလို၊ မကောင်းမကောင်းသလို နေရာဘုံဌာနခွဲ၍ ပို့လိုက်ရာ ကံအလျှောက်ပဲ ခံရ စံရလေပြီ။ ယင်းတို့၏ အဖြစ်ပျက်အလုံးစုံတို့က နှလုံးသားထဲ အတွေးဝင်ထင်ဟပ်စေကာ သံဝေဂဉာဏ် ဖြစ်ပေါ်စေ၏။ ဆင်းရဲဒဏ်ခံနေကြရသော သူတို့သည် အကုသိုလ်ပြုလုပ်တုန်းက အချိန်ကာလသည် တိုတောင်းလှ၏။ ထို၏ဆိုးကျိုးများကို ခံရသောအချိန်ကာလက တစ်ကမ္ဘာပြီး တစ်ကမ္ဘာ၊ ကမ္ဘာနှင့်ချီပြီး ကမ္ဘာအဆက်

ဆက်ခံရပုံကို အသိဦးဖို့ လိုအပ်လှပေသည်။ ထိုသို့ ကောင်းသူစံ၊ မကောင်းသူခံဖြစ်နေကြသော သူတို့၏ ကမ္ဘာအရေအတွက်ကား ကိုးဆယ့်နှစ်ကမ္ဘာလွန်၍ ဖြစ်ကုန်၏။

ကိုးဆယ့်နှစ်ကမ္ဘာလွန်၍ နောက်ကမ္ဘာအမည်ပြောင်းလာသည်မှာ ဘဒ္ဒကမ္ဘာဖြစ်သည်။ ဤဘဒ္ဒကမ္ဘာဖြစ်ပေါ်လာသည်ရှိသော် အကုသိုလ်ဂိုဏ်းအဖွဲ့သည် ငရဲဘဝမှ လွတ်မြောက်၍ ပြိတ္တာဘဝသို့ အကုသိုလ်အကျိုးဆက်က ပြင်းထန်စွာ ပို့ပေးသဖြင့် ရောက်ရှိရပြန်သည်။ ထိုအချိန်ဝယ် ကုသိုလ်ရှင်အဖွဲ့က နတ်ပြည်မှာ ခံစားစံစားနေတုန်းအချိန်၊ ဤဘဒ္ဒကမ္ဘာ၌ ရှေးဦးစွာ ကကုသန်မြတ်စွာဘုရား လူ့ပြည်တွင် ထင်ရှားစွာ ပွင့်တော်မူလေ၏။ ကကုသန် ဘုရား ပွင့်လတ်သော် လူနတ်ဗြဟ္မာသတ္တဝါတို့အားရဝမ်းသာ ဖြစ်ကြရသတဲ့။ ထိုဘုရားရှင်ထံမှာ ဒါန၊ သီလ ဘာဝနာ ပြုလုပ်ကြကာ၊ ယင်းအကျိုးဆက်ကြောင့် တရားထူးရကာ ငြိမ်းအေးသွားကြတယ်။ တချို့မှာ သေလွန်ပြီးနတ်ပြည် ဗြဟ္မာပြည်သို့ ရောက်ကြရတယ်။ ထိုအချိန်မှာပဲ ဘဝပြောင်း သေသူသေ၊ ဖြစ်သူဖြစ်နှင့်နေကြရာ တစ်နေ့မှာ သဒ္ဓါတရားနှင့် ပြည့်စုံသောသူတို့က ကကုသန်ဘုရားထံမှာ ထူးခြားသော ကုသိုလ်ပွဲပြုလုပ်ရန် စီစဉ်နေကြ၏။ ထူးခြားသောကုသိုလ်ပွဲဆိုရာမှာ သံသရာအဆက်ဆက်၊ ကမ္ဘာအဆက်ဆက်ကတော်စပ်ခဲ့ကြသည့် မကျွတ်မလွတ်သော ပြိတ္တာတို့ကို ရည်စူး၍ပြုလုပ်ပေးသော ကုသိုလ်ပွဲဖြစ်ခြင်းကြောင့် ထူးခြားသော ကုသိုလ်ပွဲဟု ဆိုလိုက်ရသည်။ ကုသိုလ်ပွဲပြုလုပ်နိုင်ရန်၊ ကကုသန် မြတ်စွာ

ဘုရားအား ပင့်တော်မူ၍ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို ပေးလှူပူဇော်ကြသည်။ ဤသို့ ပြုလုပ် လှူဒါန်းပေးသော ကုသိုလ်တို့၏ အဖို့ဘာဂတို့ကို ဆွေမျိုးပြိတ္တာ တို့အား အမျှပေးဝေသောအခါ သာဓုခေါ်ဆိုရ၍ ပြိတ္တာဘဝမှ လွတ်မြောက်သွားကြ၏။

လွတ်မြောက်သွားသော ပြိတ္တာတို့တွင် ဖုဿဘုရားရှင် လက်ထက်က အလှူဒါန ဖျက်ဆီးခဲ့၍ ဆင်းရဲဒုက္ခ ခံစားနေရ သော ပြိတ္တာတို့ မပါချေ။ မပါရခြင်းကား အကုသိုလ်အကျိုး ဆက် ကြီးလေးသောကြောင့် သာဓုမခေါ်ဆိုနိုင်ပေ။ ပြိတ္တာ တို့သည် ကကုသန်မြတ်စွာဘုရားကိုသိသည်။ မြင်သည်၊ တွေ့ သည်။ ထိုပြိတ္တာတို့အဖြစ်က ဘုရားရှင်ကို တွေ့မြင်သိလျက် သားနှင့် အကုသိုလ်ကံကြွင်း မကုန်သေးသောကြောင့် သာဓုမခေါ် ဆိုနိုင်၍ ကျွတ်တမ်းမဝင်ဘဲ ဖြစ်ရသည်။ အတိတ်အကုသိုလ်ကံ က တားမြစ်ထားသည်။ ထိုပြိတ္တာအဖွဲ့များသည် သာဓု မခေါ် ရသည်ရှိသော် ကကုသန်ဘုရားထံ ချဉ်းကပ်လာကြ၏။ ချဉ်း ကပ်လာပြီး ဘုရားရှင်ကို လျှောက်ထားလေသည်ကား-

အရှင်ဘုရား အကျွန်ုပ်တို့သည် ဘယ်အခါ သာဓုခေါ်ဆို နိုင်၍၊ ဘယ်တော့မှ ကျွတ်တမ်းဝင်နိုင်ပါမည်နည်း လျှောက်ထား ကြကုန်၏။ ပြိတ္တာများလျှောက်ကြသည်ရှိသော် ကကုသန် ဘုရား ရှင်သည် အနာဂတံသ ဉာဏ်တော်နှင့်ကြည့်ရှုတော်မူ၏။ ကြည့်ရှု တော်မူပြီး မိန့်ကြားတော်မူသည်မှာ အသင်ပြိတ္တာတို့ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက်၊ နှစ်ပရိစ္ဆေဒ ကြာလာ

သည်ရှိသော် ဤမဟာပထဝီမြေကြီးသည် တစ်ယူဇနာမျှ အထက်သို့တက်လာလိမ့်မည်။ ထိုအခါ လူ့ပြည်တွင် ကောဏာဂုံ ဘုရား ထင်ရှားစွာ ပွင့်တော်မူလိမ့်မည် အသင်ပြိတ္တာတို့ ထို ကောဏာဂုံ ဘုရားထံမှာ မေးမြန်းလျှောက်ထားလေဟု မိန့်တော်မူ လိုက်သည်။

ဘုရားရှင်မိန့်သံစကား ကြားရလျှင် ဤဘုရားလက်ထက် မျှော်လင့်ချက်မရှိ၍ ပြန်ကြရသည်။ အချိန်က ကြာလာလေပြီ။ ကကုသန် မြတ်စွာဘုရား အစဉ်အတိုင်းနေတော်မူ၍ ပရိနိဗ္ဗာန် ပြုသွားလေပြီ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုသွားသော် ပြိတ္တာတို့ဆင်းရဲ ဝေဒနာ ညည်းတွားစွာ ခံစားရင်း နေရလေပြီ။ အခြားသော ပြိတ္တာများ ကုသိုလ်အဖို့ဘာဂကို သာဓုခေါ်ဆိုနိုင်၍ ကျွတ်တမ်း ဝင်သွားသည်ကို မြင်တွေ့ရလျှင် နှလုံးမသာမယာဖြစ်ကာ ပူဆွေး သောကနေမရတော့ဘဲ ငိုကြွေးနေရတော့၏။ ငိုကြွေး၍ စိတ် မချမ်းမသာ ဖြစ်သော်လည်း ခုချိန်မှာ မည်သို့မျှ မတတ်နိုင် ချေ။ ကကုသန်ဘုရား မိန့်ကြားသွားသော နောင်ပွင့်တော်မူမည့် ကောဏာဂုံဘုရားကိုသာ စောင့်မျှော်ရင်း ပြိတ္တာဘဝနှင့်ပင် နေရ တော့၏။ ကကုသန်ဘုရားရှင် ပရိနိဗ္ဗာန်ပြုသွားလို့ ကာလ ကြာမြင့်လတ်သော် ဘုရားရှင်မိန့်ခဲ့သည့်အတိုင်း မဟာပထဝီ မြေကြီးအထက်သို့ တစ်ယူဇနာမြင့်တက်လာ၏။ ထိုအခါ ကောဏာဂုံဘုရားလောင်းပေါ်ပေါက်၍ လူ့ပြည်တွင် ဘုရားအဖြစ် သို့ ပွင့်ထွန်းတော်မူပြီး ထိုဘုရားလက်ထက်တွင်လည်း လူဖြစ်ခွင့် ဘုရားဖူးခွင့်၊ အလှူဒါနပြုခွင့် ရကြ၍ တရားထူး တရားမြတ်

ရကြကာ ကျွတ်တမ်းဝင်ခဲ့ရ၊ ကောင်းကျိုးခံစားရခြင်းစသော အကျိုးများ ရရှိနေကြသည်။

တစ်နေ့မှာ ကုသိုလ်ပြုခွင့်ရနေသော သူတို့သည် စဉ်းစားဝေဖန်ကြတယ်။ ငါတို့သည် ရှည်လျားလှစွာသော သံသရာ အဆက်ဆက် ဖြစ်ခဲ့ကြရာ၊ ကျွတ်တမ်းမဝင်နိုင်၊ မကျွတ်မလွတ်သောသူတို့ ယင်းကား အခြားမဟုတ် ပြိတ္တာများပင် ဖြစ်သည်။ အမျိုးပြိတ္တာများ ရှိနိုင်ရာ ပြိတ္တာတို့အား ရည်စူးပြီးကုသိုလ်ပြုလုပ်ပေးရလျှင် ကောင်းမည်ဟုကြံစည်ကြလေ၏။ အကြံဖြစ်သည်အားလျော်စွာ ကျွတ်တမ်းဝင်နိုင်မည့် ပုဂ္ဂိုလ်တို့အတွက် ဖိတ်မံတက ပြုပြီး ကုသိုလ်ပွဲဘုရားထံမှာ လှူဒါန်းအမျှပေးဝေလျှင် အကျိုးများနိုင်မည်။ ကုသိုလ်ပွဲ အကောင်အထည်ဖော်နိုင်ရန် တိုင်ပင် ဆွေးနွေးကြ၏။ သဒ္ဓါတရားတူမျှသော သူတို့အားလုံး သဘောတူကြကာ နေ့သတ်မှတ်၍ ဆုံးဖြတ်ချက်ချကြ၏။ တစ်နေ့ စီစဉ်ထားသော အစီအစဉ်အတိုင်း ဘုရားရှင်ထံ လှူဒါန်းပူဇော်ပြီး အမျှပေးဝေလိုက်၏။ ပေးဝေသောအမျှကို ပြိတ္တာများ သာဓုခေါ်ဆိုကာ အမှောင်ဘဝမှ လွတ်ကင်းပြီး အလင်းဌာန သုဂတိဘဝသို့ ရောက်ရှိပျော်ရွှင်သွားကြ၏။

ထိုအထဲပျော်ရွှင်မှုမရဘဲ ကျန်ရစ်ခဲ့ကြသော ပြိတ္တာအဖွဲ့မှန်ပါတယ်။ နောက်ဘုရားတစ်ဆူပွင့်လျှင် သာဓုခေါ်ဆိုရမှာပဲဟု စောင့်မျှော်ခဲ့ရသော သက်တမ်းရှည်ကြီး။ သက်တမ်းရှည်က ဆင်းရဲသက်တမ်းရှည်၊ ဆင်းရဲသက်တမ်းရှည်ကာလမှာ အိပ်မက်ဆိုးများထပ်မက်လေဦးမည်လော အတွေးကိုယ်စီဖြင့် ဘုရားထံ

ချဉ်းကပ်ရန် အားထုတ်ကြ၏။ ဘုရားရှင်ထံ ရောက်သော် သာဓု ခေါ်နိုင်ရန် အခွင့်အလမ်း မေးမြန်း လျှောက်ထားကြသည်။ ကောဏာဂုံမြတ်စွာဘုရားသည် ပြိတ္တာများ ကုသိုလ်အဖို့ သာဓု ခေါ်နိုင်ရန် အခွင့်အလမ်းရှိမရှိ ကြည့်ရှုဆင်ခြင်တော်မူ၏။ ပြိတ္တာတို့လွတ်မြောက်မှု အခွင့်အလမ်းမရရှိနိုင်ပုံကို မြင်တော်မူ၍ မိန့်သံစကားကြားတော်မူသည်မှာ အသင်တို့ အသင်တို့သည် ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးသော နောက်ကာလဝယ် ဤမဟာပထဝီမြေကြီး အထက်သို့ တစ်ယူဇနာရောက်လတ်သော် လူ့ပြည်တွင် ကဿပ ဘုရားထင်ရှားစွာ ပွင့်လိမ့်ဦးမည်။ ထိုဘုရားထံမှာ မေးမြန်း လျှောက်ထားလေဦးလော့ဟု မိန့်တော်မူလေ၏။

ဒီလိုနှင့် ဤဘဒ္ဒကမ္ဘာ၌ နှစ်ဆူမြောက် ကောဏာဂုံဘုရား ပရိနိဗ္ဗာန်စံတော်မူသွားပြီ။ နှစ်တွေ၊ လတွေ၊ ခေတ်တွေအလီလီ ပြောင်းလို့ကာလကြာမြင့်လာခဲ့၏။ သတ္တဝါများ မှီတင်းနေထိုင်ကြသော မြေကြီးက တစ်ယူဇနာလောက်အထက်သို့ မြင့်တက်ခဲ့သည်။ ဤအခါနောက် ဘုရားတစ်ဆူပွင့်ရန် အချိန်ရောက်ပြန်လေပြီ။ ရှေးဘုရားရှင်တို့စကား မိန့်ကြားသွားတော်မူသည့်အတိုင်း လူ့ပြည်တွင် ကဿပဘုရား ပွင့်လင်းပေါ်တော်မူ၏။ ကဿပ မြတ်စွာဘုရား သာသနာမှာလည်း လူနတ်ဗြဟ္မာ သတ္တဝါတို့ မှီဝဲဆည်းကပ်ပူဇော်ကြကာ များစွာပင် ကျွတ်တမ်းဝင်သွားကြ၏။ ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူလျှင် အမျှပေးဝေ၍ ကျွတ်တမ်း ဝင်ကြသော ပြိတ္တာများ ရှိသွားကြလေ၏။ ယခု ကဿပဘုရား ရှင်ထံတော်မှာ ဘဝသံသရာများစွာက တော်စပ်ခဲ့ဖူးသော ဆွေမျိုး

ပြိတ္တာတို့အား ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ကြကာ အမျှ အတမ်းပေးဝေလိုက်သော် ပြိတ္တာများ သာဓုအနုမောဒနာ ခေါ်ဆိုရပြီး ချမ်းသာသောဘဝကို ရသွားကြလေတော့၏။ ဒါပေမယ့် ယခု ကျွတ်တမ်းဝင် ချမ်းသာသုခရသွားကြသော ပြိတ္တာတို့အထဲ ကျန်မြဲကျန်နေသော ပြိတ္တာများအဖြစ်၊ ခံလေသမျှ သံရေကျမို့၊ ပူဆွေးမဝ ငိုကြွေးနေရသော ဒုက္ခအမှောင်ဘဝ၊ ထိုသို့ပြိတ္တာအမှောင်ဘဝသို့ ပို့ပေးမည့် ကြီးလေးသော အကုသိုလ်ကံများမဖြစ်ရလေအောင် သံဝေဂယူရှောင်ကြဉ်ကြရမည်။ ဘုရားတစ်ဆူပွင့်တော်မူမည့် အချိန်ကာလကိုသာ စောင့်မျှော်ခဲ့ရသော ပြိတ္တာများအဖြစ်၊ စောင့်မျှော်ခဲ့သောအချိန် ရောက်၍ ဘုရားတစ်ဆူပွင့်ပါသော်လည်း သာဓုခေါ်ခွင့် မရဘဲ ဆင်းရဲကြီးစွာ ကျန်ရစ်ခဲ့သော အဖြစ်က ဆိုးလွန်းလှ၏။

ဤသို့နှင့်သာဓုခေါ်ခွင့်မရ၍ ကျန်နေသော ပြိတ္တာများသည် တစ်နေ့မှာ ကဿပဘုရားထံ ချဉ်းကပ်လျှောက်ဦးမည်ဖြစ်၍ လာနေကြ၏။ ပူဆွေးမဝ၊ ငိုကြွေး ဖြင့် တစ်လိမ့်လိမ့်လာနေကြသော ပြိတ္တာများကို တွေ့မြင်ကြ ကြပါ။ ယခုပွင့်တော်မူနေသော ကဿပမြတ်စွာဘုရားသည် ဤဘဒ္ဒကမ္ဘာ၌သုံးဆူမြောက်ပွင့်တော်မူသော ဘုရားဖြစ်လေ၏။

ထိုသုံးဆူမြောက်ပွင့်တော်မူသော ကဿပမြတ်စွာဘုရားကို ပြိတ္တာတို့ မေးမြန်းလျှောက်ထားတော့မည်။ ထိုအခါ ကဿပဘုရားရှင်က မည်သို့မိန့်သံစကား ကြားလိမ့်မည်နည်း။ ဘုရားရှင်ထံမှ အဖြေစကားကြားချင်နေမည့် ပြိတ္တာများ၊ မိန့်ကြားမည့်

စကားထဲ ကျွတ်နိုင်၊ လွတ်နိုင်သောစကားများ ပါပါ့မည်လား အဖြေမရခင်၊ ဆင်းရဲဝေဒနာရှင်ဖြစ်နေသော ပြိတ္တာတို့ ပြီးခဲ့သော အတိတ်ပြန်တွေးလျှင် ရှေးဘုရားနှစ်ဆူတို့ကို လျှောက်ထားခဲ့ တုန်းက မကျွတ်မလွတ်နိုင်သေး၍ ဘုရားရှင်တို့က အဖြေကို အသိအကျ မပေးလေ။ ရှေ့မျှော်လင့်ချက်အနေနှင့်သာ အဖြေ ပေးတော်မူသွားကြ၏။

ယခုလည်း မျှော်လင့်ချက်ရှည်ကြီး ပေးဦးမည်ဆိုလျှင် သောကပင်လယ်ကျောဒုက္ခတွေ မပြတ်မျောနေသည့် ပြိတ္တာတို့ အဖြစ် နှောင်လာလူအများတို့ သိမြင်စေချင်စမ်းပါဘိ ဤကဲ့သို့ သံဝေဂသဘောနှောလျက် ညီးတွားသံလည်း ပွဲတင်ထပ်နေမှာ မလွဲနိုင်ပါ။ "အထ ကြမသ္မိ ဘဒ္ဒကပ္ပေ ကဿပ ဗုဒ္ဓကာလေ တေပင္ဒိဟာတ စိတ္တာဇနာပေတေသု ဥပပန္နာ"

အထ–ထိုသို့ဘုရားတစ်ဆူတစ်ဆူ စောင့်ခဲ့လာရာ ထိုနောင်မှ။ ကြမသ္မိ ဘဒ္ဒကပ္ပေ–ဤဘဒ္ဒကမ္ဘာ၌၊ ကဿပဗုဒ္ဓကာလေ– ကဿပဘုရားလက်ထက်တော်၌၊ ပင္ဒိဟာတစိတ္တာ–ရှေးဘုရား လက်ထက်က ရတနာသုံးပါးအား ထိပါးသောစိတ်ရှိကုန်သော၊ တေဇနာ–ထိုလူတို့သည်၊ ပေတေသု–ပြိတ္တာဘဝတို့၌၊ ဥပပန္နာ၊– ဆက်၍ဖြစ်ကြကုန်၏။

ဤပါဠိတော်အဆိုအရ ကဿပဘုရားရှင် လက်ထက်မှာ လည်း ကျွတ်တမ်းမဝင်နိုင်သေးဘဲ ဆက်ဖြစ်နေပုံကို ပြတော် မူ၏။ ဤပြဆိုချက်ရ ပြိတ္တာတို့အဖို့ မျှော်လင့်ချက်ကော ရှိနိုင် ပါဦးမည်လော။ ပြိတ္တာများ သာခုမခေါ်ဆိုနိုင်၍ ကျန်ခဲ့ရသည့်

အကြောင်းကို ကဿပဘုရားရှင်ကို လျှောက်လေပြီ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် ဘုရားတစ်ဆူတစ်ဆူတို့၏ ဗျာဒိတ်စကားကြောင့် စောင့်လာခဲ့ရာ နှစ်တွင်မက ကပ်တွေလည်းများလှပါပြီ အရှင်ဘုရား။အရှင်ဘုရား ပွင့်တော်မူမည့်အချိန် စောင့်ခဲ့ရတာလည်း တပည့်တော်တို့ဘဝ ဆင်းရဲလှပါသည်ဘုရား၊ ယခုလည်း အရှင်ဘုရားအား လူများ ကုသိုလ်ပြုလုပ်ပြီး အမျှပေးဝေသော်လည်း သာဓုမခေါ်နိုင်၍ ကျန်ခဲ့ပါသည်အရှင်ဘုရား။ တပည့်တော်တို့ရဲ့ ဆင်းရဲသော ပြိတ္တာအမှောင်ဘဝမှ ကျွတ်ချင်လွတ်ချင်နေပါသည် အရှင်ဘုရား မည်သည့်အချိန်ကာလမှာ လွတ်မြောက်နိုင်မည်ကို မိန့်ကြားတော်မူပါ မြတ်စွာဘုရား။

ကဿပဘုရားရှင်သည် ပြိတ္တာတို့သိလို၍ မေးမြန်းလျှောက်ထားချက်တို့ကို မိန့်ကြားတော်မူလေ၏။ အကုသိုလ်ကံကြောင့် ကာလရှည်စွာ ဆင်းရဲခံစားနေရသော အသင်ပြိတ္တာတို့ ယခုအခါ သင်တို့သည် မလွတ်နိုင်ကြသေး။ စင်စစ်မူကား ငါဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဤမြေပြူးသည် တစ်ယူဇနာနှင့် သုံးဂါဝုတ် အထက်သို့ တက်လိမ့်ဦးမည်။ ထိုအခါ လူ့ပြည်တွင် ဂေါတမဘုရားရှင် လူတွင်ထင်ရှား ဘုရားဖြစ်လတ္တံ့၊ ထိုဂေါတမဘုရားလက်ထက်တွင် ဗိမ္ဗိသာရအမည်ရှိသော မင်းဖြစ်ပေါ်လာလိမ့်မည်။ ဗိမ္ဗိသာရမင်းသည် ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာအထက်က သင်ပြိတ္တာတို့ရဲ့ ဆွေမျိုးဖြစ်ခဲ့ဖူးလေ၏။

သင်တို့နှင့် ဆွေမျိုးတော်စပ်ခဲ့ဖူးသော ဤဗိမ္ဗိသာရမင်း

သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူပေး၍ သင်တို့အား အမျှပေးဝေလတ္တံ့၊ ထိုပေးသောအမျှ ရကြ၍ သင်တို့ ပြိတ္တာဘဝမှ လွတ်မြောက်ကြလိမ့်မည်ဟု မိန့်တော်မူလေ၏။ ယခု ကဿပမြတ်စွာဘုရား မိန့်တော်မူသည်ကိုကြည့်လျှင် အတိ အကျ မိန့်ကြားထားသည်ကို သိရလေ၏။ ဤကဿပဘုရားရှင် မိန့်ကြားလိုက်သည်ကို ကြားရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်မှာ တော့ ဧကန်မလွဲနိုင်ပါ။ မှန်လေ၏။ ရှေ့ရှေ့ဘုရားရှင်တို့ မိန့်ကြားစဉ်က ကျွတ်လွတ်ဖို့အကြောင်းမပါ၊ ခု ဘုရားရှင်မိန့် ကြားပုံက ကျွတ်လွတ်ဖို့အကြောင်းပါနေ၏။ ထို့ကြောင့် ပြိတ္တာ တို့နောက် ဘုရားတစ်ဆူ စောင့်မျှော်ရခြင်းသည် နောက်ဆုံး အကြိမ်ဖြစ်နေလိမ့်မည်။ ပြိတ္တာများ ဘုရားထံမှ ကြားသိရသော စကားတို့က စိတ်ဓာတ်ပြောင်းလဲကာ တက်ကြွသွားစေ၏။ ပြိတ္တာတို့ စိတ်ထဲ နက်ဖြန်ခါ ကျွတ်လွတ်တော့မည်ဟု ဆိုသကဲ့ သို့ အောက်မေ့မှတ်ထင်ကာ စောင့်ဆိုင်းနေလေတော့၏၊

ရှေးအစဉ်အလာဘုရားရှင်တို့ အချိန်ကျလျှင် ပရိနိဗ္ဗာန်ပြု မြဲမို့ ကဿပမြတ်စွာဘုရား ရှေးဘုရားရှင်တို့နည်းတူ အချိန်အခါ ရောက်၍ **ပရိနိဗ္ဗာန်စံတော်မူလေပြီ။** ဘုရားပရိနိဗ္ဗာန်ယူပြီးနောက် အရာဝတ္ထုလည်း ပြောင်းလဲမှုများစွာနှင့် ပြောင်းလဲလာကြ၏။ ဤကမ္ဘာမြေကြီးလည်း တစ်ယူဇနာနှင့် သုံးဂါဝုတ်အထက်သို့ ရောက်လာသောအခါ အရှင်ဂေါတမ ဘုရားလောင်းသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီများဖြည့်ကျင့် ဆည်းပူး တော်မူပြီး၍ သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင်ထိုးထွင်း

သိတော်မူကာ လူ့ပြည်တွင် သဗ္ဗညုတရွှေဉာဏ်တော် ရရှိ၍ ဘုရားအဖြစ်သို့ရောက်တော်မူလေ၏။

ထိုအချိန်မှာပဲ နတ်ပြည်မှာ စည်းစိမ်ချမ်းသာတို့ကို အကြိမ်ကြိမ်ခံစားနေကြသော မင်းသားညီနောင် နတ်သားသုံးယောက်တို့သည် မိမိတို့၏များစွာသောအခြံအရံ ပရိသတ်နှင့်တကွ နတ်ပြည်မှ စုတေလာကြ၏။ စုတေခဲ့၍ လူ့ပြည် မာဂဓတိုင်း ပုဏ္ဏားမျိုး၌ဖြစ်ကြပြီးလျှင် တစ်ခုသော အရပ်ဒေသ၌ နေကြလေကုန်၏။ သဒ္ဒါတရားထက်သန်စွာနှင့် ဖုဿဘုရားရှင်အား ကိုးကွယ်ဆည်းကပ်လှူဒါန်းခဲ့သော နိယုတ္တကအမတ်ကြီးသည် ယခုအခါ ဗိမ္ဗိသာရမင်းကြီး ဖြစ်လာလေ၏။

ရတနာသုံးပါးကို ယုံကြည်လျက် ဘုရားရှင်နှင့် သံဃာတော်တို့အား အလှူဒါနဝတ် ဆည်းပူးခဲ့သော ဘဏ္ဍာထိန်းက ယခုအခါ ဝိသာခသူဌေးဖြစ်လာ၏။ ရတနာသုံးပါးအား ရိုသေစွာ ဂရုတစိုက် ကိုးကွယ်ဆည်းကပ်ခဲ့သော ဘဏ္ဍာထိန်း၏မယားသည် ယခုအခါ ဓမ္မဒိန္နာအမည်ရှိသော သူဌေးသမီးဖြစ်လာလေ၏။ နိယုတ္တကအမတ်၏ စည်းရုံးမှုကြောင့် အလှူဒါန၊ ဝေယျာဝစ္စကုသိုလ်များကို အတူလက်တွဲပြုလုပ်ဖူးသော မိတ်ဆွေအပေါင်းအသင်း၊ အခြံအရံပရိသတ်တို့သည် ဗိမ္ဗိသာရမင်းကြီး၏ အခြံအရံများ ဖြစ်လာကြ၏။ ဤသို့ ပါရမီဖြည့်ဖက် ကုသိုလ်ရှင်များ လူ့ပြည်မှာ တစ်စုတဝေးတည်း ဖြစ်လာကြ၏။

# ပါရမီရှင်များ ကုသိုလ်က နှိုးဆော်ပေးပုံ

သစ္စာလေးပါး မြတ်တရား ထိုးထွင်းသိမြင်၊ အပရာဇိတ ပလ္လင်တော်ထက်တွင် ဘုရားဖြစ်ပြီး လေးဆယ့်ကိုးရက်တိုင်တိုင် ခန္ဓာကိုယ်နှင့် အသွေးအသား ဉာဏ်တရားတို့ ကြည်လင်ပြတ်သားတောက်ပစွာဖြင့် သမာပတ်တရားတို့ကို ဝင်စားတော်မူလေ၏။ သမာပတ်တရားများကို ဝင်စားတော်မူပြီးလျှင် ဗာရာဏသီပြည်သို့ ကြွတော်မူ၏။ ဗာရာဏသီပြည် မိဂဒါဝုန်တောမှ ပဥ္စဝဂ္ဂီငါးဦးတို့ကို ရှေးဦးစွာ ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားတော်မူလေ၏။ တရားမြတ်ဟောကြားပြီး အရံတစ်ထောင်ရှိသော ရသေ့ညီနောင်တို့ကို တရားဟော ဆုံးမတော်မူလေ၏။

ဘုရားရှင်သည် တရားဟောပြီး ရာဇဂြိုဟ်ပြည်သို့ ခရီးဆက်ကြွချီတော်မူသည်။ ဘုရားရှင်ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးတော် မူနေ၏။ ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည့်အသံ ကြားကြလျှင် အတိတ်က အထုံပါရမီဆည်းပူးခဲ့သော ကုသိုလ်ကံ အရှိန်အဝါတို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည်

ဘုရားရှင်ထံ သွားလိုသော စိတ်ဆန္ဒထက်သန်နေ၏။ တစ်ဖန် ကုသိုလ်ရေစက် ပါလာကြကုန်သော ပုဏ္ဏား၊ သူဌေးသူကြွယ် တို့သည် တစ်ဆင့် စကား တစ်ဆင့်နားဖြင့် ဘုရားထံသွားရန် စုဝေးကြလေကုန်၏။

ထိုအခါ ဗိမ္ဗိသာရမင်းအမှူးရှိ သော ပရိသတ်အများအပြား တို့သည် ဘုရားထံစုဝေးရောက်နေကြပြီ။ မြတ်စွာဘုရားသည် မင်းကြီးနှင့်တကွ စုဝေးရောက်လာကြကုန်သော ပရိသတ်များ အား တရားဒေသနာဟောကြားပေးတော်မူ၏။ ဟောကြား ပေးတော်မူအပ်သော တရားတော်အဆုံး၌ ဗိမ္ဗိသာရမင်း၊ တစ်သိန်းနှစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်ပရိသတ်တို့ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်သို့ရောက်၍ သောတာပန် ပုဂ္ဂိုလ်များ ဖြစ်သွားကြလေ၏။ တရားမြတ်ရ၍ သောတာပန် ဖြစ်သွားသော ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်အပေါ် သဒ္ဓါ တရားခိုင်မြဲသွားလို့ ဆွမ်းဆက်ကပ် လှူဒါန်းရန်ပင့်တော်မူသည်။ မင်းကြီးပင့်ဖိတ်သည်ကို ဘုရားရှင် လက်ခံတော်မူလေ၏။ ထိုအခါ မင်းကြီးက မိမိပင့်ဖိတ်သောဆွမ်းကို ဘုရားရှင်ကြွရောက် ၍ ဘုန်းပေးမည်ကို သိရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မင်း အိမ်နန်းတော်မှာ ပြင်ဆင်စီမံနေတော့၏။

အခြံအရံ ပရိသတ်များကလည်း မင်းကြီးဘုရားရှင်ကို အလှူပေးတော့မည်သိကာ ဝမ်းမြောက်ဝမ်းသာနှင့် ဝိုင်းဝန်းစီမံ နေကြပြီ။ ထိုအခါ အရေးကြီးသောပုဂ္ဂိုလ်များ၊ အခြားတော့ မဟုတ်ပါ။ ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရသော ပြိတ္တာတို့

အဖြစ်၊ မှန်ပါသည် အကုသိုလ်ပြစ်ဒဏ်ခတ်မှုကြောင့် ကမ္ဘာနှင့်ချီပြီး ဆင်းရဲဒုက္ခခံနေရသော ပြိတ္တာတို့ ကံအကြောင်းတရား၊ ပြုခဲ့မိသည့်အတိတ်ကို တွေးမိတိုင်း ဘဝနာခဲ့ရတဲ့အဖြစ်က များစွာပင် မဟုတ်ပေလား။

ဤပုဂ္ဂိုလ်တို့ ကျွတ်တမ်းဝင်၍ နောင်လူ့ဘဝရခဲ့လျှင် ရတနာသုံးပါးအပေါ် ပြစ်မှားကျူးလွန်ဦးမည်လားဆိုလျှင် ပြိတ္တာတို့အနေနှင့် အတိတ်ကံဆိုးက ချောက်လှန့်နေသည့်အတွက် ပြစ်မှားဖို့ဝေး အသံတောင်ကြားချင်မည် မဟုတ်ဟု ထင်မိပေ၏။ မည်သည့်အတွက်ကြောင့် ပါနည်း။ အနာဂတ်၊ အနာဂတ်ဘဝတွေ သိလျက်နှင့် ခံစားနေရလို့ပါ။ ဘုရားအဆူဆူတို့ကို တွေ့မြင်မိလျက်သားနဲ့ ကျွတ်တမ်းမဝင်နိုင်ဘဲ ခံစားရသည့်အဖြစ်က ကိုယ်တိုင်ပင် ပင်ပန်းကြီးစွာ ခံခဲ့ရသည် မဟုတ်ပါလား။ ကိုယ့်လောက်အကုသိုလ်အပြစ်မကြီးခဲ့သော ပြိတ္တာတို့ ကိုယ့်ရှေ့မှာပင် ကျွတ်တမ်းဝင်သွားသည်တို့ကို မြင်ရလျှင် ကိုယ့်ကိုကိုယ် ရင်နာစရာအဖြစ်က ဘဝများစွာပင် ဤသို့သော သက်တမ်းရှည်ဘဝဆိုးကြီးတွေ တွေးပြီးကြောက်လန့်နေရင်း မင်းကြီး ကုသိုလ်ပြုမည့်နေ့ရက်ကိုသာ စောင့်မျှော်နေသောအချိန်၊ ယခုတော့ မင်းကြီး မနက်ဖြန် အလှူဒါနပြုလုပ်တော့မည်တဲ့။ ဘာပဲဖြစ်ဖြစ် ထိုအခွင့်ထူးကို ပြိတ္တာများ လက်လွှတ်ခံမည်မဟုတ်။ ထို့ကြောင့် ပြိတ္တာများသာဓုခေါ်ရန် ညတည်းက တရုံးရုံးဖြစ်နေကြ၏။ မင်းရင်ပြင်နန်းတော်တံခါးပေါက်စသော အရပ်တို့၌ တိုးဝှေ့ကာ နေရာယူနေကြ၏။ ပြိတ္တာများ မင်းကြီး၏နန်းတော်ရင်ပြင် အသီးသီးမှာ

ရောက်နေသည်ကို ဗိမ္ဗိသာရမင်းကြီး မသိရှိပေ။ နံနက်မိုးသောက် အလင်းရောက်လို့ အချိန်ကျလျှင် ဘုရားရှင်သည် မင်းကြီးနန်းတော် ဆွမ်းဘုဉ်းပေးရန် ကြွလာတော်မူ၏။ ဘုရားရှင် ကြွလာလျှင် စီမံထားသော နေရာထိုင်ခင်း၊ ဆွမ်းစသည်တို့ကို ကပ်လှူပူဇော်လေ၏။ ဆွမ်းဖြင့်လုပ်ကျွေး ပူဇော်နေချိန်မှာပင် မင်းကြီးသည် ဘုရားရှင်အပေါ် ပီတိသောမနသ ဇောအဟုန်ကြွကာ ရွှင်ပြုံး နေပါ၏။

တစ်ဖန် ဘုရားရှင်၏သီတင်းသုံးမည့်နေရာ သင့်တော်မည့် အရပ်ဒေသတို့၌ ကျောင်းများ ဆောက်လုပ်လှူဒါန်းနိုင်ရန်မင်းကြီး စိတ်ထဲကြံစည်စဉ်းစားအာရုံများနေလေ၏။ မင်းကြီးက အမျှမပေးဝေသည်ရှိသော် ပြိတ္တာတို့သည် အာသာပြတ်ကာ မင်းကြီးအား သတိပေးလေတော့၏။ ညအခါသို့ရောက်လျှင် ပြိတ္တာတို့သည် မင်းကြီး၏နန်းတော်အောက်သို့ ဝင်ရောက်ကြကာ ကြောက်မက်ဖွယ်သောအသံတို့ကို ပြုလုပ်ကြကုန်၏။ မင်းကြီးသည် ကြောက်မက်ဖွယ်သော အသံများကို ကြားရလျှင် အိပ်စက်မရတော့ဘဲ မိုးလင်းခြင်းသို့ရောက်လေ၏။

နံနက်မိုးသောက်အလင်းသို့ ရောက်လျှင် ဘုရားထံသို့ သွားရောက်ပြီး ညအခါက ကြားခဲ့ရသောအသံတို့ကို လျှောက်ထားလေသည်။ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား တပည့်တော်သည် ညဉ့်အခါက ကြောက်မက်ဖွယ်ကောင်းသောအသံတို့ကို ကြားရပါ၏။ ထိုအသံများကြောင့် တပည့်တော်အား အဘယ်သို့ ဖြစ်လတ္တံ့ပါနည်းဘုရား" လျှောက်လေ၏။

ဘုရားရှင်သည် မင်းကြီးကြားခဲ့ရသောအသံများနှင့် ပတ်သက်လို့ ဖြစ်ပျက်ပုံအလုံးစုံတို့ကို မိန့်တော်မူလေ၏။ မင်းကြီး ထိုအသံများနှင့် ပတ်သက်လို့ မကြောက်ပါလင့်။ ဤအသံများ ကြောင့် သင်မင်းကြီးအား တစ်စုံတစ်ခုသော ဆုတ်ရုတ်ခြင်းသည် မဖြစ်ပါ။ စင်စစ်မှာမူ အတိတ်ဘဝက သင်မင်းကြီးနှင့် ဆွေမျိုး တော်စပ်ခဲ့သော ပြိတ္တာများ ဖြစ်လေသည်။ ထိုပြိတ္တာတို့သည် နှစ်ပေါင်းများစွာ ဆင်းရဲဝေဒနာတို့ကို ခံစားရ၍ ပူပင်နေသော ပြိတ္တာများ၊ ဆင်းရဲသောအမှောင်ပြိတ္တာဘဝမှ လွတ်ချင်လို့ ဘုရား အဆူဆူ စောင့်ခဲ့လေသော ပြိတ္တာများဖြစ်သည်။ ပြိတ္တာတို့သည် နှစ်ဆူသောဘုရားတို့၏ တစ်ခုသော ကြားကာလပတ်လုံး ဘုရား အား အလှူပေး၍ ငါတို့အား အမျှပေးဝေလတ္တံ့၊ ငါတို့အား အမျှပေးဝေလိမ့်မည်ဟု အသင်မင်းကြီးကိုသာ တောင့်တ၍ လှည့်လည်နေကြတယ်၊ ပြီးခဲ့သောနေ့က သင်မင်းကြီးသည် အလှူ ဒါနပေးလှူသောအခါ ပြိတ္တာတို့အား အမျှမပေးဝေပေ၊ သာဓု ခေါ်ဆိုရန် စောင့်ဆိုင်းနေသော ထိုပြိတ္တာတို့သည် တောင့်တ အားသာပြတ်ကုန်ရကား သင်မင်းကြီးအား ညဥ့်အခါ ဖောက်ပြန် သောအသံကိုပြု၍ သတိပေးကုန်၏”ဟု မိန့်ကြားတော်မူလေ၏။ မင်းကြီးက ဆက်လက်လျှောက်ထားသည်မှာ ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား ယနေ့အဖို့ အလှူပေး၍ အမျှပေးဝေ သည်ရှိသော်ထိုပုဂ္ဂိုလ်တို့ ရနိုင်ပါဦးမည်လော မေးလျှောက်၏။ မင်းကြီး နီးနီးကပ်ကပ်စောင့်ဆိုင်းနေသည့်အတွက် ရ၏ဟု မိန့်တော်မူ၏။ ယင်းသို့ရပါလျှင် ယနေ့ပဲ ကုသိုလ်ပြုလုပ်ပြီး

အမျှပေးဝေချင်ပါသည်ဘုရား။

ယနေ့ဆွမ်းအချိန်ကျလျှင် သည်းခံတော်မူပြီး ကြွရောက်၍ ဘုဉ်းပေးတော်မူပါ မြတ်စွာဘုရားဟု လျှောက်ထားတော်မူသည် ရှိသော် ဘုရားရှင်က သနားငဲ့ညှာတော်မူသဖြင့် သည်းခံသာယာ တော်မူ၏။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်အား လျှောက်ထား ပြီး နောက်နန်းတော်တို့ ပြန်သွားကာ များစွာသော အလှူဒါနကို စီရင်လေ၏။ စီရင်ပြီး ဆွမ်းအချိန်ကျလျှင် ဘုရားရှင်အား သံဃာ တော်နှင့်တကွ ကြွရောက်တော်မူရန် ပင့်ခိုင်းလေ၏။ ဘုရားရှင် သည် နောက်ပါ သံဃာတော်များနှင့်တကွ ခြံရံလျက် ဗိမ္ဗိသာရ မင်းကြီး၏ နန်းတော်တို့ ကြွရောက်တော်မူလေ၏။

## ကျွတ်ပြီ လွတ်ပြီ ချမ်းသာပြီ

ထိုအချိန်အခါ၌ ကမ္ဘာနှင့်ချီပြီး စောင့်ခဲ့ရသော ပြိတ္တာတို့ သည် ယနေ့တော့ သာဓုခေါ်ဆိုနိုင်လိမ့်မည်ဟု လာကြကုန်၍ တံခါးရင်ပြင်၊ နံရံတစ်ဖက်တစ်ချက် စသည်တို့၌ နေကုန်၏။ မြတ်စွာဘုရားသည် ပြိတ္တာတို့ရောက်ကုန်သည်ရှိသော် ထိုပြိတ္တာတို့ လာရောက်ရှိနေကြောင်းကို တန်ခိုးအာနုဘော်ဖြင့် အကြင်အချင်း အရာဖြင့် ပြုလုပ်ပြသအပ်သည်ရှိသော် မင်းကြီးအား ထင်ရှား ကုန်၏။ ထိုသို့ထင်ရှားစွာ သိနိုင်လောက်သော အချင်းအရာ အားဖြင့် ဘုရားရှင်ပြုတော်မူ၏။ မင်းကြီးသည် အလှူဒါနကို ရေစက်သွန်းချ အမျှပေးဝေသည်ကား ဤအလှူဒါနသည် ကျွန်ုပ်၏သံသရာ အဆက်ဆက်က တော်စပ်ခဲ့သော ပြိတ္တာ

ဆွေမျိုးတို့အား ရောက်ပါစေ၊ ရပါစေ၊ သာဓုခေါ်ဆိုနိုင်ပါစေဟု အမျှပေးဝေ၏။ ဗိမ္ဗိသာရမင်းကြီး အမျှပေးဝေလိုက်သည်ရှိသော် ထိုခဏမှာပင် ပြိတ္တာတို့အား ပဒုမ္မာကြာတို့ဖြင့် ဖုံးလွှမ်းလျက် ရှုချင်စဖွယ်ဖြစ်သော ရေကန်တို့သည် ဖြစ်ကုန်၏။

ပြိတ္တာများသည် ရေးဦးစွာဖြစ်ပေါ်လာသော ရေကန်တို့၌ သောက်သုံးခြင်း၊ ချိုးခြင်းတို့ကို ပြုလုပ်ကြလျက် ပူပန်ခြင်း၊ ပင်ပန်းခြင်းတို့ ငြိမ်းကြကုန်၏။ ပူပန်ခြင်း ငြိမ်းရကား ခန္ဓာကိုယ်လည်း ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏။ မင်းကြီးသည် စားဖွယ်သောက်ဖွယ်တို့ကို ပေးလှူ၍ အမျှဝေ၏။ ထိုခဏ၌ ပြိတ္တာတို့အား နတ်ဩဇာ၊ ခဲဖွယ်တို့ကို စားသုံးရသည်ရှိသော် တင့်တယ်ပြည့်ဖြိုးသော ကုန္ဒြေရှိကုန်၏။

ထို့နောက် မင်းကြီးသည် အဝတ်သင်္ကန်း၊ အိပ်ရာနေရာ ကျောင်းတို့ကို ပေးလှူ၍ အမျှဝေ၏။ သည်တော့မှ ပြိတ္တာတို့ ပြည့်ပြည့်စုံစုံဖြစ်သည့် နတ်၌ဖြစ်သော အဝတ်ပုဆိုး၊ ယာဉ်ရထား၊ ဘုံပြာသာဒ်၊ အိပ်ရာအခင်း စသည်တို့သည် ဖြစ်ကုန်၏။ ဘုရားရှင်သည် မင်းကြီးနှင့်များစွာသောသူတို့အား ယုံကြည်သထက် ယုံကြည်လာအောင် ပြိတ္တာတို့အသွင်တစ်မျိုးပြောင်း၍ ခံစားစံစားရသည်တို့ကို မြင်နိုင်လေအောင် ဓိဋ္ဌာန်တော်မူလေ၏။ ဘုရားရှင်၏ ဓိဋ္ဌာန်ချက်ဖြင့် ပြတော်မူသည်များကို ထင်ရှားစွာ မြင်တွေ့ရသော ဗိမ္ဗိသာရမင်းကြီးနှင့် လူတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကာ ရတနာသုံးပါးအပေါ် ယုံကြည်ခြင်း၊ နူးညံ့ခြင်း၊ သိမ်မွေ့ခြင်းဖြစ်နေကြ၏။ ဘုရားရှင်အပေါ် ယုံကြည်မှု

အပြည့်အဝ ရနေသော မင်းကြီးနှင့်များစွာသော ပရိသတ်တို့ မှန်ပါတယ်။

ဘုရားရှင်ရှေ့မှောက်မှာ မင်းကြီးနှင့်လူများ ပြိတ္တာဘဝ ပြောင်းလဲသွားသော အသွင်ဘဝတို့ကို လက်တွေ့ကျကျ မြင်ကြရသော မင်းကြီးနှင့် လူတို့စိတ်ထဲ ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်တရားတို့ကို ထင်ရှားလွှမ်းမိုးနေပါ၏။ ထိုသို့ဖြစ်နေချိန်တွင် ဘုရားရှင်၏ဟောတော်မူမည့် လိုက်နာကျင့်သုံး၊ ရှောင်ကြဉ်စရာ တရားဒေသနာတော်များကို လိုက်နာကျင့်သုံးခံယူရန် အသင့်ဖြစ်နေကြ၏။ တရားရရန် အသင့်ဖြစ်နေကြသော သတ္တဝါတို့အား ဘုရားရှင်ကိုယ်တော်မြတ်က အနုမောဒနာပြုတော်မူခြင်းမှာ "တိရောကုဋ္ဋ" ပြိတ္တာတို့နှင့်စပ်သော သုတ်တော်ကို ဟောကြားတော်မူလေ၏။ ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်မျှလောက်သော သတ္တဝါတို့သည် အကျွတ်တရားရကြလေကုန်၏။ ပြိတ္တာတို့သည် ဗိမ္ဗိသာရ မင်းကြီးနှင့် ဘုရားရှင်ကို အမှီပြုပြီး အမှောင်ခွင်း၍ အလင်းဆောင်ကြကာ ချမ်းသာရပြီး၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ ချမ်းသာရပြီ။ ထို့ကြောင့် ဤဇာတ်လမ်းဒေသနာကို လေ့လာမှတ်သား ဖတ်ရှုကြကာ အမှောင်ဘဝကို ပို့ဆောင်တတ်သော အကုသိုလ်တရားများ အလင်းဘဝသို့ ပို့ဆောင်တတ်သော ကုသိုလ်တရားများကို ခွဲခြားပြုလုပ်နိုင်၍ အလင်းဘဝချမ်းသာသုခကို ဆောင်ကျဉ်းနိုင်ကြစေရန် စေတနာကောင်းဖြင့် သွန်းလောင်းအပ်လေသတည်း။ ။

# ပွားများအားထုတ်နည်း

တရားရှုမှတ် ပွားများအားထုတ်ရာ၌ မြတ်စွာဘုရားသည် သတ္တဝါအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုးရှိကြသည့်အတွက် ပုဂ္ဂိုလ်သတ္တဝါတို့ရဲ့ စရိုက်အလိုက် ကမ္မဋ္ဌာန်းအမျိုးမျိုး အာရုံအမျိုးမျိုးကို ဟောကြားတော်မူခဲ့လေ၏။ ထိုဘုရား ဟောကြားတော်မူခဲ့သော ကမ္မဋ္ဌာန်းနည်းလမ်းများကို ဆရာတို့ရေးသားပြသပေးနေကြလေ၏။ ထိုဆရာတို့ ပြသပေးနေသော နည်းစနစ်အတိုင်း လေ့လာမှတ်သားပွားများ အားထုတ်နေကြသလို အချို့ပုဂ္ဂိုလ်များလည်း ကမ္မဋ္ဌာန်းစာအုပ်များကို လေ့လာဖတ်ရှုမှတ်သားကာ စာအုပ်ထဲမှ ပြဆိုသည့်အတိုင်း နည်းယူ၍ ကျင့်ကြံအားထုတ်နေသူများလည်း ရှိကြလေ၏။ ယင်းသို့ပွားများ အားထုတ်ကြရာတွင် ကမ္မဋ္ဌာန်းနည်းလမ်းအတိုင်း ပြသပေးနေသော ရဟန်းပုဂ္ဂိုလ်၊ ယောဂီပုဂ္ဂိုလ်တို့၏အကျင့်စရိုက်ဝါသနာ၊ စိတ်နေစိတ်ထားများကို အတိအကျမသိနိုင်ကြပေ။ မသိနိုင်သောကြောင့် တစ်ထိုင်တည်း တစ်နေရာတည်း၌ တစ်မဂ်တစ်ဖိုလ်ရောက်ရန်

ရရန် မျက်မှောက်ပြုနိုင်ရန် သာသနာနောက်ပိုင်း ပြသနိုင်လိမ့်မည်မဟုတ်ပေ။ ကမ္မဋ္ဌာန်းဆရာတို့ ပြသပေးသောနည်းစနစ်တို့ကို ယောဂီများက ကြိုးစားပွားများအားထုတ်ပါမှ တန်ရုံကြလေမည်။ နည်းအမျိုးမျိုး ဆရာအမျိုးမျိုးရှိကြသည့်အတွက် ပွားများအားထုတ်မှုများလည်း နည်းအမျိုးမျိုး၊ ဆရာအမျိုးမျိုး၊ စာအုပ်အမျိုးမျိုးတို့ဖြင့် ပွားများအားထုတ်နေကြပါသည်။

ထိုနည်းအမျိုးမျိုးတို့နှင့် ပွားများအားထုတ်ရာတွင် မိမိတို့စိတ်က ရရှိလိုချင်သောတရားနှင့် ကမ္မဋ္ဌာန်းဆရာများက ဟောပြပြသမှုနှင့် တိုက်ဆိုင်ခဲ့လျှင်လည်းကောင်း၊ တစ်ဖန် မိမိတို့က သိချင်လိုချင်သောအကြောင်းအရာတို့ကို ရေးသားဖော်ပြသော စာအုပ်များကို ဖတ်ရှုရလျှင်လည်းကောင်း၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ဖြစ်ပေလိမ့်မည်။ ကြိုးစားအားထုတ်လို့ရရှိသော စိတ်ချမ်းသာမှုမျိုးကို ရေရှည်ဖြစ်အောင် ထိန်းထားနိုင်ဖို့က သတိခိုင်မြဲဖို့လိုအပ်လေသည်။ မှန်ပါသည်။ အရာရာတိုင်းသာ သတိမြဲရှိပြီး ပွားများရှုမှတ်နေနိုင်လျှင် အောင်မြင်မှုနှင့် ချမ်းသာမှုအပြည့်ရရှိကြမှာ မလွဲပါ။ အောင်မြင်ချမ်းသာမှု ရဖို့ဆိုလျှင် အရေးကြီးသောအချက်မှာ လိုက်နာကျင့်သုံးရမည့် နည်းမှန်လမ်းမှန်တို့ကို ပြသပေးသောဆရာသည် ပထမအချက် အရေးအကြီးဆုံးဖြစ်လေသည်။ ပထမအချက် ဆရာကောင်း အရေးကြီးသလို လိုက်နာကျင့်သုံး အားထုတ်သူ ယောဂီပုဂ္ဂိုလ်သည်လည်း ဒုတိယအချက် အရေးကြီးဆုံးဖြစ်လေသည်။ ဆရာထံမှ နည်းမှန်လမ်းမှန်ကျင့်စဉ်များကို မည်သောက်ပဲ ပြသပေးပေး ယောဂီပုဂ္ဂိုလ်များက

လိုက်နာအားထုတ်မှု မရှိလျှင် လိုချင်သော ချမ်းသာစစ်ကို ရနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ချမ်းသာစစ်ကို အလိုရှိ၍ တရားပွားများ အားထုတ်မည်ဆိုလျှင် ဆရာကောင်းရော လိုက်နာကျင့်သုံးမည့် ယောဂီပုဂ္ဂိုလ်ရော အမှန်တကယ် လိုအပ်ပါသည်။ နှစ်ဦးနှစ်ဖက်ပြည့်စုံ၍ ပွားများအားထုတ်ပါလျှင် လိုချင်သော ချမ်းသာစစ်ရနိုင်ပါလိမ့်မည်။ ချမ်းသာမှုအစစ် ရရှိလေအောင်အချိန်ရှိခိုက် လုံ့လစိုက်၍ အားထုတ်ကြရမည်။ တရားအားထုတ်ခြင်းသည် "ဗဟိဒ္ဓ"သန္တာန်၌ ဖြစ်ပျက်နေသော အဝေးကအာရုံများကိုယူ၍ အားထုတ်ခြင်း၊ "အဇ္ဈတ္တ"သန္တာန်၌ ဖြစ်ပျက်နေသော အနီးအာရုံများကိုယူ၍ အားထုတ်ခြင်းဟူ၍ နှစ်မျိုးမှတ်ထားပါလေ။

ထိုနှစ်မျိုးသော အဝေးအနီးအာရုံတို့တွင် အနီးဖြစ်သည့် မိမိ ခန္ဓာကိုယ်က ဖော်ပြသောတရားများကို ပွားများအားထုတ်ခြင်းက ပိုပြီးအစွမ်းထက် ထိရောက်နိုင်လေ၏။ ထိုကိစ္စမည်သည့်အတွက်ကြောင့်ပါလဲ။ အဝေးက အာရုံများကို ယူပြီး အားထုတ်လျှင် စိတ်တည်ငြိမ်မှု သမာဓိကို တော်တော်နှင့် မရနိုင်ပေ။ မိမိရောက်ခဲ့ဖူး နေခဲ့ဖူးသော အရပ်ဒေသက တွေ့မြင်ဖူးသော အာရုံများကိုယူ၍ ရှုမှတ်ပွားများပါလျှင် စိတ်သည် ရောက်ဖူးသည့် နေရာတိုင်း လှည့်လည်သွားနေတတ်တော့သည်။ ဒီတော့ရင် အာရုံတစ်ခုတည်း မထားနိုင်ပေ။ စိတ်ကစားနေတော့၏။ ဤစိတ်၏ ဟိုပြေးသည်ပြေး၊ ပြေးလွှားနေ၍ တည်ကြည်မှု မရှိလျှင် မိမိယူထားသော အာရုံကလည်း ကြမ်းတမ်းနေလေ၏။ ထိုအဝေး

အာရုံ ကြမ်းတမ်းမှု၌ စိတ်ကစားနေလျှင် ခန္ဓာကိုယ်က ဖော်ပြနေသော ညောင်းညာကိုက်ခဲထုံကျင်မှု ဝေဒနာတို့ကို ထိန်းနိုင်တော့မည် မဟုတ်တော့ပေ။ ထိုသို့ဖြစ်ပေါ်လာသော နာကျင်မှုဝေဒနာအကြောင်းတရားတို့ကို မထိန်းခဲ့လျှင် ခန္ဓာကိုယ်သည် နာရီဝက်၊ တစ်နာရီ၊ နှစ်နာရီ စသည်ဖြင့် မထိုင်နိုင်တော့ပေ။ ထိုင်၍ ရှုမှတ်ပွားများမှုကို ရပ်စဲဖျက်လိုက်ရတော့၏။ အနီးအာရုံဖြစ်သည်။ "အဿာသ ပဿာသ" ထွက်လေဝင်လေ အာရုံများကို ယူ၍ ရှုမှတ်လျှင် စိတ်တည်ကြည်မှု သမာဓိကို လျှင်မြန်စွာဖြစ်စေနိုင်ပါသည်။ ထွက်လေဝင်လေသည် နှာသီးဖျားကအစ၊ ချက်တိုင်မှာဆုံးသည့်အတွက် အနီးအာရုံကမ္မဋ္ဌာန်း ဖြစ်နေ၏။ ထိုအနီးအာရုံကမ္မဋ္ဌာန်းသည် အနီးမှာရှိသောကြောင့် "ဝါ"ခန္ဓာကိုယ်က ဖော်ပြနေသောကြောင့် စိတ်ကိုလည်း အနီးမှာထားရ၏။ ခန္ဓာကိုယ်မှာပဲ ကပ်ထားရ၏။ ဝင်လေထွက်လေ ကြည့်လျှင် ဝင်လာသောလေ၌ ဘာမျှ မပါ၊ ထွက်လေကြည့်လျှင်လဲ ထွက်သွားသောလေ၌ ဘာမျှမပါ၊ အေးမှုပူမှု ဘာမျှ သာဖြစ်၏။ သိရ၏။ ကောင်းသောအနံ့၊ မကောင်းနံ့၊ ကောင်းသောအသံ၊ မကောင်းအသံ၊ ကောင်းသောအဆင်း၊ မကောင်းသောအဆင်း စသည်တို့ ဖြစ်ပေါ်လာပါက ထိုကောင်းမကောင်း အနံ့စသည်တို့ပေါ် နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း၊ ခံစားခြင်းတို့သည် ဝေဒနာ၊ တဏှာပိုင်းသာဖြစ်လေသည်။ ဝေဒနာ တဏှာပိုင်းသာ ဖြစ်နေ၍ ယင်းဝေဒနာ တဏှာအာရုံတို့ကို ပျောက်အောင် သတိကပ်၍ နေရာပြောင်းရွှေ့လိုက်လျှင် တွေ့ရတော့မည် မဟုတ်ပေ။ ဤ

ဝင်လေထွက်လေ၌ ဘာမျှမပါသည့်အတွက် ဝင်လေထွက်လေ အာရုံကို စစ်ကြည့်လျှင် ကြမ်းတမ်းမှုမရှိ၊ နူးညံ့သိမ်မွေ့နေ၏။

ဤအာရုံသည် နူးညံ့သိမ်မွေ့နေပါလျှင် ယင်းနူးညံ့သိမ်မွေ့သော အာရုံသို့ရောက်နေသော ကပ်နေသော စိတ်သည် ပျော်ရွှင်လာ၏။ လန်းဆန်းနေ၏။ ပျော်ရွှင်မှုမကဘဲ နှစ်သက်မှု၊ ဝမ်းမြောက်မှု၊ ချမ်းသာမှု၊ တည်ကြည်ငြိမ်သက်မှုများ တဖြည်းဖြည်း ပေါ်လာလေ၏။ ထိုအာ**ရုံနှင့် စိတ်**တည်ကြည်ငြိမ်သက်နေလျှင် တရားရှုမှတ်မှုသည် **နာရီဝက်**၊ တစ်နာရီ၊ နှစ်နာရီ စသည်ဖြင့် နေနိုင်လေ၏။ ညောင်းညာကိုက်ခဲထုံကျင်မှုများသို့ စိတ်မရောက်လေတော့ပေ။ သို့ပေမယ့် မိမိယူထားသော အာရုံပြောင်းသွားလျှင် အဝိဇ္ဇာဖြစ်သော မောဟဖုံးလွှမ်းမှု ဝင်လာတတ်သည်။ အာရုံပြောင်းအောင်လည်း မောဟတရားက ပြုလုပ်တတ်သည်။ ဤနေရာ၌ အနီးကပ်စိတ်ပိုင်းဆိုင်ရာ ဖြစ်နေ၍ အသေးစိတ်လေ့လာဆင်ခြင်နိုင်ဖို့ သတိပိုထားရလိမ့်မည်။ တည်ကြည်မှုအာရုံကို ယူထားသော မိမိစိတ်က အခြားအာရုံသို့ ရောက်သွားလျှင် ခိုင်မာမှုစိတ်ကလေး ပျက်စီးသွားလေ၏။ ထိုအခါမှာ သတိတရားက ဘေးသို့ထွက်ကွာရောက်သွားသော စိတ်ကလေးကို တည်ကြည်ခိုင်မာမှု ဖြစ်ဖူးသော ထွက်လေဝင်လေအာရုံပေါ်သို့ ပြန်ထားနိုင်ပါမည်လား။ ရောက်အောင်ရောလာနိုင်ပါမည်လော၊ ဒီလိုမှမဟုတ် ရောက်သွားသော အာရုံနောက်သို့လိုက်ပြီး၊ ထိုအာရုံတွေနှင့်ပဲပြန့်လွင့်နေမည်လား ဆိုတာ ပညာတရားက ဝင်ရောက်၍ ဆုံးဖြတ်ချက် သုံးသပ်ချက် ချပေးရတော့မည်။

ဆုံးဖြတ်ချက် ပေးနိုင်သော ပညာတရား၏၊ တွဲဖက် အထောက် အပံ့ကား၊ ဝီရိယ သတိ ဧကဂ္ဂတာ (သမာဓိ)တရားများ ဖြစ်သည်။ ယင်းကို ချဲ့၍ ဆိုပါဦးအံ့။ ရှေးဦးစွာ ဝီရိယကို ပညာကဆင်ခြင်သုံးသပ်ပေးပုံက တစ်ဖက်ဘေး အာရုံများသို့ ရောက်သွားသောစိတ်သည် မကောင်းပါဘူး၊ မကောင်းကြောင်း သိအောင် ပညာနှင့်ဆင်ခြင်ပေးမှ ဖြစ်မည်။ သို့မဟုတ်ဘဲ စိတ် သွားတိုင်း လွှတ်ပေးလျှင် ချမ်းသာမှုရဲ့ ဆန့်ကျင်ဘက်ဖြစ်သော ဆင်းရဲမှု ဆိုးကျိုးများ တသီကြီး ဝင်လာလိမ့်မည်။ ဝင်လာနိုင် ပုံကား အဝိဇ္ဇာမောဟတရားက အမှန်သို့ ပြန်မရောက်အောင် ယူထားသော တည်ကြည်နေသောအာရုံသို့ ပြန်မရောက်အောင် ဖုံးကွယ်ပေးလေ၏။

မကောင်းသော အကျိုးဆက် ထိနမိဒ္ဓတို့က လေးလံ ထိုင်းမှိုင်းကာ ငိုက်မြည်းအိပ်ချင်လာနေတယ်။ အကုသိုလ် အချင်း ချင်းတဏှာက အားပေးလာတယ်။ ခန္ဓာကိုယ်ကို တပ်မက်ထား သော လောဘတဏှာကနေ၊ ကိုယ်ကို သိပ်အညောင်းခံလို့ မဖြစ် သေးပါဘူး၊ နှိပ်စက်နေမှု ဖြစ်နေဦးမယ်၊ သိပ်အိပ် ရေးပျက်လို့လဲ မဖြစ်သေးဘူး၊ ကျန်းမာရေး ထိခိုက်နေဦးမယ်၊ အချိန်တွေ ရှိပါသေးတယ်၊ ညောင်းညာနာကျင်ကိုက်ခဲမှုတို့ကို ဖြေဖျောက် ပေးဦးမှ၊ နားဦးမှ စသည်အားဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ ထိန၊ မိဒ္ဓစသော အကုသိုလ်တရားများနောက်သို့ လိုက်သွားလေတော့၏။ ဒီလိုသာ စိတ်က လိုက်လိုက်နေတိုင်း လွှတ်ပေးနေလျှင် ချမ်းသာစစ်တရားနှင့်လွဲပြီး ဒုက္ခသံသရာ

ရှည်နေလိမ့်မည်”ဟု အကုသိုလ်တရားတို့၏ဆိုးကျိုးများကို ပညာဉာဏ်တရားက ဝီရိယတရားကို စိစစ်ဝေဖန်၍ ဆုံးဖြတ်ပြလေ၏။

သတိတရားကိုလည်း ပညာကဆင်ခြင်ပြသပေးရမည်။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေလို့ မဖြစ်ပေဘူး။ သတိလက်မလွှတ်စေနှင့်၊ သတိမေ့လျော့ပေါ့ဆခြင်း၏ အန္တရာယ်ကား တဖြည်းဖြည်း ကြီးမားလာ၍ အကုသိုလ်သေးက အကုသိုလ်ကြီးအောင်၊ အပြစ်ကလေးက အပြစ်ကြီးမားအောင် အကုသိုလ်ဘက်တော့ လွယ်လွယ်နှင့် လိုက်စားတတ်ပါလား စသည်ဖြင့် ကြောင်းကျိုးရှင်းပြပေးလေ၏။ သမာဓိတရားကိုလည်း ဆုံးမပေးလေ၏။

စိတ်ကိုဟိုရောက်ဒီရောက်နှင့် ဟိုပြေးဒီပြေးနှင့် ပြန့်လွင့်မနေစေနှင့်၊ ဟိုအာရုံယူ ဒီအာရုံယူနှင့် အာရုံတွေမများစေနှင့်။ သမာဓိတည်ကြည် ခိုင်မာမှုမရလျှင် အောင်မြင်မှုလဲ ရနိုင်တော့မည် မဟုတ်ပေ။ တည်ကြည်ခိုင်မာမှု သမာဓိသည် အရေးကြီးလေ၏။ ယူဆောင်ပေးသော ကောင်းသောအာရုံတစ်ခုတည်း၌သာ ယူ၍ နေထိုင်ခြင်းကသာ ကောင်းသောနေထိုင်ခြင်း မည်ပေ၏ စသည်ဖြင့် တိုက်တွန်းနှိုးဆော်ပေး၏။ ဤသို့ပညာဦးစီးသော တရားတို့ ညီညီညွတ်ညွတ်ဖြင့် ပညာဉာဏ်တရားက သူတော်ကောင်းတို့ကျင့်စဉ် လမ်းဖြောင့်လမ်းမှန် တရားနောက်သို့ လိုက်ပြီး ကုသိုလ်၊ အကုသိုလ်၊ ကောင်းသောအာရုံ၊ မကောင်းသောအာရုံတို့ကို ခွဲခြားဝေဖန် စိစစ်ပေး၍ သတိတရားက မမေ့မလျော့ဘဲ၊ ဝီရိယဖြင့် မဆုတ်မနစ်ကြိုးစားအားထုတ်လို့ သမာဓိတရားက တည်ကြည်ခိုင်မြဲလျှင် တစ်ပါးနှင့်တစ်ပါး၊

တစ်ပါးသည့်တစ်ပါးအား၊ အားပေးကူညီကာ ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်ကြမည်ဆိုလျှင် လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ်အညစ်အကြေးတို့ဖြင့် မိမိတို့ဘဝကို ဖုံးလွှမ်းထားသော အကုသိုလ်မှောင်လမ်းမှ ဝီရိယ၊ သမာဓိ၊ ပညာဖြင့် ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်စွာ နေနိုင်လိမ့်မည်။ မိမိတို့အား ထုပ်ပုံအားထုတ်နည်း အမျိုးမျိုးတို့တွင် ယခုဆိုခဲ့ပြီးသော "အဿာသ ပဿာသ" ထွက်လေဝင်လေဖြင့် အားထုတ်နည်းသည် အသင့်တော်ဆုံးဟု ယူဆမိပါသည်။ ထိုထွက်လေဝင်လေကို ရှုမှတ်ခြင်းသည် ခန္ဓာကိုယ်နှာသီးဖျားမှာ အမြဲအလုပ်လုပ်နေလို့ ဖြစ်ပါသည်။

ယင်းနည်းက ခန္ဓာကိုယ်ကို အားပေးပြီး သမာဓိကိုလည်းလျှင်မြန်စွာ ဖြစ်စေနိုင်သည်။ နောက်တစ်ဖန် ခန္ဓာကိုယ်၏ကျန်းမာရေးကိုလည်း များစွာ အထောက်အကူပြုပေးသောနည်းလည်းဖြစ်သည်။ ခန္ဓာကိုယ်က နာတာကျင်တာကိုက်ခဲလာတာ၊ ဘေးကြပ်နံကြပ် ကျောအောင့် ရင်အောင့်စသော ဝေဒနာများပေါ်လာခဲ့လျှင် နူးညံ့သိမ်မွေ့သော ထွက်လေဝင်လေကို သာယာဖြည်းညှင်းစွာ ထုတ်ရှူသွင်းပါ။ ပေါ်လာသော ဝေဒနာကိုမရောမိအောင် ထုတ်ရှူသွင်းနေပါ။ ဤကဲ့သို့ အမြဲမပြတ် ပြုလုပ်လျှင် ပေါ်လာသော ရောဂါဝေဒနာများ ပျောက်ကင်းသက်သာသွားလိမ့်မည်။ အထူးအားဖြင့် ဤပွားများအားထုတ်နည်းသည် နှလုံးရောဂါဝေဒနာခံစားနေရသော ပုဂ္ဂိုလ်များ အထူးသင့်မြတ်သော အားထုတ်နည်းဖြစ်သည်။ နှလုံးရောဂါ ခံစားနေရသော

ဝေဒနာရှင်များသည် နှလုံးအားနည်း၍ ကြောက်လန့်တတ်ကြသည်။ သွေးထွက်သံယိုများ မြင်တွေ့ရလျှင် ပိုဆိုးလေ၏။ ယင်းသို့ဖြစ်ရခြင်းသည် နှလုံးခွန်အားနည်းသောကြောင့် ဖြစ်ရသည်။ ထိုရောဂါရှင်များအား ဤပွားများအားထုတ်နည်းက ရောဂါဝေဒနာကို ရှုလေရှုလေ အလျင်အမြန် တားဆီးပေးနိုင်လေသည်။ ဤနည်းက ရောဂါဝေဒနာပျောက်ရုံတင်မက၊ အသက်ရှည်ခြင်း၊ ချမ်းသာခြင်း စသော အကျိုးများနှင့်တကွ၊ လောဘ၊ ဒေါသ၊ မောဟစသောအကုသိုလ်အညစ်အကြေးတို့ဖြင့် ဘဝကို ဖုံးလွှမ်းထားသော အမှောင်လမ်းမှ ဝီရိယ၊ သတိ၊သမာဓိ၊ ပညာဖြင့် အလင်းရောင်လမ်း နိဗ္ဗာန်စခန်းသို့ မဂ်ကုသိုလ်တရားထူး တရားမြတ်ဖြင့် အရောက်လှမ်းနိုင်ကြပါ စေကြောင်း ဆုမွန်ကောင်းဖြင့် ဤအခန်းကဏ္ဍမှ တင်ပြလိုက်ရပါသတည်း။

# ယုံမှားခြင်း ၁၆ ပါး

လောကမှာ ဘဝအာမခံချက်မရသေးသော အရိယာမဖြစ်သေးသော ပုထုဇဉ်တို့သည် ရရှိထားသောဘဝကို တွေးတောစီစစ်နေကြ၏။ လက်လှမ်းမီသမျှ ဗုဒ္ဓစာပေ အစရှိသော စာပေများကို လေ့လာမှတ်သားပြီး ဘဝကို အမျိုးမျိုးထင်မြင်ယူဆအတွေးဝင်နေကြ၏။ ဘဝတစ်ခုဖြစ်ကြရာမှာ ဆင်းရဲမှု၊ ချမ်းသာမှု၊ အဆင်ပြေမှု၊ မပြေမှု၊ မလှပမှု၊ ပညာတတ်ခြင်း၊ ပညာမဲ့ခြင်းစသော အားဖြင့် ဘဝအကျိုးပေးပုံများ မတူသည်တို့ကို ဝေဖန်သုံးသပ်ကြ၏။ တချို့လည်း ဘဝအကျိုးပေးပုံ မကောင်းလို့ ချမ်းသာစစ်မဟုတ်တဲ့ လူချမ်းသာ၊ နတ်ချမ်းသာ စသည်များကို တောင့်တကြ၏။ ဘဝအကျိုးပေးကောင်းလို့ အဆင်ပြေနေသူတို့ကလည်း မိမိတို့ရရှိထားသော ဘဝကို လက်မလွှတ်ချင်ကြပေ။ အကြောင်းအမျိုးမျိုး ပြုလုပ်ကြကာ တောင်းဆုချွေနေကြလေ၏။ ဤသို့ စသည်ဖြင့်တွေးတော ပြုလုပ်နေခြင်းကား အများသူငါ ပြုလုပ်တွေးတောတတ်ကြတဲ့ အမြင်မျိုး

ဖြစ်လေ၏။ တချို့ကြတော့လည်း လေးလေးနက်နက် အတွေးနယ်ချဲ့ပြီး ဖြစ်ဆဲဖြစ်ပြီး၊ ဖြစ်လတ္တံ့ဟု ဘဝများအပေါ် ယုံမှားသံသယတွေနှင့် တွေးနေကြ၏။ အတွေးနယ်ဝင်၍ ယုံမှားသံသယဖြစ်ခြင်းသည် တကယ်တော့ ကောင်းသည်မဟုတ်ပေ။ ဘဝအကြောင်း လေးလေးနက်နက် တွေးလာလေ ယုံမှားမှုသံသယကလည်း ရင်လေးလေဖြစ်တတ်သည်။ ပုထုဇဉ်တို့သည် ဘဝတစ်ခုဖြစ်ပျက်နေသည်တို့ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်မချနိုင်ဘဲ ယုံမှားသံသယအမျိုးမျိုးနှင့် ဘဝနိဂုံးချုပ်ကြပြီး အရိယာစခန်းနှင့် ဝေးကွာနေကြတော့၏။ သတ္တဝါများရဲ့ သန္တာန်၌ သိတတ်တဲ့ နာမ်တရား၊ မသိတတ်တဲ့ ရုပ်တရား၊ ထိုရုပ်နာမ်နှစ်ပါးတို့က အကြောင်းအကျိုး ဆက်စပ်ကာ ဖြစ်ပျက်၍ သံသရာလည်နေကြ၏။ သတ္တဝါတို့၏ သဏ္ဍာန်၌ရုပ်တရား၊ နာမ်တရားတို့သည် အမိဝမ်းထဲပဋိသန္ဓေနေတဲ့အခါ ရှေ့ဘဝက ရယူပါလာခဲ့သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဟူသောအကြောင်းကြောင့် ပဋိသန္ဓေနေကြရ ဖြစ်ကြရ၏။ အပြင်ဘက် မွေးဖွားလာသောအခါ၌ကား ရုပ်တရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်၏။ ထိုသို့ရုပ်နာမ်တရားတို့သည် ပဋိသန္ဓေနေတဲ့အခါ ပဝတ္တိအခါတို့နှင့် အကြောင်းအကျိုးဆက်ကာဆက်ကာ ဖြစ်ပျက်နေပုံများကို အမှန်အတိုင်း သိမြင်လာသည့်အခါ ယုံမှားခြင်းသံသယများလည်း တစ်စတစ်စ ကင်းရှင်းပပျောက်လာလေ၏။

ရုပ်နာမ်တရားတို့ကို မြတ်စွာဘုရား တစ်စုံတစ်ယောက်

သော သိကြားပြဟ္မာ တန်ခိုးရှင်တို့က ဖန်ဆင်းပေးကြလို့ ဖြစ်ကြ သည်မဟုတ်ဟု ရုပ်နာမ်တို့ရဲ့အကြောင်းကို သိမ်းဆည်းလာတတ် ဆင်ခြင်လာတတ်လေ၏။ ယင်းသို့ ရုပ်နာမ်တရားတို့ကို ပိုင်ပိုင် နိုင်နိုင်ရှင်းရှင်းလင်းလင်း သိမ်းဆည်း ဆင်ခြင်နိုင်လျှင် ယုံမှား ခြင်း ၁၆ ပါးကို လွတ်မြောက်နိုင်မည်ဖြစ်သည်။ ၁၆ ပါးသော ယုံမှားခြင်းများကို လွတ်မြောက်နိုင်လျှင် ဗုဒ္ဓစာပေက "ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ"ဖြစ်သည်ဟု အမည်ပေးထားလေ၏။ ယုံမှား ခြင်းမှ စင်ကြယ်နေသည်ဟု အဓိပ္ပာယ်ရသည်။ ယင်းသို့ဆိုပါလျှင် ယုံမှားခြင်း ၁၆ ပါးများကို သိထားဖို့လိုအပ်လာသည်။ သိပြီး တော့လည်းခဏ၊ ခဏဆင်ခြင်ပွားများနိုင်လျှင် အကျိုးများ လေ၏။ ယုံမှားခြင်း ၁၆ ပါးကို ပါဠိတော်က ဤသို့ပြလေ၏။

"အဟောသိနုခေါ အဟံအတီတမဒ္ဓါနံ၊ ကိံနုခေါ အဟောသိ အတီတမဒ္ဓါနံ၊ ကထံနုခေါ အဟောသိ အတီတ မဒ္ဓါနံ ကိံဟုတွာ ကိံအဟောသိနုခေါ အဟံ အတီတမဒ္ဓါနံ"

အဓိပ္ပာယ်ကို တစ်ခုချင်း မှတ်သားပါလေ-

၁။ ငါသည် လွန်လေပြီးသောကာလ၌ ဖြစ်ဖူးလေ သလော။

၂။ ငါသည် လွန်လေပြီးသောကာလ၌ မဖြစ်ဘူးလေ သလော။

၃။ ငါသည် လွန်လေပြီးသောကာလ၌ ဘယ်သို့ ဖြစ်ဖူး သနည်း။

၄။ ငါသည် လွန်လေပြီးသောကာလ၌ ဤကဲ့သို့ သဏ္ဌာန်

ဖြင့် ဖြစ်ဖူးလေသလော။

၅။ ငါသည် လွန်လေပြီးသောကာလ၌ အဘယ်သူဖြစ်၍ အဘယ်သူဖြစ်သူ ဖြစ်ဖူးလေသနည်း။

ဤကား ဖြစ်ခဲ့ပြီးသော အတိတ်ဘဝအပေါ် ယုံမှားခြင်း သံသယငါးမျိုးဖြစ်သည်။

"ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ၊ နနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ၊ ကိံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ၊ ကထံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ၊ ကိံဟုတွာ ကိံဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ"

၁။ ငါသည် လာလတ္တံ့သော အခွန့်(ဘဝ)၌ဖြစ်ဦးအံ့လော။

၂။ ငါသည် လာလတ္တံ့သောဘဝ၌ မဖြစ်လေလတ္တံ့လော။

၃။ ငါသည် လာလတ္တံ့သောဘဝ၌ ဘယ်သို့ဖြစ်လတ္တံ့နည်း။

၄။ ငါသည် လာလတ္တံ့သောဘဝ၌ အဘယ်သို့သောအခြင်းအရာဖြင့် ဖြစ်လတ္တံ့နည်း။

၅။ ငါသည် လာလတ္တံ့သောဘဝ၌ အဘယ်သူဖြစ်၍ အဘယ်သူ ဖြစ်လတ္တံ့နည်း။

ဤကား နောင်ဖြစ်လတ္တံ့သော အနာဂတ်ပေါ် ယုံမှား သံသယ ငါးမျိုးဖြစ်သည်။

"အဟံ နုခေါ အသ္မိ၊ နနုခေါ အသ္မိ၊ ကိံနုခေါ အသ္မိ၊ ကထံ နု ခေါ အသ္မိ၊ အဟံ နုခေါ ကုတော အာဂတောသော ကုဟိံ–ဂါမိ ဘဝိဿတိ"

၁။ ဤရုပ်နာမ်သည် ငါမဖြစ်လော။
၂။ ဤရုပ်နာမ်သည် ငါ၏ဖြစ်၏လော။
၃။ အဘယ်သို့ ငါဖြစ်မည်နည်း။
၄။ အဘယ်အခြင်းအရာဖြင့် ငါဖြစ်မည်နည်း။
၅။ ငါသည်အဘယ်မှ လာခဲ့သနည်း။
၆။ ထိုငါသည် အဘယ်သို့ လားရဦးအံ့နည်း။

ဤကားဖြစ်နေဆဲပစ္စုပ္ပန်အပေါ် ယုံမှားသံသယ ခြောက်မျိုးဖြစ်သည်။ ဤသို့ အတိတ်ဘဝအပေါ် ယုံမှားသံသယငါးမျိုး၊ အနာဂတ်ဘဝအပေါ် ယုံမှားသံသယငါးမျိုး၊ ပစ္စုပ္ပန်အပေါ် ယုံမှားသံသယခြောက်မျိုးအားဖြင့် စုစုပေါင်း ယုံမှားသံသယ ၁၆ ပါး ဖြစ်သည်။ ထိုယုံမှားသံသယ ၁၆ ပါးကို အပြန်အလှန် သုံးသပ်ဆင်ခြင်ပါ။ ထို့ကြောင့် ယုံမှားသံသယမှ ကင်းလွတ်မြောက်စေလိုသော သူတော်စင်တို့သည် နာမ်ရုပ်တို့၏ ဟေတု မူလအရင်းအမြစ်အကြောင်းရင်းပစ္စယ အထောက်အပံ့အကြောင်းရင်းကို ရှာဖွေစုဆောင်းရာ၏။

ဥပမာအားဖြင့် လိမ္မာကျွမ်းကျင်သော ဆေးဆရာသည် လူနာကိုကြည့်ရှုစမ်းသပ်၍ အနာရောဂါကို တွေ့မြင်သည်ရှိသော် ထိုအနာရောဂါ၏အရင်းအမြစ်အကြောင်းရင်းကို သိရသကဲ့သို့လည်းကောင်း၊ အစဉ်သနားစောင့်ရှောက်တတ်သော သူတို့သည် အသက်အရွယ်ငယ်ငယ်၊ အသိဉာဏ်ပညာကလည်းနည်း၊ မသိတတ်သေးသော ပက်လက်သာ အိပ်တတ်ကာမျှဖြစ်သော

ကလေးသူငယ်ကို လမ်းစုံ၊ လမ်းမ၊ လမ်းလေးခွ၌ အိပ်နေသည်ကို မြင်၍ "ဤကလေးသူငယ်သည် အဘယ်သူ၏သားဖြစ်သနည်း"ဟု ဤကလေး၏မိဘဆွေမျိုးတို့ကိုစုံစမ်းခြင်း၊ ရှာဖွေခြင်းဖြစ်သကဲ့သို့လည်းကောင်း၊ ထိုနည်းတူစွာ အလားတူပင်လျှင် နာမ်ရုပ်တို့၏အသစ်တစ်ဖန် ဖြစ်စေတတ်သော မူလအကြောင်းရင်းတရား၊ ထောက်ပံ့ကူညီပံ့ပိုးပေးနေသော အကြောင်းတရားများကို ရှာဖွေသုံးသပ်ဆင်ခြင်အပ်၏။

ရှေးဦးစွာ နာမ်ဖြစ်ပုံ အကြောင်းရင်းကို ရှာဖွေရာ၏။ စင်စစ် နာမ်တရားသည် အကြောင်းမရှိသည် မဟုတ်၊ ဧကန်အကြောင်းရှိသည်သာ၊ အကြောင်းရှိပုံကား အလုံးစုံ၊ အဇ္ဈတ္တသန္တာန်ဗဟိဒ္ဓသန္တာန်၌ တစ်ခုတည်းကဲ့သို့ တူသည်၏အဖြစ်သို့ ရောက်ခြင်း၊ ခပ်သိမ်းသောအခါ၌လည်း တစ်ခုတည်းကဲ့သို့ တူသည်၏အဖြစ်သို့ ရောက်ခြင်းကြောင့် ဖြစ်ပါသည်။ မှန်ပါသည်။ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ သူသူငါငါဖြစ်နေကြသော သတ္တဝါတို့၏ သန္တာန်မှာ နာမ်တရားသည် သိတတ်လာခြင်း တူကြပါသည်။ ကျင့်ကြံပွားများပုံ ပြုလုပ်တတ်ပုံတို့ကလည်း အာရုံများအလိုက် ကွာခြားနိုင်လေ၏။

ရုပ်တရား၊ နာမ်တရားတို့သည် သတ္တဝါတိုင်း သတ္တဝါတိုင်း အစဉ်သန္တာန်မှာ ဖြစ်ပျက်တာရင်း၊ ကျရောက်သိတတ်တာချင်း တူညီကြသော် ရုပ်နာမ်တရား ခန္ဓာငါးပါးတို့ကို မည်သည့်ပုဂ္ဂိုလ် ဗြဟ္မာကြီး တန်ခိုးရှင်၊ ဖန်ဆင်းရှင်စသည်တို့က ပြုလုပ်ပေးမည်မဟုတ်ဟု သိနိုင်လေရာ၏။ တစ်ဖန်လောက၌

အထွတ်အမြတ်ဖြစ်သော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ တန်ခိုးအရှိန်အ၀ါကြီးမားကုန်သော ပုဂ္ဂိုလ်ထူးများ၊ စကြာမင်း အာဏာရှိကြကုန်သော ပုဂ္ဂိုလ်များလည်း ရုပ်နာမ်တရားတို့ကို တူညီစွာ ဖြစ်ပျက်နေကြတာပဲ။ ဤကဲ့သို ရုပ်နာမ်များလည်း ရုပ်နာမ်တရားတို့ကို တူညီစွာ ဖြစ်ပျက်နေကြတာပဲ၊ ဤကဲ့သို့ ရုပ်နာမ်တို့သည် မည်သည့်ပုဂ္ဂိုလ် တစ်စုံတစ်ယောက်တို့က ဖန်ဆင်းလို့ဖြစ်သည်မဟုတ်၊ ထိုပုဂ္ဂိုလ်တို့ ကိုယ်တိုင်လည်း ရုပ်နာမ်မျှသာဖြစ်လေသောကြောင့် ရုပ်နာမ်တို့၏အကြောင်းရင်း ကို ကင်းကင်းရှင်းရှင်း သိလာနိုင်လိမ့်မည်။ တစ်ခါ အကြောင်းရှာ ဆင်ခြင်ကြည့်ရင် နာမ်ရုပ်တို့သည် အကြောင်းကင်းသည်လည်း မဟုတ်၊ တန်ခိုးရှင်၊ ဖန်ဆင်းရှင်တို့ကလည်း ပြုလုပ်လို့ဖြစ်သည် မဟုတ်၊ ဇကနအကြောင်း ဥပထမ္ဘကအကြောင်းတို့ကို ဆင်ခြင်၍ ဤရူပကာယ ရုပ်ခန္ဓာကိုယ်ကြီး၏ ဟေတုပစ္စယအကြောင်းတို့ကို ဆိုလတ္တံ့သော နည်းအားဖြင့် ဆင်ခြင်သိမ်းဆည်းရာ၏။

ဤခန္ဓာကိုယ်သည်ဖြစ်သည်ရှိသော် ဥပ္ပလကြာ၊ ပဒုမ္မာကြာ၊ ပုဏ္ဍရိပ်ကြာ၊ ကြာနားဋ္ဌောင်းစသည်တို့၏အတွင်းနှင့် လှပသောအရပ်တို့၌ ဖြစ်သည်မဟုတ်၊ ပတ္တမြား၊ ကျောက်မျက်ရွှဲ၊ ပုလဲသွယ် စသည်တို့၏အတွင်း၌ ဖြစ်သည်မဟုတ်၊ အမှန်စင် စစ်သော်ကား အစာသစ်အိမ်၊ အစာကျက်အိမ်တို့၏ အလယ် အကြား၌ အမိဝမ်းရေလွှာကို နောက်မှီပြု၍ ကျောက်ဆစ်ရိုးကို ရှေ့မျက်နှာစာပြု၍ အူမ၊ အူသိမ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ မိမိကိုယ်တိုင်လည်း မကောင်းသောအပုပ်နံ့တို့ဖြင့် ဗက်ဆုပ်ရွံ

ရှာလျက်၊ မကောင်းသောအပုပ်နံ့တို့ဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိသော အလွန်ကျဉ်းမြောင်းသောအရပ်၌ ငါးပုပ်၊ မုယောမုန့် ပုပ်ညှွန့်နှင့် တကွသော လုပ်ဆေးရေး၊ ကိုယ်ဝန်သည် အညစ်အကြေး စသည်တို့၏ သွန်ရာယိုစီးရာ ကျင်းအိုင်အရပ်၊ ညွန့်စီးရွံ့ပုပ် ရှိသော တစ်စီးအိုင်အရပ် စသည်တို့၌ ပိုးလောက်ကဲ့သို့ ဖြစ်၏။

ဤသို့ ရုပ်နာမ်ခန္ဓာကိုယ်၏ဖြစ်ရာ အရပ်တည်နေရပုံတို့ကို ရှုဆင်ခြင်ပွားများ သိမ်းဆည်းရာ၏။ ဤရူပကာယ၏ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဤလေးပါးသောတရားတို့သည် ဖြစ်စေ တတ်သည်၏အဖြစ်ကြောင့် မူလဇစ်မြစ်ဟေတုအကြောင်းရင်း မည်သော ဇနကဖြစ်စေတတ်သောအကြောင်းတရားများ မည်လေ၏။ အာဟာရကလည်း ထောက်ပံ့တတ်သည်၏အဖြစ် ကြောင့် ပစ္စယ၊ ဥပထမ္ဘက အထောက်အပံ့ အကြောင်းမည်၏။ ဤငါးပါးသောတရားတို့သည် ဖြစ်ထိုက်သည်အားလျော်စွာ ဇနက၊ ဥပထမ္ဘက အထောက်အပံ့အကြောင်းဖြစ်ကုန်၏။

ထိုအဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ အာဟာရငါးပါးတို့တွင် လည်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်အကြောင်းသုံးပါးတို့သည် ရုပ်ခန္ဓာကိုယ်၏ မိရာဥပနိဿယအကြောင်းတို့ မည်ကုန်၏။ ဥပမာအားဖြင့် မိခင်သည် သားသမီးတို့၏တည်ရာ မိရာဖြစ်နေ သကဲ့သို့လည်းကောင်း၊ ဖခင်သည် သားသမီးကို ဖြစ်စေသကဲ့သို့ လည်းကောင်း၊ ကံတရားသည် ရူပကာယရုပ်ခန္ဓာကိုယ်ကို ဖြစ်စေ တတ်၏။ နို့ထိန်းကလေးထိန်းသည် ကလေးကို ကောင်းစွာ ဆောင်သကဲ့သို့ အာဟာရသည် ခန္ဓာကိုယ်ကို ကောင်းစွာဆောင်

၏။ ဤသို့ခန္ဓာကိုယ်အကြောင်းဖြစ်သော တရားငါးပါးကို သိမ်းဆည်းဆင်ခြင်ရာ၏။ အကျဉ်းချုပ်လိုက်တော့-

ရုပ်နာမ်တရား ခန္ဓာငါးပါးဘဝကို ဖြစ်စေတတ်တဲ့ မူလ ဇစ်မြစ်အကြောင်းရင်း ရှာလာရာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရဟူသော အကြောင်းတရားငါးပါးကို တွေ့မြင်ရမည် ဖြစ်သည်။ တစ်ခါ ဝဋ်မြစ်အကြောင်းရင်း တရားတို့သည် နာမ်ရုပ်နှင့် ဆက်နွယ်ပြီးလာကြရာ အသေးစိတ်အားဖြင့် နာမ် တရား၏ ရုပ်တရားနှင့်ဆက်ဆံသော သာဓာရဏပစ္စယ အကြောင်း၊ မဆက်ဆံသော အသာဓာရဏပစ္စယအကြောင်းကို ဝေဖန်သိမ်းဆည်းရာ၏။ စက္ခုဒွါရမျက်စိပေါက်၊ သောတဒွါရ နားပေါက်စသော ဒွါရခြောက်ပါးတို့သည်လည်းကောင်း၊ အဖြူ၊ အနီ၊ အစိမ်း၊ အဝါစသော အာရုံခြောက်ပါးတို့သည်လည်း ကောင်း၊ နာမ်တရား၏သာဓာရဏပစ္စယ ဆက်ဆံသော အကြောင်းဖြစ်၏။ သင့်တင့်ကောင်းမြတ်သော နှလုံးသွင်းမှု ယောနိသောမနသိကာရ၊ မသင့်မတင့်နှလုံးသွင်းမှု အယောနိသော မနသိကာရ ကမ္ဘာဝ စသည်တို့သည် ကုသိုလ်၊ အကုသိုလ် အများအားဖြင့် အကြွင်းအကျန်မရှိ အလုံးစုံသော အပြားရှိသည် လည်းဖြစ်သော နာမ်တရား၏ အသာဓာရဏပစ္စယ မဆက်ဆံ သောအကြောင်းမည်၏။ အနည်းငယ်ချဲ့ပါဦးအံ့ သင့်တင့်ကောင်း မြတ်နှလုံးသွင်းခြင်း ယောနိသောမနသိကာရဖြစ်လျှင် ဒါန၊ သီလ စသော ကုသိုလ်ဖြစ်ဖို့ရန် အကြောင်းဖြစ်၏။ မသင့်မတင့် နှလုံး သွင်းခြင်း အယောနိသော မနသိကာရဖြစ်လျှင် ပါဏာတိပါတ

စသော အကုသိုလ်ဒုစရိုက်ဖြစ်ဖို့ရန်အကြောင်း ဖြစ်၏။ ကံ၊ အဝိဇ္ဇာ စသည်တို့သည် ဝိပါက်၏အကြောင်းဖြစ်၏။ ဘဝင် စသည်သည် ကြိယာ၏အကြောင်းဖြစ်၏။

ထို့ကြောင့် မနသိကာရ၊ အမနသိကာရ စသည်တို့သည် ဆက်ဆံသော သာဓာရဏပစ္စယအကြောင်း၊ မဆက်ဆံသော အသာဓာရဏပစ္စယအကြောင်းတို့မည်သည်။ နာမ်၏ သာဓာရဏပစ္စယ၊ အသာဓာရဏပစ္စယ အကြောင်းတို့ကို သိပြီး၍ ရုပ်တရား၏ သာဓာရဏပစ္စယ၊ အသာဓာရဏပစ္စယ အကြောင်းတို့ကို တစ်ဖန် ဆင်ခြင်ရာ၏။

ကံ၊ စိတ် ဥတု၊ အာဟာရ ဤလေးပါးသောအကြောင်းသည် ရုပ်ဖြစ်ကြောင်း သာဓာရဏပစ္စယ ဆက်ဆံသော အကြောင်းဖြစ်၏။ ထိုတရားတို့ချုပ်ငြိမ်းသွားလျှင် အသာဓာရဏပစ္စယ မဆက်ဆံသောအကြောင်းဖြစ်၏။ ထိုသို့ ရုပ်နာမ်တို့၏ ဆက်ဆံပုံ၊ မဆက်ဆံပုံ အကြောင်းကို သိမ်းဆည်းဆင်ခြင်မိသည် ရှိသော် နာမ်ရုပ်တို့၏ ဤပုံ၊ ဤနည်းဖြစ်နေခြင်းကို မြင်၍ ဆင်ခြင်ရမည်ကား "ဤနာမ်ရုပ်သည် ယခုပစ္စုပ္ပန်အကြောင်း အားလျော်စွာ ဖြစ်သကဲ့သို့ ထို့အတူအတိတ်၌လည်း အကြောင်း အားဖြင့် ဖြစ်ဖူးပြီ၊ အနာဂတ်၌လည်း အကြောင်းအားဖြင့် ဖြစ်လတ္တံ့" ဟု အဖန်တလဲလဲရှုဆင်ခြင်ပွားများ၏။ ဤသို့ ကြိမ်ဖန်များစွာ ရှုဆင်ခြင် ပွားများထားသူသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးတို့၌ ယုံမှားခြင်းသည်ပျောက်၏။ ၁၆ ပါးသော ယုံမှားခြင်းကို ပယ်ဖျောက်အပ်သည်သာတည်း။

# ဒိဋ္ဌိဝိသုဒ္ဓိ အယူစင်ကြယ်အောင် အားထုတ်ပါ

ဒိဋ္ဌိဟူသော စကားသည် အယူဟူသော အဓိပ္ပာယ်ရသည်။ ကောင်းသောမြင်ခြင်း၊ ကြားခြင်းစသောအားဖြင့် ယူခြင်းသည် သမ္မာဒိဋ္ဌိဖြစ်သည်။ မကောင်းသောမြင်ခြင်း၊ ကြားခြင်းစသည်များကို ယူခြင်းသည် မိစ္ဆာဒိဋ္ဌိဖြစ်သည်။ သမ္မာဒိဋ္ဌိမှန်သောအယူ၊ မိစ္ဆာဒိဋ္ဌိမှားသောအယူဟု ခွဲခြားသိပါ။ မှန်သောအယူဖြစ်ဖို့ အယူစင်ကြယ်ဖို့ဆိုတာ သိပ်လွယ်သည်တော့ မဟုတ်ပေ။ အရိယာနယ်ပယ်သို့ ရောက်ပြီး အရိယာပုဂ္ဂိုလ်ဖြစ်မှ မိစ္ဆာဒိဋ္ဌိ စသည်မှ လွတ်ကင်း၍ အယူစင်ကြယ်သွားလေသည်။ အရိယာ နယ်ပယ်သို့ မရောက်မချင်း ဒိဋ္ဌိမစင်ကြယ်သေးပါ။ လောက၌ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ဒိဋ္ဌိ၊ ဒိဋ္ဌိဟု ခေါ်ဝေါ်ပြောဆိုနေကြခြင်းသည် များသောအားဖြင့် မိစ္ဆာဒိဋ္ဌိကို ရည်ညွှန်းပြီးပြောဆိုနေကြလေ၏။

တစ်ချို့ကလည်း အသိဉာဏ်မရှိတဲ့ ဒိဋ္ဌိပဲဟု မိစ္ဆာဟူသော ပါဠိကို မြန်မာနှင့်တွဲပြီး ပြောဆိုတတ်ကြသေး၏။ ထိုသို့ပြော

ဆိုခြင်းလည်း မှန်သည်ဟု ဆိုရပေမည်။ ပြောဆိုသည့်သူရော၊ အပြောခံရသည့်သူရော တကယ်တော့ အများအားဖြင့် ဒိဋ္ဌိတွေကြီး ဖြစ်နေတာဆင်ခြင်ဖို့ ဖြစ်ပါတယ်။

ဒိဋ္ဌိအချင်းချင်း အခွင့်ကြုံသလို ဦးသူက အရင်ခေါ်ဝေါ် ပြောဆိုသမုတ်နေကြသည်။ မည်သူမဆို မိစ္ဆာဒိဋ္ဌိမှ စင်ကြယ်နိုင်အောင် အလေးထား ဆင်ခြင်သင့်လေသည်။ ဘုရားရှင် ကိုယ်တော်မြတ်ကလည်း ဒိဋ္ဌိနှင့်ပတ်သက်လို့ အကျယ်တဝင့် ဟောတော်မူခဲ့ပါသည်။

ဘုရားရှင်ဟောတော်မူသည်ကား "ချစ်သား ရဟန်းတို့၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အယူနှစ်ပါးသည် နှိပ်စက်အပ်ကုန်သော နတ်လူတို့သည် ရှိကုန်၏။ ထိုနတ်လူတို့တွင် အချို့သောနတ်လူတို့သည် ဘဝ၌ အလွန်မွေ့လျော်အပ်သည်ဖြစ်၍ ဘဝ၏ချုပ်ခြင်းမှ တွန့်ဆုပ်ခြင်းသို့ ရောက်ကုန်၏။ အချို့နတ်လူတို့သည် အယူလွန်၍ ပြေးကုန်၏။ ယထာဘူတဉာဏ်အမြင်ဟု ဆိုအပ်သော ဉာဏ်ပညာမျက်စိနှင့် ပြည့်စုံသော သူတို့သည်သာလျှင် မဖောက်မပြန် အမှန်မြင်နိုင်ကုန်၏။ ချစ်သားရဟန်းတို့ တစ်ချို့သော နတ်လူတို့သည် အဘယ်သို့လျှင် ဘဝ၏ချုပ်ခြင်းမှ တွန့်ဆုတ်ကြကုန်သနည်း။ ရဟန်းတို့ တဏှာ ဒိဋ္ဌိအားဖြင့် လွန်စွာ မွေ့လျော်အပ်သော ကာမဘဝစသော ဘဝရှိကုန်သော ကာမစသောဘဝ၌ လွန်စွာ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းသို့ ရောက်ကုန်သော နတ်လူတို့သည် ရှိကုန်၏။ ထိုနတ်လူတို့အား ဘဝချုပ်ခြင်းငှာ တရားကို ဟောအပ်ကုန်သည်ရှိသော် စိတ်သည်

ဘဝဋ္ဌသာယာ နှစ်သက်မက်မောခြင်းကြောင့် ဘဝချုပ်ခြင်းကို ဆောင်တတ်သောတရားတော်၌ မသက်ဝင်နိုင် မယုံကြည်နိုင် နှလုံးမသွင်းနိုင်ဟု ရှေးဦးစွာ ဘဝဋ္ဌတပ်မက်ထားသော၊ စွဲလန်းထားသော နတ်လူများသည် အချိန်တန်လို့ ဘဝစွန့်လွှတ်ဖို့ ရင်ဆိုင်ရလျှင် ဘဝဋ္ဌ တွန့်ဆုပ်နေကြ၏ဟု ဟောတော်မူပါသည်။ ထိုဘုရားရှင်ဟောတော်မူသည့် အနှစ်သာရ စကားတို့ကို ဆင်ခြင်ပွားများနေရမှာပါ၊ ဆင်ခြင်ပွားများနိုင်ဖို့မှာ ဒိဋ္ဌိသည် အဓိက ဖြစ်နေသည်။ ဒိဋ္ဌိသည် အရာကြယ်၍ ခွဲခြားသိနိုင်အောင် အားထုတ်ရမည်။ ဒိဋ္ဌိသည် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဟု အကျဉ်းအားဖြင့် နှစ်ပါးရှိ၏။ သဿတဒိဋ္ဌိမြဲ၏ဟု ယူထားခြင်း၊ ဥစ္ဆေဒ ဒိဋ္ဌိ ဘဝမရှိပြတ်၏ဟုယူထားခြင်း၊ မြဲ၏ဟုယူယားခြင်းသည် တဏှာဒိဋ္ဌိတို့ဖြင့် အာရုံအမျိုးမျိုးပေါ် စွဲလမ်းနှစ်သက် မက်မောပြီးယူထားလို့ဖြစ်သည်။ စွဲလမ်းစရာ နှစ်သက်စရာ မွေ့လျော်ဖွယ်ရာ အာရုံတွေဖြစ်သည့် ဇနီးမယား၊ လင်ယောကျ်ား၊ သားသမီး ပစ္စည်းဥစ္စာများပေါ် ဖြစ်ပျက်မှုမမြင်ဘဲ ဖုံးထား၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ကို သတိမရနိုင်ဘဲ အဝိဇ္ဇာအမှောင်က ဖုံးထားလေ၏။ ထိုအမှောင်ဖုံးနေချိန်မှာ မမျှော်လင့်ဘဲ သေခြင်းတရားနှင့် ရင်ဆိုင်ရသော် ကြောက်လန့်တုန်လှုပ်ပြီး တွန့်တိုဆုပ်နစ် နေကြ၏။

အကြောင်းကား ကြိုတင်ဆင်ခြင်ထားသည့်တရားမရှိလို့ပါ။ သေခြင်းတရားကို ကြောက်ခြင်းသည် အာရုံများကို မှားယွင်းစွာ စွဲလမ်းနေခြင်းကြောင့်ဖြစ်သည်။ သေခြင်းတရား

ကို ကြောက်ခြင်းသည်၊ ဘုရား၊ ရဟန္တာ၊ အရိယာတို့ကလွဲပြီး မည်သူမဆို ကြောက်လန့်တုန်လှုပ်ကြသူကြီး ဖြစ်လိမ့်မည်။ သို့ပေမဲ့ သက်ရှိထင်ရှားရှိစဉ်က ဆင်ခြင်ပွားများထားသူများက သက်သာရာ ရနိုင်သည်။ သေခြင်းတရားကို ရင်ဆိုင်ရဲသည်။ ကြိုတင်ပွားများ မထားသူတို့သည် အမျိုးမျိုးသော စိတ်မချမ်းသာမှုနှင့် တွေ့ကြုံရမည်။ လင်ယောကျ်ားကလည်း၊ ဇနီးမယား၊ သားသမီး၊ ပစ္စည်းဉစ္စာစသည်တို့ကို စွန့်လွှတ်ရမှာ ခွဲခွာရမည်ကို စိတ်မချမ်းသာနှင့် ပူပင်နေကြရမည်။ ဇနီးမယားကလည်း လင်ယောကျ်ားနှင့်သား သမီး၊ ပစ္စည်းဉစ္စာစသည်များကို စွန့်လွှတ်ရမှာ၊ ခွဲခွာထားပစ်ခဲ့ရမည်ကို စိုးရိမ်သောကရောက်ပြီး ပူပင်နေကြရမည်။ ဤသို့စသည်အားဖြင့် စိုးရိမ်သောက ပူပင်ရခြင်းသည် အယူမှား အမြင်မှားဖြစ်သည့် ဒိဋ္ဌိကြောင့်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းသည် ဘုရားရှင်က တဏှာဒိဋ္ဌိတို့ဖြင့် ယူထား၍ ဝတ္ထုကာမ၊ ကိလေသာကာမတို့ကို မွေ့လျော်ပျော်ပိုက်ကာ ရရှိထားသည့်ဘဝကို စွန့်လွှတ်ရမှာ လူ၊ နတ် အများတို့သည်တွန့်တိုဆုတ်နစ်ကြောက်နေကြလေ၏ဟု ဟောတော်မူခဲ့လေသည်။ ဘုရားရှင်ဟောတော်မူသည့် ဒုတိယအချက်ကား အို ရဟန်းတို့၊ တချို့သော နတ်လူတို့သည် အဘယ်သို့လျှင် အယူလွန်၍ ပြေးကြကုန်သနည်း၊ ရဟန်းတို့ စင်စစ် တချို့သော နတ်လူတို့သည် ဘဝဖြင့်သာလျှင် ဆင်းရဲစေအပ်ကုန်သည်ဖြစ်၍၊ ရှက်စနိုးကုန်သည်ဖြစ်၍၊ စက်ဆုပ်ရွံရှာကုန်သည်ဖြစ်၍ ဘဝ၏ ကင်းခြင်း၊ ဘဝ၏ပြတ်ခြင်းကို အလွန်နှစ်သက်ကုန်၏။

အိုအချင်းတို့ ဤကိုယ်သည် ဓိဝိတိန္ဒြေ၏ ပျက်သည်မှ နောက်၌ ပြတ်စဲ၏။ ပျောက်၏။ သေသည်မှ နောက်၌မဖြစ်၊ ထိုသို့ စုတိမှ နောက်၌မဖြစ်ခြင်းကြောင့် ထိုသို့ပျက်ခြင်း၊ ပျောက်ခြင်း သည် ငြိမ်သက်၏။ ထိုသို့ပျောက်ခြင်း၊ ပျက်ခြင်းသည် **မွန်မြတ်** ပေစွ။

ဤသို့ အလွန်နှစ်သက်မက်မောကုန်၏။ ရဟန်းတို့ ဤသို့လျှင် အချို့သော နတ်လူတို့သည် အယူလွန်၍ ပြေးကုန်၏ ဟု ဟောတော်မူ၏။ ဘုရားရှင်သည် ဤသို့အယူလွန်နေခြင်းကို ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်ဟု ဥစ္ဆေဒဒိဋ္ဌိကို ရည်ရွယ်ပြီး ဟောတော်မူ ခဲ့လေ၏။ ထိုတွေကို အကြောင်းခံပြီး ယခုခေတ်အချို့ပုဂ္ဂိုလ်တို့ရဲ့ ယူဆတတ်ပုံ ရှိကြသေး၏။

လောက၌ အချို့ပုဂ္ဂိုလ်များသည် ကံတရားရဲ့အကြောင်း အကျိုးကို မယုံကြည်၊ ဘဝကိုလည်း မယုံကြည်၊ လာခဲ့သောဘဝ၊ နောင်ဖြစ်မည့်ဘဝ၊ ယခုဖြစ်နေသောဘဝတို့၏ အကြောင်းအကျိုး ဆက်စပ်ကာ ဖြစ်နေခြင်းကို ယုံကြည်မှုမရှိ၊ နောင်ဘဝဆိုတာ ရှိသည်မဟုတ်၍ နောင်ခံရမည်ကိုလည်း သိရမည်မဟုတ်၊ ကြောက်လန့်ပူပင်နေစရာမလို ဘဝသည် ပြတ်သွား၏။ ရှိသည် မဟုတ် စသည်အားဖြင့် ယူဆနေတတ်ကြသေး၏။ ထိုပုဂ္ဂိုလ် တို့၏ ဘဝပြတ်၏ဟု ယူဆကြခြင်းသည် သူတော်ကောင်းတို့ ၏ ထက်မြက်သောဉာဏ်အမြင်ဖြင့် ဘဝပြတ်နည်း မဟုတ် လေဘဲအကြောင်းအကျိုး ယုံကြည်မှုမရှိ မှားယွင်းသော အယူ မိစ္ဆာဖြစ်၍ ဘဝပြတ်ထားသော နည်းလမ်းမျိုးဖြင့် ယူဆနေခြင်း

သာဖြစ်ပေ၏။ ယင်းသို့ဖြစ်နေသော ပုဂ္ဂိုလ်တို့ကို သမ္မာသမတ် မကြဘဲ အယူလွန်၍ ပြေးနေသော သူတို့ယူ၍ ဟောတော်မူလေ၏။ အဲဒီပုဂ္ဂိုလ်များသည် ပြုလုပ်သည့်ကံတရားကိုပင် ယုံကြည်မှုမရှိဘဲ ကြာလေကြာလေ ကုသိုလ်နှင့် ဝေးကွာသွားလိမ့်မည်။ စာကောင်းပေကောင်း လေ့လာလိုက်စားမှုမရှိဘဲ အသိဉာဏ်ကင်းကာ အကုသိုလ်တရားနှင့်ပင် ကျင်လည်နေရတတ်သည်။ အကုသိုလ်တရားနှင့် ကြာကြာနေထိုင်ရသူသည် အမှန်ကိုပင် အမှားထင်ပြီး မိမိထင်ရာ၊ မိမိမြင်ရာ၊ ဖြစ်ချင်ရာကို ပြောဆိုလုပ်ကိုင်တတ်သည်။ ထိုထင်ရာ၊ မြင်ရာ၊ ဖြစ်ချင်ရာကို ပြောဆိုလုပ်ကိုင်တတ်ခြင်းသည် နောင်ဘဝအနာဂတ်အတွက် ခံစားရမည့်ဘဝကို ယုံကြည်မှုမထားဘဲ ဘဝကို ဖြတ်ကာ အယူလွန်နေသော ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားလေ၏။ ဆက်လက်၍ ဘုရားရှင်ကိုယ်တော်မြတ်သည် တတိယအချက်အနေနှင့် အယူစင်ကြယ်၍ မဖောက်မပြန် မှန်ကန်စွာကျင့်သုံးနေသူများကို ဟောတော်မူသည်။

"ရဟန်းတို့ ယထာဘူတဉာဏ်ပညာနှင့် ပြည့်စုံသောသူသည် အဘယ်သို့လျှင် မဖောက်မပြန် အမှန်မြင်နိုင်ကုန်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ အကြင်ရဟန်းသည် အကြင်အကြင်မိမိဥစ္စာဖြစ်သော အကြောင်းတို့ကြောင့်ဖြစ်သော ဝါ- မရမတ္တအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းကို အကြင်အကြင် ဟုတ်မှန်သောလက္ခဏာအားဖြင့် ရှု၏။ ခန္ဓာငါးပါးအပေါင်းကို ငြီးငွေ့ခြင်းငှာ၊ မတပ်မက်ခြင်းငှာ၊ ချုပ်စေခြင်းငှာ

ကျင့်သည်ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ယထာဘူတဉာဏ် ပညာအမြင်နှင့် ပြည့်စုံသူသည် မဖောက်မပြန် အမှန်သိနိုင်ကုန်၏ဟု ဟောတော်မူ၏။ "မှန်သောတရား လက်ကိုင်ထားက ဘုရားအကြိုက် လိုက်သည်မည်ရာ သူတော်စောင့်ရှောက် ဘေးပျောက်ကင်းကွာ ချမ်းသာစွာဖြင့် နေထိုင်ရမည်မှန်ပင်တည်း" ဟူသည်နှင့်အညီ စစ်မှန်သော ဘုရားဟော ဒေသနာတော်တို့ကို သတိတရားများများထားပြီး အာရုံယူကြည့်လျှင် ရှုထောင့်ပေါင်စုံမှ ဖြစ်ပျက်နေပုံတို့ကို အမှန်တိုင်း သိမြင်လာလိမ့်မည်ဖြစ်သည်။ အမှန်အတိုင်း သဘာဝကျကျ မြင်သိတတ်လျှင် ယထာဘူတဉာဏ်နှင့် ပြည့်စုံမည်ဖြစ်သည်။

ယထာဘူတဉာဏ်ပညာနှင့် ပြည့်စုံသောသူတို့သည် သူတော်ကောင်း အကျင့်ကိုကျင့်ပြီး သူတော်ကောင်းတို့ သွားရာလမ်းကို လိုက်နေသူများဖြစ်ကြသည်။ ဆင်းရဲသောအကျင့်ကို မကျင့်၊ ဆင်းရဲသောဘဝသို့ မလျှောက်လှမ်းတော့ပေ။ တဖြည်းဖြည်းဉာဏ်ပညာရင့်ကျက်လာလျှင် လောကဦဖြစ်ပျက်နေပုံများကို သဘာဝကျကျ အရှိတိုင်းသိမြင်နေခြင်းသည် ယထာဘူတဉာဏ်၏သဘောဖြစ်သည်။ ဘုရားရှင်၏ အလိုဆန္ဒသည်လည်း "ပရမတ္ထ" မဖောက်မပြန် မှန်စွာဖြစ်နေခြင်းနှင့် ကိုက်ညီသွားမည်ဖြစ်သည်။ ထို့ကြောင့် မဖောက်မပြန် မှန်စွာဖြစ်နေသည့် ပရမတ္ထသဘောတရားကို ယထာဘူတဉာဏ်ပညာဖြင့် "အမှန်တရားကို အမှန်တရားဖြင့်လိုက်မှ သိမြင်တတ်မှ" အောင်မြင်ခြင်းရည်မှန်းချက် ဟူသမျှ မြန်မြန်ရောက်လိမ့်မည် ဖြစ်လေသည်။

သို့ဆိုပါလျှင် အဘယ်သို့သောဖြစ်ပျက်နေသော တရားတို့ကို မဖောက်မပြန် မှန်ကန်စွာ သိမြင်ရမည်နည်း။ ရုပ်နာမ်ဓမ္မသင်္ခါရသဘာဝတရားတို့အပေါ် မဖောက်မပြန် မှန်စွာသိနေရမည်။ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ပုံပျက်ပုံ သွားလာပုံ ဆက်နွယ်နေပုံများကို လေ့လာမှတ်သား ပွားများနေရမည်။ ပွားများရာမှာလည်း မိမိခန္ဓာကိုယ်ကပြနေသော ရုပ်တရား၊ နာမ်တရား၊ ရုပ်နာမ်တရားတို့ကို အမြင်ကျယ်ကျယ်နှင့် ရှုရမည်က ဤခန္ဓာဟူသော လောက၌ အမှန်တရား ပရမတ္ထအားဖြင့် နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်းရှိ၏။ ဤနာမ်ရုပ်အစုမျှ၌ သတ္တဝါဟူသည်မရှိ၊ လူဟူသည်မရှိ၊ ဤနာမ်ရုပ်နှစ်ပါးအပေါင်းသည် အတ္တဇီဝမှဆိတ်၏။ ယန္တရားကြိုးငင်ခြင်းတည်းဟူသော အကြောင်းထူးသည် ပြုပြင်အပ်သော ယန္တရားရုပ်ကဲ့သို့ ပစ္စည်း၏အစွမ်းဖြင့်ဖြစ်၏။ အခါခပ်သိမ်းကျင်နာသည်၏အဖြစ်ကြောင့် ဆင်းရဲ၏။ အစုမျှသာဖြစ်၏။ အတ္တမှ စိတ်သည်၏အဖြစ်ကြောင့် မြက်ထင်းတုံးနှင့်တူ၏။ တစ်ဖန် ဥပမာပြဆိုသည်ကား ကျူစည်းနှစ်စည်းတို့ကို အချင်းချင်းတစ်စည်းသည် တစ်စည်းကိုမှီ၍ ထားအပ်ကုန်သည်ရှိသော် ကျူစည်းတစ်ခုသည် တစ်ခုသော ကျူစည်း၏အထောက်အပံ့ဖြစ်၏။ ကျူစည်းတစ်ခုလဲသည်ရှိသော် အခြားသောကျူစည်းတစ်ခုသည်လည်း လဲသကဲ့သို့ ဤအတူ ပဉ္စဝေါကာရဘုံ၌ နာမ်နှင့်ရုပ်သည် အချင်းချင်း၊ တစ်ပါးသည် တစ်ပါးကိုမှီပြီးဖြစ်၏။ တစ်ပါးသည်တစ်ပါး၏ အထောက်အပံ့ဖြစ်၏။ သေခြင်းမရဏာ၏အစွမ်းဖြင့် တစ်ပါး

သည်ချုပ်ပျက်စုတေ ရွေ့လျောသည်ရှိသော် ဤမှတစ်ပါးသည် လည်း ချုပ်ပျက်စုတေ ရွေ့လျောရ၏။

ထို့ကြောင့် ကျမ်းဂန်လာပါဠိတော်က "ယမကံနာမရူပဥ္စ ဥဘော အညောညနိဿိတာ ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ ဥဘောဘိဇ္ဇန္တိ မစ္စယော"ဟူ၍ ဟောတော်မူလေ၏။ နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း အစုံဖြစ်သော အကြင်တရားအပေါင်း သည်ရှိ၏။ ထိုနှစ်ပါးသော နာမ်ရုပ်တို့သည် တစ်ပါးသည် တစ်ပါးကိုမှီ၍ တည်ကုန်၏။ ထို့ကြောင့် တစ်ပါးပျက်သည်ရှိ သော် နာမ်ရုပ်နှစ်ပါးလုံးပင် ပျက်ကုန်၏။ ထိုနာမ်နှင့်ရုပ် ချုပ်ပျက် ခြင်းသည် အကြောင်းတရားချုပ်ခြင်းကြောင့်ဖြစ်၏။ တစ်ပါး သည်တစ်ပါး၏ပစ္စည်းတရား ဖြစ်ကုန်လျက်လည်း နာမ်နှင့်ရုပ် နှစ်ပါးလုံးပင် ပျက်ကုန်သည်သာတည်း။ ထို့ကြောင့် နာမ်နှင့်ရုပ် တို့သည် တစ်ပါးသည် တစ်ပါးကို မှီနေရသည့်အတွက် တစ်ပါး ခြင်းခွဲပြီး အစွမ်းသတ္တိရှာကြည့်လျှင် တစ်ပါးခြင်း၌ မရှိလေ။

ရှေးဆရာမြတ်တို့ကလည်း တစ်ပါးခြင်း၌ အစွမ်းသတ္တိ တန်ခိုးအာနုဘော် မရှိပုံကိုဆိုတော်မူကြလေ၏။ ဤနာမ်ရုပ်နှစ်ပါး တို့တွင် နာမ်သည် တန်ခိုးအာနုဘော်ကင်း၏။ မိမိဥစ္စာဖြစ်သော တန်ခိုးအာနုဘော်ဖြင့် ဖြစ်ခြင်းငှာ မတတ်နိုင်၊ မခဲနိုင်၊ မသောက် နိုင်၊ စကားမပြောဆိုနိုင် ဣရိယာပုဒ်ကိုမပြုနိုင်၊ ရုပ်သည်လည်း တန်ခိုးအာနုဘော်ကင်း၏။ မိမိကိုယ်ပိုင်ဥစ္စာဖြစ်သော တန်ခိုး အာနုဘော်ဖြင့်ဖြစ်ခြင်းငှာ မတတ်နိုင် မှန်ပေ၏။ ထိုရုပ်၏ (ဝါ) ရုပ်သက်သက်ဖြင့် ခဲလိုသောအဖြစ်သည် မရှိ၊ စကား

ပြောဆိုလိုသည်၏ အဖြစ်သည်မရှိ၊ ကြိယာပုဒ်ကို ပြုလိုသည်၏ အဖြစ်သည် မရှိ၊ စင်စစ်သော်ကား နာမ်ကိုမှီ၍ ရုပ်သည်ဖြစ်၏။ ရုပ်ကိုမှီ၍ နာမ်သည်ဖြစ်၏။ နာမ်၏သောက်လိုသည်၏အဖြစ်သည် ရှိသော် ရုပ်သည်သောက်၏။ နာမ်၏စကား ဆိုလိုသည်၏ အဖြစ် သည်ရှိသော် ရုပ်သည်စကားဆို၏။ နာမ်၏ကြိယာပုဒ်ကို ပြုလိုသည်၏အဖြစ်သည်ရှိသော် ရုပ်သည်ကြိယာပုဒ်ကို ပြု၏။

ဤဆိုအပ်ပြီးသော အနက်အဓိပ္ပာယ်စကားရပ်ကို ထင်ရှားစွာ ပြခြင်းအကျိုးငှာ ရှေးအဋ္ဌကထာဆရာမြတ်တို့သည် ဤဆိုလတ္တံ့သော ဥပမာကို ဆောင်တော်မူကုန်၏။ အခါတစ်ပါး၌ မျက်စိ ကန်းသော သူကန်းနှင့်ခြေမသွားနိုင်သော သူဆွံ့တို့သည် ရှိကြလေ၏။ ထိုနှစ်ဦးတို့သည် တစ်နေ့သောအခါ အရပ်တစ်ပါးသို့ သွားလိုသော စိတ်ဆန္ဒရှိကြကုန်သည်ဖြစ်၍ သူကန်းက ဆွံ့ကို ပြောလေ၏။

"အို မိတ်ဆွေ ကျွန်ုပ်သည် ခြေထောက်ဖြင့်သွားလာမှုကို ပြုနိုင်ပါ၏။ သို့ပေမယ့် မျက်စိမကောင်း ကန်းနေခြင်းကြောင့် အနိမ့်အမြင့် ညီညွတ်သောအရာ မညီညွတ်သောအရာတို့ကိုကား မသိနိုင် မမြင်နိုင်ပါ"ဟု စသည်ဖြင့် မိတ်ဆွေဖြစ်သူ ဆွံ့ကို ပြောပြလေ၏။ မိတ်ဆွေဖြစ်သူ ဆွံ့ကလည်း သူကန်းကို ပြန်ပြောလေ၏။

"အိုမိတ်ဆွေ ကျွန်ုပ်မှာမူကား မျက်စိကောင်း၍ မျက်စိဖြင့် ပြုအပ်သော မြင်ခြင်းကိစ္စကို ပြုနိုင်ပါ၏။ မြင်နိုင်ပါ၏။ ခြေဖြင့် ပြုအပ်သောကိစ္စ ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်း၊ သွားလာခြင်း

စသော အမှုကိုတော့မပြုနိုင်ပါဟု ပြောလေ၏။ သည်လိုနှင့် တစ်ဦးနှင့်တစ်ဦး တိုင်ပင်နှီးနှောကြပြီး သူကန်းက ငါတို့နှစ်ဦး ပေါင်းစပ်ခြင်း၏အစွမ်းဖြင့် လိုရာအရပ်သို့ ရောက်နိုင်၍ သွားလာခြင်းကိစ္စပြီးမြောက်နိုင်လေ၏ဟု တစ်ဦးကိုတစ်ဦး နှစ်သက်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကန်းသူက မသွားနိုင်သော ဆွံ့ကို ပခုံးပေါ်သို့တင်၍ ထမ်း၏။

ဆွံ့က သူကန်း၏ပခုံးထက်၌ထိုင်၍ ဘယ်ခြေလှမ်းလော့၊ ညာခြေလှမ်းလော့ ဟိုဘက်သွားလော့၊ သည်ဘက်သွားလော့စသည်ဖြင့် ညွှန်ကြားပြောဆို၍ သွားကြလေ၏။ ထိုဥပမာ၌ ကန်းနေသော သူသည် တန်ခိုးအာနုဘော်ကင်း၏။ အားနည်း၏။ မိမိ၏ကိုယ်ပိုင်ဥစ္စာဖြစ်သော တန်ခိုးအာနုဘော်နှင့် မိမိ၏အစွမ်းသတ္တိဖြင့် မသွားနိုင်၊ ဆွံ့သည်လည်း တန်ခိုးအာနုဘော်ကင်း၏။ အားနည်း၏။ မိမိ၏ကိုယ်ပိုင်ဥစ္စာဖြစ်သော တန်ခိုးအာနုဘော်အစွမ်းသတ္တိဖြင့် မသွားနိုင်။ သို့ပေမဲ့ အချင်းချင်း တစ်ယောက်သည် တစ်ယောက်ကိုမှီ၍ သွားခြင်းသည် မဖြစ်သည် မဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့ ဤအတူလျှင် နာမ်သည်လည်း တန်ခိုးအာနုဘော်ကင်း၏။ မိမိ၏ကိုယ်ပိုင်ဥစ္စာဖြစ်သော တန်ခိုးအစွမ်းဖြင့် မဖြစ်နိုင်၊ ထိုထိုသို့သော ကြိယာတို့၌ မဖြစ်နိုင်၊ ရုပ်သည်လည်း တန်ခိုးအာနုဘော်ကင်း၏။ မိမိ၏ကိုယ်ပိုင်ဥစ္စာဖြစ်သော တန်ခိုးအာနုဘော်အစွမ်းဖြင့် မဖြစ်နိုင်၊ ထိုထိုသို့သော ကြိယာတို့၌ မဖြစ်နိုင်၊ ထို ရုပ်နာမ်နှစ်ပါးတို့၏ အချင်းချင်း တစ်ပါးသည်တစ်ပါးကို မှီ၍ ဖြစ်ခြင်းသည်

လည်း မဖြစ်သည်မဟုတ်၊ ဖြစ်သည်သာလျှင်တည်း။ တည်ခြင်းသည်လည်း မတည်သည်မဟုတ်၊ တည်သည် သာလျှင်တည်း။

ထို့ကြောင့် နာမ်ရုပ်တို့သည် တစ်ပါးသည်တစ်ပါးအားဟေတု၊ အာရမ္မဏ ပစ္စယအကြောင်းတို့ကြောင့်သာလျှင် နာမ်ရုပ်တရားတို့ကို ဖြစ်စေအပ်ကုန်၏။ ဤသို့ပြဆိုအပ်ပြီးသော အများအားဖြင့် အထူးထူးသော နာမ်ရုပ်သိမ်းဆည်းနည်း "နာမ ရူပမတ္တ၀ ၀တ္တာပန နယ" ခေါ်သည့် နာမ်ရုပ်မျှကိုသာ ပိုင်းခြားသိမ်းဆည်းနည်းတို့ဖြင့် နာမ်တရားရုပ်တရားကို ပိုင်းခြားမှတ်သားဆုံးဖြတ်တတ်သော ယောဂီပုဂ္ဂိုလ်၏ မဖောက်မပြန် မှန်ကန်သောသဘောကို ကောင်းစွာမြင်ခြင်းသည် ဖြစ်လေ၏။ အစမထင် သံသရာ ကာလပတ်လုံး ထုံအပ်ဖြစ်ခဲ့ရသော ခန္ဓာပဥ္စကဣ အတ္တဟူ၍ စွဲလမ်း ယူမှားသော အမှတ်သညာကို ပယ်ခွာ၍ နာမ်ရုပ်တို့၏ မဖောက်မပြန်မှန်သော သဘောအားဖြင့် ကောင်းစွာမြင်ခြင်းကို (ဝါ) အတ္တဟုစွဲလမ်းသော ဒိဋ္ဌိဟူသော အညစ်အကြေးကို သုတ်သင်တတ်၊ စင်ကြယ်စေတတ်သော ကြောင့် "ဒိဋ္ဌိဝိသုဒ္ဓိ"ဟု ခေါ်ဆိုပါသည်။

ထို့ကြောင့် အယူစင်ကြယ်စေလိုသော ပုဂ္ဂိုလ်တို့သည် နာမ်ရုပ်ခမ္မ သင်္ခါရတို့၏ သဘာဝအတိုင်းဖြစ်ပုံ၊ ပျက်ပုံ ဆက်နွယ်နေပုံတို့ကို လေ့လာမှတ်သားပွားများနေနိုင်လျှင် အမြင်ကြည်လင်လာလိမ့်မည်။ အမြင်ကြည်လင်လျှင် အယူစင်ကြယ်လာ၏။ အယူစင်ကြယ်လျှင် အကုသိုလ်အညစ်အကြေး တဖြည်းဖြည်း ကင်းဝေးသွားမည်ဖြစ်သည်။ အကုသိုလ်မဖြစ်အောင်လည်း

ကျင့်နေလိမ့်မည်။ တစ်ဖန် အကုသိုလ်ဖြစ်ခြင်း၏ အကြောင်းတရား ရုပ်နာမ်ဓမ္မသခါရ ခန္ဓာငါးပါးအပေါင်းကို ထိန်းသိမ်းရသည့် ဒုက္ခ၊ ထိုဒုက္ခကိုမြင်လျှင် ခန္ဓာငါးပါးကိုလည်း ငြီးငွေ့လာ၏။ ခန္ဓာကိုယ်၌ တပ်မက်ခြင်းမရှိ၊ ခန္ဓာကိုယ်၏ချုပ်ရာငြိမ်းရာ တစ်ဖန်မဖြစ်သည့်အကြောင်းတရားတို့ကိုသာ ရှာကြံ၍နေလေတော့၏။ ဤသို့ ဖြစ်ခြင်းသည် မိစ္ဆာဒိဋ္ဌိကင်း၍ အယူစင်ကြယ်ခြင်း၏ အကျိုးဆက်ဒိဋ္ဌိ ဝိသုဒ္ဓိဖြစ်လေတော့သတည်း။

## ပညတ်ပရမတ်ခွဲခြားနည်း

ပညတ်၊ ပရမတ်တို့သည် ဆန်းပြား၍ သိမ်မွေ့နက်နဲ၏။ ကွဲကွဲပြားပြားသိဖို့လည်း သိပ်မလွယ်ကူ၊ တော်ရုံတန်ရုံ လေ့လာလိုက်စားရုံနှင့် ခွဲခြားမသိနိုင်၊ ပညတ်ပရမတ်ဟူသော အမည်ကိုမထားလို့လည်း မဖြစ်ပေ၊ မဖြစ်သည့်အတွက် ထိုပညတ်ပရမတ်ကို ကွဲကွဲပြားပြားသိအောင် အားထုတ်ရမည်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူ၍ ခေါ်ဆိုအပ်သောအသံသည် သမုတိပညတ်မည်၏။ ထိုပညတ်ဖြင့် တင်ဆိုအပ်သော အာရုံကို သိတတ်သောသဘော၊ အာရုံကို တွေ့တတ်သောသဘော၊ အာရုံကို ခံစားတတ်သောသဘော၊ ဖောက်ပြန်တတ်သော သဘောတို့သည်သာလျှင် ပရမတ္ထ ဓမ္မမည်၏ဟု ရှေးဦးစွာ မှတ်သားထားပါ။

သဒ္ဒပညတ်အကြား ၆ ပါး

ထိုသဒ္ဒ ဝေါဟာရဖြစ်သော (အသံကို ခေါ်ဆိုအပ်သော) သမုတိပညတ်သည်

၁။ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကို ခေါ်ဆိုအပ်သော ဝိဇ္ဇမာနပညတ်။

၂။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကို ခေါ်ဆိုအပ်သော အဝိဇ္ဇမာနပညတ်။

၃။ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကိုစွဲ၍ မရှိသည်ဒွ ခေါ်ဆိုသော ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

၄။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကို စွဲ၍ ရှိသည်ကို ခေါ်ဆိုသော အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

၅။ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကို စွဲ၍ ရှိသည်ဒွ ခေါ်ဆိုသော ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

၆။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကိုစွဲ၍ မရှိသည်ဒွ ခေါ်ဆိုသော အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

ဤသို့အားဖြင့် ၆ ပါးအပြာရှိ၏။ ထို ၆ ပါးသော ပညတ်တို့တွင် ဝိဇ္ဇမာနပညတ်ဟူသည် အာရုံကိုသိတတ်သော သဘောကိုစိတ်၊ အာရုံကိုတွေ့ထိတတ်သော သဘောသည် ဖဿ၊ ဖောက်ပြန်တတ်သော သဘောကိုရုပ်ဟုခေါ်ဆို ပညတ်ထားခြင်း သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနပညတ် မည်၏။

တစ်နည်းဆိုရလျှင် ဝိဉာဏ ပညတ်ဟူသည် ထင်ရှားရှိသည်ကို ခေါ်ဆိုပညတ်ထားသော ပညတ်မျိုးပါ။ အာရုံကိုသိတတ်ကြံစည်တတ်သောစိတ်သည် ထင်ရှားရှိနေသော အရှိတရားဖြစ်သည်။ ပရမတ္ထတရားလေးပါးထဲမှာ စိတ်ကိုထည့်ဟောထားပါတယ်။ အာရုံများကို တွေ့ထိတတ်သော ဖဿသည်လည်း ထင်ရှားရှိသော အရှိတရားပါ။ မျက်စိနှင့်တွေ့ထိခြင်း၊ နားနှင့်တွေ့ထိခြင်း၊ နှာခေါင်း၊ လျှာကိုယ်နှင့် တွေ့ထိခြင်းတို့သည် အရှိတရားများပင် ဖြစ်လေသည်။ ထိုအရှိတရားဖဿသည် အာရုံများကို တွေ့ထိရုံတင် တွေ့ထိတတ်သည်။ မခံစားတတ်ပါ။ အကောင်းအဆိုး စသည်များကို ခံစားခြင်း၊ သာယာခြင်း၊ နှစ်သက်ခြင်း စသည်တို့သည် ဝေဒနာ၊ တဏှာ စသော တရားတို့၏ တာဝန်ကိစ္စသာဖြစ်ပါသည်။ သို့ပေမယ့် တစ်ခုနှင့် တစ်ခု အရာရာတိုင်းခွဲခြားလို့မရပါ။ တစ်ခုနှင့်တစ်ခု ဆက်သွယ် ပံ့ပိုးပေးနေ၏။ မြင်တတ်သောမျက်စိ ရုပ်တရားရှိလို့ အမြင်ခံရသော အာရုံအမျိုးမျိုးရှိနေလို့ မြင်တွေ့တတ်၊ ကြားတတ်ကြရသည်။ တစ်ဖန် သာယာခံစားခြင်းတို့သည် တစ်ခုရှိလို့တစ်ခု ဖြစ်ပေါ်ရပြီး ဆက်သွယ်ပံ့ပိုးပေးနေကြတာဖြစ်လို့ ခွဲခြားမရပါ။

သိရမည့် သဘောသဘာဝက တွေ့ထိတတ်တာ ဖဿ၊ ခံစားတတ်တာ ဝေဒနာ၊ သာယာတတ်တာ တဏှာ စသည်ဖြင့် သူ့သဘောနှင့်သူ ဖြစ်နေသည်များကို ခွဲခွဲခြားခြား သိနိုင်အောင် အားထုတ်ရမည်။ ထိုပြခဲ့သည့်စကားရပ်တို့က ဖဿ၏အရှိတရားများပင် ဖြစ်လေသည်။ ရုပ်၏အရှိတရားကား ဖောက်ပြန်တတ်

သောရုပ်တရားသည် ရာသီဥတုအပူအအေး စသည်တို့က ပြောင်းလဲပေးနေသောကြောင့် ဖောက်ပြန်နေသော ရုပ်တရား ဖြစ်သည်။ ဗဟိဒ္ဓဖြစ်သောအပြင် သန္တာန်နှင့်လည်း ပြောင်းလဲ ဖောက်ပြန်နေသည်။ ရုပ်သည်သက်မဲ့ဝတ္ထုများကြောင့် ဖောက်ပြန် ရသည်။ ဒီအဝတ်အစားဝတ်လျှင် အရောင်တစ်မျိုး နောက် တစ်မျိုးဝတ်လျှင် အရောင်တစ်မျိုး၊ အရောင်အမျိုးမျိုးကြောင့် လည်း ဖောက်ပြန်ရသည်။

အစားအသောက်ကြောင့်လည်း ဖောက်ပြန်ရသည်။ တည့် သောအစာစားလျှင် အနေအထိုင်တစ်မျိုး၊ မတည့်သောအစာ စားမိပြန်လျှင် နေထိုင်ရတာတစ်မျိုး၊ အအေးမိလျှင်တစ်မျိုး၊ အပူမိလျှင်တစ်မျိုး၊ အမျိုးမျိုးအဖုံဖုံတို့ဖြင့် ပြောင်းလဲဖောက်ပြန် နေသော အရှိရုပ်တရားများ ဖြစ်လေသည်။ ထိုဖဿ၊ စိတ်၊ ရုပ်တရားတို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာန ပညတ်မည်၏ဟူ၍ ဟောတော်မူလေ၏။

၂။ အဝိဇ္ဇမာနပညတ်– အဝိဇ္ဇမာနပညတ်ဟူသည် ရေ မြေတောတောင်သစ်ပင်များကို ဥဒက၊ ဘူမိ၊ ဝန၊ ပဗ္ဗတ၊ ရုက္ခ စသည်ဖြင့် ခေါ်ဆိုပညတ်ခြင်းသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနပညတ်မည်၏။ ရေကို ပါဠိလို ဥဒကဟုပညတ်ခြင်းသည် ပရမတ္ထအားဖြင့် ထင်ရှား မရှိပါ။ ရေကိုဆင်ခြင်ကြည့်လျှင် ရေ၌ အသက်မရှိ၊ သိတတ် သောအသိတရားမရှိ အသိတရားမရှိသည့်အတွက် ရေက မိမိကို သုံးစွဲပါ၊ မသုံးစွဲပါနှင့် စသည်ဖြင့် ပြောဆိုမည်မဟုတ်။ ထို့အတူ

မြေကြီးကို ပါဠိလိုဘူမိ၊ တောကို ဝန၊ တောင်ကို ပဗ္ဗတ၊ သစ်ပင်ကို ရုက္ခဟူသော အမည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ အသက်မရှိ၊ အသိဉာဏ်မရှိ၊ အထည်ကိုယ် ဒြပ်ဝတ္ထု တို့မျှသာဖြစ်၏။ ထိုသက်မဲ့ဝတ္ထုဖြစ်သည့် ရေမြေတောတောင် သမုဒ္ဒရာ စသည်တို့သည် ကမ္ဘာကုဋေကဋာက သဘာဝဥတု အလျောက်ဖြစ်ပေါ်နေကြသည်ကို ယုံမှားသံသယဖြစ်နေစရာ မလိုပါ။

ယင်းသက်မဲ့ဝတ္ထုများအပေါ် မည်သည့်အချိန်ကာလက စပြီး ဘယ်ရွေ့၊ ဘယ်မျှ၊ ဘယ်ပုံဖြစ်နေသည်ကိုတို့ကိုလည်း တွေးတောကြံစည်နေစရာမလိုပေ၊ ထိုအဖြစ်အပျက်များကို တွေးတောကြံစည်နေလျှင် လောကုတ္တရာအတွက် အကျိုးမရှိ ဖြစ်နေလိမ့်မည်ကို ဆင်ခြင်ပါ။ ဤဆိုအပ်ပြီးသော တရားတို့ သည် မရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇာမာန ပညတ်မည်၏။

၃။ ဝိဇ္ဇာမာနေန အဝိဇ္ဇာမာနပညတ်-ဝိဇ္ဇာမာနေန အဝိဇ္ဇာမာနပညတ်ဟူသည် ဈာန်တရားနှင့်ပြည့်စုံ၍ အဘိညာဉ် ၆ ပါး ရရှိသူဟုခေါ်ဆိုခြင်းသည် ဝိဇ္ဇာမာနေန အဝိဇ္ဇာမာနပညတ် မည်၏။ အဘိညာဏ်သည် ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ပရစိတ္တ ဝိဇာနန၊ ပုဗ္ဗေနိဝါသနုဿတိ အာသဝက္ခယ အဘိညာဏ် ဟု ခြောက်ပါးဖြစ်ပါသည်။ ထိုအဘိညာဏ် ခြောက်ပါးသည် မရမတ္ထ အားဖြင့် ထင်ရှားရှိသော တရားများဖြစ်လေသည်။ စိတ်ပိုင်းဆိုင်ရာ တရားထူးများလည်း ဖြစ်သည်။ အဘိညာဉ်

ခြောက်ပါးရှိသူဟု ဆိုရာ၌ အဘိညာဉ်တရားက အရှိတရား၊ ထိုကို ရရှိသော ရသေ့၊ ရဟန်းဟူသော အမည်သညာတို့က ပရမတ္ထအားဖြင့် ထင်ရှားမရှိသော တရားတို့ဖြစ်သည်။ ဘွဲ့ထူး ဂုဏ်ထူး ရရှိကြသော ရဟန်း၊ ကိုရင်၊ အမျိုးသား၊ အမျိုးသမီး ယောကျ်ား၊ မိန်းမ အမည်တို့လည်း မရမတ္ထအနေနှင့် ထင်ရှားမရှိပါလေ။ မှန်ပါသည်။ လောက၌ အတတ်ပညာအမျိုးမျိုးသည် ရှိပြီး သားပါ။ ထိုရှိပြီးသား အတတ်ပညာအမျိုးမျိုးကို ရှာကြံတတ်သည့်သူများနှင့် ကျင့်ကြံပွားများနိုင်သူများသာ ရရှိနိုင်လေသည်။

မရှာကြံသောသူ၊ မကျင့်ကြံသောသူများသည် ရနိုင်လိမ့်မည်မဟုတ်၊ လောက၌ အထွတ်အမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဘုရားမဖြစ်ခင်အချိန်ကာလက ရှာကြံနေသောတရားနှင့် တရားထူးများသည် ကမ္ဘာလောက၌ရှိပြီးသားပါ။ ကံ၊ ဉာဏ်၊ ဝီရိယနှင့် ရှာကြံပြီး အကြောင်းအကျိုး အကောင်းအဆိုးများကို သိရှိတော်မူ၍၊ ဒုက္ခဆိုးမှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို သိမြင်ရရှိတော်မူလေ၏။

လောက၌ သိစရာတစ်စမကျန် သိတော်မူသော ဘုရားရှင်သည် ပရိနိဗ္ဗာန်ယူစံလို့ ငြိမ်းအေးသွားသောအခါ ဘုရားဟူသော အမည်သညာမရှိတော့ပေ။ (သက်ရှိထင်ရှား ဘုရားကိုပြလို့ မရပေဟု ဆိုလိုသည်) ဘုရားရှင်ထားတော်မူခဲ့သော ပိဋကတ်သုံးပုံတရားထူး တရားမြတ်တို့က အရှိတရားဖြစ်သည့်အတွက် ပြလို့ရနေသည်။ သင်ယူလို့ရနေသည်။ ကျင့်ကြံပွားများအားထုတ်

လို့ရနေပါသည်။ လောကဓာတ်သိပ္ပံဆရာတို့သည် ရုပ်ဝတ္ထုများ ဦးစားပေးအမှီပြုပြီး ဆေးပညာစသည်တို့ကို ရှာဖွေနေကြလေ၏။ ရှာဖွေခဲ့သော အကျိုးဆက်ကြောင့် လကမ္ဘာထိ တက်ရောက် ရှာဖွေနိုင်လေ၏။ ရှာဖွေအားထုတ်မှုဉာဏ်ပညာနှင့် အရှိတရား ကြောင့် ကမ္ဘာကိုအကျိုးပြုနိုင်သော ဆက်သွယ်ရေးအသံလှိုင်း၊ ရုပ်မြင်သံကြား၊ ကွန်ပျူတာ၊ အင်တာနက် စသည်တို့ကို လူသားတို့ သုံးစွဲနေရလေသည်။ သိပ္ပံဆရာတို့ ရှာဖွေတွေ့ရှိနေ ခြင်းဟာ လောကဒ္ဓ အတတ်ပညာ၊ အသိပညာ၊ ဓာတ်သဘာဝ တရားတို့ကို ရှိပြီးသား ဆိုတာ လက်တွေ့ယုံကြည်စရာပါပဲ၊ ထို့ထက်အလေးထား ယုံကြည်ရမှာက လူအများကသာ ရှာဖွေရင်း ရှာဖွေရင်း တစ်ဘ၀၊ တစ်ဘ၀၊ တစ်ခေတ် တစ်ခေတ် ပြောင်းလဲနေကြတာ ဖြစ်သည်။ ယင်းအထဲမှာ လူသားအများတို့ မသိ၊ မမြင်၊ မတွေ့သေးသည့် ဓာတ်သဘာဝတရားတို့ စကြာဝဠာကမ္ဘာမြေ လောကဒ္ဓ များစွာပင် ရှိနေလိမ့်မည်ဖြစ် သည်။ ထိုများစွာရှိနေသည့်အထဲမှ အမှန်သစ္စာတရားရရှိဖို့ လိုအပ် ပါသည်။ အမှန်တရားရရှိပြီး ငြိမ်းအေးနိုင်ဖို့ အဓိကစိတ်ထား နိုင်ဖို့ပင် ဖြစ်ပါသည်။ သို့ဆိုအပ်ပြီးသည်တို့ကား ပရမတ္ထအား ဖြင့် ထင်ရှားရှိသောတရားနှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော တရားတို့ကို ပညတ်ထားတော်မူခဲ့သော ဝိဇ္ဇာမာနေန အဝိဇ္ဇာ မာနပညတ် ဖြစ်ပါသည်။

၄။ အဝိဇ္ဇာမာနေန ဝိဇ္ဇာမာနပညတ်–အဝိဇ္ဇာမာနေန ဝိဇ္ဇာ မာနပညတ်ဟူသည် မိန်းမအသံ၊ ယောကျ်ားအသံ စသည်ဖြင့်

ခေါ်ဆိုပညတ်ခြင်းသည် အဝိဇ္ဇာမာနေန ဝိဇ္ဇာမာနပညတ် မည်၏။ မိန်းမသံ၊ ယောကျ်ားသံဟုဆိုရာ၌ မိန်းမယောကျ်ား ပုဂ္ဂိုလ်သတ္တဝါတို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အမည်တို့ကို ခေါ်ဆိုပညတ်ခြင်းသာ ဖြစ်လေသည်။

အသံဟုဆိုရာ၌ အသံသည် ရုပ်တရားဖြစ်၏။ ပါဠိကို အသံက သဒ္ဒရုပ်၊ အသံဟူသော သဒ္ဒရုပ်သည် ပရမတ္ထတရား၌ ပါဝင်နေသောကြောင့် ထင်ရှားရှိသောတရားများဟု မှတ်ယူပါ။ ထို့ကြောင့် ထင်ရှားမရှိသောမိန်းမ၊ ယောကျ်ားဟူသော အဝိဇ္ဇာ မာနပညတ်ကို ထင်ရှားရှိသောအသံဖြစ်သော ဝိဇ္ဇာမာနပညတ်၌ စွဲ၍ မိန်းမသံ၊ ယောကျ်ားသံဟု ခေါ်ဆိုပညတ်နေကြရသည်။ ထိုပညတ်အကြောင်းကို ရှင်းပြပါဦးအံ့။

ဤသာသနာတော်၌ အချို့ပုဂ္ဂိုလ်များ သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကိုရကြ၍ ရဟန်း၊ ကိုရင်၊ ရှင်မသာမဏေဟု ပညတ်အမည်တပ်ကာ ခေါ်ဆိုလေသည်။ ရက်၊ လ၊ နှစ်နေသမျှ အခါပတ်လုံး ဘုန်းကြီး၊ ဦးပဥ္စင်း၊ ရဟန်း၊ ကိုရင်ဟု ပညတ်သံဖြင့် ခေါ်ဆိုကြရသည်။ ထိုခေါ်ဆို သော အမည်နာမပညတ်တို့သည် လူဝတ်သို့ ပြောင်းလဲသွားသော အခါ **အမည်တစ်မျိုး** ပြောင်းသွားလေ၏။ လူဝတ်ကြောင်သို့ ပြောင်း**လဲသွားသောရဟန်း လူထွက်၊** ရှင်လူထွက်များကို ဦးဇင်း၊ ကိုရင်၊ **ဘုန်းကြီး**ဟု ခေါ်ဆိုလို့**ဖြစ်လိမ့်**မည် မဟုတ်ပေ။

ထိုနည်းတူ ကျောင်းသား၊ ကျောင်းသူတို့လည်း ကျောင်း နေစဉ်အခါသာ ကျောင်းသား၊ ကျောင်းသူဟု ခေါ်ဆိုပညတ်

ကြသည်။ ကျောင်းပြီးသွားလို့ဖြစ်စေ ကျောင်းထွက်သွားလို့ ဖြစ်စေ ထိုသူတို့အား ကျောင်းသား၊ ကျောင်းသူဟု ခေါ်ဆိုနိုင်မည် မဟုတ်တော့၊ အမည်ပညတ်တစ်မျိုး ပြောင်းသွား၏။ ဘာကြောင့်ပါလဲဆိုလျှင် ရဟန်း၊ ကိုရင်၊ ကျောင်းသား၊ ကျောင်းသူဟူသော အမည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိလို့ ဖြစ်လေသည်။ ဤသို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော တရား၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရားတို့ကို ပေါင်းစပ်ပြီး အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ကို ထားတော်မူခဲ့လေ၏။

၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။ ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ဟူသည် ထင်ရှားရှိသောတရားအပေါ်၌ ထင်ရှားရှိသော တရားကိုပင်စွဲ၍ ခေါ်ဆိုပညတ်ခြင်းသည် ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်မည်လေ၏။ ယင်းပညတ်အတွက် စက္ခုဝိညာဏ်စသည် ကို ထုတ်ပြတော်မူလေ၏။ ထိုထုတ်ပြတော်မူသော ပုံစံ၌ စက္ခု ဟူသော စကားကပါဠိ--မြန်မာလိုကား မျက်စိဟု အများပင် သိနေကြလေသည်။ ထိုအများသိနေသော စက္ခုမျက်စိသည် ရုပ် နာမ်ခွဲကြည့်လျှင် ရုပ်တရားဖြစ်နေ၏။ ရုပ်တရားဆိုလျှင် ပရမတ္ထ မည်၍ ထင်ရှားရှိသော အရှိတရားပင်ဖြစ်လေသည်။ ထိုစက္ခု နှင့် တွဲထားသော ဝိညာဏ်ဟူသော စကားသည်လည်း ပါဠိ ဝိညာဏမှ ဆင်းသက်လေ၏။ ပါဠိဝိညာဏကို မြန်မာလို ဝိညာဏ်ဟုခေါ်ဝေါ် ပြောဆိုခဲ့ကြသည်၊ ဝိညာဏ+ဝိဉာဏ် စိတ်ကို ဟော၏။ စက္ခုဝိညာဏ်ဟု ထုတ်ပြရာ၌ စက္ခု မျက်စိ သည် မြင်တတ်သည့် အရှိတရား ဝိညာဏ်စိတ်သည် သိတတ်

သည့်အရှိတရားပင် ဖြစ်လေသည်။ စက္ခုဝိညာဏ် မြင်သိစိတ်၊ သောတဝိညာဏ်၊ ကြားသိစိတ်၊ ဃာနဝိညာဉ် နံသိစိတ်၊ ဇိဝှာ ဝိညာဉ် စားသိစိတ်၊ ကာယဝိဉာဏ် ထိသိစိတ်တို့သည် နည်းတူ ပုံစံများ ဖြစ်ကြလေ၏။ ဤသို့ ပရမတ္ထအားဖြင့် ထင်ရှားရှိသော စက္ခုမျက်စိကို မရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိညာဏ် စိတ်နှင့် တွဲ၍ ဝိဇ္ဇာမာနေန ဝိဇ္ဇာမာနပညတ် မည်လေ၏ဟု ဟောတော်မူခဲ့လေ၏။

၆။ အဝိဇ္ဇာမာနေန အဝိဇ္ဇာမာနပညတ်-အဝိဇ္ဇာမာနေ အဝိဇ္ဇာမာနပညတ်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော တရားအချင်းချင်း ဖြစ်နေသည်တို့ကို ခေါ်ဆိုပညတ်ရသော ကြောင့် အဝိဇ္ဇာမာနေန အဝိဇ္ဇာမာနပညတ်မည်၏။ ဆရာမြတ် တို့သည် ဤပညတ်အတွက်ပုံစံများကို "မင်းသား"ဟု ထုတ် ဆောင်ပြတော်မူကြလေ၏။ ယင်းပုံစံ၌ မင်းဟူသော အမည်သည် ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးများကို ရရှိသည့်အချိန်ကစပြီး အမည်တွင်လတ်၍ ခေါ်ဆိုကြလေ၏။

ပရမတ္ထအနေနှင့်ကြည့်လျှင် ထင်ရှားမရှိပေဘူး"သား" ဟူသော ဒြပ်သည်လည်း ပရမတ္ထအားဖြင့် ခွဲကြည့်လျှင် ထင်ရှား မရှိပေ။ အလားတူပုံစံမျိုးတို့သည် လောက၌များစွာပင် ခေါ်ဝေါ် သုံးစွဲနေကြပါသည်။ သားအဖ၊ သားအမိ စသည်များနှင့် မိသားစု အချင်းချင်း အမည်အမျိုးမျိုးပေးပြီး ခေါ်ဆိုနေကြခြင်းသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇာမာနပညတ်မျိုးပင် ဖြစ်သည်။ မိသားစုတစ်စုတစ်စု၌ မှည့်ခေါ်နေကြသော နာမည်

တို့သည် လာခဲ့သော အတိတ်ဘဝ၏ ယခုမှည့်ခေါ်ထားသော နာမည်မျိုးဖြစ်မည် မဟုတ်ပေ။ နောင်ဖြစ်မည့် အနာဂတ်ဘဝ၌လည်း ယခုနာမည်မျိုး မှည့်နည်း ခေါ်ရလိမ့်မည် မဟုတ်နိုင်။ ယခုဘဝ ရုပ်တစ်မျိုး နောက်ဘဝရုပ်တစ်မျိုး စသည်ဖြစ်ကြ၍ ဘဝအမျိုးမျိုး၊ အမည်အမျိုးမျိုး လှည့်လည်ဖြစ်ကြရသည်ကို သံသယဖြစ်ဖို့ မလိုပေ။

ဤသို့ ယခုဘဝအမည်တစ်မျိုး နောက်ဘဝအမည်တစ်မျိုးဖြင့် အမျိုးမျိုးအဖုံဖုံ ဖြစ်ကြရခြင်းသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိဆိုတာ သဘောကျပါ။ ဤနောက်ဆုံးပညတ်ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မင်းဒြပ်ဟူသောအမည်ကို ပရမတ္ထအားဖြင့် ထင်ရှားမရှိသော သားဒြပ်ဟူသောအမည်၌ ခေါ်ဆိုပညတ်ရသောကြောင့် အဝိဇ္ဇာမာနေန-အဝိဇ္ဇာမာနပညတ်မည်၏။ အစပိုင်းကဆိုခဲ့သလို ဤပညတ်အမျိုးမျိုးများကို ပညတ်ချက် မထားလို့လည်း မဖြစ်ပေ။ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ခုနှင့်တစ်ခု၊ တစ်မျိုးနှင့်တစ်မျိုး မတူအောင် အမည်အမျိုးမျိုးပေးထားမှသာလျှင် အကျိုးရှိနိုင်ပါ၏။ အကျိုးရှိလို့ အကျိုးများလို့သာလျှင် မြတ်စွာဘုရားသည် ပညတ်အမျိုးမျိုးရှိနေပုံများကို ဟောကြားတော်မူခဲ့လေ၏။ ဤဖော်ပြခဲ့ပြီးသော သဒ္ဒပညတ် ၆ မျိုးတို့ကို လေ့လာမှတ်သားပြီးလျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည့်အတွက် ပညတ်ရပုံ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည့်အတွက် ပညတ်ရပုံ စသည်တို့ကို အစင်အကြယ် ပညာဉာဏ်ဖြင့် ယူကြပြီးလျှင် ပညတ်ပရမတ် ခွဲခြားသိကြ၍

မရမတ္တ အရှိတရားအပေါ်မှာသာလျှင် လေ့လာဆင်ခြင်ပွား များအားထုတ်လျှင် ဘဝတိုတိုနှင့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် နိဗ္ဗာန်အေးငြိမ်းရာသို့ ရောက်နိုင်ပါကြောင်း ရေးသားအပ်ပါ သတည်း။

❑

## ဘုရားရှင်ဟောတော်မူခဲ့သော
## ပွားများအားထုတ်နည်း

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးတော်မူစဉ်အခါ ရဟန်းတော်တို့အား အာနာပါဏ အဿာသ ပဿာသ ကမ္မဋ္ဌာန်းတို့ကို ဟောကြားတော်မူခဲ့ပါတယ်။ ထိုဘုရားရှင်ဟောတော်မူသည့် ပွားများအားထုတ်နည်းများကို ဝိနယပိဋကပါဠိအဋ္ဌကထာတို့၌လာသည်တို့ကို ဖော်ပြအပ်ပါသည်။

အယံပိခေါ ဘိက္ခဝေ အာနာပါနဿ တိသမာဓိ ဘာဝိတော ဗဟုလီကတော သန္တော စေဝ ပဏီတောစ အသေစနကော စ သုခေါ စ ဝိဟာရော ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတိ။

ဘိက္ခဝေ ရဟန်းတို့ ဘာဝိတော–ပွားစေအပ်သော၊ ဗဟုလီကတော–အကြိမ်များစွာ ပြုလုပ်အပ်သော၊ အယံပိခေါ အာနာပါနဿတိ သမာဓိ– ဤအာနာပါနဿတိနှင့်ယှဉ်သော သမာဓိ

သည်လည်း သန္တောစေဝေ-ငြိမ်းသည်လည်း၊ ဟောတိ-**ဖြစ်၏**။ ပဏီတော စ -မွန်မြတ်သည်လည်း၊ ဟောတိ-ဖြစ်၏။ **အသေစန** ကောစ-သွန်းလောင်းခြင်းမရှိသည်လည်း၊ ဟောတိ-ဖြစ်၏။ သုခေါ-ချမ်းသာသော၊ ဝိဟာရောစ-နေရာသည်လည်း၊ ဟောတိ- ဖြစ်၏။ အကုသလေ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေ- တရားတို့ကို၊ ဌာနသော-တစ်ခဏခြင်း၊ အန္တရဓာပေတိ-ကွယ်စေ၏။ ဝူပသမေတိ-ငြိမ်းစေ၏။

ဤအနက်အဓိပ္ပာယ်များက ရှင်းလှလေ၏။ ရဟန်း**တို့ပွား** စေအပ်၊ အကြိမ်များစွာ ပွားများအပ်သော ဤထွက်**လေ** ဝင်လေနှင့်ယှဉ်သော သမာဓိတရားသည် ငြိမ်းလည်း**ငြိမ်း၏**။ မွန်မြတ်လည်း မွန်မြတ်၏။ ဖြစ်ပေါ်လာသော အကုသိုလ်တရား တို့ကို တစ်ခဏခြင်း ကွယ်ပျောက်စေတတ်သောကြောင့် ချမ်းသာ စွာ နေရလေ၏ဟု ဟောတော်မူလေ၏။

ပူပင်ရတဲ့ အကုသိုလ်တရားများ စိတ်နှင့် ခန္ဓာကိုယ်ကို ပူလောင်စေတတ်သော အကုသိုလ်တရားများမဖြစ်အောင် ဤကမ္မဋ္ဌာန်းနည်းဖြင့် ပွားများအားထုတ်နေလျှင် စိတ်လက်ခန္ဓာ ပေါ့ပါးစွာဖြင့် ချမ်းသာစွာ နေရလိမ့်မည်ဟု နည်းပေးတော် မူခဲ့၏။

ကထံဘာဝိတောစ ဘိက္ခဝေ အာနာပါနဿတိသမာဓိ၊ ကထံ ဗဟုလိကတော သန္တောစေဝ ပဏီတောစ အသေစန ကောစ သုခေါစ ဝိဟာရော၊ ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေ ဓမ္မေဌာနသော အန္တရဓာပေတိ ဝူပသမေတိ။ ဘိက္ခဝေ၊

ရဟန်းတို့၊ ကထံ–အဘယ်သို့သောအပြားအားဖြင့်၊ ဘာဝိတော–ပွားစေအပ်သော၊ အာနာပါနဿတိ သမာဓိစ– ဤအာနာပါနဿတိနှင့်ယှဉ်သော သမာဓိသည်လည်းကောင်း၊ ကထံ–အဘယ်သို့သောအပြားအားဖြင့်၊ ဗဟုလီကတော–အကြိမ်များစွာပြုအပ်သော၊ အာနာပါနသတိ သမာဓိစ–အာနာပါနသတိနှင့်ယှဉ်သော သမာဓိသည်လည်းကောင်း၊ သန္တောစေဝ–ငြိမ်းသနည်း၊ ပဏီတောစ–မွန်မြတ်သနည်း၊ အသေစနကောစ–သွန်းလောင်းခြင်း မရှိသနည်း၊ သုခေါ– ချမ်းသာသော၊ ဝိဟာရောစ–နေရခြင်းသည်လည်း၊ ဟောတိ–ဖြစ်သနည်း။ ဥပ္ပန္နုပ္ပန္နေ–ဖြစ်တိုင်းဖြစ်တိုင်းကုန်သော၊ ပါပကေ–ယုတ်မာကုန်သော၊ အကုသလေ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေ တရားတို့ကို၊ ဌာနသော–တစ်ခဏခြင်း၊ အန္တရဓာပေတိ–ကွယ်စေသနည်း။ ဝူပသမေတိ– ငြိမ်းစေသနည်း။ ရဟန်းတို့အဘယ်သို့သောအပြားအားဖြင့်ပွားစေအပ်သော အကြိမ်များစွာ ပြုအပ်သော ဤအာနာပါနသတိနှင့်ယှဉ်သော သမာဓိသည် ငြိမ်းသနည်း။ မွန်မြတ်သနည်း။ သွန်းလောင်းခြင်းမရှိသနည်း။ ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ကို တစ်ခဏခြင်း ကွယ်ပျောက်ကြ၍ ချမ်းသာစွာ နေရပါသနည်း။

ဤဒေသနာတော်သည် အဘယ်သို့သောအပြားအားဖြင့် ရှုမှတ်ပွားများလျှင် သမာဓိဖြစ်ပြီး (ဝါ)သမာဓိရပြီး ချမ်းသာစွာ နေနိုင်ပါသနည်းဟု ချမ်းသာစွာ နေထိုင်ချင်လျှင် အဘယ်သို့ပွားများအားထုတ်ရမည်နည်းဟု အမေးပြုထားတော်မူသော

ဒေသနာတော်ဖြစ်၏။

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလ ဂတောဝါ သုညာဂါရ ဂတောဝါ နိသီဒတိ ပလ္လင်္ကံအာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ ပရိမုခံသတိံ ဥပဋ္ဌပေတွာ။

ဘိက္ခဝေ–ရဟန်းတို့၊ ဣဓ–ဤသာသနာတော်၌၊ ဘိက္ခု–ရဟန်းသည်၊ အရညဂတောဝါ–တောသို့ကပ်၍၊ ရုက္ခမူလ ဂတောဝါ–သစ်ပင်ရင်းသို့ကပ်၍၊ သုညာဂါရဂတောဝါ–ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍၊ ပလ္လင်္ကံ–ထက်ဝယ်ကို၊ အာဘုဇိတွာ–ဖွဲ့ခွေ၍၊ ကာယံ–အထက်ဖြစ်သောကိုယ်ကို၊ ဥဇုံ–ဖြောင့်မတ်စွာ၊ ပဏိဓာယ–ထား၍၊ ပရိမုခံ–ကမ္မဋ္ဌာန်းသို့ရှေ့ရှု၊ သတိံ–သတိကို၊ ဥပဋ္ဌပေတွာ–ရှေ့ရှုထင်စေ၍၊ နိသီဒတိ–ထိုင်၏။ တရားအား ထုတ်ကြမည့် ရဟန်းစသော ယောဂီများသည်တောအရပ်သို့ ဖြစ်စေ၊ သစ်ပင်ရင်းသို့ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်ဒေသသို့ဖြစ်စေ၊ ထိုအထဲမှ နှစ်သက်ရာနေရာတစ်ခုခု ရွေးချယ်ပြီး ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာပြုကာ တင်ပလ္လင်ခွေထိုင်ရမည်။ ကိုယ်ကို ဖြောင့် မတ်စွာထိုင်ပြီးသော် ကမ္မဋ္ဌာန်းကို (ဝါ)ထွက်လေဝင်လေကမ္မဋ္ဌာန်း ကို သတိတရားဖြင့် ရှုမှတ်နေရမည်ဟု တရားရှုမှတ် ရမည့်အရပ် ဒေသနှင့် ထိုင်ပုံထိုင်နည်း၊ သတိတရားနှင့် ထိန်းချုပ်ပုံ ထိန်းချုပ် နည်းများကို ပြသလေ၏။

သောသတောဝ အဿသတိ၊ သတောပဿတိ၊ ဒီဃံဝါ အဿသန္တော ဒီဃံအဿသာမီတိ ပဇာနာတိ၊ ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံဝါ

အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

သောဘိက္ခု–ထိုရဟန်းသည်၊ သတော၀–သတိနှင့်ပြည့်စုံသည် ဖြစ်၍သာလျှင်၊ အဿတိ–ထွက်သက်ကိုဖြစ်စေ၏။ ထွက်သက်ကိုထုတ်၏။ ထွက်သက်ကိုမှုတ်၏။ သတော၀–သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်၊ ပဿသတိ–ဝင်သက်ကိုဖြစ်စေ၊ ဝင်သက်ကိုသွင်း၏။ ဝင်သက်ကိုရှိုက်၏။ ဒီဃံဝါ–ရှည်စွာလည်း၊ အဿသန္တော–ထွက်သက်ကိုဖြစ်စေသည်ရှိသော်၊ ထွက်သက်ကို ထုတ်သည်ရှိသော်၊ ထွက်သက်ကို မှုတ်သည်ရှိသော်၊ ဒီဃံ–ရှည်စွာ အဿသာမိ–ထွက်သက်ကိုဖြစ်စေ၏။ ထွက်သက်ကို ထုတ်၏။ ထွက်သက်ကိုမှုတ်၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–အပြားအားဖြင့်သိ၏။ ဒီဃံဝါ–ရှည်စွာလည်း၊ ပဿသန္တော–ပင်သက်ကိုဖြစ်စေသည်ရှိသော်၊ သွင်းသည်ရှိသော်၊ ရှိုက်သည်ရှိသော်၊ ဒီဃံ–ရှည်စွာ၊ ပဿသာမိ–ဝင်သက်ကိုဖြစ်စေ၏။ သွင်း၏။ ရှိုက်ရှူ၏။ ဣတိ–ဤသို့ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ရဿံဝါ–တိုစွာလည်း အဿသန္တော–ထွက်သက်ကိုဖြစ်စေသည်ရှိသော်၊ ထုတ်သည်ရှိသော်၊ မှုတ်သည်ရှိသော်၊ ရဿံ–တိုစွာ၊ အဿသာမိ–ထွက်သက်ကိုဖြစ်စေ၏။ ထုတ်၏။ မှုတ်၏။ ဣတိ–ဤသို့ပဇာနာတိ–အပြားအားဖြင့်သိ၏။ ရဿံဝါ–တိုစွာလည်း၊ ပဿသန္တော–ဝင်သက်ကို ဖြစ်စေသည်ရှိသော်၊ သွင်းသည်ရှိသော်၊ ရှိုက်ရှူသည်ရှိသော်၊ ရဿံ–တိုစွာ၊ ပဿသာမိ–ဝင်သက်ကိုဖြစ်စေ၏၊ သွင်း၏။ ရှိုက်ရှူ၏။ ဣတိ–

ဤသို့၊ ပဇာနာတိ အပြားအားဖြင့် သိ၏။

ဤပါဠိအပိုဒ်ဒေသနာတော်ဖြင့် ထွက်လေကို ထုတ်သည့်အခါ မှုတ်သည့်အခါ သတိရှိရမည်။ သတိထားရမည်ဖြစ်သည်။ ထွက်လေအပေါ်မှာ သတိထားပြီးဖြစ်စေ၊ ထုတ်စေ၊ မှုတ်စေရသလို၊ ဝင်လေ၊ ထွက်လေအပေါ်မှာလည်း သတိရှိ၍ သတိထား၍ သွင်းရမည်။ ရှိုက်ရှူရမည်ဖြစ်လေသည်။ ဤကား ထွက်လေ၊ ဝင်လေတို့အပေါ် သတိရှိနေပုံ၊ သတိထားနေပုံတို့ဖြစ်သည်။ တစ်ခါ ထွက်လေကို ရှည်ရှည်ထုတ်လျှင် သတိတရားကလည်း ရှည်ရှည်ထားရမည်။ ထွက်လေကို တိုတိုထုတ်လျှင် သတိကလည်း တိုတိုလိုက်ထားရမည်။ ဝင်လေကို တိုတိုသွင်းလျှင် တိုတိုရှိုက်ရှူလျှင် သတိတရားက တိုတိုပဲ လိုက်ထားရမည်။ ဝင်လေကို ရှည်ရှည်သွင်းလျှင်၊ ရှည်ရှည်ရှိုက်ရှူလျှင်၊ သတိတရား ရှည်ရှည်လိုက်ထားရမည် ဖြစ်ပါသည်။ ယင်းသို့ထွက်လေဝင်လေတို့၏ အရှည်အတိုတို့ကို အပြားအားဖြင့် သိနေရမည်ဖြစ်သည်။ ဤသို့သိခြင်းသည် ပဇာနာတိ အပြားအားဖြင့်သိခြင်းဖြစ်သည်။ ဘုရားရှင်ဟောတော်မူသည့် ဤပွားများအားထုတ်နည်းကသိလျှင် သိခြင်း လက်တွေ့ကျကျ အားထုတ်ဖြစ်လျှင် အကျိုးများလည်း ချက်ချင်းလက်ငင်း ခံစားရမည်ဖြစ်၏။ ဘုရားရှင်သည် ရှေ့ဆက်ပြီး သတိတရားဖြင့် အပြားအားဖြင့် သိနေရမည့်အချက်တို့ကို ဟောကြားတော်မူလေ၏။

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။ သဗ္ဗ

ကာယပ္ပဋိသံဝေဒီ- အလုံစုံသော ထွက်သက်၏အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်စေလျက်၊ အဿသိဿာမိ-ထွက်သက်ကိုဖြစ်စေအံ့၊ ထုတ်အံ့၊ မှုတ်အံ့။ ဣတိ-ဤသို့၊ သိက္ခတိ-အားသစ်၏။ ဝါ ကျင့်၏။ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်၏အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်စေလျက်၊ ပဿသိဿာမိ-ဝင်သက်ကိုဖြစ်စေအံ့၊ သွင်းအံ့၊ ရှိုက်ရှူအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားသစ်၏။ ဝါ-ကျင့်၏။ ဤဟောတော်မူသော အချက်သည် ထွက်လေဝင်လေတို့၏ အစ၊အလယ်၊ အဆုံးဟုဆိုရာ၌ ဝင်လေ၏အစသည် နှာသီးဖျားအလယ်သည် ရင်ညွန့်၊ အဆုံးသည်ချက်တိုင်ဖြစ်လေ၏။

တစ်ဖန် ပြန်သိဖို့က ထွက်လေ၏အစသည် ချက်တိုင်၊ အလယ်သည် ရင်ညွန့်၊ အဆုံးသည်နှာသီးဖျား၊ ဤသို့အားဖြင့် ထွက်လေဝင်လေတို့ရဲ့အစ၊ အလယ်၊ အဆုံးသုံးပါးကို သွားလာနေသောလေတို့ကို သတိနှင့် လိုက်ကပ်ပြီး သိသိနေရမှာဖြစ်သည်။ ဘုရားရှင်သည် ဆက်၍ နူးညံ့သိမ်မွေ့သောနည်းတို့ကို ဟောတော်မူ၏။ ထိုဘုရားရှင် ပေးတော်မူသောနည်းကို ယောဂီအပေါင်း သူတော်ကောင်းတို့က အားသစ်လောင်း၍ စိတ်ဝင်စားစွာ ကြိုးစားရမည်။

"ပဿမ္ဘယံ ကာယသင်္ခါရံအဿ သိဿာမီတိသိက္ခတိ၊ ပဿမ္ဘယံ၊ ကာယသင်္ခါရံ၊ ပဿသိဿာမီတိ သိက္ခတိ၊ ကာယသင်္ခါရံ၊ အထုတ်အမှုတ်ပြင်း၍ ရုပ်ရင်းကြမ်းတမ်းသောထွက်သက် (ထွက်လေ)ဟုဆိုအပ်သော ကာယသင်္ခါရကို ပဿမ္ဘယံ-ပဿမ္ဘ

ယန္တေ၁၊ သာယာဖြေးညှဉ်းထုတ်မှုတ်ခြင်းဖြင့် ငြိမ်းစေလျက်၊ အဿ သိဿာမိ-ထွက်သက်ကိုဖြစ်စေအံ့၊ ဝါ ထွက်လေကိုဖြစ်စေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-ကျင့်၏။ ကာယသင်္ခါရံ-အရှူ အရှိုက်ပြင်း၍ ရုပ်ရင်းကြမ်းတမ်းသော ဝင်သက်(ဝင်လေ)ဟု ဆိုအပ်သော ကာယသင်္ခါရကို၊ ပဿမ္ဘယံ-ပဿမ္ဘယန္တေ၁၊ သာယာဖြည်းညှင်းရှူရှိုက်ခြင်းဖြင့် ငြိမ်းစေလျက်၊ ပဿသိဿာမိ၊ ဝင်သက်ဝင်လေကို ဖြစ်စေအံ့၊ ဣတိ- ဤသို့၊ သိက္ခတိ- ကျင့်၏။

ဘုရားရှင်ဟောကြားတော်မူသော ဤနည်းသည် ကြမ်းတမ်းသော ထွက်လေကို ကြမ်းကြမ်းတမ်းတမ်း မထုတ်လေဘဲ၊ သာသာယာယာ ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်းချင်း နူးညံ့သိမ်မွေ့အောင် ထွက်လေကို ပြန်ထုတ်ရမည်။ ကြမ်းတမ်းသော ဝင်လေကို ကြမ်းကြမ်းတမ်းတမ်း မရှူရှိုက်ဘဲ သာသာယာယာ ဖြည်းဖြည်းညှင်းညှင်း နူးညံ့သိမ်မွေ့အောင် ဝင်လေကို ဖြစ်စေရမည်။ (ဝါ) ရှူရှိုက်သွင်းရမည်။ ဤထွက်လေဝင်လေများ ကြမ်းကြမ်းတမ်းတမ်း ရှူရှိုက်မှုတ်ထုတ်လျှင် အသံပြင်းပြင်း ပါနေသည့်အတွက် သတိနှင့်စိတ်ကလည်း နှာသီးဖျားဌာ မျှားသောအားဖြင့် ဖြစ်နေလို့ ရှည်ရှည်လိုက်ရမည်ကို တိုတိုနှင့်လိုက်နေတော့ နူးညံ့သိမ်မွေ့မှုမဖြစ်ဘဲ ကြမ်းတမ်းနေ တတ်ပါတယ်။ ဤကြမ်းကြမ်းတမ်းတမ်း ရှူရှိုက်ခြင်း၊ ကြမ်းကြမ်းတမ်းတမ်း မှုတ်ထုတ်ခြင်းသည် တည်ကြည်မှုမရှိဘဲ ဘေးအာရုံသို့ရောက်တတ်ပြီး အာရုံများ နေတတ်လေသည်။ ထိုကြမ်းတမ်း မှုမျိုးသည်

ခရီးသွား၊ လမ်းလျှောက်ခြင်းအားထုတ်သော ကြမ်းတမ်းမှုမျိုးဖြစ်နေ၏။ ခရီးသွားရင်း၊ လမ်းလျှောက်ခြင်း ထွက်လေ၊ ဝင်လေ ပြုလုပ်ကြည့်သောအခါ ခလုတ်တိုက်မည်စိုးလို့ဝင်လေ၊ ထွက်လေ တို့၏ အစ၊ အလယ်၊အဆုံး သုံးပါးလုံးကို ငြိမ်ငြိမ်မထားနိုင်ဘဲ ဖြစ်နေလေ၏။ ထို့ကြောင့် အာရုံတွေများပြီး သွားလာရင်း ပြုလုပ်ရှုမှတ်သော ထွက်လေဝင်လေတို့သည် နူးညံ့ သိမ်မွေ့မှု မဖြစ်ဘဲ ကြမ်းတမ်းနေပါတော့သည်။

"ပီတိပ္ပဋိသံဝေဒီ၊ ထွက်သက် (ထွက်လေ)၏အစ၊ အလယ်၊ အဆုံးသုံးပါး၌ ပီတိကိုထင်စေလျက်၊ အဿသိဿာမိ- ထွက်သက်ကိုဖြစ်စေအံ့၊ ဝါ၊ ထွက်လေကို ထုတ်အံ့၊ ဣတိ- ဤသို့၊ သိက္ခတိ-ကျင့်၏။ ပီတိပ္ပဋိသံဝေဒီ၊ ဝင်သက် ဝင်လေ၏ အစအလယ်အဆုံးသုံးပါး၌ ပီတိကို ထင်စေလျက်၊ ပဿသိ ဿာမိ၊ ဝင်သက်ကိုဖြစ်စေအံ့၊ (ဝါ) ဝင်လေကို ရှုရှိုက် အံ့၊ ဣတိ၊ ဤသို့း သိက္ခတိ-ကျင့်၏။ ဝင်သက် (ဝင်လေ) ၏အစ၊ အလယ်၊အဆုံးတို့၌ ပီတိနှစ်သက်မှုတရားဖြစ်စေရမည်ဟု ပြတော်မူ၏။ မှန်လေ၏၊ တရားရှုမှတ်မှုအလုပ်သည် နှစ်သက်မှုရှိမှ ပျော်ရွှင်မှုဖြစ်၏။ ပျော်ရွှင်မှုရမှ ကြာရှည်ရှုမှတ်ပွား များနိုင်မည်။ ကြာရှည်အားထုတ်နိုင်အောင် တရားနှင့် ပျော်နိုင်အောင် ဝင်လေ ၏အစ၌ နှစ်သက်မှုဖြစ်ပါ၊ ဝင်လေ၏အလယ်၌ နှစ်သက်မှု ဖြစ်ပါ၊ ဝင်လေ၏အဆုံး၌ နှစ်သက်မှုဖြစ်ပါ။

ထို့အတူ ထွက်လေ၏အစ၊ အလယ်၊ အဆုံးတို့၌နှစ်သက်မှုဖြစ်နေရမည်။ ပျော်ရွှင်နေရမည်။ ဒီနေရာမှာ သတိထားရ

မည်ကနှစ်သက်မှု ဖြစ်သည့်စိတ်ကို သတိတရားနှင့် ထိန်းပေးဖို့ ပါပဲ၊ ရုပ်ထွေးမသွားကြပါနှင့် နှစ်သက်ခြင်းဆိုဆို၊ နှစ်သက်မှု ဖြစ်နေခြင်းပြောပြော၊ နှစ်သက်သည်ကို အမည်ပေးထားသည်က ပီတိဖြစ်သည်။ သိတာဖြစ်တာသည်စိတ်၊ ပီတိဖြစ်တော့ ပီတိစိတ်၊ ပီတိကိုသိတော့ ပီတိသိစိတ်၊ စိတ်တစ်ခုတည်းက၊ ဖြစ်ပေါ် လာသောအာရုံသဘောတရားများကို သိသိနေခြင်းဖြစ်သည်။ စိတ်ရဲ့ လက္ခဏာက အာရုံကိုကြံစည်တတ်၊ သိတတ်သော ကြောင့် စိတ်မည်၏ဟု ဟောထားတော်မူသောကြောင့် စိတ်သည် ကြံတတ်၊ သိတတ်သော သဘောတရားဟုမှတ်ပါ။ စိတ်သည် သိတတ်တဲ့ လက္ခဏာသာရှိပြီး၊ လိုချင်တပ်မက်မှု၊ လောဘ၊ တဏှာ၊ အလိုမကျ အမျက်ထွက်မှုဒေါသ ခံစားခြင်း ဝေဒနာ၊ ထောင်လွှားခြင်း မာနစသောတရားတို့ ဖြစ်ပေါ်ပါက ထိုဖြစ်ပေါ် လာသော သဘောတရားတို့နှင့်တွဲပြီး လောဘဖြစ်လျှင် လောဘ စိတ်၊ ဒေါသဖြစ်လျှင် ဒေါသစိတ်၊ ခံစားနေလျှင် ဝေဒနာစိတ်၊ မာန်တက်ထောင်လွှားနေလျှင် မာနစိတ် စသည်တို့ အတွဲလိုက်၊ အတွဲလိုက် ဖြစ်ပေါ်နေတော့၏။

ထို့ကြောင့် အကုသိုလ်ဘက် ရောက်သွားသောစိတ်ကို "သတိ"တရားက ရောက်မသွားအောင် ကြာရှည်မဖြစ်အောင် ထိန်းပေးရလေမည်။ သတိတရားက ထိန်းကာ နှစ်သက်မှု စိတ် မှာပဲဖြစ်နေရမည်။ ရှိနေရမည်။ နှစ်သက်မှုစိတ်နှင့် သတိတရား ကြာကြာတွဲထားနိုင်လျှင် နှစ်သက်မှုစိတ် ကြာကြာဖြစ်လိမ့်မည်။ စိတ်မထိန်းနိုင်သေးသော ပုထုဇဉ်အရိုင်းတို့အနေက အကုသိုလ်

ကိလေသာတို့ကို မပယ်နိုင်သေးသည့်အတွက် လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ်တရားတို့ အဖြစ်များလိုက်၊ အဖြစ်နည်းလိုက်ဖြစ်နေခြင်းသည် သတိတရားနှင့် ထိန်းမပေးလို့ ဖြစ်ရသည်။ ထို့ကြောင့် ဘုရားရှင်က ဝင်လေထွက်လေတို့၏ အစ၊ အလယ်၊ အဆုံးသုံးပါးလုံး၌ နှစ်သက်မှုပီတိဖြစ်နေရမည်ဟု ဟောခဲ့လေသည်။

သုခပ္ပဋိသံဝေဒီ၊ အဿသိဿာမီတိသိက္ခတိ၊ သုခပ္ပဋိသံဝေဒီ၊ ပဿသိဿာမီတိသိက္ခတိ။

သုခပ္ပဋိသံဝေဒီ–ထွက်သက်၏**အစ**၊ အလယ်၊ အဆုံးသုံးပါးလုံး၌ သုခကိုထင်စေလျက်၊ အဿသိဿာမိ–ထွက်သက်ကိုဖြစ်စေအံ့(ဝါ) ထုတ်အံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–ကျင့်၏။ သုခပ္ပဋိသံဝေဒီ၊ ဝင်သက်ဝင်လေ၏ အစ အလယ်အဆုံး သုံးပါးလုံး၌ သုခကိုထင်စေလျက်၊ ပဿသိဿာမိ–ဝင်သက်၊ ဝင်လေကိုဖြစ်စေအံ့၊ ဝါ–ရှူရှိုက်အံ့။ ဣတိ–ဤသို့၊ သိက္ခတိ၊ ကျင့်၏။ ထွက်လေဝင်လေတို့၏ အစ၊ အလယ်၊ အဆုံးသုံးပါးလုံးမှာ သုခ ချမ်းသာမှုဖြစ်နေရမည်ဟု ဟောတော်မူခြင်းဖြစ်သည်။ ချမ်းသာဟုဆိုရာမှာလည်း ချမ်းသာခြင်းသည် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာဟု နှစ်မျိုးရှိနေသည်။ ထိုနှစ်မျိုးတို့တွင် ငွေကြေး၊ ပစ္စည်းဥစ္စာပြည့်စုံ၍ စားဝတ်နေရေး မပူပင်ရဘဲ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနေထိုင်ရခြင်းသည် လောကီချမ်းသာမည်၏။ ယင်းချမ်းသာမျိုးသည် စိစစ်ကြည့်လျှင် အမြဲချမ်းသာမဟုတ်၊ ကံတရားနှင့် အကြောင်းအကျိုးမညီညွတ်လျှင် မတည်

ငြိမ်ဘဲချမ်းသာလိုက်၊ ဆင်းရဲလိုက်ဖြစ်ခြင်းကြောင့် ချမ်းသာစစ် မဟုတ်နိုင်၊ မတည်မြဲသော ပစ္စည်းဥစ္စာတို့ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေ၍ ထိုပစ္စည်းဥစ္စာတို့ ပျက်စီးဆုံးရှုံးသွားလျှင် ပစ္စည်း ဥစ္စာတို့အပေါ်မှာ မှီနေသောစိတ်သည်လည်း ချမ်းသာမှုမဖြစ်ဘဲ ဆင်းရဲနေတော့၏။

ယင်းသို့ဖြစ်ခြင်းကြောင့် လောကီချမ်းသာသည် တကယ့် ချမ်းသာစစ်မဟုတ်ဘဲ ချမ်းသာတုသာဖြစ်နေလေ၏။ ချမ်းသာစစ် ဖြစ်သော လောကုတ္တရာချမ်းသာသည် ပစ္စည်းဥစ္စာစသည်တို့ အပေါ် မှီ၍ဖြစ်သည့် ချမ်းသာမျိုးမဟုတ်ပါ။ ပစ္စည်းဥစ္စာတို့နှင့် မဆက်ဆံဘဲ တပ်မက်မှုကင်း ဖြစ်ပျက်မှုကင်းသည့် လောကမှ ထွက်မြောက်သွားတဲ့ ချမ်းသာမျိုးသာ ချမ်းသာစစ်ဖြစ်လေ၏။

ယခုပြဆိုသောထွက်လေဝင်လေတို့၏ အစ၊ အလယ်၊ အဆုံးသုံးပါး၌ ချမ်းသာမှုဖြစ်စေရမည်ဟု ဟောတော်မူခြင်းသည် လောကီချမ်းသာမှတဆင့်ထက်တစ်ဆင့် ဈာန်ချမ်းသာ၊ မဂ် ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ ရနိုင်ရန် ထွက်လေ ဝင်လေပေါ်မှာ သတိတရားက၊ သုခချမ်းသာတရားကို ကြာရှည် ဖြစ်အောင် အမြဲမပြတ် ပွားများအားထုတ်နေရမည်ဟု ဟောတော် မူခြင်းဖြစ်ပါသည်။

စိတ္တသင်္ခါရပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တသင်္ခါရပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

စိတ္တသင်္ခါရပ္ပဋိသံဝေဒီ–ထွက်သက်၏ အစ၊ အလယ်၊ အဆုံး သုံးပါး၌ စိတ္တသင်္ခါရကို ထင်စေလျက်၊ အဿသိဿာမိ

ထွက်သက်(ထွက်လေ)ကို ဖြစ်စေအံ့။ ဣတိ-ဤသို့၊ သိက္ခတိ-ကျင့်၏။ စိတ္တသင်္ခါရပဋိသံဝေဒီ-ဝင်သက်(ဝင်လေ)၏အစ၊ အလယ်၊ အဆုံးသုံးပါး၌ စိတ္တသင်္ခါရကို ထင်စေလျက်၊ ပဿသိဿာမိ-ဝင်သက်ကိုဖြစ်စေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-ကျင့်၏။ စိတ္တသင်္ခါရဟူသည် စိတ်ကပြုပြင်စီမံပေးမှုကို စိတ္တသင်္ခါရဟုခေါ်လေ၏။ စိတ္တသင်္ခါရအရ ဝေဒနာ၊ **သညာ** စသော စေတသိက်သဘောတရားတို့ကိုရ၏။ စိတ်က ဝေဒနာကို ခံစားလျှင် စိတ်ကပဲခံစားမှန်းသိအောင် ကွဲကွဲပြားပြား ဖြစ်အောင် ပြုလုပ်ရမည်။ စိတ်ကသညာကိုလိုက်မှတ်လျှင် လိုက်မှတ်သည့် စိတ်ကို သိအောင် ပြုလုပ်ရမည်။ ခံစားမှုအမျိုးမျိုး နှင့် အမှတ်သညာအမျိုးမျိုး စသည်များကို ပြုပြင်စီမံပေးရသည်ကို သိနိုင်လျှင်၊ သိနေပါလျှင် စိတ္တသင်္ခါရထင်ရှားလေတော့၏။

ပဿမ္ဘယံစိတ္တသင်္ခါရံ အဿသိဿာမိတိသိက္ခတိ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံပဿသိ ဿာမိတိသိက္ခတိ။ ပဿမ္ဘယံ စိတ္တသင်္ခါရန္တိ ဩဠာရိကံ ဩဠာရိကံ စိတ္တသင်္ခါရံ ပဿမ္ဘေန္တော နိရောဓေန္တောတိ အတ္ထော။

စိတ္တသင်္ခါရံ-အထုတ်အမှုပြင်း၍ ရန့်ရင်းကြမ်းတမ်းသော စိတ္တသင်္ခါရကို၊ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ထုတ်မှုတ်ခြင်းဖြင့် ငြိမ်းစေလျက်၊ အဿသိဿာမိ-ထွက်သက် (ထွက်လေ)ကိုဖြစ်စေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-ကျင့်၏။ စိတ္တသင်္ခါရံ-အရှိုက်အရှူပြင်း၍ ရန့်ရင်းကြမ်းတမ်းသော စိတ္တသင်္ခါရကို၊ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သာယာဖြည်းဘှင်း

ရှိက်ရှူခြင်းဖြင့် ငြိမ်းစေလျက်၊ ပဿသိဿာမိ-ဝင်သက်ဝင်လေကို ဖြစ်စေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-ကျင့်၏။ ပဿမ္ဘယံ စိတ္တသင်္ခါရန္တိ ပဿမ္ဘယံ စိတ္တသင်္ခါရံ ဟူသည်ကား ဩဠာရိကံ၊ ဩဠာရိတံ-ရန့်ရင်းကြမ်းတမ်း ရန့်ရင်းကြမ်းတမ်းသော စိတ္တသင်္ခါရံ၊ စိတ္တသင်္ခါရကို၊ ဝါ၊ ပြုပြင်စီရင်အပ်သောဝေဒနာ၊ သညာကို၊ ပဿမ္ဘေန္တော၊ ငြိမ်းစေလျက်၊ နိရောဓေန္တော-ချုပ်စေလျက်၊ အဿသိဿာမိ-ထွက်သက်ကို ဖြစ်စေအံ့၊ ပဿသိဿာမိဝင်သက်ကို ဖြစ်စေအံ့၊ ဣတိ-ဤကား၊ အတ္ထော-အဓိပ္ပာယ်တည်း။

ဤပါဠိအဋ္ဌကထာအသွားဖြင့် စိတ္တသင်္ခါရကို ဆက်ပြီးဖွင့်ပြတော်မူ၏။ ရန့်ရင်းကြမ်းတမ်းသောခံစားမှုမျိုး၊ အမှတ်သညာမျိုးတို့ကို ငြိမ်းအေးအောင်၊ ချုပ်အောင် အားထုတ်ရမည်။ တရားအားထုတ်၍ အတော်ရင့်ကျက်လာလျှင် မိမိသည် တရားစခန်းဝင်၍ဖြစ်စေ၊ မိမိနေရာဌာနဌ်ဖြစ်စေ ရှုမှတ်ပွားများသောအခါ ကမ္မဋ္ဌာန်းဆရာက တရားအချက်ပေးသော် သို့မဟုတ်ကိုယ့်ဘာသာကိုယ် အစီအစဉ်ပြုလုပ်၍ တစ်နာရီ၊ နှစ်နာရီစသည်ဖြင့် ထိုင်လေ၏။ ထိုင်ရာမှာလည်း တရားအာရုံရ၍ထိုင်နေခြင်းဖြစ်၍၊ ထိုယောဂီပုဂ္ဂိုလ်သည် အချိန်စေ့၍ တရားဖြုတ်လိုက်သည့်အခါ ဘေးအာရုံတို့သည် မိမိအတွက် ကြမ်းတမ်းနေပါလိမ့်မည်။

တစ်ဖန် စိတ်ထဲနားထဲတွင် စကားပြောသံ၊ ပန်းကန်သံ၊ ခွန်းသံ စသည်များကြားရလျှင် ကြမ်းတမ်းနေ၏။ ရှေ့က

ဆိုခဲ့သော အားထုတ်နည်းတို့သည် စိတ်ငြိမ်အောင် အားထုတ်ရမှု ထွက်လေဝင်လေတို့ရဲ့အစ၊ အလယ်၊ အဆုံးသုံးပါးလုံးကို သိအောင် အားထုတ်ရမှု၊ ထွက်လေဝင်လေတို့၌ နှစ်သက်မှု ရအောင်၊ ချမ်းသာမှုရအောင် အားထုတ်နေရသောအချိန်အခါမျိုး ဖြစ်လေ၏။ ယခုချိန်ခါမှာကား အဲဒီလို မဟုတ်တော့ပေ။ စိတ်က ခံစားနေရသော ဝေဒနာတရား၊ လိုက်မှတ်နေရသော သညာ တရားစသည်များသည် ကြမ်းတမ်းနေ၏။ အဘယ်ကြောင့် ကြမ်း တမ်းပါသလဲဆိုလျှင် "စိတ်က ဂရုစိုက်ရသည့်အတွက် လေးလေး နက်နက် အားထုတ်ရသည့်အတွက်ကြောင့်" ဖြစ်သည်။ သို့ပေမဲ့ ရှေ့ကပြခဲ့သော နည်းတို့၌ဝင်လေထွက်လေတို့၏ အရှည်အတို အစ၊ အလယ်၊ အဆုံး သုံးနေရာတို့ကို သိခဲ့ပြီ။ တစ်ခါ ထိုတရား တို့၌ နှစ်သက်မှု၊ ချမ်းသာမှုတို့လည်း သိခဲ့ရ၊ ခံစားခဲ့ရ၊ မှတ်ခဲ့ ရပြီ၊ သမာဓိရ၍လည်း အတော်နူးညံ့သိမ်မွေ့နေပါ၏။ ယင်းသို့ နူးညံ့သိမ်မွေ့နေပါသော်လည်း ထို့ထက်နူးညံ့သိမ်မွေ့သော တရားထူးမျိုး သိရလျှင် တွေ့မြင်ရလျှင် ယခင်နူးညံ့သိမ်မွေ့မှု တို့သည် ကြမ်းတမ်းသွားပါတော့သည်။ ထို့ကြောင့် ဘုရားရှင် က ပြုပြင်စီမံပေးနေသောစိတ္တသင်္ခါရကို ငြိမ်းအေးအောင်၊ ချုပ်အောင်ပြုလုပ် အားထုတ်ပါဟု ဟောတော်မူခြင်း ဖြစ်သည်။

ဆိုခဲ့ပြီးသော ပြဆိုပြီးသော စကားရပ်တို့ကို ထပ်ပြီး ရှင်းပြရလျှင် ပိုပြီး နားလည်သဘောပေါက်လိမ့်မည်ဟု ယူဆမိ ပါ၏။ သွင်းလေထုတ်လေတို့အပေါ် သတိမထားဘဲ သာမန် ရှူရှိုက်လျှင် ကြမ်းတမ်းတာ၊ နူးညံ့တာမသိရဘဲ၊ စိတ်တန်ခိုး

စွမ်းအင်များမပေါ်လွင်ဘဲ၊ စိတ်တန်ခိုးစွမ်းအင်ကို သိမှု အချိန်ကာလအခွင့်အရေး ပထမအချက် ဆုံးရှုံးနေခြင်း၊ သွင်းလေထုတ်လေအပေါ် သတိတော့ထားတယ်၊ စိတ်စွမ်းအင် ဆက်လက်မရှာဖွေလျှင် ထူးခြားချက်မရနိုင်သောကြောင့် ဒုတိယ အချက်ဆုံးရှုံးနေခြင်း၊ စိတ်တန်ခိုးစွမ်းအင် အတော်အသင့်ရရုံနှင့်မွေ့လျော်ပျော်ပိုက်မိကာ မိမိကိုယ်ကို ဟုတ်လှပြီထင်ပြီးနေလျှင်၊ စိတ်စွမ်းအင်ချမ်းသာစစ် သိမှုသို့ မရောက်သေးသည့်အတွက် တတိယအချက် ဆုံးရှုံးနေခြင်းတို့ဖြစ်သည်။ ယင်းအချက်ထင်ရှားစေဖို့အပေါ် ပါဠိတော်အဆင့်ဆင့်ဖွင့်ပြပုံတို့ကို ထောက်ကြည့်လျှင် သိမြင်နိုင်လိမ့်မည်၊ ဆုံးရှုံးမှုများကို ပြန်သုံးသပ်ကြည့်က နောင်တတရား၊ သံဝေဂတရား တရေးရေးနှင့် တွေးမိတိုင်း၊ တွေးမိတိုင်းကုန်ခဲ့သော အချိန်များကို နှမြောတမ်းတ ဆုံးရှုံးမှန်း မသိဆုံးရှုံးခဲ့ရ၏။ များသောအားဖြင့် လူတို့သည် မိုးလင်းက မိုးချုပ်စားဝတ်နေရေး ပြေလည်စေဖို့၊ ချမ်းသာစေဖို့၊ လောဘတက်ကာလုပ်ကိုင်နေကြ၏။ ဂဏ်တုဂဏ်ပြိုင်ကြိုးစားနေကြတယ်၊ တန်ဖိုးရှိတဲ့အချိန်များ ကုန်ဆုံးနေတာ သတိမမူကြတော့ဘူး၊ နောက်ဆုံးသေခါနီး ဘယ်လို အာရုံပြုရမှန်းမသိ၊ စိတ်တွေထွေပြား ဇဝေဇဝါနှင့် ဘဝကူးကြရ၏။ အချိန်ရှိတုန်း စိတ်တန်ခိုးစွမ်းအင်များမရယူနိုင်ဘဲ တန်ဖိုးရှိသော အချိန်တရားများကို လက်လွှတ်ကာလူဖြစ်ရှုံးဘဝတုံးတွေ ဖြစ်ကုန်ကြတယ်။

**ထိုဆုံးရှုံးမှုကို** သိကြလျှင် ယခုအခါ ဘယ်လိုစဉ်းစားဆုံး**ဖြတ်ကြမည်လဲ၊** ကိုယ့်ဆုံးဖြတ်ချက်က ကျင့်သုံးနိုင်ဖို့ ခိုင်မြဲမှု

ရှိနေရမည်၊ ငှက်ကလေးများသည်ဘေးရန်ကင်းသော သစ်ပင်ထိပ်၊ ကောင်းကင်ဟင်းလင်းပြင်တို့မှာ ပျော်ပေါ်ကကင်းကာမြူးတူးပျော်ပါး တွန်သံသာများ ကြားရတော့ စိတ်ထဲချမ်းသာမှုများ ကူးလာသလို ထိုမှတဖန် အညစ်အကြေးကင်းသော ကောင်းကင်ပြင်ကိုကြည့်ပြီး မိမိစိတ်ထဲတဒင် လောဘ၊ ဒေါသ၊ မောဟအညစ်အကြေး ငြိမ်းအေးကာ ချမ်းသာမှုများ ကူးစက်လာသလို အကျင့်သီလနှင့် ပြည့်စုံသော သူတော်စင်တို့အကျင့်သီလစိတ်တန်ခိုးစွမ်းအားကြောင့် ချမ်းသာစွာ နေထိုင်ရသလို၊ ထို့အတူပါပဲ အခွင့်ရှိတုန်း စိတ်စွမ်းအင်ဖြင့် ပွားများမှု၊ အကျင့်တရားဖြင့် စင်ကြယ်ခြင်း၊ ချမ်းသာတရားကို ရယူနိုင်သလိုပါပဲ၊ လူတိုင်းလူတိုင်း အခွင့်အခါထူးများ ရှိနေကြခြင်းကို ဆိုလိုရင်းဖြစ်ပါ၏။ အခွင့်အရေးရဲ့ အချိန်အခါထူးကို သတိမူပြီး အကုသိုလ် အညစ်အကြေး ဖုံးလွှမ်းနေသော တန်ခိုးစွမ်းအင်တွေ ပိတ်ဖုံးနေသည့်စိတ်ကို ဖော်ထုတ်ပြီး သိမြင်အောင် ကြိုးစားယူရမည်။ ကြိုးစားရမည့် နည်းလမ်းကောင်းများ ဗုဒ္ဓရဲ့ပိဋကစာပေမှာ ရှိနေပေ၏။ ထိုပိဋကတ်စာပေများကို လက်လှမ်းမှီသ၍ ရေးသားဖွင့်ဆိုနေခြင်းကို စာဖတ်ပရိသတ်တို့ ဉာဏ်အမြင်နှင့် ကျင့်ကြံပွားများနိုင်ရုံမက တစ်ဆင့်တစ်ဆင့် တစ်ပါးသူတို့ ဉာဏ်အမြင်သို့ရောက်အောင် သယ်ဆောင်နိုင်ရန် ကောင်းကြိုးလိုလားမေတ္တာတရားလည်း ထားရှိပါ၏။ ဆိုခဲ့ပြီးသော ပါဠိဖွင့်ပုံကို ပြန်ကြည့်လေက နောက်ဆုံးပွင့်ပြသောပါဠိမှာ စိတ္တသင်္ခါရကို ငြိမ်းအောင်၊ ချုပ်အောင် အားထုတ်ရမည်ဟု ဟောတော်မူ၏။

စိတ္တသင်္ခါရ၏ အဓိပ္ပာယ်ကိုဆိုခဲ့ပြီ။

သို့ပေမဲ့ စိတ္တသင်္ခါရရဲ့ ကျယ်ဝန်းပုံကို ရှင်းပြပါဦးမည်။ စိတ္တသင်္ခါရကိုငြိမ်းအောင်၊ ချုပ်အောင်ဆိုသည့်နေရာမှာ စိတ္တသင်္ခါရအဓိပ္ပာယ်များစွာ ပါဝင်နေ၏။ ထိုစကားပစ္စုပ္ပန်အနေနှင့် ကြည့်လျှင် စိတ်ကိုငြိမ်းအောင်၊ ချုပ်အောင်ပြုလုပ်ပဟု ဆိုလိုက်သောအခါ များသောအားဖြင့် သဘောမပေါက်သူတို့အနေ သိရတာ ဘဝင်မကျဖြစ်နေပါလိမ့်မည်။ ယင်းဘဝင်မကျခြင်းကို ဉာဏ်မီသ၍ ရှင်းပြပါမည်။ စိတ္တ–စိတ်ဆိုသည့်စကားက ဆန်းကြယ်ခြင်းအဓိပ္ပါယ်ရှိ၏။ သင်္ခါရ ဆိုသည်က ပြုလုပ်ပေးခြင်း အဓိပ္ပာယ်ရနေ၏။ ထိုနှစ်ရပ်အဓိပ္ပာယ် ပေါင်းလိုက်တော့ ဆန်းကြယ်အောင် ပြုလုပ်ပေးခြင်း ဖြစ်နေပါ၏။ မှန်ပေ၏။ စိတ်ကြောင့်ကောင်းကျိုး၊ ဆိုးကျိုးဖြစ်သလို၊ စိတ်ကြောင့်ပဲ ကောင်းကျိုး၊ ဆိုးကျိုးကို ရရှိခြင်းကြောင့်ဖြစ်လေ၏။ အာရုံများ တွေ့မြင်လာလို့ဖြစ်စေ၊ တွေ့မြင်လာသောအာရုံများကို ခံစားဖူးလို့ဖြစ်စေ၊ မခံစားဘူးသော အာရုံများကို ခံစားချင်လို့ဖြစ်စေ ပြုလုပ်ခြင်လို့ ကြံစည်လာခြင်းသည် စိတ်ကပဲဖြစ်၏။ ယင်းကြံစည်မှုကို ပြုလုပ်ခြင်းသည် တခြားမဟုတ်၊ စိတ်သည်ပင် ဖြစ်၏။ အာရုံများတွေ့ချင်၊ မြင်ချင်၊ စားချင်၊ သောက်ချင်၊ ထိချင်သောစိတ်ကို အသီးသီးပြုလုပ် နေခြင်းသည် စိတ်နှင့်ပင် ဖြစ်၏။ ထိုအထဲတွင် လောဘစိတ်ဖြစ်၊ လောဘစိတ်နှင့်ပြုလုပ်၊ ဒေါသစိတ်ဖြစ် ဒေါသစိတ်နှင့်ပြုလုပ်၊ မောဟစိတ်ဖြစ် မောဟစိတ်နှင့် ပြုလုပ် စသည်ဖြင့် စိတ်ကစေခိုင်း၊ စိတ်ကပြုလုပ်

ပေါ်လာသော ကောင်းတာ၊ မကောင်းတာ အကျိုးအမြတ်၊ အကျိုးယုတ် စိတ်က ပြန်ခံစားရခြင်းသည် စိတ်အစွမ်းကြောင့်ပင် ဖြစ်သည်။ အာရုံများကို မခံစားချင်စိတ် ဖြစ်က မပြုလုပ်လိုသော စိတ်ဖြစ်၊ လောဘစိတ်မဖြစ်ချင်က လောဘစိတ်နှင့် မပြုလုပ်၊ ဒေါသစိတ်မဖြစ်ချင်က ဒေါသစိတ်နှင့် မပြုလုပ်၊ မောဟစိတ် မဖြစ်ချင်က မောဟစိတ်နှင့် မပြုလုပ် စသောအားဖြင့်ပေါ်လာသော ကောင်းတာ၊ မကောင်းတာ၊ အကျိုးများ မခံစားရခြင်းသည်လည်း စိတ်အစွမ်းကြောင့်ပင် ဖြစ်ရသည် မဟုတ်ပါလား။

ကောင်းတာ၊ မကောင်းတာ အကောင်အထည်ဖော်ပြုလုပ်ပေးခြင်းက ထိုစိတ်၊ မပြုလုပ်ဘဲ တားမြစ်ပေးခြင်းက ထိုစိတ်ပင် ဖြစ်ရသည်မဟုတ်ပါလား။ ထိုစိတ်စွမ်းအား လှုပ်ရှားပုံကို အနီးကပ် လေ့လာစောင့်ကြည့်ပြီး အမြတ်တရားထုတ်နိုင်ပုံ ရှိသေး၏။ မကောင်းသောစိတ်များ ပေါ်လာပါက စိတ်ထဲမှာပင် ဖြစ်၊ အပြင်ထွက်ပြီး ကိုယ်ထိလက်ရောက်မပြုလုပ် မခံစားနဲ့၊ ရဟန္တာများ စေတသိက ဒုက္ခသာ ခံစား၊ ကာယိကဒုက္ခကို မခံစားကြ၊ ဤစကား ပေါ်လွင်စေဖို့ သာဓကပြရလျှင်၊ တန်ခိုးအရာ အလွန်ကြီးမား ဧတဒဂ်ဘွဲ့ထူးရထားသော အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်၊ ထိုအရှင်အား ခိုးသားငါးရာတို့ နှိပ်စက်ညှဉ်းပန်း ဝိုင်းရိုက်ကြသောအခါ နာကျင်မှုဝေဒနာ စေတသိကဒုက္ခဖြစ်မှာပါပဲ၊ စိတ်ဖြင့် နာကျင်ခြင်း ဝေဒနာခံစားရသည်ဟု ဆိုလိုခြင်းဖြစ်၏။ မထေရ်မြတ်သည် နှိပ်စက်သော ဒဏ်ရာများ သွေးထက်သံယိုဖြစ်ရခြင်း၊ ခိုးသားတို့အပေါ်

ပြန်လည်တုန့်ပြန်မှု မပြုလုပ်ခြင်းသည် လောဘ၊ ဒေါသ၊ မောဟ ကိလေသာများ ပယ်သတ်ထားသောကြောင့်ဖြစ်သည်။

တစ်နည်းပြောရလျှင် ရိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်လာသော နာကျင်မှုဝေဒနာများကို စိတ်ထဲမှာသာဖြစ်သည်။ ခံစားရသည်။ ခန္ဓာကိုယ်၏ ပေါက်ကွဲခြင်းဖြစ်သည်ကိုကြည့်ပြီး၊ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ငိုကြွေးခြင်း သေရခြင်း ပရိနိဗ္ဗာန်ပြုရခြင်းစသော ခန္ဓာကိုယ်နှင့်စပ်သော ကာယိကဒုက္ခဖြစ်ခြင်းမရှိ၊ ခံစားခြင်းမရှိ၊ ဤအရှင်မြတ်သည် ဒေါသစသောစိတ်များ ပယ်သတ်ထားသော ကြောင့် တုံ့ပြန်လိုစိတ်မဖြစ်၊ မခံစားမပြုလုပ်၊ ထိုမထေရ်၏ မတုန့်ပြန်ပုံကို သာမန်ပုထုဇဉ်အနေနှင့်တွေးလျှင် စိတ်တန်ခိုး ပိုင်ရှင်ကြီးဖြစ်သော အရှင်မောဂ္ဂလာန်သည် ခိုးသားများအား တန်ခိုးနှင့်မည်ကဲ့သို့ ပြုလုပ်ပြုလုပ် ရရဲ့သားနဲ့ ဘာဖြစ်လို့ အနှစ်နာခံ အရိုက်ခံနေရတာလဲဟု တွေးတောနိုင်လေ၏။

ယင်းသို့ တွေးခေါ်နိုင်သော်လည်း မထေရ်မြတ်သည် ခုခံလိုသော မလိုလားအပ်သောစိတ်များ မဖြစ်ပေ၊ ခန္ဓာကိုယ်၏ နာကျင်ခြင်းအမှု၊ ကာယိကဒုက္ခ ဝေဒနာကို မခံစားသောကြောင့် ပြန်လည်၍ ခုခံတုန့်ပြန်လိုစိတ်မရှိတော့ပေ။

ဥပမာထင်ရှားစေအံ့၊ ခွဲစိတ်ကုသမှုခံရမည့် လူနာရှင်များ သည် ခွဲစိတ်မှုမပြုခင် ထုံဆေးများထိုးထား၏။ ထုံဆေးထိုးပြီး ခွဲစိတ်သောအခါ လူနာရှင်သည် ခန္ဓာကိုယ်အနာနှင့်စပ်သော နာကျင်မှု ကာယဒုက္ခကို မခံစားရ၊ အနာကိုကိုင်တွယ် ခွဲစိတ်နေ သည်ကို စိတ်ကသိနေသည်၊ မြင်နေရသည်၊ သိမြင်နေရသည့်

အတွက် စေတသိကဒုက္ခစိတ်ဖြင့် ခံစားရသလိုပါပဲ၊ ရဟန္တာများ စေတသိကဒုက္ခခံစားနိုင်ပုံ ကာယိကဒုက္ခမခံစားပုံအကြောင်း သိနိုင်ပေမည်။ ဘုရားရှင်သည် ခေါင်းတော်ကိုက်ခဲ၊ ခါးတော်နာ ရောဂါများရှိခဲ့ဖူး၏။ ကျရောက်လာသော ရောဂါများ စိတ်ဖြင့် သိမြင်တော်မူ၏။ ခံစားရ၏။ သို့သော် ကျရောက်လာသော ခန္ဓာကိုယ် ဒုက္ခအပေါ် စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ နှလုံးမသာမယာ ဖြစ်ခြင်း၊ ကာယဒုက္ခကို ခံစားတော်မမူ၊ ထို့ကြောင့် စိတ္တသန္တါရ သဘောကို ပိုင်နိုင်လွန်းသော လောကမှာ အထွတ်အမြတ်ဖြစ် တော်မူသော ဘုရားရှင်က ပုထုဇဉ်တို့ရဲ့ဘဝသည် အမှောင်ဘဝမှ မလွတ်မြောက်သေး၍ အကြောင်းအကျိုးဆက်စပ်ကာ ပုထုဇဉ် အမှောင်ဘဝမှ လွတ်မြောက်နိုင်သော စိတ္တသန္တါရကို ငြိမ်းအောင်၊ ချုပ်အောင် ပွားများအားထုတ်ပါ စသော တရားတော်များကို ဟောကြားတော်မူခဲ့လေ၏။

ဒုက္ခဘုံဘဝ၊ သံသရာပင်လယ်ကြောမှာ တဝဲလည်လည် မျောပါနေ၍ သံသရာမှ မလွတ်မြောက်နိုင်သေးသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား စစ်မှန်သောသူတော်ကောင်းတရားတို့ကို ဟောကြားပေးသွားတော်မူလေ၏။ ဤစစ်မှန်သော သူတော် ကောင်းတရားများကို သတ္တဝါတို့ ကြားနာရခဲ၏။ ကြားနာရ သော်လည်း ကျင့်သုံးနိုင်ခဲ၏။ ရရှိနေသောဘဝကို တွယ်ကပ် တပ်မက်နှစ်သက်ထားသော ဘဝနိကန္တိက လောဘဇောကို ထိုး ဖောက်နိုင်ဖို့ ခဲယဉ်းနေကြလေ၏။ သူတော်ကောင်းတရားများ ကွယ်ပျောက်မသွားခင်ရရှိနေသော ဘဝအခွင့်အရေးကို သက်

တမ်းတို အချိန်တွင် လူဖြစ်ခွင့်ရခြင်း တန်ဖိုးကို အထပ်ထပ် အဖန်ဖန် ဆင်ခြင်သုံးသပ်ပြီး အမြတ်တရားရယူနိုင်ဖို့ ဘုရားရှင် ဟောကြားတော်မူခဲ့သော ပွားများအားထုတ်နည်းတရားတော်ကို လေ့လာကျင့်သုံးခြင်းဖြင့် ဘဝ၏နောက်ဆုံးအချိန်ထိ ရယူနိုင်ဖို့ ဖြူစင်သောပင်ကိုယ်စိတ်အစဉ်သဘောသို့ အာရုံပြုသတိပေးထား ရလေမည်။ ဖြူစင်သော ပင်ကိုယ်စိတ်သဘောသို့ဆိုလျှင် ဆိုခဲ့ သော ပွားများအားထုတ်နည်းအဆင့်ဆင့် တက်လှမ်း၍ စိတ္တ သန်္ခါရသဘောထိ ကျင့်သုံးနိုင်လျှင် မိမိတို့ရဲ့လျှောက်လှမ်းလာ သောဘဝများကို ကျင့်သုံးမှုအသိဉာဏ်အမြင်က ဘဝင်နှလုံးသား ကို အစဉ်ထာဝရ ငြိမ်းအေးနိုင်ပါလိမ့်မည်။

ထို့ကြောင့် ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းသည်သတိရှိသူ ကောင်းစွာအပြားအားဖြင့် သိသောယောဂီပုဂ္ဂိုလ်အားသာလျှင် ပြည့်စုံနိုင်ပါပေ၏။ တစ်ဖန် သတိထားရမည်က ဤကမ္မဋ္ဌာန်း သည် ကြီးလေးသောဝန်၊ ကြီးလေးသော ပွားများစေရခြင်း ရှိ၏။ လေးလေးပင်ပင် ဂရုတစိုက် ပွားများအားထုတ်ရသော ကမ္မဋ္ဌာန်းမျိုးဖြစ်ပါသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားသားတော် ဖြစ်ကုန်သော မြတ်သောယောကျ်ားတို့သာလျှင် နှလုံးသွင်းရာ နယ်မြေသဖွယ်ဖြစ်လေ၏။ သာသနာတော်ကို ကြည်ညိုလေးစား အလေးထားကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ မှိဝဲဆည်းကပ်အားထုတ်ရန် အခွင့်ကောင်းမျိုး ဖြစ်နေလေ၏။ သဒ္ဒါနည်းသူ သေးသိမ်သောသတ္တဝါတို့ မှိဝဲအပ်သော ကမ္မဋ္ဌာန်း မျိုးမဟုတ်။

ထိုအာနာပါနသဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် စိတ်နေစိတ်ထား ခန္ဓာကိုယ်များသည်နူးညံ့သိမ်မွေ့နေ၏။ နှလုံးသွင်းလေ ငြိမ်သက် လေလေဖြစ်သော ကမ္မဋ္ဌာန်းမျိုးဖြစ်၏။ ဤအာနာပါနသဿတိ ကမ္မဋ္ဌာန်းသည် ခွန်အားဗလဖြစ်သော တကယ်အားကောင်းသော သတိတရားနှင့် ပညာတရားကို အလိုရှိအပ်သော ကမ္မဋ္ဌာန်းမျိုး လည်း ဖြစ်ပါသည်။ ဤကမ္မဋ္ဌာန်းမျိုးနှင့် တွေ့ကြုံနေသည့်အခါ ပွားများအားထုတ်ဖြစ်ဖို့ လိုအပ်ပါသည်။ အထုံပါရမီရဖို့လည်း လိုအပ်လေ၏။ သာသနာတော်နှင့် တွေ့ကြုံနေချိန်၌ ဘုရားရှင် ၏ စစ်မှန်သော တရားများကို သိခွင့်၊ နာကြားခွင့်ရနေချိန်တွင် စာရှုသူ သူတော်စင်တို့အနေနှင့် အကုသိုလ်တရားများနှင့် အမှောင်လမ်းသို့ မလျှောက်တော့ဘဲ ဘာဝနာတည်းဟူသော ကုသိုလ်အလင်းရောင်လမ်းသို့ လျှောက်လှမ်းနိုင်ကြပါစေရန် ရေးသား အပ်ပေသတည်း။

## မမေ့မလျော့ခြင်း၏အကျိုးကျေးဇူး

လောက၌ ပေါ့ပေါ့တန်တန် မနေဘဲ လေးလေးစားစား မမေ့မလျော့ နေထိုင်တတ်သူသည် အကျိုးများလေ၏။ ပြုလုပ်စရာကိစ္စများကို သတိထားပြီး ပြုလုပ်နိုင်ဖို့အရေးကြီး၏။ သတိများများထားပြီး များများဆောင်ရွက်နိုင်လျှင် လောကီအကျိုး၊ လောကုတ္တရာအကျိုးများအထိ တက်လှမ်းသွားနိုင်လေ၏။ ထို့ကြောင့် ပညာရှိများက "သတိဟူကပိုသည်မရှိ၊ လိုသည်သာရှိ၏" ဆိုရိုးစကားပြုခဲ့ကြလေ၏။ ထိုဆိုရိုးအသုံးစကားသည် တန်ဖိုးရှိလှသည်။ အရာရာမှာသတိထားဖို့၊ သတိရှိဖို့အတွက် မြတ်သောဆုံးမစကားဖြစ်လေ၏။ မိမိပြုလုပ်ဆောင်ရွက်နေသော ကိစ္စဟူသမျှကို သတိရှိရှိနှင့် ဆောင်ရွက်နိုင်လျှင် အမှားနည်းပြီး အောင်မြင်မှုများနိုင်မည်။ အောင်မြင်မှုရရှိမှလည်း ရည်မှန်းချက်ပန်းတိုင်အသီးသီးရောက်ရှိကြမည်ဖြစ်သည်။

အရာအားလုံးကို သတိထားပြီး ပြုလုပ်ဆောင်ရွက်နိုင်ဖို့ဆိုတာ မမေ့မလျော့ခြင်း၊ အပ္ပမာဒတရား ရှိနေဖို့လိုသည်။

အပ္ပမာဒ တရားများများရှိနေလေလေ များများဆောင်ရွက်နိုင်လေလေဖြစ်မည်။ များများဆောင်ရွက်နိုင်မှ လောကီအကျိုးကျေးဇူး၊ လောကုတ္တရာအကျိုးကျေးဇူးများကို ခံစားစံစားနိုင်မည်ဖြစ်ပါသည်။ လောကီအကျိုးကား စီးပွားဖြစ်ခြင်း၊ မိတ်ဆွေသစ်အပေါင်းအသင်းများလာခြင်း၊ အခြံအရံအကျော်အစောရှိလာခြင်းစသည်အားဖြင့် လောကီအကျိုးကားထင်ရှားပါ၏။

လောကုတ္တရာအကျိုးကား မေ့လျော့မှုမရှိဘဲ ဆင်ခြင်ပွားများ နေထိုင်သူသည် မေ့မေ့လျော့လျော့ နေထိုင်ရခြင်းသည် ဘေးရန်ဖြစ်ပေါ်လာဖို့အကြောင်း ဖြစ်သည်ဟု ယုံကြည်ထားလေ၏။ ယင်းယုံကြည်ချက်ဖြင့် မေ့လျော့မှုမရှိဘဲ အပ္ပမာဒတရားလက်ကိုင်ထား၍ ရှုဆင်ခြင်ပွားများနေထိုင်သူသည် နိဗ္ဗာန်နှင့်နီး၏။ နိဗ္ဗာန်သို့ရောက်နိုင်ရနိုင်ပါသည်။ ထို့ကြောင့် ဤဒေသနာတော်ကို ဘုရားရှင်ဟောကြားတော်မူခဲ့ပါသည်။

အပ္ပမာဒရတောဘိက္ခု၊ ပမာဒေဘယဒဿိဝါ၊ အဘဗ္ဗောပရိဟာနာယ၊ နိဗ္ဗာနဿေဝသန္တိကေ။

အပ္ပမာဒရတော–မမေ့မလျော့ခြင်းဖြင့် အလွန်မွေ့လျော်ခြင်းရှိသော၊ ပမာဒေ–မေ့လျော့ခြင်း၌၊ ဘယဒဿိဝါ–ဘေးရန်ဟူ၍ ရှုလေ့ရှိသော။ ဘိက္ခု–ရဟန်းသည်။ ပရိဟာနာယ–သမထဝိပဿနာကြောင့် ချမ်းသာကြောင်း မဂ်ဖိုလ်တို့မှ ဆုတ်ယုတ်ခြင်းငှာ၊ အဘဗ္ဗော–မထိုက်။ အညဒတ္ထု–စင်စစ်သော်ကား၊ နိဗ္ဗာနဿေဝ–ဆင်းရဲဒုက္ခငြိမ်းရာမှန်သော နိဗ္ဗာန်နှင့်သာလျှင်။ သန္တိကေ– နီးသည်သာလျှင်တည်း။

ဤဘုရားရှင်၏ဒေသနာတော်ကို မြတ်သောစိတ်ဖြင့် ဆင်ခြင်သုံးသပ်ဝေဖန် ကြည့်လျှင် ချမ်းသာစစ်ဖြစ်သည့် နိဗ္ဗာန်ကို သိမြင်နိုင်ဖို့ အဓိကဖြစ်နေ၏။ နိဗ္ဗာန်ဆိုသည့် တရားကို သတ္တဝါတို့ သိချင်သည်၊ မြင်ချင်သည်၊ ရောက်ချင်ကြသည်။ နိဗ္ဗာန်ကို သိမြင်နိုင်ဖို့ များစွာသောလူတို့သည် ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် ပါရမီလမ်းခင်း၍ လျှောက်လှမ်းနေကြသည်။ အလှူဒါနကို အားကိုးသမှုပြု၍ အချို့လည်း မိမိပြုထားသော ဒါနဖြင့် ကျေနပ်ကာ နိဗ္ဗာန်ကို ဆုတောင်းနေကြ၏။

တချို့မှာလည်း မိမိဆောက်တည်ထားသော ကိုယ်ကျင့် သီလတရားကို အားကိုးသမှုပြု၍ နှစ်သက်နေကြရင်း နိဗ္ဗာန်ကို တောင့်တနေကြ၏။ ဘာဝနာဖြင့် ကျေနပ်နှစ်သက်နေကြသော ပုဂ္ဂိုလ်တို့ကလည်း မိမိတို့ပွားများအားထုတ်နေကြသော ဘာဝနာ တရားကို အားကိုးအားထားပြု၍ ယင်းဘာဝနာအလုပ်တရားဖြင့် နိဗ္ဗာန်သို့အရောက်လှမ်းနေကြ၏။ ဒါန၊ သီလ၊ ဘာဝနာလမ်း သုံးသွယ်ဖြင့် နိဗ္ဗာန်သို့လျှောက်လှမ်းနေသလို တစ်ချို့ကြလည်း ဝတ်ကျေတန်းကျေ အလုပ်မျှဖြင့် နိဗ္ဗာန်ကို ဆုတောင်းနေကြ တယ်၊ နိဗ္ဗာန်သို့ ရောက်နိုင်သည့်အလုပ်ကိုတော့ ကြိုးစားပမ်းစား မရှိကြလေဘူး။

ထို့အတူ တချို့မှာလည်း တော်ယုံတန်ယုံဒါန၊ သီလ၊ ဘာဝနာဖြင့် နိဗ္ဗာန်ကို တွင်တွင်ကြီး ဆုတောင်းနေကြ၏။ သတ္တဝါအများ လိုချင်၊ သိချင်၊ မြင်ချင်သော နိဗ္ဗာန်သည် အလုပ်မလုပ်ဘဲ ဆုတောင်းနေရုံနှင့် ရနိုင်မည်မဟုတ်ပါ။ တမ်းတ

နေရုံနှင့်လည်းမရပါ။ နိဗ္ဗာန်ဟူသော ထူးမြတ်သော နေရာဌာန သည် အပြောလွယ်သလောက် အလုပ်ခက်နေတတ်၏။ ဆု တောင်းလွယ်သလောက်ရဖို့ ခက်နေတတ်သည်။ အသွားလွယ် သလောက် ရောက်ဖို့ခက်နေတတ်သည်။

ထိုစကားများ မှန်လေ၏။ စာဖတ်သူ သူတော်ကောင်း များ နိဗ္ဗာန်စကားသည် သူပြော ငါပြောနှင့် လောကမှာ နိဗ္ဗာန် ပြောဆိုနေကြသော သူတို့သည် များစွာပင်ရှိနေကြလေသည်။ သို့ပေမယ့် နိဗ္ဗာန်နှင့် ပတ်သက်လို့ အလုပ်လုပ်ဖို့ကိုတော့ ခက်ခဲ နေကြသည်။ ဘယ်လိုအကြောင်းကစပြီး ကိုင်တွယ်လို့ ဘယ်လို အကြောင်းကိစ္စမျိုးကို အကောင်အထည်ဖော်ပြီး လက်တွေ့ကျကျ စတင်ပြုလုပ်နိုင်ဖို့မှာ ခက်ခဲနေကြလေရဲ့။ တစ်ဖန် နိဗ္ဗာန်ကို ဆုတောင်းလွယ်ပုံကား ဥပမာ ဘုရားဖူးထွက်ခွာလာကြလို့ ဘုရားထံ ရောက်တယ်ဆိုလျှင် ထိုင်ဦးချပြီး တပည့်တော် တပည့်တော်မတို့ ဆင်းရဲကင်းရာ နိဗ္ဗာန်ကိုရရပါလို၏။ ရောက်ရ ပါလို၏ဟု ဆုတောင်းပြီးပြန်သွားကြတာပါပဲ၊ နိဗ္ဗာန်ကို ဆုတောင်းကြတာ လွယ်နေလိုက်တာ၊ ပြီးတော့ ကိုယ့်အိမ်မှာ လည်း မြတ်စွာဘုရားကို ဆွမ်းကပ်၊ ရေချမ်းကပ်၊ ပန်းနံ့သာဆီမီး တို့ဖြင့် ကပ်လှူပူဇော်ပြီး တကယ်တန်းလိုချင်သည့် အနှစ်သာရ မပါဘဲ ဆုတောင်းနေခြင်းတို့ကလည်း လွယ်ကူနေတာပါပဲ။ ဒါပေမဲ့ မပြုလုပ်သူတို့နှင့်စာလျှင် တော်သေး၏ဟု ချီးမွမ်းရမှာပဲ။ ဒါန၊ သီလ၊ ဘာဝနာဟူသော လမ်းသုံးသွယ်ဖြင့် နိဗ္ဗာန်သို့ အရောက်သွားတယ်ဆိုတာ မှန်ကန်သောအနှစ်သာရရှိသော ဒါန၊

သီလ ဘာဝနာမျိုးမှ နိဗ္ဗာန်သို့ရောက်နိုင်လိမ့်မည်။ ပေါ့ပေါ့ တန်တန် အလုပ်မျိုးဖြင့် ပြုလုပ်ဆုတောင်းနေရုံဖြင့် ရနိုင်လိမ့်မည် မဟုတ်ပေ။ သို့ဆိုလျှင် နိဗ္ဗာန်ကို သိမြင်ချင်လျှင် စိတ်နေစိတ်ထား ပြောင်းလဲပေးရလိမ့်မည်။ ထိုအဖြစ်က သတ္တဝါတို့အဖို့ ပိုပြီး ခက်ခဲနေမည်လား မသိ။

ရတနာသုံးပါးကို ကြည်ညိုစိတ်က အချိန်ပိုင်းနှင့် တွက်ကြည့်လျှင် တော်တော်အားနည်းနေကြ၏။ ဘုရားရှေ့ ဦးချဆုတောင်းနေတဲ့ မီးနစ်အချိန်ပိုင်းလေးပဲ စိတ်ရောက်နေကြ၏။ ထသွားတာနဲ့ ဘေးက အကုသိုလ်ဖြစ်စရာအာရုံတွေက များလိုက်တာ၊ ဒါကြောင့်လည်း အလုံးစုံသော သတ္တဝါတို့ရဲ့စိတ်ကို ဘဝများစွာဖြစ်ပျက်နေပုံတို့ကို သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဘုရားရှင်က "ပါပသ္မိံ ရမတီမနော"ဟု ဟောတော်မူခဲ့လေ၏။

မနော–သတ္တဝါတို့ရဲ့စိတ်သည်၊ ပါပသ္မိံ–မကောင်းမှု၌။ ယေဘုယျေန–များသောအားဖြင့်။ ရမတိ–မွေ့လျော်ပျော်ပါးတတ်၏။ ထိုဘုရားရှင်ဟောတော်မူသော ဒေသနာတော်က သတ္တဝါတို့သည် များသောအားဖြင့် မကောင်းမှု၌ မွေ့လျော်ပျော်ပါးနေထိုင်ကြလေ၏။ တစ်နည်းအားဖြင့် မကောင်းမှု၌ မွေ့လျော်ပျော်ပါးနေထိုင်ကြပါတယ်။ ထိုအဆိုအမိန့်က လောကမှာထင်ရှားနေလေ၏။ သတ္တဝါအများသည် စိတ်ကိုတည်ကြည် ထိန်းချုပ်ပေးနိုင်သည့် သီလစောင့်ထိန်းမှု၊ တရားနာယူမှု၊ ဘာသာရေးစာပေ ဖတ်ရှုမှု စသော ကောင်းမှုတို့၌ လိုက်စားသူ နည်းနေ

ကြ၏။ မကောင်းဘက်တော့ လွယ်လင့်တကူ ပျော်ပါးနေသူသာ များလေ၏။

ကာမအာရုံတွေ မွေ့လျော်လေလေ စိတ်ဓာတ်တို့သည် နှံ့နစ်လေလေဖြစ်ကုန်ကြ၏။ ထိုနှံ့နစ်နေသူများ၏ စိတ်ဓာတ်သည် အများသူငါတို့မကောင်းမှု ပြုလုပ်နေကြတာပဲ၊ မွေ့လျော်နေကြတာပဲ ခံရအတူတူပဲဟု ယူဆကြကာ ကောင်းမှု၌ ဝေးသထက်ဝေးပြီး မကောင်းမှုမှာဘဲ တာရှည်နေကြသည်။ ယင်းသို့ဖြစ်နေလျှင် နိဗ္ဗာန်တည်းဟူသော ကောင်းမြတ်သောတရားနှင့် ဝေးနေလိမ့်မည်။ ဤပုဂ္ဂိုလ်များအတွက် နိဗ္ဗာန်သည် ဆုတောင်းလွယ်သလောက် ရဖို့ခက်နေရတတ်၏။

အဆိုတစ်ခုကျန်သေးသည် နိဗ္ဗာန်သည် အသွားလွယ်သလောက် ရောက်ဖို့ခက်နေတတ်သည်။ ထိုစကားက နည်းလမ်းမှန်ကန်စွာနှင့် အမြင်အယူ ဖြောင့်မတ်စွာ လက်တွေ့ကျကျ ကျင့်သုံးနေသူတို့သည် ကိလေသာသံယောဇဉ် ဥပါဒါန်စသော တရားများ ပတ်ခွာဖြတ်တောက်ပြီး အကုသိုလ်အာရုံ မခံစားဘဲ ချမ်းသာစွာ နေသူတို့သည် အသွားလွယ်၍ နိဗ္ဗာန်ဌာနသည် နီးနီးလေးပါ ရောက်ဖို့ ခက်နေသူများရဲ့ ကျင့်သုံးနေထိုင်ပုံကို ကြည့်လျှင် အခြေခံဖြစ်တဲ့ သီလမစင်ကြယ်ကြ၊ သီလမစင်ကြယ်လျှင် အယူမမှန်နိုင်၊ အယူမမှန်လျှင် အမြင်မှားတွေ ဖြစ်ကုန်ကြ၏။ အယူအမြင်မမှန်လျှင် အကျင့်တရားလည်း မှန်နိုင်မည်မဟုတ်တော့။ အကျင့်တရား လွဲမှားနေလျှင် နိဗ္ဗာန်ရောက်ဖို့ဆိုတာခက်နေမည်။ ဖြစ်သည်။ နိဗ္ဗာန်ရောက်ရန် လွယ်ကူသူ၊

ခက်သူတို့ကို သုံးသပ်ဆင်ခြင်ကြည့်လျှင် လုပ်ငန်းသဘော ကွာခြားနေတာ တွေ့ကြရမည်ဖြစ်သည်။ နိဗ္ဗာန်သို့ တစိုက်မတ်မတ် လျှောက်လှမ်းနေသူတို့သည် သူတော်ကောင်းတရားများကို ကျင့်သုံးနေထိုင်ကြ၍ နိဗ္ဗာန်ပန်းတိုင်သို့ တက်လှမ်းရန်နီး၏။

နိဗ္ဗာန်သို့ ရောက်ရန်ခက်ခဲနေသူတို့သည် အကုသိုလ် ဒုစရိုက် ကိလေသာကာမတရားများကို မစွန့်လွှတ်နိုင်ဘဲ လိုက်စားနေခြင်းကြောင့် ဝေးနေရခြင်း ဖြစ်လေသည်။ ထိုသို့နိဗ္ဗာန်နှင့် ဝေးသူနီးသူတို့ရဲ့ ယုံကြည်အားထားနေပုံ၊ ကျင့်သုံးနေထိုင်ပုံတို့ မတူညီဘဲ ခြားနားနေပါတော့၏။

ဤနေရာမှာ နိဗ္ဗာန်နှင့်ပတ်သက်လို့အမြွက်မျှ ရေးသားလိုပါသည်။ နိဗ္ဗာန်ကို ပထမပညတ်၊ ပရမတ် ခွဲကြည့်ရမည်၊ ပညတ်ပရမတ်နှစ်ပါးတွင် မည်သည့်အထဲ ပါဝင်သည်ကို သိထားရမည်။ ဘုရားရှင်က အဘိဓမ္မာကရားတွင် "စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တရား လေးပါးကို ပရမတ္ထ"ဟု ဟောထားတော်မူလေသည်။ ယင်းကိုကြည့်လျှင် ပရမတ်ဟူသည် အရှိတရား ဖြစ်၏။ ပညတ်တရားကား အရှိတရားမဟုတ်၊ အမည်မျှသာ ဖြစ်၏။ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ကွဲပြားမှု ဖြစ်အောင်သာ အမည်နာမ အမျိုးမျိုးပေး ခေါ်ဝေါ်သုံးစွဲနေခြင်း ဖြစ်လေ၏။ သို့အတွက်ကြောင့် နိဗ္ဗာန်သည် ပရမတ်ကောင်း အရှိတရား၊ ပညတ်ကအရှိတရားမဟုတ်ဘဲ အသစ်အသစ်အမည်နာမတပ်ကာ သုံးစွဲခေါ်ဆိုနေသော ပညတ်ပါလားဟု ကွဲပြားအောင် မှတ်ထားရမည်။ တစ်ဖန် နိဗ္ဗာန်ကို အာရုံပြုဟု

ဆိုကြရာ အာရုံများကို နားလည်ဖို့ လိုလာပြန်၏။

အာရုံများသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့ဟူ၍ ခြောက်ပါးရှိကြသည်။ ထိုအာရုံခြောက်ပါးတို့တွင် နိဗ္ဗာန်သည် မည်သည့်အာရုံအမျိုးအစားထဲပါသည်ကို စိစစ်ကြည့်ရမည်။ ခွဲခြားစိစစ်ကြည့်သည့်အခါ ဓမ္မာရုံထဲ ပါဝင်နေ၏။ ကျန်အာရုံငါးပါးထဲမပါ၊ မပါသည့်အတွက် နိဗ္ဗာန်သည် ဘယ်လိုအရောင်အဆင်း၊ မည်သို့သောအသံ၊ အနံ့၊ အရသာရှိမရှိ၊ တွေ့ထိလို့ရစကောင်း၊ မရစကောင်းဆိုတာ ကြံစည်စဉ်းစားလို့ကြည့်လျှင် ဘဝင် ရှင်းသွားလိမ့်မည်။

ထိုသို့ ခွဲခွဲခြားခြား သိမထားလျှင် နိဗ္ဗာန်သည် မည်သို့သော အရောင်အဆင်းရှိပါလိမ့်၊ နိဗ္ဗာန်၏အရောင်အဆင်းကို သိမြင်ချင်လို့ ရှူနေသူတွေ ရေလိုက်လွဲ၍ တွေဝေမောပန်းရုံသာ ရှိလိမ့်မည်။ ထို့အတူပါပဲ နိဗ္ဗာန်မှာ ဘယ်လိုအသံမျိုး၊ မည်သည့် အနံ့အရသာမျိုးတွေ ရှိနေပါမည်နည်းဟု တွေးခေါ်နေသူများလည်း အချိန်ကုန်ရုံသာ ဖြစ်လိမ့်မည်။ နောက်ပြီး နိဗ္ဗာန်ကို တွေ့ထိခြင်လို့ သည်းသည်းမဲမဲ လိုက်နေသူများလည်း လမ်းလွဲလို့ အချိန်ကုန်ရုံသာဖြစ်မည်။ တွေ့ထိလို့ရမည် မဟုတ်ပေ။

ထို့ကြောင့် မိမိတို့စိတ်သည် ရှေ့အာရုံငါးပါးထဲ ရှာကြံနေရင်၊ အာရုံပြုနေရင် ဖြစ်နိုင်မဖြစ်နိုင်၊ ရနိုင်မရနိုင်ဆိုတာ ခွဲခြားသိဖို့ အထူးလိုအပ်သောအချက်ဖြစ်သည်။ ဤအချက်သည် တရားထိုင်နေသူ တရားရှာကြံနေသူတို့ ဂရုစိုက်စရာအချက် ဖြစ်နေလိမ့်မည်။ ဒါကြောင့် နိဗ္ဗာန်ကို အကြောင်းအမျိုးမျိုးဖြင့် ဆင်ခြင်သော

အခါ အဖြေထွက်နိုင်စရာအချက် သုံးချက်ပေါ်ထွက်လာလေ၏။

၁။ နိဗ္ဗာန်သည် အာရုံတရား

၂။ နိဗ္ဗာန်သည် အာရုံခြောက်ပါးတွင် ဓမ္မာရုံထဲမှာရှိသည်။

၃။ နိဗ္ဗာန်ကို စိတ်ဖြင့် အာရုံပြုသိနိုင်၏။

ဤသို့အကြမ်းဖျင်းအားဖြင့် သိထားရမည်။ သို့ပေမဲ့ စိတ်ဖြင့် အာရုံပြုသိနိုင်၏ဟု ဆိုခဲ့ရာ စိတ်တိုင်းတော့ အာရုံပြုသိနိုင်မည်မဟုတ်ပေ။ လောကီစိတ်၊ လောကုတ္တရာစိတ်ဟု နှစ်မျိုးရှိရာတွင် လောကီစိတ်က အာရုံမပြုနိုင်ဘဲ၊ လောကုတ္တရာစိတ်ကသာ အာရုံပြုသိနိုင်၏။ နိဗ္ဗာန်ကို အာရုံပြုသိနိုင်သည့် အဲဒီလောကုတ္တရာစိတ်ကလည်း နူးညံ့သိမ်မွေ့ပြီး အတိုဆုံးလျှင်မြန်ဖြတ်လတ်စွာဖြစ်တဲ့ မဂ်ဇော၊ ဖိုလ်ဇော၊ မဂ်စိတ်၊ ဖိုလ်စိတ်နှင့်သာ နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြု သိနိုင်မည်ဖြစ်သည်။

ဤအချက်ကိုထောက်လျှင် နိဗ္ဗာန်ကို သိမြင်ချင်လို့ ရှာကြံသူတို့အတွက် လိုအပ်သော အချက်အလက်ပေါ်လွင်ထင်ရှားလာလေ၏။ နိဗ္ဗာန်ကို ကြံစည်အားထုတ်ရာမှာ ရှေ့အာရုံငါးပါးကာမဂုဏ်တရားနှင့် မဆိုင်၍ စိတ်ညစ်နွမ်းမှု၊ ပင်ပမ်းမှုလျော့နည်းသွားခြင်း၊ မနောဒွါရ၊ မနောဓာတ်၊ မနောစိတ်အကြောင်းသေချာစွာသိလျှင် ကြမ်းတမ်းမှုမရှိဘဲ ဓမ္မာရုံထိုက်၍ နိဗ္ဗာန်နှင့်နီးနေခြင်း၊ မိမိ၏မနောစိတ်က အကုသိုလ်အညစ်အကြေးအာရုံများနှင့် ထိတွေ့ကူးစက် အဖြစ်မခံဘဲ၊ အကုသိုလ်အညစ်အကြေးကင်း ဖြူစင်သန့်ရှင်းသောနိဗ္ဗာန်ဓမ္မာရုံကို "ကုသိုလ်ထူးစိတ်ဖြင့်" အာရုံပြု သိမြင်၍ ချမ်းသာစစ်ရနေခြင်းသည် နိဗ္ဗာန်၏ချမ်းသာ

ထူးပင်ဖြစ်လေ၏။

ဤအမြွက်မျှဖြင့် နိဗ္ဗာန်သည် ပရမတ်အရှိတရားချမ်းသာ စစ် ချမ်းသာမှန်ဖြစ်လို့ လိုလိုချင်ချင် မြတ်မြတ်နိုးနိုး တောင့်တကြ ကုန်သောသူ ခပ်သိမ်းတို့သည် မမေ့မလျော့မပေါ့ဆခြင်း၊ အပ္ပမာဒတရား လက်ကိုင်ထားပြီး ကြိုးစားနေနိုင်အောင်သာ လိုအပ်ပါလေသတည်း။

# အနိစ္စ လက္ခဏာနှင့် တရားထူးရသွားသော ဝတ္ထုသာဓက

မြတ်စွာဘုရားသက်ရှိထင်ရှားရှိစဉ်အခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငါးရာသော ရဟန်းတို့ကို အနိစ္စလက္ခဏာတရား ဟောတော်မူ၍ တရားထူး ရသွားသော ရဟန်းတို့အကြောင်းဖြစ်သည်။ အကြောင်းကား သူငယ်ချင်းငါးရာတို့သည် စိတ်တူ၊ ကိုယ်တူ တိုင်ပင်ဆွေးနွေးကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ကြ၏။ ရဟန်းဘဝရတယ်ဆိုလျှင် တရားရကြောင်း နည်းလမ်းကောင်းများ ရနိုင်ဖို့ကြံစည်စဉ်းစား နေကြလေသတဲ့။ ကြံစည်စဉ်းစားသည့်အတိုင်း ဘုရားထံ သွား ရောက်၍ ကမ္မဋ္ဌာန်းတရားများ အသီးသီး သင်ယူကြတယ်။ ဘုရားရှင် သင်ကြားပေးသော ကမ္မဋ္ဌာန်းများကို နာယူမှတ်သား ပြီး စိတ်ငြိမ်ရာ တောအရပ်သို့ဝင်ရောက်၍ အားထုတ်ကြရန် ရဟန်းအားလုံး သဘောတူ ဆုံးဖြတ်ကြတယ်။

## အချိန်မကျ တရားမရ

စိတ်ငြိမ်ရာတောအရပ်သို့ရောက်လျှင် ကမ္မဋ္ဌာန်းကျောင်းတို့ကိုစီမံပြုလုပ်တည်ဆောက်ကြရာ ကမ္မဋ္ဌာန်းကျောင်းများ ပြီးစီးသွားလေ၏။ ကိုယ့်နေရာကိုယ် သတ်မှတ်ယူကြ၍ ဘုရားထံမှ သင်ယူခဲ့သော ကမ္မဋ္ဌာန်းကို ဆင်ခြင်ပွားများအားထုတ်နေကြလေ၏။ တောအရပ်မို့ပြီး ဆောက်တည်အားထုတ်ကြတယ်ဆိုတော့ တောသဘာဝအာရုံများကလည်း ရဟန်းတို့ရဲ့ စိတ်ထဲနှလုံးသားထဲကို ဝင်ရောက်လာမှုကို ခံစားကြရတယ်။ သက်ရှိသတ္တဝါ ကျေးငှက်သာတကာလေးများရဲ့ လွတ်လွတ်လပ်လပ်ဘာညာဘာညာဟူသော သဘာဝတရားက သူတို့အသိ၊ သူတို့အလိုဆန္ဒဖြင့် မြူးတူးပျော်ပါး တွန်သံသာများက ထိုးဖောက်ဝင်ရောက်လာတော့လည်း ရဟန်းများအဖို့ ကြမ်းတမ်းသောကိလေသာမဖြစ်ပေမယ့် နူးညံ့သိမ်မွေ့သော အနုသယကိလေသာများ မပယ်နိုင်သေးဘဲ တရားမရဖြစ်နေလေရဲ့၊ သက်မဲ့အရာဝတ္ထုများက သဘာဝအလျောက်ဖြစ်နေသော တောရနံ့နှင့် တောပန်းပေါင်းစုံမွှေးထုံသင်းပျံ့ ကြူကြူလိုင်အောင် သင်းထနေသောပန်းအနံ့တို့ကို လေပြေလေညင်းလေးများက အခါခါ သယ်ဆောင်ပေးခဲ့ရာ အနုသယကိလေသာများ ထကြွနိုးထစေ၏။ ရဟန်းများ တစ်ပါးကြည့်တော့လည်း တရားမရ၊ တစ်ပါးအသံတစ်ပါးနားထောင်သော်လည်း တရားထူးတရားမြတ်ရသည်ဆိုတဲ့အသံမကြားရ၊ ကြိုးစားအားထုတ်သော်လည်း တရားလမ်းမပွင့်ဘဲအမှောင်လမ်းပိတ်နေခြင်းကို ရဟန်းတို့ ဆင်ခြင်မိကြလေဘယ်။

သို့ပေမဲ့ တရားရဖို့အချိန်မကြတော့ အာရုံများက ကိလေသာစိတ်ဖြစ်အောင် ဝင်ရောက် နှောင့်ယှက်ဖျက်ဆီးနေသလို တွက်ဆ ရလိမ့်မည်ပေါ့၊ တရားအားထုတ်ရတာ အချိန်သာကုန်တယ်၊ ရက်တွေသာ ကုန်ဆုံးကုန်တယ် အချိန်မကျတော့လည်း တရားမရဖြစ်နေလေ၏။

## ပါရမီတူခဲ့လို့ အကြံတူ

ရဟန်းတို့သည် မိမိတို့အစွမ်းရှိသရွေ့ ကြိုးစားအားထုတ်သော်လည်း အချိန်ကုန်ခြင်းနှင့်သာ ရင်ဆိုင်ရပြီး တရားမရဖြစ်နေသည်ကို ကြံစည်စဉ်းစားကြလေ၏။ တရားရရန် မည်ကဲ့သို့ ရှေ့ဆက်ပြီး အားထုတ်ရမည်နည်း၊ တစ်ပါးနှင့်တစ်ပါး ထုတ်ဖော်မပြောသေးဘဲ စိတ်ထဲမှာသာ ကြံစည်နေကြ၏။ အချို့မှာလည်း ငါတို့ ဒီအတိုင်းသာ ဆက်သွားနေရင် အချိန်ဖြုန်းရာရောက်နေလိမ့်မည်။ ကြာလာလျှင် အိုခြင်းနာခြင်း သေခြင်းကနေမည်မဟုတ် တရားမရခင် သူတို့က အနိုင်ယူသွားနေဦးမည်။ အသေမဦးခင်၊ အသိဦးမှဖြစ်မည်။

သို့ပေမဲ့ ဆရာမပြ နည်းမရ ဟူသောအတွေးများဝင်လာပြီး ကမ္မဋ္ဌာန်းသင်ပေးခဲ့သော ဆရာဘုရားအား အာရုံထဲ ဝင်လာလေ၏။ တစ်ပါးနှင့်တစ်ပါး ဖွင့်ဟ လာတော့ အကြံတူနေကြတယ်။ တစ်ပါးက ဘုရားထံသွားချင်ရင် နောက်တစ်ပါးကလည်း ဘုရာထံ သွားမည် စသည်ဖြင့် ထုတ် ဖော်ပြောလာကြလေ၏။ တစ်ပါးတစ်ပါး စိတ်ထားအကြံ တူနေခြင်းကား ပါရမီတူခဲ့လို့

အကြွဲတူနိုင်သည်ဟု စိတ်အားတက်ကာ ဘုရားထံသွားကြဖို့ သဘောတူဆုံးဖြတ် ညီညွတ်နေကြလေ၏။

## အချိန်ကျမှ တရားရသည်

ရဟန်းအားလုံး တညီတညွတ်တည်း ဘုရားထံလာရောက်ကြ၍ ဘုရားရှင်အား အကျိုးအကြောင်း လျှောက်ထား လေရာ မြတ်စွာဘုရား တပည့်တော်များ တရားရကြောင်း တောကျောင်း မှီခို ကျင့်ကြံပွားများအားထုတ်သော်လည်း ဉာဏ်၌မထင် တရားမဝင်ဘဲ အလင်းမရ အမှောင်ဖုံးနေပါသဖြင့် တရားရကြောင်း နည်းလမ်းကောင်းများ ပေးသနားတော်မူပါရန် တောင်းပန်လျှောက်ထားလာရောက်ရပါသည် မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် တရားထူးတရားမြတ် လိုချင်ကြ၍ လာရောက်ကြကုန်သော ရဟန်းတော်တို့အား အဘယ်သို့သော ကမ္မဋ္ဌာန်းများ ပေးလျှင် တရားရနိုင်မည်နည်း၊ အတိတ်ကာလက မည်သို့သော ကမ္မဋ္ဌာန်းကို အားထုတ် ဆည်းပူးခဲ့ပါသနည်း၊ ရဟန်းများ သံသရာကျင်လည်ခဲ့စဉ် ပြုလုပ်ဆည်းပူးကဲ့သောတရားများကို စုံစမ်းဆင်ခြင်တော်မူ၏။ ဒီနေရာမှာ ဘုရားရှင်ရဲ့ ဉာဏ်တော်၊ ဂုဏ်တော်ကို ပူဇော်တတ်ဖို့ လိုအပ်ပါတယ်၊ ဘုရားရှင်အား ကျေးဇူးကြီးမားလို့ နေ့တိုင်းနေ့တိုင်း၊ ပူဇော်နေရမည်၊ ရှိခိုးနေရမည်၊ ဘုရားရှင်၏ချီးမြှောက်ပုံကို ကြည့်ပါ။ ဘုရားရှင်သည် သတ္တဝါတို့ဘဝများစွာ လည်ပတ်ဖြစ်ခဲ့ကြသောအခါ မည်သည့် အလုပ်ကို များများလုပ်ခဲ့လေသနည်း၊ ဘယ်အလုပ်သဘောမှာ

ဝါသနာပါပါ၊ စေတနာပါပါ ပြုလုပ်ခဲ့ပါသလဲ၊ များများပြုလုပ်ဖူးသော အလုပ်ကို ဖော်ထုတ်ပြသလျှင် ဝါသနာပါမည်၊ စေတနာပါမည်၊ လုပ်ငန်းသဘောကို ဝါသနာပါပါ၊ စေတနာပါပါ ပြုလုပ်ခဲ့ပါသလဲ၊ များများပြုလုပ်ဖူးသော အလုပ်ကို ဖော်ထုတ်ပြသလျှင် ဝါသနာပါမည်၊ စေတနာပါမည်၊ လုပ်ငန်းသဘောကို ဝါသနာပါပါ၊ စေတနာပါပါ ပြုလုပ်ပါလျှင် မြန်မြန်ပြီးစီးအောင်မြင်မှာ မလွဲပါ။

စာရေးသူတို့ စာဖတ်သူတို့ ကိုယ်ကျွမ်းကျင်ရာ လုပ်ငန်းသဘောအပေါ် ဆင်ခြင်သုံးသပ်လျှင် သဘောကျနှစ်သက်နိုင်လိမ့်မည်။ ရဟန်းရှင်လူများစွာသော မိတ်ဆွေအပေါင်းအသင်းတို့ ဝိုင်းဖွဲ့စုမိကြသောအခါ စကားစမည်ပြောဆို ဆွေးနွေးကြလျှင် ဝါသနာပါသောအကြောင်းပါလာလျှင် ဝါသနာပါသူတို့ စိတ်ပါဝင်စားစွာပြောဆိုမည်၊ ပြသမည်ဖြစ်သည်။ ဝါသနာမပါသူတို့ အနေနှင့် စိတ်ပါဝင်စားလိမ့်မည်တော့ မဟုတ်ပေ။ ရွှေအကြောင်းပြောလျှင် ရွှေအကြောင်း ကျွမ်းကျင်နားလည်သူပါက ရွှေအကြောင်းနှင့် ပတ်သက်လို့စိတ်ပါလက်ပါ ပြောဆိုဆွေးနွေးလိမ့်မည်။ နားထောင်မည့်သူက နားသာထောင်နေရသည် စိတ်ပါဝင်စားမှု ရှိမည်မဟုတ်ပေ။

ထို့အတူ ကျောက်အကြောင်း၊ စိန်အကြောင်း၊ ဒါနအကြောင်း၊ သီလအကြောင်း၊ ဘာဝနာအကြောင်း၊ ပြောဆိုကြလျှင် ပြုလုပ်အားထုတ်ဖူးသူက နှစ်သက်သလို၊ မပြုဖူးသူများက မနှစ်သက်ဘဲ တုံ့ဆိုင်းနေလိမ့်မည်။ တစ်ဖန်အရောင်းအဝယ်

သမား၊ ကားသမား၊ လယ်ယာကိုင်းကျွန်းသမားတို့ကို အကြောင်းကိစ္စပါလျှင် ပါလာသောအကြောင်းကိစ္စကို လုပ်နေသူက ရှင်းပြမည်။ နားလည်အောင်ပြောမည်၊ နားလည်အောင်ရှင်းပြသည့်အခါ အလုပ်တူ၊ ပါရမီတူသူများမှာ သဘောသွားနားလည်သိနေသည့်အတွက် ဆက်ကြိုးစား ပြုလုပ်လျှင် အကျိုးထူး အကျိုးမြတ် ခံစားခွင့်ရလိမ့်မည်ဖြစ်၏။ အကျိုးထူး၊ အကျိုးမြတ် ခံစားနိုင်ဖို့ လူတိုင်းလူတိုင်း ပါရမီဆည်းပူးနေရမည်။ အလုပ်လုပ်နေရလိမ့်မည်။ ဘုရားရှင်သည် ရဟန်းများရဲ့ အတိတ်ပါရမီကို ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော် ဤရဟန်းတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက အနှစ်နှစ်သောင်းတို့ ကာလပတ်လုံး အနိစ္စလက္ခဏာဝိပဿနာကို ကောင်းစွာမယုတ်ဆည်းပူးအားထုတ်ဖူးကုန်ပြီ၊ ထို့ကြောင့် အနိစ္စလက္ခဏာဝိပဿနာဖြင့်သာလျှင် ထိုရဟန်းတို့အား ဟောကြားပေးလျှင် တရားထူး တရားမြတ်ရပေလိမ့်မည်ဟု ဉာဏ်တော်၌ ထင်သည်ဖြစ်၍ အောက်ပါဂါထာကို ဟောတော်မူ၏။

သဗ္ဗေသင်္ခါရာ၊ အနိစ္စာတိ၊ ယဒါပညာယ ပဿတိ
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ သင်္ခါရာ- အကြောင်းတရားလေးပါးပေါင်းစု ပြုပြင်အပ်စွာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနိစ္စာ-ဖြစ်လျှင်ချုပ်စဲ မှန်မလွဲသဖြင့် မမြဲသောသဘောရှိကုန်၏။ ဣတိ-ဤသို့၊ ယဒါ-ယသ္မိံ ကာလေ-အကြင်အခါ၌၊ ပညာယ-ဝိပဿနာပညာဖြင့်၊ ပဿတိ

-ကောင်းစွာရှုမြင်၏။ အထ ဣမသ္မိံ ကာလေ- ဤသို့ ရှုမြင်သောအခါ၌၊ ဒုက္ခ-ခန္ဓာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ရခြင်း ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့၏။ ဧသ-ဧသော၊ ဤသို့ ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေသာမှ စင်ကြယ်ခြင်း၏၊ မဂ္ဂေါ-အကြောင်းပေတည်း။

ဤသို့ ဘုရားရှင် ဟောကြားပေးလိုက်သောအခါ ရဟန်းတို့သည် ဉာဏ်၌ ထင်လင်းစွာ သိမြင်လာသည်ကား အကြောင်းအကျိုးဆက်စပ်ကာ ပြုပြင်ပြောင်းလဲပေးနေသော ရုပ်နာမ်တရားတို့သည် မြဲမြံနိုင်ခြင်း မရှိလေစွတကား။

မမြဲခြင်းသဘောတရားကို မြဲအောင်ပြုလုပ်နေခြင်းကားဆင်းရဲအောင်သာ ပြုလုပ်နေခြင်း ဖြစ်နေပါလား၊ ဖြစ်ပြီးဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ဘဝတွေပေါ် မမြဲခြင်း အနိစ္စသဘောကို မြင်လာလေ၏။ မမြဲတဲ့ ခန္ဓာကိုယ် ဝန်ထုပ်ကြီးကို ရေ့ဆက်ရရှိထမ်းဆောင်ရမှာကို ငြီးငွေ့မုန်းတီးလာပြန်လေ၏။ မမြဲသောခန္ဓာကိုယ် ဝန်ထုပ်ကြီးကို မလိုချင်တော့ဘဲ ဖြတ်တောက်လိုသောစိတ်က အရောင်လင်းလက်ပေါ်ထွက်ကြွနေ၏။

ထိုသို့ အရောင်လင်းလက်ကြွနေသော အရဟတ္တမဂ်စိတ်က အသစ်ဖြစ်သော ခန္ဓာကိုယ်အာရုံမျိုးစုံကို လှမ်းယူတတ်သောအလိုဆန္ဒ လောဘတဏှာကို ဖြတ်တောက်ပစ်ပြီး ငြိမ်းအေးနေလိုက်၏။ အသစ်ဖြစ်မယ့် ခန္ဓာကိုယ်အာရုံအမျိုးမျိုးအပေါ် အလိုမကျ မနှစ်သက်သော ဒေါသတရားကို ဖြတ်တောက်လိုက်ပြီးငြိမ်းအေးနေတယ်၊ ခန္ဓာကိုယ်နှင့် အာရုံမျိုးစုံ ဖြစ်ပျက်နေခြင်း

အနိစ္စသဘောကို တွေ့ဝေစွာ ပိတ်ပင်ဖုံးလွှမ်းပေးတတ်သော မောဟတရားကို ဖြတ်တောက်လိုက်ပြီး အေးငြိမ်းတည်ကြည်နေ၏။ ထက်မြက်သော ဓားသံလျက်နှင့်တူသော အရဟတ္တမဂ်စိတ်က အလုံးစုံ အညစ်အကြေး၊ ကိလေသာဖြစ်ချင်သောစိတ်အားလုံးကို ရှင်းရှင်းလင်းလင်း ပယ်ခွာစွန့်ပစ်၍ ငြိမ်းအေးနေပြီ။ ရဟန်းငါးရာတို့သည် ယနေ့အဖို့ အလုံးစုံ ကိလေသာမဖြစ်ဘဲ ချမ်းသာနေပြီ၊ နေ့တိုင်းနေ့တိုင်းအလုံးစုံ ကိလေသာစိတ် မဖြစ်ဘဲ ချမ်းသာနေပြီ။ အသက်တမ်းကုန်ဆုံးသည်အထိ အလုံးစုံ ကိလေသာစိတ်မဖြစ်ဘဲ ပရိနိဗ္ဗာန်ပြု အစဉ်ထာဝရ ချမ်းသာသွားကြပြီ။ ထိုပုဂ္ဂိုလ်များကို အာသဝေါကုန်ခန်း ရဟန္တာဟုပင်ခေါ်ဆို ပညတ် အမည်တွင်လိုက်လေသတည်း။

## အကုသိုလ်အများ ကာလသုံးပါးသိ၍ ခံစား

ကုသိုလ်များများ ပြုလုပ်ပွားများနေသူသည် ပြုမိသော အကုသိုလ်များ မေ့ပျောက်တတ်၍ ကုသိုလ်များက အနိုင်ရနေ၏။ အကုသိုလ်များများ ပြုလုပ်ကျူးလွန်နေသူသည် ပြုမိသော ကုသိုလ်များကို မေ့ပျောက်တန်ဖိုးမထားဘဲ အကုသိုလ်များက အနိုင်ယူနေ၏။ ရေများရေနိုင်၊ မီးများမီးနိုင်စကားပုံလို များရာက အနိုင်ယူနေကြ၏။

ကုသိုလ်၏အကျိုးကို မသိမမြင်သူတို့သည် ကုသိုလ်ရဲ့ အကျိုး တန်ဖိုးမထားဘဲ ပြုလုပ်ဖို့စိတ်ပါဝင်စားမှု တဖြည်းဖြည်း ဝေးကွာနေကြတယ်။ ကုသိုလ်နှင့်ဝေးကွာ မပြုလုပ်ဘဲ နေသူတို့သည်များသောအားဖြင့် ပစ္စုပ္ပန်ကောင်းကျိုးကိုမသိတတ်၊ မမြင်တတ်လို့ဆိုလျှင် မှားမည်မဟုတ်ပေ။ ပစ္စုပ္ပန်ကောင်းကျိုးကို သိမြင်တတ်သူတို့က ကုသိုလ်တရားကို ဝမ်းပန်းတသာ ပြုလုပ်ကြတယ်။ ပစ္စုပ္ပန်ကောင်းကျိုး မသိတတ်သူတို့က အတိတ်က ပြုဖူးသော ကုသိုလ်အတိတ်ဆိုရာမှာ ဘဝဘဝများထိ ဆိုလို

ပါတယ်။ ထိုပြုဖူးသော ဘဝဘဝများက ကုသိုလ်အကျိုးကိုလည်း တွေးခေါ်ကြဲစည်သိနေမည်မဟုတ်၊ ကုသိုလ်ပြုထားလျှင် ရှေ့ ခံစားရမည်ပဲဟု အနာဂတ်မျှော်ပြီး အတွေးစိတ်ဝင်ကာ ဆင်ခြင် နိုင်ဖို့မှာ ပိုလို့ဝေးကွာနေလိမ့်မည်။ ပစ္စုပ္ပန်ကောင်းကျိုး နားလည် သူကသာဖြစ်ပြီးသော ကောင်းကျိုး ရှေ့ဖြစ်ဦးမည့်ကောင်းကျိုး တို့ကို ဆင်ခြင်ပွားများကာ ကုသိုလ်ကို မကြာမကြာပြုလုပ် နိုင်၏။ လူတို့သည် များသောအားဖြင့်တော့ ပစ္စုပ္ပန်အဖြစ်ကိုသာ ယုံကြည်ကြပြီး အတိတ်အနာဂတ်ပေါ်မှာတော့ ယုံကြည်မှု ထားနိုင်ခဲ၏။

ဤသို့ဖြစ်ရခြင်းသည် အတိတ်အနာဂတ်ဘဝများပေါ် ဖြစ်ပြီး ဖြစ်လတ္တံ့ခံစားရပုံ အလုံးစုံကို သိနိုင်သော ဉာဏ်အမြင် မရသောကြောင့် ဖြစ်လေ၏။ အတိတ်အနာဂတ်ကို သိနိုင်သော ဉာဏ်ကား အဘယ်ပါနည်း။ ယင်းကား ဇာတိဿရဉာဏ်ပင် ဖြစ်လေ၏။ ထိုဇာတိဿရဉာဏ်သည် လာခဲ့သော ဘဝ သွားပြီး ဖြစ်ရဦးမည့် ဘဝများကို မြင်နိုင်သောဉာဏ်ပင် ဖြစ်၏။ လောကအထွတ်အမြတ် ဘုရားရှင်တို့ကြတော့ ထို့ထက်ထူးကဲ သော အနာဂတံသ ဉာဏ်မျိုး ရှိတော်မူကြတယ်။ ဇာတိဿရ ဉာဏ်ကို လေးလေးနက်နက် ကုသိုလ်အကြောင်း ပြုလုပ်ကာ ဆုတောင်းလို့ ရနိုင်ပါ၏ဟု ဉာဏ်မီသ၍ ဆိုချင်ပါသည်။ ဇာတိဿရဉာဏ်ကို တိရစ္ဆာန်တို့ပင် ရရှိနိုင်၍ လူပုဂ္ဂိုလ်များ ဆိုပြောဖွယ်ရာပင် မလိုပေ။ သို့ပေမဲ့ တိရစ္ဆာန်တိုင်းတော့ ပြုလုပ် နိုင်ခဲလေ၏။ ဇာတိဿရဉာဏ်ရသူတို့သည် ကောင်းကံဆိုးကံ

တို့ကို အခြေခံပြီး ပြုလုပ်နိုင်လေ၏။ ဖြစ်ခဲ့သော အခြေအနေ၊ ဖြစ်ဦးမည့် အခြေအနေတို့ကို သိရပြီး မကောင်းဖက်၌ ဂလဲ့စားခြေမှုများ ပြုလုပ်နိုင်သလို၊ ကောင်းဖက်၌ ကောင်းကျိုးများရအောင် ပြုလုပ်နိုင်လေ၏။

သို့သော် ဆင်ခြင်ထားရမည်က မကောင်းဘက်၌ ဂလဲ့စားခြေမှု တန်ပြန်ပြုလုပ်ခြင်းကို ရပ်တန့်ပြီး တားမြစ်နိုင်ရလေမည်။ ထိုမှာ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း ဝတ္ထု စူဠသုဘဒ္ဒါ ပြုလုပ်ပုံကြည့်လျှင် ထင်ရှားနေပါတယ်။ ကောင်းဖက်မှာတော့ ချမ်းသာခြင်းအကျိုး ရရှိနိုင်မည်ဖြစ်သောကြောင့် ကောင်းမှုကုသိုလ်များများ ပြုလုပ်ပေးရမည်။ ဇာတိဿရဉာဏ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်လတ့ံအချိန်အခါပေါ် ချမ်းသာ သုခမျှော်ပြီး သတိသံဝေဂဖြင့် အမျိုးသာသနာဘာသာပေါ် အားထုတ်ဆောင်ရွက်မှု ရှိနေရပါမည်။

ယင်းအကြောင်းအကျိုးကိစ္စရပ်တို့ကို ပေါ်လွင်စေခြင်းငှာလည်းကောင်း၊ ဇာတိဿရဉာဏ်နှင့် စပ်သဖြင့်လည်းကောင်း၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလသုံးပါးနှင့်စပ်သဖြင့်လည်းကောင်း သတိသံဝေဂဉာဏ် ဖြစ်ပါစေခြင်းငှာ သံဝေဂဝတ္ထုဒီပနီ၌လာသော ဝတ္ထုသာဓကကို ထုတ်ဖော်ရေးသားပြပါအံ့။

လွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာ၌ တတိယအဆူအဖြစ် ကဿပမြတ်စွာဘုရားပွင့်တော်မူ၍ ကျွတ်ထိုက်သူများစွာသော ဝေနေယျတို့အား ချွေချွတ်တော်မူသည်ရှိသော် ဘုရားရှင်း၏ တပည့်သာဝကရဟန်းတို့သည် သာသနာလျှင်လျှင်

မြန်မြန် ပျောက်ကွယ်မသွားရလေအောင် သာသနာပြုနေကြ၏။ ထိုအခါ အမျိုးသားညီနောင်နှစ်ယောက်တို့သည် လူ့ဝတ်ကြောင် စွန့်ခွာပြီးလျှင် သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရဟန်းတော်တို့ ထံ ခွင့်ပန်ကာ ရဟန်းပြုကြကုန်၏။ ထိုညီနောင် နှစ်ယောက် တွင် အစ်ကိုကြီးဖြစ်သူရဲ့ အမည်ကား သာဂတဟုခေါ်၏။ ညီငယ်အမည်မှာ ကပိလဖြစ်သည်။ သာဂတ ကပိလညီအစ်ကို နှစ်ယောက်တို့ရဲ့ အမိကား သာဂတိဖြစ်၏။ တာပနာဟုခေါ် သော နှမငယ်လည်းရှိ၏။ သာဂတ–ကပိလတို့ ညီအစ်ကို နှစ်ယောက် ရဟန်းဘောင်သို့ ဝင်ရောက်လျှင် နှမငယ် တာပနာ နှင့် မိခင်သာဂတိတို့လည်း ဘိက္ခုနီမတို့ထံ ခွင့်ပန်လျက် အခွင့် ရလျှင် ဘိက္ခုနီမရဟန်း ပြုကြလေ၏။

ဤသို့ဖြင့် မိသားစု သားအမိလေးယောက်တို့ ရဟန်း၊ ရဟန်းမိန်းမအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ကြကာ ဆရာဥပဇ္ဈာယ်တို့၏ ဝတ်ကြီးဝယ်ငယ်အသွယ်သွယ်တို့ပြုလုပ် နေကြကုန်၏။ တစ်နေ့မှာသာဂတ၊ ကပိလရဟန်းတို့သည် ဆရာဥပဇ္ဈာယ်ရဟန်းတို့ထံ ကပ်ရောက်၍ ရဟန်းတို့သင်ယူ ရမည့်တရား၊ ကျင့်ရမည့်တရားများကို မေးမြန်းလျှောက်ထား လေ၏။ မထေရ်ရဟန်းကြီးတို့က ငါ့ရှင်တို့ သာသနာ့ဘောင်မှာ ရဟန်းတို့ကျင့်ဆောင်ရမည့် ဓုရနှစ်ဖြာရှိလေ၏။

ယင်းကား စာပေပရိယတ္တိသင်ယူခြင်း၊ ဂန္ထဓုရ သင်ယူပြီး အားထုတ်ကျင့်ယူခြင်း၊ ဝိပဿနာဓုရအားဖြင့် နှစ်ပါးရှိလေ၏။ ယင်းနှစ်ပါးသည် ရဟန်းတို့ ကျင့်ဆောင်ရမည့် တရားနှစ်ပါးတို့

ဖြစ်လေ၏ဟု ရှင်းပြလေ၏။ မထေရ်ရဟန်းကြီးတို့သည် ဓုရ နှစ်ပါးကို ရှင်းပြ၍ ဟောပြောခြင်း ပို့ချခြင်း သင်ပေးခြင်းဖြင့် သာသနာပြုနေကြ၏။ ထိုအခါအကြီးရဟန်း သာဂတသည် ဝိပဿနာဓုရအကျင့် ပဋိပတ်၌ အထုံဝါသနာပါသဖြင့် ကျင့်လို စိတ်အားကြီး၏။ ကျင့်လိုစိတ် အထုံဝါသနာပြင်းပြနေသော သာဂတ ရဟန်းတော်သည် ငါသည် ဝိပဿနာဓုရအကျင့်မြတ် ဖြင့် ငါ၏အလိုပြည့်စေရမည်ဟု ဆုံးဖြတ်ချက် ချလေ၏။ သာဂတရဟန်းက မိမိရဲ့ဆုံးဖြတ်ချက်အတိုင်း ငါးဝါ ငါးနှစ် ပတ်လုံး ဆရာဥပဇ္ဈာယ်တို့ထံ၌နေကာ ကမ္မဋ္ဌာန်းတရားများ သင်ယူနေ၏။ တစ်ဆင့်တစ်ဆင့် သင်ယူရာ အရဟတ္တဖိုလ် တိုင်အောင်ရောက်နိုင်သော ကမ္မဋ္ဌာန်းတရား အားထုတ်နေလေပြီ။ မှန်ပါသည်။ ဝိပဿနာဓုရခေါ်တဲ့ ကမ္မဋ္ဌာန်းတရားကို ကြိုးစား အားထုတ်နေသော ရဟန်းများ၊ ထိုစာတတ်ပေတတ် ရဟန်းများ၊ အားထုတ်မှုအကျင့်ရှိသော ရဟန်းများ ထိုရဟန်းတို့အား အများ သူငါတို့က လာဘသက္ကာရလာဘ်စသည်ဖြင့် ပူဇော်ခြင်း များကို ခံရတတ်လေ၏။ ယင်းသို့ အပူဇော်ခံ ရဟန်းတို့အနေနှင့် ခံယူ တတ်ရလေ၏။ ဆင်ခြင် သုံးစွဲတတ်ရလေ၏။ သို့မဟုတ် လာဘ သက္ကာရအပေါ် ရောင့်ရဲတင်းတိမ်မှုမရှိဘဲ လာဘ်လာဘဖြင့် မာန်ရစ်အချိန်ကုန်နေလျှင် ရဟန်းဘဝ၊ လူ့ဘဝအချည်းအနှီး ဖြစ်ရလေ၏။ ထိုရဟန်းမျိုးဆိုလျှင် ဘုရားရှင် ရွှေနှုတ်တော်မှ ထုတ်ဖော်ပြောဆိုတတ်သော စကားမျိုး ရှိနေသည် မဟုတ် ပါလား။ ယင်းမှာ "မဂ်ဖိုလ် မမီး အချည်းနှီးသောယောကျ်ား"

ဟုပင် ဖြစ်လေ၏။

ဘုရားရှင်သည် မဂ်ရကြောင်း၊ ဖိုလ်ရကြောင်းတရားများ အားမထုတ်ဘဲ အချိန်ကုန် အချည်းနှီးဖြစ်နေကြသော ရဟန်းများကို ဤကဲ့သို့ပြောဆိုတော်မူလေ၏။ ဘုရားပြောဆိုတော်မူသော စကားက တိုရှင်း လိုရင်းဖြစ်၍ အင်မတန်မှ ထိရောက်သောစကားတော်ဖြစ်နေပါ၏။ ကြားရသူတို့အဖို့ သတိသံဝေဂယူစရာ အချက်ပင်ဖြစ်နေပါ၏။ ထိုအချက်ကို သတိဝင် အလေးထားမိသော အရှင်သာဂတမထေရ်မြတ်သည် အများသူငါ ပူဇော်လာသော လာဘ်သက္ကာရများကို ပယ်ခွာပြီး မဂ်ဖိုလ်မီးဖို့ တောရပ်ခိုပြီး ပွားများ အားထုတ်နေခြင်းဖြစ်လေတော့၏။

အရှင်သာဂတသည် မဆုတ်မနစ်ပွားများ အားထုတ်ရာ အလုံးစုံသော ကိလေသာ အာသဝေါတရားပယ်ခွာ စွန့်ပစ်ကာ အာသဝေါကုန်ခန်း နိဗ္ဗာန်စခန်းဝင် ရဟန္တာအဖြစ်သို့ ရောက်သွားလေတယ်။ အစ်ကိုကြီးဖြစ်သူသာဂတ ရဟန်းမြတ် အလုံးစုံကိလေသာစိတ်ပယ်သတ်နိုင်လို့ နေထိုင်မှုသန့်ရှင်းစင်ကြယ်သော အရိယာနွယ်ဝင် ရဟန္တာအဖြစ်သို့ ရောက်သွားလေပြီ။ သားအမိလေးယောက်တို့တွင် အရှင်သာဂတမထေရ်မြတ်သည် မိခင်၊ ညီငယ်၊ နှမငယ်တို့နှင့် လူချင်းတူပေမယ့် အသိဉာဏ်ပညာ အဆင့်အတန်းကွာခြားသွားပြီ၊ လောကုတ္တရာအဆင့်အတန်း မြင့်မြင့်သို့ ရောက်သွား၍ နိဗ္ဗာန်ချမ်းသာမြတ်ဖြင့် ငြိမ်းအေးရလေပြီ။ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဖြင့် ငြိမ်းအေးနေသော ရဟန္တာအရှင် သာဂတမထေရ်တို့ မိသားစုကိုကြည့်လျှင်

ညီငယ် ကပိလလည်း သာသနာ့ဘောင် အတူဝင်ရောက်၍ ရဟန်းဘဝ ရနေပါ၏။ နှမငယ် တာပနာနှင့် မိခင် သာဂတိတို့လည်း ဘိက္ခုနီရဟန်းဘဝကို ရနေကြတာပါပဲ။

ထိုမိသားစု သာသနာ့ဘောင် ဝင်ရောက်၍ ဘဝချင်းတူပေမယ့် တစ်ယောက်နှင့်တစ်ယောက် ဝါသနာအကျင့်စရိုက် မတူညီသည်ကို တွေ့နိုင်လေ၏။ ကောင်းပါပြီ၊ ဒီလိုဆိုကျန်သည့် မိသားစုရဲ့ ဝါသနာ အကျင့်စရိုက်ကို ဆက်ကြည့်ကြရအောင်၊ ညီငယ်ဖြစ်သော ကပိလရဟန်းအကြံဖြစ်ပုံမှာ ငါသည် ငယ်ငယ်ရွယ်ရွယ်ရှိသေး၏။ အိုခြင်းတရား မနှိပ်စက်သေး ပျို့မြစ်နုနယ်သေး၏။ အသက်ကြီးရင့်သောအခါကျမှ ဝိပဿနာတရားပွားများအားထုတ်မည်။ ရှေးဦးစွာ ဂန္ထဓူရကိုပြည့်စုံအောင်သင်ယူမည်၊ ပိဋကတ် ကျွမ်းကျင်တတ်မြောက်အောင် သင်ယူရမည်။ သို့မှသာ ပရိယတ်၌ ရဲရင့်ပြီး ရဟန်းပရိသတ် လူပရိသတ်အား သုံးသတ်ချက်၊ ဆုံးဖြတ်ချက်ပေးနိုင်မည်ဟု အကြံဖြစ်လေ၏။

ထိုအခါ ကပိလရဟန်းသည် မထေရ်ကြီးတို့ထံ ချဉ်းကပ်၍ စာပေပရိယတ်သင်ယူလေ၏။ ကြိုးစားသင်ယူသော ကပိလရဟန်း၊ ခုတော့ ပိဋကတ်၌ ကျွမ်းကျင်တတ်မြောက်လေပြီ၊ ပရိယတ်၌ ရဲရင့်သော ဂုဏ်သတင်းကျော်စောနေ၏။ ကြည်ညိုသူ၊ ပူဇော်သူ၊ ချဉ်းကပ်သူတို့ တိုးကာတိုးကာ များပြားလာ၏။

ထိုအဖြစ်က သံဝေဂဉာဏ် သတိလွတ်လျှင် မာန်မာနစသည်ကို တက်ကြွစေတယ်။

## ဝါသနာအကျင့်စရိုက်ပေါ်လာပုံ

ပိဋကတ်စာပေ ပရိယတ်ကျွမ်းကျင်တတ်မြောက်လာသော ကပိလရဟန်းသည် မိမိအတတ်ပေါ် မာန်ရစ်ကာ လာဘသက္ကာရဖြင့် မရောင့်ရဲနိုင်ဘဲ တပ်မက်မှုကြီးထွားလာ၏။ အတတ်ပေါ် မာန်ရစ်ကြီးထွားမှုကြောင့်ပင် သုံးသပ်ချက် ဆုံးဖြတ်ချက်တွေ ချွတ်ယွင်း ဖောက်ပြန်လာပါတော့၏။ မိမိ၏တပည့်ပရိသတ်များကို တတ်မြောက်ထားသော ပရိယတ်စာပေများ ပို့ချပေး၏။ သင်ယူစေ၏။ ထို့ကြောင့်လည်း မိမိနှင့်တတ်သူ ရဲရင့်သူမရှိဟု မှယ်ထင်ကာ အတတ်ကျူး၍ အထင်ကြီးနေသော ရဟန်းဖြစ်မှန်း မသိဖြစ်ခဲ့လေသည်။ ပရိယတ် ဂုဏ်သိတင်းကြောင့် ဆည်းကပ်များပြားလာသော ပရိသတ်တို့အား မှားမှားယွင်းယွင်း ဖောက်ပြန်စွာ ပြောဆိုလာတယ်။ အပ်သောအရာဝတ္ထု၌မအပ်၊ မအပ်သော အရာဝတ္ထု၌အပ်၏။ အပြစ်ရှိသည်၌ အပြစ်မရှိ၊ အပြစ်မရှိသည်၌ အပြစ်ရှိ၏ဟု ပြောဆိုဆုံးမ၏။

ဤကပိလရဟန်း ပြောဆိုဆုံးမသော အယူဝါဒ ပြန့်နှံ့လာသောအခါ အခြားသော ပေသလသိက္ခာ ကာမသီလကို ချစ်မြတ်နိုး အလေးထားကြသော ရဟန်းတို့က ကပိလရဟန်းအား သတိပေးဆုံးမကြကုန်၏။ ငါ့ရှင် ကပိလ သင်သည် အပ်သော အရာ၌မအပ်၊ မအပ်သောအရာ၌ အပ်သည်ဟု မဆိုပါလင့်၊ ငါ့ရှင်ကပိလ သင်သည်အပြစ်ရှိ၏ဟူရာ၌ အပြစ်မရှိ၊ အပြစ်မရှိဟူရာ၌ အပြစ်ရှိ၏ဟု မဆိုပါလင့် စသဖြင့် မထေရ်ရဟန်းကြီးတို့က ဆုံးမကြ၏။ ယင်းသို့ ဆုံးမသော်လည်း

ငါသာတတ် ငါသာလျှင် မှန်ဟု မာန်တက်ကြွနေသော ကပိလရဟန်းက လိုက်နာခြင်းမရှိ နာယူခြင်းမရှိလေ၊ တစ်ဖန် မထေရ်ကြီးတို့က ဓမ္မဝိနယတရားသောနည်းလမ်းများ ထုတ်ပြလျက်ဆုံးမကုန်၏။ ထိုအခါလည်း လိုက်နာကျင့်သုံးခြင်းမရှိ မလိုက်နာသည့်ပြင် ဆုံးမဩဝါဒပေးသော ရဟန်းတို့ကို ခံပြောလာတယ်၊ နှုတ်လုံထိုးလာ၏။ သင်တို့သည် အဘယ်ကို သိကြကုန်သနည်း၊ အဘယ်သို့ နားလည်ကြသနည်း၊ သင်တို့ကား အချည်းနှီးသော လက်စုတ်နှင့် တူကုန်ကြတယ် စသောစကားဖြင့် ထိုထိုရဟန်းတို့ကို ပြစ်တင်ကဲ့ရဲ့ ရှုတ်ချလျက် ဆဲရေးကုန်၏။ ကြမ်းတမ်းသော စကားတို့ကို ကပိလရဟန်း ဆိုလျက် လှည့်လည်၍ ပရိသတ်အား ပြောဆိုလေ၏။ မိမိ လှည့်လည် ပြောဆိုသော စကားများကို အခြားသော ရဟန်းတို့ ကြားလျှင်၊ ဤကပိလရဟန်းသည် ပရိသတ်အား မအပ်သည်ကို အပ်သည်၊ အပ်သည်ကိုမအပ်၊ အပြစ်ရှိသည်ကို အပြစ်မရှိ၊ အပြစ်မရှိသည်ကို အပြစ်ရှိသည် စသဖြင့် ပြောကြားနေပြီး၊ ငါတို့ဆုံးမ ပြောဆိုသော်လည်း ငါတို့စကားနားမထောင်၊ ယခုလည်း ငါတို့ ပြောဆို ဆုံးမလျှင် နားထောင်မည်မဟုတ်၊ နောင်တော်ဖြစ်သော မိမိရဲ့အစ်ကို ရဟန်းအား ပြောကြားမှ ဖြစ်လိမ့်မည်။

ဤသို့ဖြင့် ရဟန်းတို့တိုင်ပင်ကြကာ နောင်တော်သာဂရ ရဟန်းထံ သွားရောက်တိုင်တန်းကြကုန်၏။ ငါ့ရှင် သာဂတ မထေရ်အရှင်၏ညီ ကပိလရဟန်းသည် ပရိသတ်မာန်ရစ်ကာ ပရိသတ်အား ထင်ယောင်ထင်မှားဖြစ်အောင် အယူလွဲမှားစေသော

စကားများကို လှည့်လည်၍ ပြောဆိုနေ၏။ အရှင်၏ညီ ကပိလ ရဟန်းအား သာသနာညစ်နွမ်းစေသော အပြုအမူပြောဆိုခြင်းမှ ရပ်တန့်လေအောင် တားမြစ်ပေးပါ၊ ဆုံးမဩဝါဒပေးပါ ငါ့ရှင် ဟု လျှောက်ထားကြကုန်၏။ မထေရ်ရဟန်းတို့ လျှောက်ထား လေသော် အရှင်သာဂတမထေရ်သည် ညီငယ် ကပိလရဟန်းထံ အရောက်သွား၍ ဆုံးမဩဝါဒပေးသည်မှာ "ငါ့ရှင်ကပိလ သင်သို့သဘောရှိကုန်သော အကြားအမြင်များကုန်သော ရဟန်းတို့၏ သမ္မာပဋိပတ် ပဋိယတ်သည် သာသနာတော်၏ အသက်မည်၏။ ထို့ကြောင့် သမ္မာပဋိပတ်ကိုပယ်၍ ကပိလ အပ်ခြင်း စသည်တို့ကို တားမြစ်လျက် ဤသို့မပြောဆိုပါလင့်ဟု ဆုံးမဩဝါဒပေး၏။ ကပိလရဟန်းသည်နောင်တော်၏ဆုံးမ စကားကို နားမထောင်၊ နားမထောင်လျှင် နောင်တော်သည် ဒုတိယအကြိမ် ဆုံးမပြန်၏။ ငါ့ရှင်ကပိလ· သင်ကဲ့သို့သော အကြားအမြင် ဗဟုသုတများကုန်သော ရဟန်းတို့ရဲ့ သမ္မာပဋိ ပတ်သည် သာသနာတော်၏အသက်မည်၏။ ထို့ကြောင့် သာသနာတော်ညစ်နွမ်းစေသော ပြောဆိုခြင်းတို့ကို မဆိုပါလင့်၊ ရှောင်ကြဉ်ပါလေဟု ဆုံးမပေး၏။

ဒုတိယအကြိမ်လည်း နားမထောင်ပေ၊ ထို့နောက် တတိယအကြိမ်ဆုံးမပြန်၏။ တတိယအကြိမ်လည်းနားမထောင်၊ နောင်တော်ရဟန်းကိုယ်တိုင် သုံးကြိမ်သုံးခါ ဆုံးမသော်လည်း နားထောင်ခြင်းမရှိ၊ ယင်းသို့ နားထောင်ခြင်း မရှိလျှင် နောင်တော် ရဟန်းက ငါ့ရှင် ကပိလ သင်သည် ဆုံးမစကားကို နားမထောင်

သည့်အတွက် သင့်အမှုဖြင့် သင့်အား ထင်ရှားလတ့်ဟု ပြောဆို၍ ဖဲခွာလေ၏။ ထိုအခါ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့သည် ဤကပိလရဟန်းသည် သူ့နောင်တော်ကိုယ်တိုင် ဆုံးမသြဝါဒပေး တားမြစ်သည်ကို နားမထောင်ပေ၊ နောင်တော်လည်း စွန့်ခွာပစ်၍ ဖဲသွားလေပြီ၊ နောင်တော်စကားကိုပင် လိုက်နာခြင်း မရှိလျှင် အခြားအခြားသော ရဟန်းတို့ ဆက်၍ ပြောဆိုလျှင်ရမည် မဟုတ်တော့ပေ။ ထို့ကြောင့် ငါတို့လည်း အခြားတစ်နေရာ ဖဲခွာလျှင် သင့်တော်ပေမည်ဟု တိုင်ပင်ကြကာ ကပိလရဟန်းနှင့် ဝေးရာအရပ်သို့ ဖဲသွားကြလေ၏။ ရဟန်းကောင်းတို့ ထိုကဲ့သို့ စွန့်ခွာသွားကြသော်လည်း ကပိလရဟန်းသည် မိမိရဲ့အယူဝါဒကို မစွန့်လွှတ်ဘဲ မိမိရဲ့ပရိသတ် အခြံအရံဖြင့် ဆိုမြဲတိုင်းပြောဆိုလို့သာ နေပါလေ၏။

## ဒိဋ္ဌာနုဂတိသို့ လိုက်မှားသည့်သားအမိ

မိခင်သာဂတိသည် မိမိ၏သားကြီး ကိလေသာကုန်ခန်း ရဟန္တာဖြစ်နေပါရဲ့ သားကြီး၏အေးရာအေးကြောင်း၊ ငြိမ်းရာငြိမ်းကြောင်း အယူဝါဒသို့မလိုက်ဘဲ သားငတ်ကပိလရဟန်း၏ ဒိဋ္ဌာနုဂတိသို့လိုက်လျှက် ရဟန်းကောင်းတို့အား ဆဲရေးကုန်၏။ ဒီနေရာစဉ်းစားစရာ အချက်တော့ ဝင်လာလေ၏။ ဘယ်သို့စဉ်းစားမည်နည်း၊ သားကြီးဖြစ်သူ ရဟန္တာအရှင်မြတ်ဖက်က ကြည့်လျှင် သားသမီးတို့သည် မိဖတို့အား ပေးဆပ်ရမည့် ကျေးဇူးတရား များစွာပင် ရှိနေသည် မဟုတ်ပါလား၊ သားဖြစ်သူ

အရှင်သာဂတသည် ကျေးဇူးရှင်မိခင်ကြီးအား ကျေးဇူးမဆပ်တော့ပြီလား၊ တရားဟော၍ မကယ်တင်တော့ဘူးလား စသဖြင့် ပုထုဇဉ်တို့အနေ တွေးတောစရာဖြစ်နေပါ၏။ အကယ်၍ မိခင်ကြီးသည် သားကြီး ရဟန္တာဖြစ်မှန်းမသိလျှင် ဖြစ်တတ်တဲ့ စိတ်များကား ငါ၏သားငယ်ရဟန်းက ပိဋကတ်သုံးပုံ တတ်မြောက်၍ ရဲရင့်၏။ ထင်ပေါ်ကျော်ဇော၏ အခြံအရံပရိသတ်များစွာရှိလေ၏။

သို့အတွက်ကြောင့် သားကြီးသည် သားငယ်ရဟန်းနှင့် အစဉ်တွဲ၍ နေသင့်၏။ အယူဝါဒတူစွာ နေသင့်သည်ဟု မိမိထင်မြင်သည့်တိုင်း ပြောဆို ကြံစည်တတ်၏။ ပုထုဇဉ်တို့ စိတ်က ထင်ရာမြင်ရာကို ဆိုတတ်ကာ အလိုမကျ မကျသလို အလိုကျကျသလို ပြောဆိုပြုလုပ်တတ်သည်။ အလိုမကျလျှင် ဒေါသမာန်မာနနှင့် ပြုလုပ်တုန့်ပြန်တတ်သည်။ အလိုကျလျှင် လောဘနှင့် တုန့်ပြန်တတ်၏။ ယင်းသို့ တုန့်ပြန်ရာမှာ ပုထုဇဉ်အချင်းချင်းဆိုလျှင် ကျရောက်မည့်အပြစ်က တော်သေး၏။

ရဟန္တာများအပေါ်ဆို အပြစ်က ပိုကြီး၏။ ကုစားလို့ ရနိုင်ခဲ၏။ တစ်ဖန်ရဟန္တာအရှင်မြတ်တို့ဖက်က ကြည့်လျှင် "ပုထုဇဉ်တို့က လောဘဖြစ်စရာ ဝတ္ထုပစ္စည်းစသည်များကို ဘယ်လောက်များများ လှူဒါန်းလာလာ ရဟန္တာအရှင်မြတ်တို့က လောဘဖြင့် အလှူခံမည်မဟုတ်၊ တုံ့ပြန်မည်မဟုတ်၊ ထို့အတူ ဒေါသပေါက်ကွဲမှုဖြင့် မည်သို့ ပြုလုပ်လာလာ၊ ပြောဆိုလာလာ အရှင်မြတ်တို့က ဒေါသဖြင့် ပြန်လည်တုံ့ပြန်မည်မဟုတ်၊ ပြောဆို

ကြံစည်လိမ့်မည်မဟုတ်ပါ။

ဤသို့ဖြစ်ပုံအထူးသည် ရဟန္တာအရှင်မြတ်တို့စိတ်မှာ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာအညစ်အကြေး အကုန်ပယ်သတ်ထားသောကြောင့် ကိလေသာစိတ် အဖြစ်မခံ ဖြစ်ခြင်း မရှိလေ။ ထို့ကြောင့် သားကြီးဖြစ်တဲ့ ရဟန္တာအရှင်မြတ်က မိခင်အား တရားဟောလျှင် မနာယူဘဲ၊ မိမိအပေါ် ပြန်ပြီး ကြံစည်ပြစ်မှားမိလျှင် အပြစ်ပိုကြီးနိုင်လေ၏။ ညီငယ် ရဟန်းကို ဆုံးမလို့ရလျှင် မိခင်အား အထူးပြောဖွယ်ရာ လိုမည် မထင်။ မိခင်သည်ညီငယ်ရဟန်း၏ မလိုလားအပ်သော အယူ ဝါဒသို့ လိုက်ပါနေသောကြောင့်ဖြစ်၏။ ရဟန္တာတို့မှာ ကိလေ သာအကုန်ပယ်ထားသောကြောင့် ငါ ရဟန္တာ ငါရဟန္တာဟု ပြောဆိုခဲ့၏။

ဒီနေရာမှာ ချွင်းချက်ကလေးတော့ ထည့်ပြောပါရစေ၊ မိဘတို့အနေ သားသမီးများ မည်လောက်ပဲဆိုးပေ၊ တေနေပါစေ ပြစ်ရိုးထုံးစံမရှိ၊ သားသမီးများအား ဆိုးဆိုးရွားရွား ပြုလုပ်မည် မဟုတ်။ သို့သော်လည်း ခုခေတ်မိဘတို့ကား နားမထောင်ဘဲ ထင်ရာစိုင်းသွားကြသော သားသမီးများအား အမွေပြတ် စွန့်လွှတ် ပြုလုပ်တာမျိုး တစ်ချို့ကြားရတော့ စဉ်းစားစရာတော့ ဖြစ်နေ တာပေါ့။

## ဘုရားရှင်နှင့် ရဟန္တာတို့ကယ်တင်ပုံ ထူးခြား

သတ္တဝါများကို လူနတ် နိဗ္ဗာန် ချမ်းသာသုံးရပ်သို့ ပို့

ဆောင်ကယ်တင်သည့် နေရာမှာ ဘုရားရှင်နှင့် ရဟန္တာတို့ နှိုင်းယှဉ်လို့တော့ မရပါ။ ဘုရားရှင်က သဗ္ဗညုတဉာဏ်တော် ပိုင်ရှင်၊ ရဟန္တာမှာ ထိုဉာဏ်ပိုင်ရှင်မဟုတ်၊ သဗ္ဗညုတဉာဏ် ကား အလုံးစုံသောတရားများကို သိမြင်နိုင်သော ဉာဏ်ပင် ဖြစ်၏။ သတ္တဝါတို့၏ဖြစ်ပြီးသား ဘဝအဆက်ဆက် ကမ္ဘာ အဆက်ဆက်က ဖြစ်ပျက်ပုံအလုံးစုံကို သိမြင်နိုင်ခြင်း၊ တစ်ဘဝ တစ်ဘဝ၌ အမည်နာမ၊ အလုပ်အကိုင်၊ ချမ်းသာဆင်းရဲ၊ ရုပ်ချော မချော၊ ဝါသနာအကျင့်စရိုက် စသည်များကို ဖော်ထုတ်သိမြင် နိုင်ခြင်းသည် ဘုရားရှင်၏သိမြင်ပုံ အထူးပင်ဖြစ်၏။

ထိုသို့သော ဉာဏ်ထူးများဖြင့် သတ္တဝါတို့ရဲ့ဉာဏ် အနုအရင့် ကျွတ်နိုင်မကျွတ်နိုင်၊ တရားထူးရနိုင်၊ မရနိုင် ဝေဖန် ပိုင်းခြားသိမြင်နေတော်မူသည့်အတွက် ကယ်တင်ချွေချွတ်ရာမှာ ရင်လေးနေစရာအဖြစ် မရှိတော့ပေ။ တရားဟောအကြောင်း အကျိုးပြလို့ ရနိုင်မရနိုင်ကိုလည်း ကြိုတင်သိမြင်တော်မူ၍ စိုးရိမ်ပူပန်ရမှု စသည်မဖြစ်ဘဲ တည်ကြည်အေးငြိမ်းစွာဘဲ ကယ်တင် ချွေချွတ်ပေးခြင်းသည် ဘုရားရှင်တို့ရဲ့ ထူးခြားတော် မူခြင်းပင် ဖြစ်လေသည်။ ရဟန္တာအရှင်မြတ်တို့မှာ သတ္တဝါတို့ရဲ့ ဖြစ်ပုံပျက်ပုံ အလုံးစုံဘဝများစွာကို မသိနိုင်သောကြောင့် "တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ များစွာကိုဖြစ်စေ ကယ်တင်ရာမှာ လည်းကောင်း၊ ပြုလုပ်ပြောဆို ဆက်ဆံရာ မှာလည်းကောင်း လောဘဒေါသ၊ မောဟစသော တရားတို့ မပါသောစိတ်သဘော ဖြင့် ကယ်တင်ပေးနိုင်၏။ ဘုရားရှင်တို့လို အတိတ်၊ အနာဂတ်

ဘဝများနှင့် ဤသို့ဤပုံဖြစ်ပျက်ပုံများကို ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်း ဖြစ်အောင် မပြနိုင်သောကြောင့် အကျိုး အကြောင်းမျှကိုသာ ဟောပြောပေးခြင်းဖြင့် ကယ်တင်တော်မူကြ၏။ ကိလေသာကင်းကွာတာချင်းတော့ တူကြပေမယ့် ပါရမီ ဉာဏ်အမြင် စိတ်အထူးဖြစ်ပုံ လေးနက်တာချင်း ကွာခြားသွားကြပါသည်။

ဥပမာ ဆေးပညာတတ်မြောက်နေကြသော ရိုးရိုး ဆရာဝန်နှင့် နှစ်ဘွဲ့၊ သုံးဘွဲ့ရ အထူးကု ပါရဂူ ဆရာဝန်ကြီးများ ကွာခြားနေသလိုပါပဲ၊ အသိပညာ အတတ်ပညာ သိပုံပြုလုပ်ပုံ မတူညီကြဘဲ ထူးခြားမှုရှိနေလို့ပါ။ ဤအချက်များကို ထောက်ဆဆင်ခြင်ကြည့်ပါက ဘုရားရှင်နှင့် ရဟန္တာတို့ကယ်တင်ပုံ ထူးခြားမှုကို သိနိုင်လောက်ရာ၏။

ထို့ကြောင့် အရှင်သာဂတမထေရ် ရဟန္တာမြတ်က ညီဖြစ်သူ ကပိလရဟန်းအား အကျိုးအကြောင်း ပြ၍သာဆုံးမပေး၏။ ထို့ထက်ပိုပြီး ဆုံးမခြင်းမရှိ၊ သုံးကြိမ်တိုင်အောင်တော့ ဆုံးမပေး၏။ မရလျှင် ကိုယ့်အပြစ်နှင့်ကိုယ် ရှိပစေဟု လျစ်လျူရှုလေ၏။ မိခင်သာဂတိ ဒိဋ္ဌာနုဂတိသို့ လိုက်ကာ ရဟန်းတို့အား ကဲ့ရဲ့ရှုတ်ချ ဆဲရေးသလို သမီးဖြစ်သူ တာပနာဘိက္ခုနီရဟန်းမကလည်း မိခင်နှင့်တူစွာ ဒိဋ္ဌာနုဂတိ လိုက်မှား ရဟန်းများအား ပြစ်တင်ကဲ့ရဲ့ဆဲရေး ရှုတ်ချပြီး ဝါသနာတူ ကျူးလွန်နေကြကုန်၏။ တစ်နေ့မှာ ရဟန်းများ ပါတိမောက်ပြရန် ဥပုသ်အိမ်မှာ စည်းဝေးရောက်လာကြကုန်၏။

ထိုအထဲ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းများ၊ ကပိလရဟန်း၊ ကပိလရဟန်းရဲ့ အခြံအရံ ပရိသတ်တို့ တွေ့ဆုံနေကြတယ်။ သံဃာတော်များ ဥပုသ်အိမ်မှာ စုံလင်စွာ ရောက်ရှိကြလျှင် ကပိလရဟန်းက အလယ်တရားဟောပလ္လင်မှာ နေ၍ စဟောပြောသည်မှာ ငါ့ရှင်တို့ ဤဥပုသ်အိမ် သိမ်အပြင်၌ စည်းဝေးကုန်သော ရဟန်းတို့အား ပါတိမောက်သည် အပ်မည်လောဟု မေးလေသော် များစွာသော ရဟန်းတို့က ဤကပိလရဟန်းအား ပြောဆိုစကား တုန့်ပေးသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ကြံစည်ကြ၍ စကားတုန့်မပေးဘဲ ဆိတ်ဆိတ်သာ နေကြကုန်၏။

ဤသို့စကားတုန့်မပေးဘဲ ဆိတ်ဆိတ်သာနေကြသော ရဟန်းတို့အား ငါ့ရှင်တို့ ဓမ္မဝိနယသည်မရှိ၊ ပါတိမောက်ကို ကြားနာသဖြင့်လည်းကောင်း၊ မကြားနာသဖြင့်လည်းကောင်း အဘယ်အကျိုးရှိအံ့နည်းဟု ပြောဆို၏။ ကပိလရဟန်းဆိုလိုက်ပုံက ကဿပဘုရားရှင်၏ သာသနာတော်ကို ပုတ်ခတ်ပြောဆိုသဖြင့် ဆုတ်ယုတ်စေ၏။ ရဟန်းကောင်းများ ကပိလရဟန်းနှင့် ဆန့်ကျင်ဖက်ဖြစ်နေကြ၏။

ဒီလိုနှင့် တဖြည်းဖြည်း အသက်တွေကြီးရင့်လာကြ၏။ ရဟန်း**ကောင်းတို့က** ကုသိုလ်တရားဖြင့် အသက်ကြီးရင့်စေတယ်၊ ကပိလရဟန်း၊ အမိသာဂတိနှမ တာပနာတို့ကတော့ အကုသိုလ်တရားများဖြင့် အသက်ကြီးရင့်လာကြတယ်။ အရှင်သာဂတရဟန္တာမထေရ်သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလသုံးပါးမှာ

ပူပန်ခပ်သိမ်း စိုးရိမ်ခပ်သိမ်း ဆင်းရဲခပ်သိမ်း ကိလေသာခပ်သိမ်း ရပ်သိမ်းပြီး ပရိနိဗ္ဗာန်ပြု ငြိမ်းအေးသွားပြီ။ ကပိလရဟာန်း၊ အမိသာဂတိ နှမငယ် တာပနာတို့လည်း အချိန်ကျလျှင်သေခြင်းသို့ရောက်ကုန်ပြီ။ လားရာဘုံဂတိကို စစ်ကြည့်လိုက်ရာ ရဟန္တာဖြစ်သွားသော အရှင်သာဂတက ခံစားမှု သုခဒုက္ခမရှိသော နိဗ္ဗာန်ဘုံမှာ ငြိမ်းအေးရပြီ၊ ကပိလရဟာန်းနှင့် သားအမိတို့သည် အဝီစိငရဲမှာ ဖြစ်နေကြ၍ ငရဲ၏ဆင်းရဲဝေဒနာများကို ခံစားနေကြရ၏။ တန်ဖိုးရှိသော လူ့ဘဝဇာတ်သိမ်းကာ တန်ဖိုးမဲ့ငရဲပြည်သို့ ရောက်နေပြီ၊ လူ့ပြည်မှာ သာသနာနောက်ပိုင်းရောက်လာ၍ သူတော်ကောင်းတရား ခေါင်းပါးနေပြီ အကုသိုလ်ဒုစရိုက်များသာ ပိုမို လိုက်စားနေကြပြီ လောဘစသော တရားတို့ဖုံးလွှမ်းနေ၏။

ထိုအခါ သတ္တဝါတို့ ရှေ့သွားနောက်လိုက်ဆိုသလို သေဆုံးမှု၊ ဖြစ်မှု၊ ပျက်မှုများနှင့် သံသရာကြီး ချာချာလည်နေတာ မရပ်မနားပါပဲ၊ နိဗ္ဗာန်ချမ်းသာကို မသိမမြင်သူတို့အဖို့ သံသရာမရပ်နိုင်ဘဲ ဆင်းရဲတရားများနှင့်သာ ဖုံးလွှမ်းခံ ရင်ဆိုင်နေကြလေတော့၏။ ယင်းသို့ ဒုစရိုက်တရားများ ဖုံးလွှမ်းနေချိန်အသက်မွေးဝမ်းကြောင်းလည်း ခက်ခဲလာလေ၏။ တစ်နေ့မှာ ငါးရာသောယောကျာ်းတို့သည် အသက်မွေးမှုခက်ခဲလာသော်၊ ရွာတစ်ရွာကို ဝင်ရောက်ပြီး၊ ရွာသူရွာသားများကို ပုတ်ခတ်ညှဉ်းဆဲနှိပ်စက်ကြ၏။ တုပ်နှောင်ချည်ထားပြီး ရွာကိုဖျက်ဆီးကြကာ ပစ္စည်းဥစ္စာတို့ကို ယူဆောင်ပြေးကြလေ၏။

ထိုငါးရာသောယောကျ်ားတို့သည် ပါလာသောပစ္စည်းဥစ္စာတို့ကို သုံးရင်းဖြုန်းရင်း ပြေးကြလေ၏။ ပြေးရင်းပြေးရင်း မှီခိုရာမရသဖြင့် တောကြီးတစ်တောသို့ ရောက်သွားကြ၏။ ယင်းတော၌ တောရဆောက်တည်ကျင့်သုံးနေသော ရဟန်းတစ်ပါးကို တွေ့သွားလေ၏။ နောက်မှလည်း အဖျက်အဆီး အနှိပ်အစက် ခံကြရသော ရွာသူရွာသားတို့က ခိုးသူတို့ပြေးရာနောက်သို့ အဖွဲ့လိုက် တောနင်းရှာဖွေနေကြ၏။ ခိုးသူယောကျ်ားတို့သည် ကြမ်းတမ်းမောပန်းဒဏ် ခံစားရင်း ရဟန်းထံ ချဉ်းကပ်ပြောကြသည်မှာ အရှင်ဘုရား တပည့်တော်တို့သည် ထွက်ပြေးလာသော ခိုးသူတို့ပါဘုရား၊ ဤတောကြီးထဲ၌ အားကိုးရာအဖြစ်ရှာမရပါဘုရား၊ တပည့်တော်တို့သည် အရှင်ဘုရားအား အားကိုးပါ၏ဘုရားဟု လျှောက်ထားကြ၏။

ရဟန်းတော်သည် ငါးရာသောယောကျ်ားတို့ လျှောက်ထားသော စကားကြားရသောအခါ ဤသူတို့သည် အားကိုးရာအကြောင်းတစ်ပါးကို လိုချင်နေကြလေ၏။ ဆန္ဒရှိနေသော ထိုသူတို့အား တရားနှင့်လျော်သော စည်းကမ်းနည်းလမ်းများပေးလျှင် လိုက်နာကျင့်သုံးနိုင်လိမ့်မည်။ တစ်ဖန် ယခုအချိန်မှာ သူတို့အတွက် သီလတရားသာ အသင့်တော်ဆုံးဖြစ်ပေ၏။ ထို့ကြောင့် သီလတရားကို မပျက်စီးရအောင် လုံခြုံစွာစောင့်ထိန်းခိုင်းရလေမည်ဟု ရွေးချယ်ကာ ဒါယကာတို့ သီလတရားကို မချိုးဖောက်ဘဲ ကောင်းစွာကျင့်သုံးနေထိုင်သူသည် လောလောဆယ်ပစ္စုပ္ပန်ချမ်းသာနိုင်ခြင်းအကျိုး နောင်တမလွန်ကောင်းကျိုး

ချမ်းသာများကို ရနိုင်၏။ ဒါယကာတို့ သင်တို့သည် ကောင်းကျိုးချမ်းသာကို လိုချင်လျှင် သီလတရားခံယူချိန်ကစပြီး အသက်ထက်ဆုံး ဖောက်ပြန်မှုမရှိဘဲ ယုံကြည်စွာကျင့်သုံး နေထိုင်ပါလော့ဟု မိန့်ကြားလေ၏။ ဒါန၊ သီလ၊ ဘာဝနာနှင့်စပ်သော တရားရှာဖွေမှုပိုင်းအပေါ် ဗဟုသုတ ရှိနေသော အရှင်မြတ်က သီလတရားကို လုံခြုံစွာ စောင့်ထိန်းခိုင်းလေတယ်။

ရဟန်းတော်က ဘာကြောင့်သီလတရားကို ရွေးချယ်ပြီး စောင့်ထိန်းခိုင်းပါသနည်း။ အကြောင်းရင်း ဆင်ခြင်သုံးသပ်ကြည့်ရမည်။ မှန်လေသည်။ ရဟန်းတော်သည် ရောက်လာသော အမျိုးသားငါးရာတို့အား ကြည့်ပြီး သီလတရားကိုပေးခြင်းသည် မှန်ကန်သောနည်းကောင်းလမ်းမှန် အကြောင်းရင်းဖြစ်လို့ သင့်တော်ကောင်းမြတ်သော အားကိုးရာဖြစ်နေလို့ပါ။ တောထဲမှာ ဒါနတရားကိုပေးလျှင် ထိုသူတို့အဖို့ အခက်တွေ့နိုင်၏။ တောထဲမှာလှူဖွယ်ပစ္စည်းရှာဖို့ဆိုရာမှာ မလွယ်ကူပေ၊ တောရဆောက်တည်ကျင့်သုံးနေသော ရဟန်းတို့ဆိုလျှင် လှူဖွယ်ဝတ္ထုပစ္စည်းများ တပ်မက်နေစရာမလိုပေ၊ ဝတ္ထုပစ္စည်းထက် တရားရဖို့က အဓိကမဟုတ်ပါလား၊ ထို့ကြောင့် ရဟန်းတော်က ဒါနတရားကို မပေးခြင်းဖြစ်၏။

တဖန်ဘာဝနာတရား လောလောဆယ် ထိုပုဂ္ဂိုလ်တို့အား ဘာဝနာတရား ပေးလို့မဖြစ်သေး၊ ဘာဝနာတရားပေးလျှင် ခိုးမှုစသည်ကို ကျူးလွန်လာသူများဖြစ်ကြ၍ ဝိပဿနာတရားပေးလျှင် အားထုတ်သည့်အခါ အနီးကပ်ကျူးလွန်ခဲ့သော အပြစ်

တို့က စိတ်နှလုံးသားထဲ မြင်ယောင်ပေါ်လာနိုင်သည်။ ပေါ်လာပါက တရားအားထုတ်သည့်အခါ အနှောင့်အယှက်ဖြစ်၍တရားမရနိုင်ဘဲ အချိန်သာကုန်လို့ ခက်ခဲနေပေလိမ့်မည်။ ထိုအကြောင်းကြောင့်လည်း မထေရ်မြတ်က ဘာဝနာတရားကို မပေးခြင်းဖြစ်၏။ တရားအားထုတ်ရာမှာ စိတ်စင်ကြယ်မှ သန့်ရှင်းမှုတရားရနိုင်လိမ့်မည်။ စိတ်စင်ကြယ်သန့်ရှင်းဖို့ဆိုရာ သီလတရားနှင့်ပြည့်စုံဖို့လို၏။ သီလနှင့်ပြည့်စုံမှ စိတ်စင်ကြယ်လေရဲ့၊ စိတ်ဖြူစင်ကြယ်မှ ကြည်လင်မှုရ၏။ ကြည်လင်မှုရှိမှ တည်ကြည်၏။ တည်ကြည်မှ သမာဓိရ၏။ သမာဓိရမှ လိုရာတရားရနိုင်လေမည်။

ထိုထိုအကျိုးများ ရှေ့မျှော်ပြီး မထေရ်မြတ်က ရှေးဦးစွာ စိတ်ကြည်လင် ခိုင်မြဲစေအောင် သီလတရားကို ငါးရာသော ခိုးသားတို့အား ကျင့်သုံးနေခိုင်း၏။ ခိုးသားငါးရာတို့သည် မထေရ်မြတ်ကျင့်သုံးခိုင်းသော သီလတရားကို အားကိုးအားထားပြုကာ အာမဘန္တေ ခံယူကြ၏။ ခံယူချိန်ကစပြီး မည်သည့်အကြောင်းကြောင့်မျှ အသက်တို့ကို မသတ်၊ ဥစ္စာပစ္စည်းများကိုမခိုးမဝှက်၊ သူ့သားမယားတို့ကို မကျူးလွန်၊ မဟုတ်မမှန်လုပ်ကြံပြောဆိုခြင်းကိုမဆို ကုသိုလ်မလုပ်ဖြစ်၊ အကုသိုလ်အဖြစ်များသော အရက်သေစာမူးယစ်ဆေးဝါးများကို မသုံးစွဲရှောင်ကြဉ်တော့မည်ဟု ဓိဋ္ဌာန်ချက်ချ ကျင့်သုံးကြလေတော့၏။

အဖျက်ဆီးခံရသော ရွာသူရွာသား ဇနပုဒ်သားတို့သည် တုတ်ဓားလေးမြား စသည်ကိုင်ဆောင်လျက် မပြတ်ရှာဖွေနေရာ

တစ်နေ့အမျိုးသားတို့အား တွေ့သွားလေ၏။ ယင်းသို့တွေ့ကြသည့်အခါ အပြစ်ကျူးလွန်ခဲ့သော ခိုးသားများနှင့် ရွာသူရွာသားတို့ မည်သို့ရင်ဆိုင် ပြုလုပ်ကြမည်လိမ့်၊ ရွာသူရွာသားတို့ကတော့ ကြမ်းတမ်းသော ခရီးလမ်းဖြတ်သန်းခဲ့ရတာက တစ်ကြောင်း၊ ကိုယ်ပန်းစိတ်ပန်း၊ ပင်ပန်းမှုကတစ်ကြောင်း၊ ဖျက်ဆီးအခိုးခံရတာကတစ်ကြောင်း၊ ထိုအကြောင်းများကြောင့် တွေ့များတွေ့ရင်တော့နော်ဟူသော ကြုံးဝါးသံ၊ တောက်ခေါက်သံတို့က တစ်လမ်းလုံး ဖြစ်ခဲ့တော့ ဒေါသတရားက ပေါက်ကွဲတော့မည် မတတ်ဖြစ်နေ၏။

အပြစ်များလျူးလွန်ခဲ့သော အမျိုးသားငါးရာတို့ကော မည်သို့မည်ပုံ ကြံစည်၍ ဘယ်လိုတုန့်ပြန်ပါမည်နည်း၊ တို့က သေမထူးနေမထူးပဲ ဖြစ်ချင်တာဖြစ်ဟူသော စိတ်အကြံများ ဝင်ပြီး ဖြစ်ခဲ့သော ဇနအရှိန်အဝါလေးများက တုန့်ပြန်တိုက်ခိုက်ချင်စိတ်ဖြစ်ကြမည်လော၊ တစ်ဖက်မှလည်း ဆရာ့ထံ၌ သီလတရားကို အာမဘန္တေခံ ကျင့်သုံးနေချိန်၊ ဆရာဘုန်းကြီးက ဒါယကာတို့ အသက်ဟူသောအကြောင်းကြောင့်လည်း ကိုယ့်ဖြူစင်နေသော သီလကို မဖောက်ဖျက်ကြနှင့်လေ စသဖြင့် ဆုံးမ ဩဝါဒစကား နာယူထားခဲ့၏။ သူနိုင်ကိုယ်နိုင် သူသေကိုယ်သေ ဒေါသနှင့် တိုက်ခိုက်ကြရင် အမုန်းသံသရာရှည်မှာတော့ ဧကန်မုချပါပဲ၊ ဆောက်တည်နေသောသီလကို ဖောက်ဖျက်ပြီး တိုက်ခိုက်လျှင် သီလအကျိုးတွေ နည်းပေလိမ့်မည်၊ သီလတရားကို မပျက်စေဘဲ တစ်ရက်သာ စောင့်ထိန်းရသော ကုသိုလ်ကြောင့်

စည်းစိမ်ချမ်းသာအကျိုး များစွာ ခံစားရသော သာဓကတွေ ရှိခဲ့လေ၏။

ဘာပဲဖြစ်ဖြစ် ယခုအချိန်မှာ ငါတို့သန္တာန် သီလရှိနေ၊ သီလတည်နေ၍ ကောင်းစွာ နေထိုင်သောသူတွေ ဖြစ်နေတယ်၊ ကောင်းစွာနေထိုင်သောသူတို့ကို ကောင်းသောတရားနှင့် သူတော်ကောင်းပုဂ္ဂိုလ်တို့က ချီးမွမ်းထောပနာပြု၍ စောင့်ရှောက်ကြလိမ့်မည်။ နောင်အတွက် ပူပန်နေစရာမလိုပေ၊ အမျိုးသားငါးရာတို့သည် ယုံကြည်စွာ စောင့်ထိန်းနေသော သီလအစွမ်းကြောင့် စိတ်များပြောင်းလဲသွားကြကာ ဤကဲ့သို့ သံဝေဂဉာဏ်များ ဖြစ်ကြလေ၏။ ဤသို့ဖြင့် အမျိုးသားငါးရာနှင့် ရွာသူရွာသားတို့ ရင်ဆိုင်တွေ့နေချိန် စိတ်သဘောထား အကြံအစည်များ နှစ်ဖက်မှာ အသီးသီးဖြစ်နေပုံတို့တည်း။ ထိုအခါ ရွာသားတို့သည် လက်နက်များဖြင့် ပစ္စည်းဥစ္စာယူ နှိပ်စက်ညှဉ်းပန်းရွာဖျက်ဆီးသွားသော အမျိုးသားငါးရာ အကုန်လုံးကို သတ်ပစ်ကြ၏။ အမျိုးသားများက ခုခံမှုမပြုဘဲ ကိုယ့်သီလကို ဆင်ခြင်ကာအသေခံသွားကြသည်။ ခုခံမှုမပြုတော့ တစ်ဖက်မှလွယ်လွယ်ကူကူနှင့်ပဲ သတ်ဖြတ်ကြတယ်၊ ဒီတော့ ငါးရာသော အမျိုးသားတို့ သေကုန်ကြတယ်၊ ပြုလုပ်သူအသစ်၊ ခံရသူအဟောင်းဟူသော ခံရသူကျူးလွန်သူများကို ထိထိမိမိ ထင်ရမြင်ရသော ဆုံးမစကားလေးဖြစ်နေပါ၏။ တစ်ခါ ပစ္စုပ္ပန်မှာ ကောင်းစွာနေပေမယ့် တချို့မမျှော်လင့်သော ကံများကြောင့် သေဆုံးရသူများလည်း တွေ့နေကြရပါတယ်။

ဒါပေမဲ့ ဤဖြစ်ရပ်မျိုးနှင့် တွေ့ကြုံရသူများအတွက်တော့ စိတ်ညစ်စရာမလိုဘဲ ဖြစ်ရပ်ပေါ် တွေးတောပူပန်မှုဖြစ်စရာ မလိုဘဲ ရှေ့မှာ ကောင်းကျိုးချမ်းသာများက ဆီးကြို ကမ်းလှမ်းနေပါလိမ့်မည်။ "ကောင်းစွာနေလို့၊ ကောင်းကျိုးရ၊ ခုကောင်းလို့ နောင်ကောင်း ချမ်းသာခြင်းအကြောင်း၊ ဟောင်းသူများရဲ့ အကြောင်းကံ၊ ရှင်လန်းလို့၊ ဆီးကြိုပြန်၊ သွားရာဂတိ၊ ဘေးမရှိ၊ အကြောင်းကံက ဖန်တီးပေး၊ ဝေးစွာမပြေး၊ နီးနီးလေး၊ ချမ်းသာဖို့ရေး၊ ဝေးဝေးတွေးမနေ၊ ရှိနေသေချာ၊ လက်တစ်ကမ်းမှာ၊ မျက်စိနှစ်လုံး၊ ဖွင့်ကာပြုံး၊ လှမ်းကာယူကြည့်၊ အနားမှာရှိ ချမ်းသာလေ၏"

ဤကဗျာလင်္ကာက သူတော်ကောင်း ပုဂ္ဂိုလ်တို့အား လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများက ကံအလိုက် တစ်ဖက်မှာ ရှင်းရှင်းလင်းလင်း ဆီးကြိုဆွဲဆောင် အလင်းရောင်တန်းပြနေပုံကို ဖော်ဆောင်နေသည်။ ဖော်ဆောင်သည့်တိုင်း အမျိုးသားငါးရာတို့သည် အကုသိုလ်အကျိုးပေးခွင့် မရသေးဘဲ သီလကုသိုလ်ကံက ထက်ထက်မြက်မြက် အကျိုးပေးခွင့်ရကာ နတ်ပြည်၌ အကုန်လုံးဖြစ်ကုန်၏။ ထိုအထဲအကြီးဆုံးဖြစ်သူကား နတ်သားအကြီးဖြစ်၍ နတ်တို့စည်းစိမ်ချမ်းသာများ ခံစားကာ နေလေသတဲ့၊ သီလအကျိုးကျေးဇူးများကြောင့် နတ်တို့စည်းစိမ် ချမ်းသာ ခံစားရတာ ဘယ်လောက်ထိ ကြာသွားသလဲဆိုရင် ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံ အရှင်ဂေါတမမြတ်စွာဘုရား မပွင့်မီ ဘုရားတစ်ဆူကြားကာလပတ်လုံး အနုလုံပဋိလုံ စုန်ချည်

ဆန်ချည်ဖြင့် နှစ်ပေါင်းများစွာ ခံစားစံစားရလေ၏။

လူ့ပြည်၌ အရှင်ဂေါတမဘုရားပွင့်တော်မူလေပြီ ထိုအခါ သာဝတ္ထိပြည်သည် ထင်ရှားသောမြို့ကြီးတစ်မြို့ဖြစ်လေ၏။ ယင်းမြို့၏ မနီးမဝေးအရပ်၌ ငါးရာအမျိုးရှိသော တံငါရွာကြီး လည်းရှိနေ၏။ ထိုရွာနေသူတို့ကား တံငါအလုပ်ဖြင့် အသက်မွေး ကြ၏။ နတ်သားငါးရာတို့သည် နတ်ပြည်မှ စုတေကြ၍ တံငါးရွာ၊ တံငါအမျိုးအိမ်တို့၌ ပဋိသန္ဓေ နေကြကုန်၏။ ပဋိသန္ဓေနေတော့လည်း တစ်ပြိုင်နက်နေကြတယ်၊ ဖွားမြင်တော့ လည်း တစ်ပြိုင်နက် ဖွားမြင်လာကြတယ်၊ နတ်သားအကြီးကား တံငါအကြီးအိမ် ကျန်နတ်သားများလည်း ကျန်တံငါအသီးသီး အိမ်နေ၍ ဖွားမြင်လာကြသည်။ ကပိလရဟန်းလည်း ဘုရား တစ်ဆူကြားကာလပတ်လုံး ငရဲ၌ ခံစားနေရင်း ဘုရားပွင့်တော်မူ သောအခါ အစိရဝတီမြစ်၌ ငါးကြီးလာဖြစ်ရတယ်။ ကပိလတ ဖြစ်လည်း ငရဲမှခေတ္တခဏလွတ်၍ ယခုတော့ ငါးအဖြစ်ဆိုတော့ တိရစ္ဆာန်ဘုံဆိုရမှာပေါ့၊ ငါးကြီးသည် ထူးဆန်းသည်က ရွှေ အဆင်းနှင့်ဖြစ်နေ၏။ ရွှေအဆင်း ရွှေရောင်ရှိသောငါးကြီးကို မြင်ရသူအပေါင်းတို့ အံ့ဩဖွယ်ဖြစ်ကြမှာပါ။ သို့ပေမယ့် ငါးကြီးပါးစပ်မှ အပုပ်နံ့ထွက်နေ၏။ ငါးကြီးသည် ရွှေရောင် အဆင်းနှင့် ဖြစ်ရခြင်းကား

ဘုရားရှင်၏ ပိဋကတ်စာပေများကို သင်ယူလေ့ကျက် ဆောင်ထားနိုင်သော ကုသိုလ်အစွမ်းကြောင့်ဖြစ်သည်။ ကုသိုလ် တရားက တူသောအကျိုး မဖြစ်မနေပေးသလို အကုသိုလ်တရား

ကလည်း မိမိနှင့်တူသော အကျိုးပေးပုံမှာ ပါးစပ်မှအပုပ်နံ့ထွက်နေခြင်းပင်ဖြစ်သည်။ ပါးစပ်က ဟလိုက်သောအခါ တော်တော်ပြန့်ပြန့်နံ့နံ့တိုင်အောင် အနံ့ထွက်၏။ ထိုသည်မှာ အကုသိုလ်တရားထင်ရှားအောင်များ အကျိုးပေးလားဟု တော်တော်ကြောက်စရာကောင်းသော အကျိုးပေးပုံဖြစ်နေသည်။

တစ်နေ့မှာ တံငါသားတို့ ငါးဖမ်းရန် ပိုက်ကွန်ယူပြီး အစိရဝတီမြစ်သို့ ဆင်းကြတယ်၊ ကပိလရွှေငါးကလည်း ထိုနားတဝဲလည်လည်နှင့် ကူးခတ်နေ၏။ ကူခတ်ရင်း တံငါများ ပိုက်ကွန်ထဲဝင်မိရက်သား ဖြစ်သွားတယ်၊ တံငါတို့ ပိုက်ကွန်ဖော်လျှင် ရွှေငါးကြီး မိနေတာ မြင်လိုက်ရ၏။ ရွှေငါးကြီးမြင်တော့ အားရဝမ်းသာနှင့် ဂရုစိုက်ပြီး ကမ်းသို့ကပ်ကြ၏။ ငါးကြီးချက်ချင်းမသေနိုင်အောင် လှေအတိုင်း ရေထည့်ကာ ရွာကိုသတ်ဆောင်လာကြ၏။ တံငါတို့က ထူးဆန်းနေသော ဤရွှေငါးကြီးအားရှင်ဘုရင်ထံ ဆက်သရလျှင် အဖိုးများစွာချီးမြှင့်ရာ၏ဟု တိုင်ပင်ကြကာ ဘုရင့်နန်းတော်သို့ ထမ်းယူကြကာ ဘုရင်ကြီးကိုဆက်သလေ၏။ ဘုရင်ကြီးသည် ငါးကိုမြင်ရလျှင် ထူးဆန်းသော အချင်းအရာဖြစ်ရကား သင်တို့သည် ဤရွှေအဆင်းရှိသော ငါးကြီးအားအဘယ်မှ ရပါသနည်းဟု မေးလေသော် အရှင်မင်းကြီး ဤငါးကြီးကို အစိရဝတီမြစ်ထဲမှ ရခဲ့ပါသည်ဟု လျှောက်တင်ကြ၏။ မင်းကြီးသည် ရွှေငါးကြီးကိုကြည့်ပြီး ငါးကြီးရဲ့အကြောင်းအရာကို သိချင်နေ၏။ ယင်းငါးကြီးရဲ့အကြောင်းအရာကို သိမြင်နိုင်သော ဘုရားရှင်ကို သတိရလိုက်၏။ ဘုရားရှင်ကို သတိ

ရလျှင် ဤငါးကြီးကို ဘုရားရှင်ထံယူဆောင်ပြီး မေးမြန်းလျှောက်ထားရလျှင် ကောင်းမည်ဟု အကြံဖြစ်ပေါ်လာသည်။ ထိုအခါ မင်းချင်းယောကျ်ားတို့အား ရွှေငါးကြီးကို ဘုရားရှင်ထံ ယူဆောင်ရန် စေခိုင်းလေ၏။ မင်းကြီးသည် မိမိကိုယ်တိုင် လိုက်ပါ၍ ငါးကြီးနှင့်အတူ ဘုရားရှင် ကျောင်းတော်သို့ အရောက်သွားလေ၏။ ဘုရားရှင်သီတင်းသုံးတော်မူရာ ကျောင်းသို့ ရောက်လျှင် ငါးကြီးအောက်သို့ ချ၍ အနားယူနေကြ၏။ ထိုအချိန် ငါးကြီးက ပါးစပ်ဟလိုက်ရာ ဇေတဝန်တစ်ကျောင်းလုံး အပုပ်နံ့များ ထွက်ကာရှုမိကြလျှင် ရဟန်းပရိသတ်၊ လူပရိသတ်တို့ စိတ်ထဲ ဩော် အဆင်းကတော့ ရွှေအဆင်း၊ ပါးစပ်မှာတော့အပုပ်နံ့၊ ငါးကြီးရဲ့ ဖြစ်ပုံ သိမြင်ရသည့်ဘဝင်နှလုံးမှာ ရှင်မပြုံးနိုင်လို့မို့ ဖြစ်ပုံထူးခြား အတိတ်ကံများကိုဘဲ ဘုရားရှင် ဟောကြားမှ သိနိုင်ကြမှာပါလား”ဟု တီးတိုးစကား ရေရွတ်ကာ နေနေကြလေရဲ့။

မင်းကြီးသည် လက်အုပ်ချီကာ ဘုရားအား လျှောက်ထားသည်မှာ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤငါးကြီးကား အဆင်းမှာ ရွှေအဆင်းဖြစ်၍ ခံတွင်းမှ အပုပ်နံ့ထွက်နေပါ၏။ ရွှေအဆင်းရှိ၍ ခံတွင်းမှ အဘယ်ကြောင့် အပုပ်နံ့ထွက်ရပါသလဲ မြတ်စွာဘုရား၊ ထိုအကြောင်းအရာကို မိန့်ကြားတော်မူပါမြတ်စွာဘုရားဟု လျှောက်ထားလေ၏။ ဘုရားရှင်က မင်းကြီး ဤငါးကား ကဿပဘုရား သာသနာတော်၌ ကပိလရဟန်းဖြစ်လေသည်။ ကပိလရဟန်းသည် အကြားအမြင်၊ အခြံအရံလည်း များလေသည်။ လာဘတဏှာဖြင့် နှိပ်စက်သော

ကြောင့် မိမိစကားကို မလိုက်နာသော ရဟန်းတို့အား ဆဲရေး၏။ ကဿပဘုရား သာသနာတော်ကိုလည်း ဆုတ်ယုတ်စေ၏။ ထိုမကောင်းမှုကြောင့် အဝီစိငရဲသို့ရောက်၍ ကျက်ခဲ့ရသည်။ အကျိုးကြွင်း၏ အစွမ်းဖြင့် ယခုငါးဖြစ်လာ၏။ နေ့ညဉ့်ရှည်စွာ ဘုရားစကားတော်ကို သင်ယူခြင်း၊ ပို့ချခြင်း၊ ဘုရား၏ကျေးဇူးတော်ကို ဆိုခြင်းကြောင့် အဆင်းကား ရွှေနှင့်တူသည်၊ ရဟန်းတို့ကို ဆဲရေးသောကြောင့် ခံတွင်းပုပ်ရလေသည်ဟု မိန့်တော်မူလေ၏။ ဘုရားရှင် မိန့်တော်မူလိုက်လျှင် မင်းကြီးနှင့် ပရိသတ်တို့ ငါးကြီးရဲ့အတိတ်ကံကို ထင်ဟပ်ပေါ်လွင်နေသည်ကို သိမြင်လာလေ၏။ တစ်ဖန် ဟံတရားများက ကောင်းကောင်းသလို၊ မကောင်းမကောင်းသလို အကျိုးပေးတတ်ပုံ၊ အကျိုးပေးလျှင် ကိုယ်တိုင်ခံစားရခြင်းတို့ကိုကြည့်ပြီး သတိသံဝေဂဖြစ်နေကြ၏။ ဘုရားရှင်သည် မင်းကြီးအား ဆက်လက်မိန့်သည်မှာ ဒါယကာ မင်းကြီး၊ ငါးကြီး၏ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်သုံးပါးနှင့်စပ်ပြီး သိချင်လျှင် မေးမြန်းရဦးမည်လောဟု မိန့်တော်မူလေ၏။

မင်းကြီးက တစ်ဖန် မှန်လှပါမြတ်စွာဘုရား၊ ရဟန်းရှင်လူများစွာသော နောင်လာနောက်သားလူအများတို့အား ထင်ရှားသိမြင်နိုင်ပါစေခြင်းအကျိုးငှာ ငါးကြီး၏ ခံစားဆဲ၊ ခံစားပြီးခံစားရလတ္တံ့ဖြစ်သော အကြောင်းတရားတို့ကို မိန့်ကြားတော်မူပါမြတ်စွာဘုရားဟု လျှောက်ထားပါသည်။ ထိုအခါ မြတ်စွာဘုရားသည် မင်းကြီးနှင့်တကွ များစွာသောသူတို့ရဲ့ ရှေ့မှောက်မှာပင်ငါးကြီးအား မေးမြန်းတော်မူ၏။ သင်သည် ကပိလ၊ ကပိလ

ရဟန်းဖြစ်ခဲ့တာမှန်ပါသလားဟု မေးတော်မူ၏။ ကပိလ ဟုတ်ပါ၏၊ ကပိလရဟန်းဖြစ်ခဲ့တာ မှန်ပါ၏ဟု ဖြေလေ၏။ သင်သည် အဘယ်မှ လာပါသနည်းဟု မေးတော်မူ၏။ အဝီစိငရဲမှလာခဲ့ပါ၏။ ဖြေ၏။ သင့်နောင်တော် သာဂတကား အဘယ်သို့သွားသနည်းဟု မေးတော်မူ၏။ နောင်တော်ကား ပရိနိဗ္ဗာန်ပြု၍ ငြိမ်းအေးသွားပါသည်ဟု ဖြေ၏။ သင့်အမိ သာဂတိ၊ သင့်နှမတာပနာတို့ကား ယခုအဘယ်မှာ ရှိပါသနည်းဟု မေးတော်မူ၏။ အမိသာဂတိ၊ နှမတာပနာတို့ အဝီစိငရဲမှာ ရှိရစ်ပါသည်ဟု ဖြေ၏။ ယခု သင်သည် အဘယ်သို့ သွားမည်နည်းဟု မေးတော်မူ၏။ ငါးကြီးသည် ဖြေဆိုရင်း ဖြေဆိုရင်း သောကပရိဒေဝမီးများ တောက်လောင်မှုကြောင့် ဝမ်းနည်းပက်လက်ဖြစ်ရင်းနဲ့ ဘုန်းကံကြီးမားတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်ကား အဝီစိငရဲသို့ပင် သွား သွား သွားရပါဦးမည်ဘုရားဟု ဖြေကြားလေတယ်။ ငါးကြီးသည် ဖြေဆိုပြီးအဆုံး နှလုံးမသာယာခြင်း၊ နှလုံးသားပူလောင်ခြင်းဖြင့် နိပ်စက်ရကား လှေနံကို ဦးခေါင်းဖြင့် ခတ်ရိုက်ကာ ပြတ် ပြတ် ပြတ် မြည်ပြီးလျှင် သေဆုံး၏။ အဝီစိငရဲ၌ ဖြစ်ရှာလေ၏။ ငါးကြီးရဲ့အဖြစ်အပျက် ဖြေဆိုလျှောက်ထားပုံကို တွေ့မြင်ကြရသော မင်းကြီးနှင့် များစွာသောလူတို့ ထိတ်လန့်မှု သံဝေဂဉာဏ်များ ရနေကြလေရဲ့။ မဟာဇနော သံဝိဂ္ဂေါ အဟောသိလော မဟာဌဇာတော။ မဟာဇနော–များစွာသောလူအပေါင်းသည်၊ သံဝိဂ္ဂေါ– ထိတ်လန့်ခြင်းသည်၊ လောမဟာဌဇာတော– ကြက်သီးမွေးညှင်းထခြင်း

ရှိသည်။ အပဟောသိ-ဖြစ်ပြီ။

ကပိလမည်သော ရွှေငါးကြီးက မင်းကြီးနှင့်များစွာသော လူတို့အား သံဝေဂတရား ဖြစ်စေခဲ့တယ်။ ပြသွားလေတယ်။ ငါးကြီးကိုယ်တိုင်ပင် အတိတ်က ခံစားခဲ့သော သောကပရိဒေဝများကို သိနေသည့်အတွက် နှလုံးသားပူလောင်ပြီး ရင်ကွဲနာကျသေရ၏။ ထိုအဖြစ်အပျက်ကိုကြည့်ကာ ပူလောင်ခံစားမှု ကူးစက်လို့ ထိုမှတစ်ဆင့် သံဝေဂဉာဏ် ရနေကြသော မင်းကြီးနှင့်လူအပေါင်း၊ ချမ်းသာပဲဖြစ်ဖြစ်၊ ဆင်းရဲပဲဖြစ်ဖြစ် ကိုယ်တိုင်ခံစားကြရသောသူများသာ အသိဆုံးဖြစ်၍ အလေးထားနိုင်ကြမည်။ အလေးထားမှသာလျှင် ရှေ့ဖြစ်ပေါ်လာမည့် ကောင်းကျိုး ဆိုးကျိုးများ ခံစားရင်း ပြုလုပ်သင့်၊ မသင့်ဟူသော သဘောတရားများကို ချင့်ချိန်ဆောင်ရွက်နိုင်၏။ ယင်းသို့ကြီးပွားတိုးတက်လာပါက ဆင်းရဲသည့်သဘောတရားက အကျိုးယုတ်ဖြစ်၍ မှန်းတီး ရွံရှာလာ၏။ ချမ်းသာမည့်သဘောတရားကိုတော့ တိုးတိုးပြီး ကြံဆကာ အသိဉာဏ်အမြင် ကြွယ်ဝလို့ အများအကျိုးရှိသော အကြောင်းတရားကိုသာ များစွာ အားထုတ်နေ၏။ ထိုအကျိုးရှိသော တရားများကို နားလည်သဘောပေါက်နေသော မင်းကြီးနှင့် လူများစွာတို့ ဘုရားရှင်ရဲ့ ငါးကြီး၏ဖြစ်ပျက်ပုံ အကြောင်းစုံကို မေးမြန်းရှင်းပြပေးမှုကြောင့် အသိဉာဏ်သံဝေဂရနေခြင်းဖြစ်လေသည်။

များသောအားဖြင့် အခြေခံ ပင်ကိုယ်စိတ်ကောင်းရှိ၊ အသိဉာဏ်ရှိသော လူများကသာ ဤကဲ့သို့မကောင်းသောအကြောင်း

တွေကို ရပ်ပစ်နိုင်ပြီး ကောင်းသောအကြောင်းဘက်သို့ ပြောင်းရွှေ့ နိုင်၏။ အပါယ်ဘုံသားများဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်တို့ ထိုအခွင့်ထူးမျိုး ရနိုင်မည်မဟုတ်၊ ယင်းကို ကြည့်ခြင်းအားဖြင့် ဒုဂ္ဂတိဘုံသား၊ သုဂတိဘုံသားတို့ အဆမတန် ကွာခြားနေခြင်းကို သိနိုင်ရာ၏။ ဤလို ကိုယ်တွေ့သဘောတရား တွေရှိနေသည်ကိုပင် မြင်တွေ့ ကြားသိလျက်သားနှင့် တချို့ပုဂ္ဂိုလ် များ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်နှင့်စပ်ပြီး သဘောပေါက် နားလည်ခဲနေကြတယ်၊ နားလည်သင့်သူများကလည်း အများ အကျိုးဆောင်ပြီး နေသည့်တိုင်အောင် မဂ်ချမ်းသာအရသာ၊ ဖိုလ်ချမ်းသာအရသာ၊ မထိမခိုက် အလိုလိုငြိမ်းအေးနေသော နိဗ္ဗာန်ချမ်းသာကို သိမြင်ဖို့အရေးမှာ အတော်ကြိုးစားယူရဦးမှာ ဖြစ်ပါတယ်။

ငွေကြေးဓနပစ္စည်းဥစ္စာပြည့်စုံစွာ ကြွယ်ဝနေသော တချို့ လူများ လောကီချမ်းသာလောက်မျှနှင့်ပင် လမ်းဆုံးနေကြတယ်။ ရွှေငွေတွေချမ်းသာလို့ ဓိမ်ခံပစ္စည်းမျိုးစုံ သုံးစွဲနိုင်လည်း သုံးတာပဲ ရှိမည်၊ လကမ္ဘာပေါ်တက်ရောက်နိုင်လို့ ထိတွေ့ရလည်း ထိတွေ့ တာပဲရှိမည်။ တစ်နေ့အိုခြင်း၊ နာခြင်းသေခြင်းဘေးကို တွန်းလှန် နိုင်မည်မဟုတ်ပေ။ လောကီအနေနှင့် တွန်းလှန်မရ နိုင်သော ဘေးသုံးပါးကား လောကလူတိုင်းအပေါ် သတ္တဝါမျိုးစုံက သတ္တဝါ မျိုးစုံအပေါ် ပြုလုပ်ပြသဖြစ်ပျက်နေရပုံများက လူတိုင်းလူတိုင်း မငြင်းနိုင်သော အမှန်သဘာဝသစ္စာတရားပင် ဖြစ်နေပါလားဟု သိမြင်ရလေမည်။ နိဗ္ဗာန်ချမ်းသာမသိမြင်မိ

ကိုယ်တိုင်ဖြစ်ခဲ့ ဖြစ်ဆဲဖြစ်လတံ့နေဦးမည်ကို ထိတ်လန့်တုန်လှုပ်မှုမှတစ်ဆင့် သံဝေဂဉာဏ်မျိုး လျင်လျင်မြန်မြန် ဖြစ်ပေါ်စေ၍ အမြင်ကြည်လင်နေကြရမည်။

ဤဝတ္ထုဇာတ်လမ်း၌ အဓိကအားဖြင့် မိသားစုတစ်စုရဲ့ ဘဝသံသရာကျင်လည်ရာ၌ ကုသိုလ်၏ကောင်းကျိုးချမ်းသာ၊ အကုသိုလ်၏ မကောင်းကျိုးများကို ခံစားသွားရပုံ၊ ဘုရားရှင်၏ ကာလသုံးပါးနှင့်စပ်ပြီး ထုတ်ဖော်၍ ဟောတော်မူခြင်းကြောင့် မင်းကြီးနှင့် ရဟန်းပရိသတ် လူပရိသတ်တို့ သံဝေဂဉာဏ်ရပြီး အကျိုးများရှိသွားကြပုံ၊ မင်းကြီးနှင့် ပရိသတ်တို့ သံဝေဂဉာဏ်ပွား အကျိုးတရားရသွားသလို၊ စာဖတ်ပရိသတ်တို့လည်း ကောင်းကျိုးဆိုးကျိုး ဝေဖန်ပိုင်းခြားပြီး သံဝေဂဉာဏ်ယူနိုင်လိမ့်မည်ဟု မျှော်လင့်ပါ၏။ ထို့ကြောင့် ကာလသုံးပါးနှင့်စပ်ပြီး ဆင်းရဲဒုက္ခ ခံစားရပုံအကြောင်းစုံကို သံဝေဂဝတ္ထုဒီပနီမှ ထုတ်ဖော်၍ ရေးသားအပ်ပါ၏။

# သစ္စာတရား

သစ္စာဟူသည် အရှိအတိုင်း မှန်ကန်စွာ ဖြစ်ပျက်နေသော သဘောတရားသည် သစ္စာမည်၏။ မည်သည့်တရားကဖြစ်၍ မည်သို့သောတရားများက ပျက်နေပါသနည်းဆိုလျှင် သဘာဝတရားတို့ ဆက်သွယ်ပေါင်းစုံပြီး ဖြစ်ကြ၍ သဘာဝတရားတို့ ဆန့်ကျင်ဘက်ဖြစ်ပြီး ပျက်စီးကြရသည်ဟု အဖြေထုတ်သင့်၏။ သဘာဝတရားများကို ထုတ်ဖော်ကြည့်လျှင် သက်ရှိသက်မဲ့ သဘာဝနှစ်မျိုးတွေ့ရှိ ပေါ်ထွက်လာလေ၏။ လူနတ်ဗြဟ္မာ သတ္တဝါနှင့် တိရစ္ဆာန်စသော အပါယ်ဘုံသား သတ္တဝါတို့သည် သက်ရှိဖြစ်ပျက်နေသော သဘာဝတစ်မျိုး၊ ရေမြေတောတောင် လနေ နက္ခတ်တာရာစသော အရာဝတ္ထုများသည် သက်မဲ့ဖြစ်ပျက်နေသော သဘာဝတစ်မျိုးဟူ၍ နှစ်မျိုးတွေ့မြင်နိုင်သည်။ ယင်းနှစ်မျိုးသည် နှစ်မျိုးစလုံး သူ့သဘောနှင့်သူ မှန်မှန်ကန်ကန် ဘက်မလိုက်ဘဲ ဖြစ်ပျက်နေခြင်းကြောင့် ဘုရားရှင်က ဖော်ထုတ်၍ ဟောကြားပြသတော်မူခဲ့လေ၏။

## သစ္စာတရား ၄ မျိုး

မှန်ကန်စွာ သဘာဝအလျောက်ဖြစ်ပျက်နေသော သစ္စာတရားကို လေးမျိုးရှိသည်ဟု ခွဲခြားပြသဟောတော်မူခဲ့၏။ ယင်းတို့ကား ၁။ ဒုက္ခသစ္စာ၊ ၂။ သမုဒယသစ္စာ၊ ၃။ နိရောဓသစ္စာ ၄။ မဂ္ဂသစ္စာဟူ၍ လေးမျိုးဖြစ်သည်။ သစ္စာလေးမျိုးကို ရှေ့ကနေ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဖြစ်သော စကားလုံးများကို ထည့်ပြတော်မူ၏။ ဆက်စပ်ပြခဲ့လေ၏။ ယင်းသို့ ရှေ့ကထည့်ပြသော စကားလုံးတို့ရဲ့ အဓိပ္ပာယ်ကို သိရှိနားလည်ဖို့ လိုအပ်လေ၏။ ၁။ ဒုက္ခသစ္စာ ရှေးဦးစွာဒုက္ခနှင့်တွဲထားတဲ့ ဒုက္ခသစ္စာကို လေ့လာကြည့်ကြပါစို့၊ ဒုက္ခ+ဆင်းရဲခြင်း၊ ဒုက္ခဆိုတာ ဆင်းရဲခြင်း စိတ်မချမ်းမသာဖြစ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဆင်းရဲခြင်း စိတ်မချမ်းမသာဖြစ်ခြင်းသည် ရုပ်ခန္ဓာကိုယ်နှင့်ဖြစ်စေ၊ ပစ္စည်းဝတ္ထုမြသည်တို့နှင့်ဖြစ်စေ သွားမိုပြီး ဆက်စပ်နေမိလို့ ဆင်းရဲခြင်းဖြစ်သည်။ စိတ်မချမ်းမသာ ဆင်းရဲနေခြင်းကို ဒုက္ခရောက်သည်။ ဒုက္ခဖြစ်သည်ဟု ဒုက္ခက မိမိကိုယ်တိုင် မိမိဆင်းရဲသည့်သဘောတရားကို အမှန်အတိုင်း ပြနေလို့ ဒုက္ခ ဆင်းရဲခြင်းမည်ပါပေတော့၏။ ထိုဒုက္ခက မိမိ၏သဘောတရားက ဆင်းရဲခြင်း ပြသနေသည်ကို နောက်သစ္စာတရားကမှန်တဲ့အတိုင်း သိမြင်နိုင်ဖို့ နောက်ကနေ ထောက်ခံပြတယ်၊ ဒုက္ခပြောပြတဲ့ဆင်းရဲခြင်းဟာ အမှန်ပဲ။ ထို့ကြောင့် ဒုက္ခသဘောကို အမှန်တိုင်း သိကြ မြင်ကြလေဟု ဒုက္ခနှင့်တွဲပြီး ဒုက္ခသစ္စာမည်ပုံကို သိမြင်

နားလည်ရမည်။

သမုဒယသစ္စာ

သမုဒယဟူသည် ဆင်းရဲခြင်းအကြောင်းတရား၊ ဆင်းရဲအောင် ပြုလုပ်ပေးနေသည့် သဘောကို သမုဒယဟု သမုဒယ၏ အဓိပ္ပာယ်ကို ခပ်တိုတိုပဲ မှတ်ထားပါ။ မည်သို့မည်ပုံ ဆင်းရဲအောင် ပြုလုပ်ပေးသနည်း၊ အခြေခံတဏှာတရားက အာရုံများကို တပ်မက်စွဲလမ်းပြီး အာသာတငန်းငန်း နှင့် လိုက်စားနေတော့ကာ မကုန်မှ မထွက်မြောက်နိုင်ဘဲ ဆင်းရဲခြင်းအကြောင်း၊ ဆင်းရဲအောင် ပြုလုပ်နေသော သမုဒယပါလားဟု ရှင်းရှင်းလင်းလင်း သိသွားနိုင်လေ၏။ ထိုသမုဒယနောက်က သစ္စာတရားက အမှန်ကို လိုက်ပြ၏။

သမုဒယဟာ ဆင်းရဲအောင် ပြုလုပ်နေတာမှန်တယ်၊ သမုဒယ၏ပြုလုပ်တတ်ပုံ သဘာဝတရားကို သူ့သဘာဝအတိုင်း မှန်ကန်စွာပဲ ဖော်ပြပေးတတ်တဲ့ သစ္စာတရား၊ ထိုနှစ်ခုပေါင်းစပ် လိုက်တော့ ဆင်းရဲခြင်းအကြောင်းတရား၊ ဆင်းရဲအောင် ပြုလုပ်ပေးတာ အမှန်ပဲဟု ဉာဏ်မှာထင်လင်းစွာ သိနိုင်တဲ့ သမုဒယ သစ္စာအဓိပ္ပာယ်ကို ပြတ်ပြတ်သားသား နားလည်သဘောပေါက် လာလိမ့်မည်။

နိရောဓသစ္စာ

နိရောဓဟူသည် ချုပ်ငြိမ်းနေခြင်းပင်တည်း၊ ဘယ်လိုဘယ်ပုံ ချုပ်ငြိမ်းနေပါသနည်း ပူပင်ရတဲ့ ကိလေသာမရှိဘဲ ဖြစ်ခြင်း

ပျက်ခြင်းကင်းပြီး ငြိမ်းအေးနေခြင်းကို ဆိုလိုသည်။ ငြိမ်းအေးခြင်း အဓိပ္ပာယ်ရတဲ့ နိရောဓကား အလွန်သိမ်မွေ့နက်နဲ၏။ ယင်း၏ နေရာဌာနကား ကိလေသာမရှိ ဖြစ်ပျက်ကင်းတဲ့ နေရာဌာန၊ ထိုနေရာဌာနကို ကိလေသာဖြစ်ခြင်း မရှိသည့် စိတ်နှင့်အာရုံ ပြုကြည့်လျှင် သိနိုင်မြင်နိုင် ငြိမ်းအေးနိုင်လိမ့်မည်။ ထို့ကြောင့် နိရောဓသဘောသည် ကိလေသာမရှိ ချုပ်ပျောက်နေ၍ ဖြစ်ပျက်ကင်းကာ ချုပ်ငြိမ်းနေခြင်းပါပဲလားဟု သဘောပေါက်နားလည်ထားပါ၏။ ယင်းနောက်မှာ တွဲထားသည့် သစ္စာကား အမှန်ကို လိုက်ပြသည့်အတွက် နိရောဓနေရာဌာနသည် ဖြစ်ပျက်ကင်းတဲ့ နေရာ ဌာနဆိုတာ အမှန်ပါပဲ၊ နိရောဓ နေရာဌာနကို မှန်တဲ့ အတိုင်း စိစစ်ထောက်ခံပြခြင်းဖြစ်၏။ ထိုနှစ်ခုပေါင်းလိုက်တော့ ချုပ်ငြိမ်းနေခြင်း အမှန်တရားနိရောဓသစ္စာမည်ပုံ အဓိပ္ပာယ်ကို သဘောပေါက် နှစ်ခြိုက်စွာဖြင့် သိမြင်နိုင်ပါလိမ့်မည်။

**မဂ္ဂသစ္စာ**

မဂ္ဂသစ္စာ၌ မဂ္ဂဟူသည် ပူပန်စွာနေထိုင်ခြင်း၊ ဆင်းရဲစွာ နေထိုင်ခြင်းမှ ကင်းအောင် ကျင့်ကြံအားထုတ်ဆင်ခြင်နေခြင်း ပင်တည်းဟု မဂ္ဂ အဓိပ္ပာယ်ကို တွေဝေမှုမရှိဘဲ ချမ်းသာစွာ သိမြင်ထားပါ။ ပူပင်မှုလည်းမရှိ၊ ဆင်းရဲခြင်းလည်းမဖြစ်ဘဲ ဖြူစင်သောစိတ်ဖြင့် သီလတရားကို ဖောက်ဖျက်မှုမရှိဘဲ ကျင့်သုံး နေထိုင်ခြင်း မဂ္ဂ၏ သဘောတရားပင်ဖြစ်သည်။ မြတ်သော သီလဖြင့် ကျင့်သုံးနေထိုင်ခြင်းသည် စိတ်ကို ကိလေသာအပူမီး

အာရုံများ အဝင်မခံ၊ အဖြစ်မခံဘဲ ကျင့်သုံး နေထိုင်ခြင်းပါပဲ၊ ထို့ကြောင့် ဖြူစင်သောစိတ်က မြတ်သောသီလကို ဆောက်တည်၍ ကျင့်သုံးနေထိုင်လျှင် ပူပင်ခြင်း၊ ဆင်းရဲ ခြင်းမှ ကင်းအောင် နေထိုင်သောကျင့်စဉ်သည် မဂ္ဂလမ်းစဉ် ဖြစ်ကြောင်း သဘောပေါက်လာပါလိမ့်မည်။

နောက်က သစ္စာတရား၏ဝန်ခံချက် မဂ္ဂတရား၏ လမ်းဖြောင့်လမ်းမှန်တိုင်း ကျင့်သုံးနေထိုင်ခြင်းသည် အေးငြိမ်းရာကို အာရုံပြုနေထိုင်ခြင်းဖြစ်လို့ စင်ကြယ်ခြင်းအမှန်တရားဖြစ်ပေတယ်၊ ယင်းအမှန်တရားကိုဆောင်၍ နေထိုင်ခြင်းသည် အမြတ်ဆုံးဖြစ်နေပါသလားဟု သစ္စာတရားက ရဲရဲဝံ့ဝံ့ ဝန်ခံပြခြင်းကို လေးလေးနက်နက် သိမြင်လာလေ၏။ ထိုသစ္စာတရား၏ ဝန်ခံပြခြင်းကို သဘောပေါက်သွားလျှင် အသက်ရှင်နေထိုင်ရသည်မှာမူ ပင်ပန်းမှုမရှိ၊ ဆင်းရဲမှုမရှိဘဲ ပေါ့ပေါ့ပါးပါး သက်သက်သာသာ နေထိုင်ရခြင်းသည် မဂ္ဂသစ္စာ၏အကျိုးကျေးဇူးတရားပင် ဖြစ်ပေ၏။ မဂ္ဂသစ္စာသဘောကို စိတ်မှာယုံကြည်မှု ပြည့်ဝသွားလေတော့၏။ ဤသို့ သစ္စာလေးပါးမြတ်တရား၏ အနှစ်သာရ လိုရင်းအဓိပ္ပာယ်များကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချ သိမြင်နိုင်အောင် ကြိုးစားရမည်။

ကိုယ့်ကိုကို တန်ဖိုးထား၍ အားပေးရမည်။ ကိုယ့်အဖြစ်ကို မှန်တဲ့အတိုင်း သိရလေအောင် သစ္စာလေးပါးကို ဆင်ခြင်နေရမည်။ ဆင်ခြင်သုံးသပ်နေရမည်မှာ

၁။ ယခုအခါကိုယ်တိုင်ဆင်းရဲ နေခြင်း အမှန်တရား ဒုက္ခသစ္စာကို သိမြင်နေရမည်။

၂။ ယခုအခါ ကိုယ်တိုင်ဆင်းရဲအောင် ပြုလုပ်နေခြင်း သမုဒယသစ္စာကို သိမြင်၍ ပယ်ခွာနေရမည်။

၃။ ယခုအခါ ကိုယ်တိုင်ဆင်းရဲမရှိ ချုပ်ငြိမ်းနေသော အချိန်အခါ ဖြစ်သည့် နိရောဓသစ္စာကို သိမြင်၍ ဆိုက်ရောက်နေရမည်။

၄။ ယခုအခါ ကိုယ်တိုင်ဆင်းရဲမရှိ ချုပ်ငြိမ်းရာနေရာဌာနကို အာရုံပြုနိုင်ရန် ဖြူစင်သည့် စိတ်ဓာတ်ဖြင့် ကျင့်သုံးနေရမည့် မဂ္ဂသစ္စာကို မဆုတ်မနစ် ကြိုးစားနေရမည်။

ဤသို့သစ္စာလေးပါးမြတ်တရားကို ကိုယ်တိုင်ကိုယ်ကျ နားလည်သဘောပေါက်အောင် နှစ်သက်မှုရနိုင်အောင် သစ္စာလေးပါးရဲ့ အကျဉ်းအဓိပ္ပာယ်မျှကို ရေးသားတင်ပြအပ်ပါသည်။

## သစ္စာအနက် ၁၆ ချက်

သစ္စာလေးပါးရဲ့ အဓိပ္ပာယ်အကျဉ်းသဘောတရားများကို သိရှိပြီးနောက် ယခုတဖန် သစ္စာလေးပါး၏ အနက်အဓိပ္ပာယ် အကျယ်ဖွင့်ဆိုထားသည်ကို တင်ပြပါဦးမည်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဖွင့်ဆိုထားပုံမှာ

## ဒုက္ခသစ္စာ၏အနက်လေးမျိုး

ဒုက္ခဿ ပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော
ဝိပရိဏာမဋ္ဌော တထဋ္ဌော။

ဒုက္ခဿ–ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော–နှိပ်စက်တတ်သော သဘော သည်လည်းကောင်း၊ သင်္ခတဋ္ဌော–အကြောင်းတရားတို့ ပြုပြင် စီမံတတ်သောသဘောသည်လည်းကောင်း၊ သန္တာပဋ္ဌော–ပူပန် စေတတ်သောသဘောသည် လည်းကောင်း။ ဝိပရိဏာမဋ္ဌော –ဇရာ မရဏတို့သည် ဖောက်ပြန်စေအပ်သော သဘောသည် လည်းကောင်း၊ တထဋ္ဌော–မဖောက်မပြန် ဟုတ်မှန်သောသဘော ပေတည်း။

ဤပါဠိတော်များက ဒုက္ခသစ္စာ၏အနက်လေးမျိုးကို ပြ၏။ တစ်နည်း ဆင်းရဲခြင်းလေးမျိုးကို ပြ၏။ ဆင်းရဲပုံ ဆင်းရဲနည်းကား

၁။ ခန္ဓာကိုယ်ကို တစ်နည်း ဘဝကို နှိပ်စက်ညှဉ်းပန်း တတ်သောကြောင့် ဆင်းရဲတစ်မျိုး။

၂။ ခန္ဓာကိုယ်နှင့်ဘဝကို အကြောင်းတရားတို့က ပြုပြင်စီမံပေးတတ်သောကြောင့် ဆင်းရဲတစ်မျိုး။

၃။ ခန္ဓာကိုယ်နှင့် ဘဝကို ပူပန်စေရသောကြောင့် ဆင်းရဲ တစ်မျိုး။

၄။ ခန္ဓာကိုယ်နှင့်ဘဝကို အိုရ၊ နာရ၊ သေရအောင် ဖောက်ပြန်တတ်သောကြောင့် ဆင်းရဲတစ်မျိုးဟူ၍ ဒုက္ခသစ္စာ၏ အကြောင်းရင်းလေးမျိုးကို ဖွင့်ဆိုပြသတော်မူ၏။

ထိုသို့ဖွင့်ပြသည့်နေရာမှာ မေးစရာအချက်များတော့ ဝင်လာလေ၏။ အရွယ်ကောင်းနေတုန်းအချိန် နှိပ်စက်မခံရဘဲ ကံဆိုးအကြောင်းတရားများက မစီမံခင်၊ ဥစ္စာခနေပြည့်စုံ၍ ပူပန်မှုမရှိ စိုးရိမ်သောကမဖြစ်သေးခင် အိုနာသေးရေးတို့နှင့် ရင်ဆိုင်မတွေ့သေးခင် ကာလတို့မှာ ဆင်းရဲမှုမဖြစ်ဘဲ၊ ချမ်းသာစွာ နေထိုင်ရတယ် မဟုတ်ပေဘူးလား။

ထိုမှတစ်ဖန် အစားကောင်း ကောင်းစားရခြင်း၊ လှပဆန်းကြယ်သော အဝတ်အထည်များနှင့် စိန်ရွှေငွေ ကျောက်သံပတ္တမြားတို့ကို ဝတ်ဆင်မြန်းရခြင်း၊ ကောင်းသော တိုက်တာအိုးအိမ် ဝင်းခြံတို့နှင့်နေရခြင်း၊ ဇိမ်ခံပစ္စည်းအသီးသီးနှင့် ကိုယ်ပိုင်ကားစီးပြီး နေရခြင်းတို့သည် မဆင်းရဲဘဲ ချမ်းသာနေသည် မဟုတ်ပါလားဟု မေးစရာဖြစ်နေသည်။ ထိုအမေးကို ဘဝ၏နောက်ဆုံးတရားက ချေဖျက်ပစ်လိမ့်မည်ဟု ဖြေဆိုရမည်။ တစ်ဖန် အဖြေထုတ်ကြည့်ပါ။

ပစ္စည်းဥစ္စာ ပြည့်စုံ၍ မပူမပင် မကြောင့်မကြ မတောင့်မတ နေထိုင်ရခြင်းသည် ထာဝရလား သို့မဟုတ်၊ ခေတ္တခဏပဲလားဆိုလျှင် ထာဝရမဟုတ် ခေတ္တခဏသာဖြစ်၏။ ခေတ္တခဏသာ မပူမပင်နေရခြင်းကို ပြန်စစ်ကြည့်လျှင် ပိုထင်ရှားလာလိမ့်မည်။ တစ်ခါတစ်ခါ ကိုယ်တိုင်ပင် ဆိုးကျိုးများကို ခံစားရသည်၊ မည်သောက်ပဲ အစားကောင်းကောင်း ဖြစ်ပါစေ၊ အလွန်အကျွံ စားသောက် မိလျှင်ဒုက္ခဖြစ်မှာပဲ၊ လက်လေးလုံးငါးလုံးလောက် ထူထဲ နူးညံ့ သော မွေ့ယာဆိုဖာဖြစ်ပါစေ ထိုအပေါ်မှာ

မပြုပြင်ဘဲ တစ်နာရီ၊ နှစ်နာရီစသည်ဖြင့် မလှုပ်မယှက်နေထိုင်လျှင် ညောင်းညာကိုက်ခဲ ခြင်းစသော ဒုက္ခဖြစ်မှာတော့ အမှန်ပါပဲ။

## နောက်တစ်မျိုးအကြောင်းတရားတို့ကြောင့် ဆင်းရဲ ဖြစ်ရခြင်း၊

ထိုအချက်မှာ ဆင်းရဲမှုဘဝပြတ်အောင် အကြောင်းတရားမဟုတ်ဘဲ ဘဝချမ်းသာအောင် ပြုလုပ်စီမံပေးသော အကြောင်းတရားမျိုးကို ဆိုလိုခြင်းဖြစ်သည်။ ဘဝများကို မုန်းတည်းမှုမရှိဘဲ ဘဝတွေ နှစ်သက်တပ်မက်ပြီး အကြောင်းတရားများကို ပြုလုပ်နေသမျှ ဆင်းရဲခြင်း၏အကြောင်းတရားများဖြစ်နေ လိမ့်မည်။ ယင်းသို့ဆိုရခြင်းသည် အချို့ပုဂ္ဂိုလ်များ တွေ့မြင်ရာ အာရုံအမျိုးမျိုးကို နှစ်သက်စွဲလမ်းကာ လိုက်စားနေကြလေ၏။ ထိုလိုက်စားနေသူတို့အဖို့ မဆုံးနိုင်သော လောကီအာရုံ ကာမဂုဏ်များဖြစ်နေ၍ စားငန်ရေပမာ သောက်လေသောက်လေ ငတ်မပြေ ဖြစ်ကာ ဘယ်တော့မှမဝနိုင်ဟဲ ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ကျင်လည် နေရပြီး ဆင်းရဲခြင်းအကြောင်းတရားများကို ကိုယ်တိုင် ဖန်တီးလုပ်ယူနေသော ပုဂ္ဂိုလ်များ ဖြစ်နေပါတော့၏။

## ပူပန်ရသောကြောင့် ဆင်းရဲရခြင်း

ခန္ဓာကိုယ်ကြီးအား စားဝတ်နေရေး အဆင်ပြေဖို့ မိုးလင်းက မိုးချုပ်သည်ထိ လုပ်ကိုင်ဆောင်ရွက်နေကြရ၏။ အလုပ်အကိုင်အမျိုးမျိုး ရင်ဆိုင်ပြီး ဆက်ဆံမှုမျိုးစုံသုံးကာ လုပ်ကိုင်

စားသောက်နေရခြင်းသည် အဆင်ပြေလိုက် မပြေလိုက်၊ ငိုတစ်လှည့် ရယ်တစ်လှည့်၊ ကြီးရင့်လာခဲ့ကြရ၏။ လုပ်ငန်းသဘော အဆင်မပြေလဲ ငိုရပြန်တော့ ပရိဒေဝသောကမီးများ လောင်မြိုက်ပြီး ဒေါသတရားက ဖောက်ခွဲ နှိပ်စက်ဖျက်ဆီးလေ၏။ လုပ်ငန်းသဘောအဆင်ပြေ၍ ရယ်ရပြန်တော့လည်း ဆင့်ကဲဆင့်ကဲ လောဘတက်ကာ အလိုမပြည့်နိုင်ဘဲ တဏှာမီးလောင်မြိုက်ခံရကာ ပူပန်ရခြင်း ဆင်းရဲတရားနှိပ်စက်ဖျက်ဆီးလေတော့၏။

### အိုနာသေရေးကို ကြောက်၍ ဆင်းရဲရခြင်း

ငယ်ရွယ်ပျိုမြစ် နုနယ်သူများကိုကြည့်ပြီး အိုပွဲဝင်ရမည့် အချိန်ကို ကြောက်လန့်ကြ၏။ ဆံဖြူမှာ သွားကြိုးမှာ ပါးရေ နားရေတွန့် ပိန်ချုံးချိနဲ့၍ တောင်ဝှေးကြီး တဒေါက်ဒေါက်နှင့် မေ့တစ်ချက်၊ ရော့တစ်ချက်ဖြစ်နေရမှာကို နှစ်သက်မှုမရှိဘဲ ကြောက်လန့်နေကြရလေ၏။ အိုပွဲဝင်သူများကို ကြည့်ပြီး ထိုကဲ့သို့ ဖြစ်မှာကို တွေးပြီးကြောက်နေသော်လည်း ရမည်မဟုတ်၊ ကိုယ်ဖြစ်ချင်တိုင်း မဖြစ်ရဘဲ ဖောက်ပြန်နေခြင်းကြောင့် ခန္ဓာကိုယ်သည် အိုမှုဖြင့် ဆင်းရဲခြင်းအကြောင်းတရား ဖြစ်နေပေ၏။

အိုခြင်းဆင်းရဲကို ကြောက်လန့်နေသလို နာရမည့်ဘေးကို ကြောက်လန့်နေမှာတော့ အမှန်ပါပဲ၊ ကောင်းသောသူတို့၏ လှုပ်ရှားသွားလာ ပျော်ပျော်ပါးပါးနေထိုင်ပုံများကိုကြည့်ပြီး ရောဂါဘယနှိပ်စက်၍ အိပ်ရာထဲဘုန်းဘုန်းလဲ နာပွဲဝင် နှိပ်စက်ခံရမည်ကို ကြောက်လန့်နေကြရတယ်။ အိုခြင်းကို ကြောက်လန့်

နေသော်လည်း ရှောင်လွှဲနိုင်မည်မဟုတ်၊ တစ်နေ့နေ့မှာ ရောဂါဘယ ဝင်ရောက်နှိပ်စက်ခံရမှာ မလွဲလေဘူး။ ထို့ကြောင့် ခန္ဓာကိုယ်သည် နာခြင်းတရားကြောင့် ဆင်းရဲရခြင်းအချက်သည် ပေါ်လွင် ထင်ရှား နေပါတော့၏။

သတ္တဝါတို့နောက်ဆုံးသေရမည့်ဘေးကို အကြောက်ဆုံးဖြစ်နေပါလိမ့်မည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရိယာ အရှင်မြတ်တို့မှလွဲပြီး၊ မည်သူမဆို သေခြင်းတရားနှင့် ရင်ဆိုင်ရမှာ အကြောက်ဆုံးပါ။ အဘိုးအဘွားများကလည်း သားသမီးမြေးမြစ်သေလို့ သားသမီးမြေးမြစ်ကလည်း အဘိုးအဘွားသေလို့ သားသမီးများကလည်း မိဘတို့သေလို့၊ မိဘများကလည်း သားသမီးများသေလို့ ငိုကြွေးပူဆွေးရတဲ့ ဆင်းရဲခြင်း ဒုက္ခ နောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် နေ့စဉ်နေ့တိုင်း သေဆုံးနေသူများကို ကြည့်ကာ အမှန်တကယ်ကြောက်လန့်နေသူချည်း ဖြစ်နေကြ၏။

ယင်းနောက်ဆုံးသေခြင်းတရားကို ရှောင်လွှဲလို့မရ၊ ကုစားလို့မရ၊ နည်းမျိုးစုံနှင့် ကာကွယ်စောင့်ရှောက်သော်လည်း နောက်ဆုံးတော့ သေရမည်ဖြစ်နေခြင်းကြောင့် ဆင်းရဲခြင်းသာ ဖြစ်နေလေတော့၏။ ထို့ပြင် ခန္ဓာကိုယ်၏အသေးစိတ် ဆင်းရဲနေပုံများကို ဉာဏ်နှင့် ခွဲခြားစိတ်ဖြာသိရမည်။ ထိုထဲတွင် ဆိုခဲ့ပြီးသည့်တိုင်၊ မလွှဲမသေ ကေန်မုချ ရင်ဆိုင်တွေ့ရမည့် အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲတို့ပင် ဖြစ်၏။

သတ္တဝါ တိုင်း သတ္တဝါတိုင်း မည်သည့်ပုဂ္ဂိုလ်မဆို အို၊

နှာ၊ သေ ဆင်းရဲ တို့က မဖောက်မပြန် အမှန်တိုင်း ပြနေသောကြောင့် ဒုက္ခသစ္စာ ဆိုတာ ဆင်းရဲခြင်း အမှန်တရားဖြစ်ပေတော့၏”ဟု ထိုးထွင်း ဉာဏ်ဖြင့် သိမြင်ရမည်။ ဤကား ဒုက္ခသစ္စာ၏ ဖွင့်ပြသော ဆင်းရဲပုံလေးမျိုးတို့ဖြစ်သည်။

## သမုဒယသစ္စာ၏ အနက်လေးမျိုး

သမုဒယဿ အာယုဟန ဋ္ဌောနိဒါနဋ္ဌော သံယောဂဋ္ဌော ပလိဗောဓဋ္ဌော တတဋ္ဌော။

သမုဒယဿ-သမုဒယသစ္စာ၏၊ အာယုဟနဋ္ဌော၊ အားထုတ်တတ်၊ ပေါင်းစည်းတတ်သော သဘောသည်လည်းကောင်း၊ နိဒါနဋ္ဌော-ဝဋ်ဆင်းရဲအကြောင်း၏အဖြစ်သဘောသည်လည်းကောင်း၊ ဝါ-ဝဋ်ဆင်းရဲကို ပေးတတ်ဆောင်နှင်းတတ်သော အဖြစ်သဘောသည်လည်းကောင်း၊ သံယောဂဋ္ဌော-ဝဋ်ဆင်းရဲ၌ ယှဉ်စေခြင်းသဘောတရားသည်လည်းကောင်း၊ ပလိဗောဓဋ္ဌော-မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ပိတ်ပင်တားမြစ်တတ်သောအဖြစ်သဘောသည်လည်းကောင်း၊ တတဋ္ဌော-မဖောက်မပြန် ဟုတ်မှန်သောသဘောပေတည်း။ သမုဒယသစ္စာ၏အနက်လေးမျိုးကိုပြသော ပါဠိတော်ဖြစ်ပေ၏။ တစ်နည်း ဆင်းရဲအောင်ပြုလုပ်ပေးတတ်သော အကြောင်းတရားလေးမျိုးဟု မှတ်ထားပါ။

၁။ ဆင်းရဲအောင်အားထုတ်ခြင်း၊ ပေါင်းစည်းခြင်းကို ပြုလုပ်ခြင်းတစ်မျိုး။

၂။ ဝဋ်ဘဝကိုရအောင် ပြုလုပ်ပေးခြင်းတစ်မျိုး။

၃။ ဝဋ်ဆင်းရဲ၌ အဖန်တလဲလဲဖြစ်အောင်ပြုလုပ်ပေးခြင်း တစ်မျိုး။

၄။ လျှင်မြန်ဖြတ်လတ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် မဂ်ချမ်းသာ။ ဖိုလ်ချမ်းသာကို မရအောင် ပိတ်ပင်တားမြစ်ခြင်း တစ်မျိုး ပေါင်းလေးမျိုးဖြစ်သည်။

## ၁။ ဆင်းရဲအောင် မည်သို့အားထုတ်နေပါသလဲ

ဃရာဝါသမှုဖြင့် အိမ်ရာတည်ထောင်နေကြသော သူတို့နှင့် ဃရာဝါသအမှုမပြုဘဲ တစ်ကိုယ်တည်းနေကြသော သူတို့ကို ယှဉ်ကြည့်လျှင် သိသာနိုင်ပါတယ်၊ အိမ်ရာတည်ထောင်နေကြသောသူတို့သည် လူမှုကိစ္စတွေ ရှုပ်ထွေးပွေလီပြီး သံယောဇဉ်များ၌ ရုန်းမထွက်နိုင်ကြဘူး၊ ထိုသူများနှင့်စာလျှင် အဖော်မပါ တစ်ကိုယ်တည်း နေထိုင်သူတို့ သံယောဇဉ် နည်းပါးလေ၏။

ထို့အတူ လူပုဂ္ဂိုလ်များနှင့် ရဟန်းများ၊ ပုထုဇဉ်ရဟန်းများနှင့် အရိယာ ရဟန်းတော်များ သံယောဇဉ် အနည်းအများကို တိုင်းတာကြည့်လျှင် ပုထုဇဉ်ပုဂ္ဂိုလ်များမှာ သံယောဇဉ်မဖြတ်နိုင်သေးဘဲ ကာမအကြိုက်လိုက်ပြီး ကိလေသာတဏှာသံယောဇဉ်များဖြင့် ပေါင်းစီးဆက်နွှယ်ကာ ဆင်းရဲအောင် အားထုတ်နေခြင်းသည် သမုဒယ၏အစွမ်းသတ္တိ ဖြစ်နေပါ၏။

## ၂။ ဝဋ်ဘဝကိုရအောင် ပြုလုပ်နေခြင်း

ကိလေသာတဏှာပိုးက ကြမ်းတမ်းတာရော နူးညံ့တာရော ကိုက်စားဝါးမျိုတာကို မိန်းမ၊ယောကျ်ား ပုထုဇဉ်ပုဂ္ဂိုလ်တို့ ခံနေရ၏။ ဒီနေရာမှာ ကိလေသာ တဏှာ "ပိုးကို"မြင်အောင် ကြည့်တတ်ဖို့ အဓိကကျလှ၏။ ဒီတဏှာပိုးက အဆင်းအသံ အနံ့အရသာ အတွေ့အထိပေါ် တပ်မက်ဖွဲ့လမ်းပြီး လိုက်စားနေတယ်၊ ဝါးမျိုနေတယ်။ ချောလေလှလေ ကောင်းလေလေ လိုက်စားမှုများပြီး တဏှာပိုးက ကိုက်လေလေ ယင်းတဏှာပိုး၏ ထကြွထိုးဆွမှုကြောင့် သာယာနှစ်သက်မိလို့ ခေတ္တခဏ ခံစားမှုရဲ့ နောက်ဆက်တွဲမှာ ပူပင်မှုစသည်များတည်း။ ထိုပူပင်မှုဖြင့် တဏှာအကြိုက်လိုက်ကာ မနားမနေအဖြစ်မျိုးထိရောက်နေကြလေ၏။ ထိုတဏှာကို အလင်းသို့ မရောက်အောင် အဝိဇ္ဇာမောဟက ဖုံးပေးနေတော့ ဆက်ကာဆက်ကာ ပြုလုပ်မှုကြောင့် ဝဋ်ဘဝကိုရတော့တာပါပဲ။

## ၃။ ဝဋ်ဆင်းရဲ၌ အဖန်တလဲလဲယှဉ်စေခြင်း

အဝိဇ္ဇာတဏှာလက်သည်ကြောင့် သံယောဇဉ်တဏှာကြိုးများက မခွဲမခွာနိုင်အောင် နှောင်ချည်ထားလေ၏။ သံယောဇဉ်ကြိုးများက ချည်နှောင်ထားတော့ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် မခွဲမခွာနိုင်ကြဘဲ ယခုဘဝ ပစ္စုပ္ပန်ဘဝတွင်မက နောင်ဘဝတွေတောင် လှမ်းဆုတောင်းနေကြတယ်။ အဲဒီဆိုးရွား

လှတဲ့ တဏှာကို မမုန်းနိုင်သရွေ့ ဝဋ်ဆင်းရဲမှာ အဖန်တလဲလဲ ခံနေရမည်။ အသိဉာဏ်ပညာဖြင့် ချမ်းသာစစ် နိဗ္ဗာန်ကို မသိမမြင် မတွေ့သေးသ၍ တဏှာက လောကီချမ်းသာတုတွေပဲ ပြုလုပ်ယှဉ်တွဲနေမှာ သေချာပါတယ်။ ထို့ကြောင့် တဏှာက ဘဝများကို ချမ်းသာထင်ပြီး ဝဋ်ဒုက္ခမှာပဲအဖန် တလဲလဲ ကျင်လည် ယှဉ်စပ်နေလေတော့၏။

၄။ မဂ်ဖိုလ်နိဗ္ဗာန်ကို တားမြစ်ပိတ်ပင်ခြင်းသဘော

အဓိကတရားခံတဏှာက ဘဝကိုကြိုက်တယ်၊ တပ်မက် နှစ်သက်တယ်၊ ဘယ်လောက်ထိကြိုက်နှစ်သက်ပါသလဲဆိုလျှင် ယခုရရှိထားတဲ့လူ့ဘဝကို စွန့်လွှတ်ပြီး နတ်ပြည်ချမ်းသာသို့ သွားမည်လားဆိုလျှင် ခဲခဲယဉ်းယဉ်း ဖြစ်နေပေလိမ့်မည်။ နတ်ပြည်က နတ်သားနတ်သမီးများလည်း မိမိတို့ဘဝ စွန့်လွှတ်ပြီး ထို့ထက်သာတဲ့ ဗြဟ္မာ့ပြည်ချမ်းသာသို့ သွားမည်လားဆိုလျှင် ဆုံးဖြတ်ဖို့ ခဲယဉ်းနေမည်။ ဆင်းရဲတဲ့ဘဝများကိုဆိုရင် ပိုဆိုးလိမ့်မည်။ ယင်းသို့ဖြစ်ရခြင်းကား ရရှိထားတဲ့ဘဝကို နှစ်သက်စွဲလမ်းထားသည်မှာ ကိုယ်တိုင် သိရှိကြလိမ့်မည်။

ထိုအချက်ကို အလေးထားကာ ကြီးမားတဲ့ သတိသံဝေဂ မျိုးဖြစ်ဖို့ ယခုအခါ အလိုအပ်ဆုံးပါလားဟု နားလည်သိရှိရမည်။ ရရှိနေသည့်ဘဝကို နှစ်သက်နေမှုကြောင့် နိဗ္ဗာန်နှင့် အလွဲလွဲ အချော်ချော် ဖြစ်ခဲ့ကြရသည်။ ယင်းလောကီဘဝများကိုသာ ကြိုးစားပြီး အားထုတ်နေသမျှ ရနိုင်သည့် မဂ်ဖိုလ်နိဗ္ဗာန်နှင့်

ပိုဝေးကွာနေပါမည်။ ထို့ကြောင့် အဝိဇ္ဇာတဏှာက မဂ်ဖိုလ်နိဗ္ဗာန်နှင့်ဝေးအောင် တားမြစ်ပိတ်ပင်နေခြင်း ဖြစ်သည်။

## နိရောဓသစ္စာ၏ အနက်လေးမျိုး

နိရောဓသ နိဿရဏဋ္ဌော ဝိဝေကဋ္ဌော အသင်္ခတဋ္ဌော အမတဋ္ဌော တတဋ္ဌော။

နိရောဓသ–နိရောဓသစ္စာ၏ နိဿရဏဋ္ဌော လွတ်မြောက်ရာ၏အဖြစ်သဘောသည်လည်းကောင်း၊ ဝိဝေကဋ္ဌော–ကိလေသာ သင်္ခါရတို့မှ ကင်းဆိတ်သည်၏အဖြစ်သဘောသည်လည်းကောင်း၊ အသင်္ခတဋ္ဌော–အကြောင်းတရားတို့သည် မပြုပြင်အပ်သည်၏အဖြစ်သဘောသည်လည်းကောင်း၊ အမတဋ္ဌော၊ သေခြင်း ပျက်စီးခြင်းကင်းသည်၏ အဖြစ်သဘောသည်လည်းကောင်း၊ တတဋ္ဌော၊ မဖောက်မပြန် ဟုတ်မှန်သော သဘောပေတည်း။

ဤပါဠိအနက်တို့ကို အသံထွက်မှန်အောင် ထပ်ကာထပ်ကာ အလွတ်ရအောင် ဆောင်ထားပါ။

### မြန်မာပြန် အဓိပ္ပာယ်ကား

၁။ ထွက်မြောက်ရာအဖြစ်သဘော

၂။ သင်္ခါရအပေါင်းမှ ကင်းဆိတ်နေခြင်းအဖြစ်သဘော

၃။ အကြောင်းတရားတို့က ပြုပြင်ပြောင်းလဲမှုမရှိခြင်း
အဖြစ်သဘော

၄။ အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိသော အဖြစ်သဘော တရားဟူ၍ လေးမျိုးဖြစ်၏။

၁။ ထွက်မြောက်ရာအဖြစ်သဘောဟူသည် လူ့ဘဝ လူ့လောက၊ နတ်ဗြဟ္မာဘဝ နတ်ဗြဟ္မာလောက၊ အပါယ်ဘဝ၊ အပါယ် လောကမှ လွတ်မြောက်၍ ထွက်ခွာသွားခြင်း ဖြစ်သည်။

ထိုစကားကို ချဲ့ကြည့်လျှင် လူ့ဘဝ လူ့လောကသည် ဝဋ်ဒုက္ခမှ မလွတ်ကင်း၊ လူ့ဘဝ လူ့လောကသည် ဝဋ်ဒုက္ခမှ မလွတ်ကင်းလို့ နတ်ဗြဟ္မာဘဝကရော ဝဋ်ဒုက္ခနှင့် ကင်းပါ သလားဆိုလျှင် ထိုဘဝများလည်း မကင်းကြပါ။ ထို့အတူ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ ဘဝများလည်း ဝဋ်ဆင်းရဲ ဖြစ်လို့ ဝဋ်ဒုက္ခမှ မကင်းကြဘူး။ ထိုထိုဘဝတို့သည် ဝဋ်ဒုက္ခမှ မကင်းလျှင် ထာဝရငြိမ်းအေးမှုကို မရသေးလို့ဟု သိလာလေ၏။ ယင်းသို့ သိလေလျှင် ထာဝရငြိမ်းအေးမှုနေရာဌာနလည်း ရှိရမည်ဟု သဘောပေါက်လာရမည်။ သဘောပေါက်လာပါက ထာဝရငြိမ်းအေးမှု နေရာဌာနကား ကေန်ရှိပြီးသားပါလား၊ ကိုယ်ကသာ ထိုနေရာဌာနကို မသိမမြင် မတွေ့သေး၍၊ မရောက် နိုင်ဘဲ ဘဝသံသရာ လည်နေခြင်းဖြစ်၏။ ယခုတော့ တွေ့မြင် ရလေပြီ ယင်းသည်ကား ဘုရားရှင် ဟောတော်မူသည့် ဘဝ အပေါင်းမှ လွတ်မြောက်ရာ ထာဝရငြိမ်းအေးရာဌာန နိဗ္ဗာန သစ္စာရဲ့ အမှန်သဘောပင်တည်း။

၂။ သင်္ခါရအပေါင်းမှ ကင်းဆိတ်နေခြင်းအဖြစ် သဘော ဟူသည် သင်္ခါရသဘောမှာ ပြုပြင်စီရင်နေ၍ ဖြစ်ပျက်နေခြင်းဟု

အစိပ္ပာယ်ရလေ၏။ ထိုသဘော၏အရာ ကျယ်ပုံကိုကြည့်လျှင် များစွာပင် တွေ့နိုင်လေ၏။ သက်ရှိသတ္တဝါအားလုံးတို့သည် ပြုပြင်စီရင်နေ၍ ပြုပြင်စီမံနေရင်းနဲ့ ဖြစ်ပျက်နေခြင်းကြောင့် သင်္ခါရ၊ ရေမြေတောတောင်သမုဒ္ဒရာ အင်းအိုင်မြစ်ချောင်း စသည်တို့သည် သက်မဲ့ အရာဝတ္ထုပြုပြင်စီမံပြောင်းလဲ ဖြစ်ပျက်နေခြင်းကြောင့် သင်္ခါရသဘော ဆိုခဲ့ပြီး သင်္ခါရသဘောကို သိပြီးလျှင် မပြုမပြင် မစီမံဘဲ ဖြစ်ပျက်မှုသင်္ခါရမှ ကင်းဆိတ်နေသော သဘောတရားလည်း ရှိရမည်ဟု သဘာဝအလျောက် အမှန်အတိုင်း သိလာရမည်။

ထိုသဘာဝအလျှောက် အမှန်အတိုင်း သိရမည့်သဘာဝတရားကလည်း ရှိပြီးသားပါပဲ၊ ယင်းသဘောကို ဘုရားရှင်က ထုတ်ဖော်၍ပြတော်မူသည်က သင်္ခါရအပေါင်းမှ ကင်းဆိတ်နေခြင်းအဖြစ်သဘောကို သိဖို့ပင် ဖြစ်လေသည်။

## ၃။ အကြောင်းတရားတို့ ပြုပြင်ပြောင်းလဲမှုအဖြစ် မရှိခြင်း။

ယင်းအချက်ကို သေချာနားလည်သဘောပေါက်မှ ရှင်းရှင်းလင်းလင်း သိနိုင်လေ၏။ အကြောင်းတရားဟူသည် ထင်ရှားနေတာ ပြရလျှင် မျိုးစေ့များကိုကြည့်ကြပါ။ မျိုးစေ့တွေရှိနေလို့ အပင်များ ဖြစ်ပေါ်လာရ၏။ မျိုးစေ့မရှိလျှင် အပင်မရှိနိုင်၊ မျိုးစေ့ဟူသော အကြောင်းကြောင့် အပင်အသီးအပွင့် စသည်တို့ ဖြစ်ကြရသည်၊ အပင်အသီးအပွင့်တို့အလို မရှိလျှင် မျိုးစေ့ကို ဖျက်ဆီးပစ်ရမည်။ မျိုးစေ့အကြောင်းတရားက ပင်စည်အခက်အလက်

အပွင့်အသီးတို့ကို ပြုပြင်ပြောင်းလဲကာ ဖြစ်ပျက်နေတာက အရင်းခံ မျိုးစေ့ကြောင့်ပါ။ မျိုးစေ့များနှင့်တူသည့် ဘဝများကို ကြည့်ပါ။ ဘဝရှိနေလို့ ဓာတ်ပဋိသန္ဓေနေရ၏။ ဘဝပဋိသန္ဓေ နေမှုကြောင့် သားသမီးမြေးမြစ်စသည်မီးပွားများ ပြုပြင်ပြောင်းလဲ ဖြစ်ပျက်နေရ၏။ ဤပြုပြင်ပြောင်းလဲ ဖြစ်ပျက်ရသည့်မီးပွားများ အလိုမရှိလျှင် ဘဝကို ဖြတ်တောက်ပြစ်ရမည်။

၄။ အိုခြင်းနာခြင်း သေခြင်းအဖြစ်မရှိခြင်းသဘော။

ထိုအချက်ကား အသိပညာပိုင်းဆိုင်ရာ ဖြစ်လေ့တော့ အတွေးလွန်နေသောအပိုင်း အလုပ်ပိုင်းဆိုင်ရာ အကျင့်လွန်နေခြင်း၊ အကျင့်များအမြင်များမရှိဘဲ မဇ္ဈိမပဋိပဒါလမ်းဖြင့် လျှောက်လှမ်း၍ ပစ္စုပ္ပန်ဘဝမှာပင် ကိုယ်တိုင်သိမြင်ရသော ချုပ်ငြိမ်းနေရာ နိဗ္ဗာန်ပင်ဖြစ်သည်။ ဤနိဗ္ဗာန်မှာ အိုမှု၊ နာမှု၊ သေမှုမရှိလေ။

အိုမှု၊ နာမှု၊ သေမှုမရှိသော နိဗ္ဗာန်ကို သိမြင်ထားသူမှာ ချမ်းသာစစ်ကို ရသွား၍ တောင့်တမှုအားလုံးမရှိတော့ပေ။ နောင် အနာဂတ်ဘဝ ဆင်းရဲတွေပြတ်သွား၍ ထာဝရငြိမ်းအေးသွား၏။ ယင်းအဖြစ်ကို ဘုရားပစ္စေကဗုဒ္ဓါရဟန္တာပုဂ္ဂိုလ်ထူးတို့ ရောက်၍ ငြိမ်းအေးနေကြလေပြီ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့မှာ ရှိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်အဆင့်လိုက်ပြီး ဘဝအနည်းငယ်သာကြွင်းကြ၏။ ဘဝကုန်တာနှင့် ထာဝရငြိမ်းအေးရလေ၏။ နောင်အနာဂတ်ဘဝမရှိသော ဘုရားရဟန္တာစသော ပုဂ္ဂိုလ်မြတ်များသည် ပစ္စုပ္ပန်ဘဝရှိနေသော ခန္ဓာကိုယ်အတ္တဘောပေါ်

ရှုဆင်ခြင် သုံးသပ်နေထိုင်ပုံမှာ အပြစ်ကင်းစင်ဖြူစင်သန့်ရှင်းပြီး ငြိမ်းအေးစွာ နေထိုင်တော်မူကြလေ၏။

ထိုပုဂ္ဂိုလ်ထူးတို့သည် နောင်ဖြစ်လာမည့် ဝဋ်ဒုက္ခဆင်းရဲ အပေါင်းမရှိသည်ကို ကိုယ်တိုင်သိမြင်ပြီး နေထိုင်ရသော လက်ရှိ ပစ္စုပ္ပန်ဘဝဟာ ဘယ်လောက်ချမ်းသာနေမည်ဆိုတာ မှန်းဆ ကြည့်လျှင် ဂုဏ်ယူမဆုံး ပီတိဖုံးကာ အံ့သြဖွယ်ဖြစ်မိမှာတော့ အမှန်တရားပါပဲ။

ထို့ကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းအဖြစ်မရှိသော နိဗ္ဗာန်နိရောဓသစ္စာသို့ ဆိုက်ရောက်ပါလျှင် အကြည်လင်ဆုံး အာရုံ၊ နှောင့်ယှက်မှုဘေးခပ်သိမ်း ကင်းကာ အသန့်ရှင်းဆုံးဉာဏ် အမြင်၊ ချမ်းသာမှုအားလုံးတို့တွင် မည်သည့်ချမ်းသာမျိုးနှင့်မျှ မတူသော ချမ်းသာစစ် ချမ်းသာမှန်ဖြင့် နေတော်မူရခြင်း ဖြစ်ပါ ကြောင်း သစ္စာတရားများ၏ ဝိသေသကို မှတ်သားထိုက်လေ၏။ ယင်းမှန်ကန်မှုသစ္စာတရားသို့ ဆိုက်ရောက်ဖို့မှာ လောကီလူသား တွေအဖို့တော့ အကျင့်မရှိသေး၊ အကျင့်နည်းနေသေးလျှင် အခက် တွေ့နေဦးမည်ဖြစ်၏။ ခက်ခဲနေလို့ မကျင့်နိုင်ရင်လည်း ဘုရား သာသနာတော်နှင့် တွေ့ရကျိုးမနပ်ဘဲ ဆုံးရှုံးမှုတွေ ဖြစ်လာပါ လိမ့်မည်။ ယင်းအချက်ကို အလေးထားကာ လေ့လာကျင့်သုံး နိုင်ကြပါစေရန် တိုက်တွန်းအပ်ပါ၏။

## မဂ္ဂသစ္စာ၏အနက်လေးမျိုး

မဂ္ဂဿနိယျာနဋ္ဌော ဟေတုဋ္ဌော ဒဿနဋ္ဌော အဓိပတေ

ယျွေဓော တတဝွေဓော။ မဂ္ဂသ၊ မဂ္ဂသစ္စာ၏ နိယျာနဝွေဓော၊ ဝဋ်မှ ထွက်မြောက်ဝါတတ်၊ ထွက်မြောက်ကြောင်း၏အဖြစ်သဘောသည် လည်းကောင်း၊ ဟေတုဝွေဓော–နိဗ္ဗာန်သို့ရောက်ကြောင်း၏အဖြစ် သဘောသည်လည်းကောင်း၊ ဒဿနဝွေဓော–သစ္စာလေးပါးကို မြင် တတ်သည်၏အဖြစ်သဘောသည်လည်းကောင်း၊အဓိပတေယျဝွေဓော– သစ္စာလေးပါးကို မြင်ခြင်း ကိစ္စ၌ သမ္ပယုတ်တရားတို့၏ အကြီး အမှူးအဖြစ်သဘောသည်လည်းကောင်း၊ တတဝွေဓော–မဖောက် မပြန် ဟုတ်မှန်သောသဘောမည်ပေ၏။

အဓိပ္ပာယ်အချက်လေးမျိုးပြဆိုရာ၌–

၁။ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သောသဘောတရား၊

၂။ နိဗ္ဗာန်သို့ရောက်ကြောင်း သဘောတရား၊

၃။ သစ္စာလေးပါး မြတ်တရားကို မြင်သိတတ်သော သဘောတရား၊

၄။ သစ္စာလေးပါးမြတ်တရားကို မြင်သိခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ရဲ့ အကြီးအမှူးအဖြစ် ဆောင်ရွက် တတ်သော သဘောတရားတို့ဖြစ်သည်။

ဤမဂ္ဂသစ္စာအပိုင်း၌ နည်းနည်းအရာကျယ်၏။ အကျယ် တဝင့် သိထားဖို့လိုပါသည်။ ဝဋ်ဆင်းရဲမှ ထွက်မြောက်အောင်၊ နိဗ္ဗာန်ကို အာရုံပြုသိမြင်နိုင်အောင် သစ္စာလေးပါးကို ပြတ်ပြတ် သားသား သိမြင်ရအောင်၊ သစ္စာလေးပါးကို သိဖို့ရန်ကိစ္စမှာ သမ္ပယုတ်တရားများကို စိတ်ရှင်လန်းစွာ အကြီးအမှူးအဖြစ် ဆောင်ကျဉ်းရာ၌ ပစ္စုပ္ပန် တည့်တည့်နေထိုင်မှု စသည်၌ အကျင့်

တရားက အဓိကဖြစ်နေပါ၏။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးအကျင့်တရား မြတ်ကို သိရလေအောင် ရေးသားပါဦးမည်။ ယင်းမဂ္ဂင်ရှစ်ပါးကို များသောအားဖြင့် နာဖူးကြားဝရှိနေကြ၏။ သို့ပေမဲ့ လက်တွေ့ကျကျ ကျင့်သုံးနေထိုင်ဖို့တော့ အခက်တွေ့နေကြတယ်၊ အခက်အခဲများ ကျော်လွှားနိုင်အောင် မဂ္ဂင်ရှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် ကျင့်သုံးလို့ ဘဝကို အပြီးအပိုင် ဖြတ်တောက်ဖျက်ဆီးပစ်နိုင်လျှင် အကြောင်းတရားများ ကင်းပြတ်ပြီး ပြုပြင်ပြောင်းလဲမှုအဖြစ်မှလည်း ကင်းကင်းရှင်းရှင်း ဖြစ်သွားလေတော့၏။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးရဲ့ ဖွင့်ဆိုပုံကို လေ့လာကြပါကုန်စို့။

## မဂ္ဂင်ရှစ်ပါး

၁။ သမ္မာဒိဋ္ဌိ = မှန်သောအမြင်အယူ
၂။ သမ္မာသင်္ကပ္ပ = မှန်သောကြံစည်မှု
၃။ သမ္မာဝါစာ = မှန်သောပြောဆိုမှု
၄။ သမ္မာကမ္မန္တ = မှန်သောပြုလုပ်မှု
၅။ သမ္မာအာဇီဝ = မှန်သောအသက်မွေးမှု
၆။ သမ္မာဝါယမ = မှန်သောအားထုတ်မှု
၇။ သမ္မာသတိ = မှန်သောသတိရှိမှု
၈။ သမ္မာသမာဓိ = မှန်သောတည်ကြည်မှု

၁။ သမ္မာဒိဋ္ဌိ– မှန်သောအမြင်အယူ၊ ရှေးဦးစွာ မှန်သောမြင်ယူပုံကိုကြည့်လျှင် မျက်စိနှစ်လုံး ပွင့်လာသည်နှင့် အာရုံအမျိုးမျိုး မြင်ရမည်။ ကြားရမည်။ အနံ့ရခြင်းစသည်တို့ ဖြစ်နေကြ၏။ ထိုအဖြစ်က မြင်ရိုးမြင်စဉ်၊ ကြားရိုးကြားစဉ်များသာ ဖြစ်ပါ၏။ မြင်ရိုးမြင်စဉ်၊ ကြားရိုးကြားစဉ်အပေါ်မှာ တဏှာစိတ်နှင့်ကြည့်လျှင်၊ ယူလျှင် ဤအကြည့်အယူသည် မှားနေ၏။ ဤအမှားက မိစ္ဆာဒိဋ္ဌိ ဖြစ်သွား၏။ အာရုံများကို ဖောက်ပြန်မှားယွင်းစွာ မြင်ခြင်း၊ ယူခြင်းဖြစ်တယ်။ ထို့အတူ ကြားသည့်အခါ၊ နံသည့်အခါ၊ စားသည့်အခါ၊ ထိတွေ့သည့်အခါတို့၌ တဏှာစသည် ဖြစ်လျှင် မိစ္ဆာဒိဋ္ဌိပဲ၊ သမ္မာဒိဋ္ဌိဖြစ်အောင် အာရုံများကို မှန်ကန်စွာ တရား ဘာဝနာနှင့် ကြည့်မြင်ပြီး ယူလျှင် သမ္မာဒိဋ္ဌိအမြင်အယူ ဖြစ်လေ ၏။

ထို့ကြောင့် "ကြည့်တတ်လျှင် ဘာဝနာ၊ မကြည့်တတ်လျှင်တဏှာ၊ ကြည့်တတ်လျှင် သမ္မာ၊ မကြည့်တတ်လျှင် မိစ္ဆာ" ဟု ဆိုရိုးပြုကြသည်။ အာရုံများကို ကြည့်တတ် မြင်တတ် ယူတတ်အောင် ကိုယ်ကျင့်သီလတရား ခိုင်ခိုင်မာမာ လက်ကိုင်ထားရမည်။ ကျင့်သုံးနေရမည်။ ဤသို့အာရုံများပေါ် တဏှာစသည်ဖြင့် မမြင်ဘဲ မှန်သောတရားနှင့်သာ မြင်ယူပြီး ကျင့်သုံးနေထိုင်လျှင် အမြင်အယူစင်ကြယ်၍ သမ္မာဒိဋ္ဌိမှန်သော အမြင်အယူဖြင့် ကောင်းမွန်စွာ နေထိုင်ခြင်း သမ္မာဒိဋ္ဌိဖြစ်လေ၏။

## ၂။ သမ္မာသင်္ကပ္ပ= မှန်သောကြံစည်မှု။

အာရုံများပေါ် အမြင်စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်း ဖြစ်ပုံတို့ကို လေ့လာပြီး ယခုတစ်ခါ သမ္မာသင်္ကပ္ပအကြောင်း လေ့လာဖို့ပါပဲ၊ ကြံစည်ခြင်းဟူသည် စိတ်ပိုင်းဆိုင်ရာ ဖြစ်နေတယ်၊ စိတ်သည် အာရုံများကို ကြံစည်ရာမှာ ကောင်းတာကြံစည်သလို၊ မကောင်းတာလည်း ကြံစည်မိ၏။ ကောင်းတာမကောင်းတာ ကြံစည်ခြင်း၌ ယင်းအကြံကြောင့်ဖြစ်လာခြင်း မဖြစ်ခြင်းတို့က စိတ်ကို ပြန်ပြီး ကြည်လင်ခြင်း ညစ်နွမ်းခြင်းများ ဖြစ်ပေါ်စေ၏။ ဘယ်အကြံအစည်က ကြည်လင်ခြင်းဖြစ်၍ ညစ်နွမ်းခြင်း ဖြစ်လေသနည်း၊ မကောင်းသော ကြံစည်ခြင်းဖြစ်လာပါက စိတ်ညစ်နွမ်းခြင်းဖြစ်ရလေ၏။ စိုးရိမ်သောက ပူပန်ရသောကြောင့် စိတ်ကိုညစ်နွမ်းစေရတယ်။ ကောင်းသောကြံစည်ခြင်း၊ ဖြစ်လာပါက စိတ်ကို ကြည်လင်စေမှာ အမှန်ပါပဲ၊ ထို့ကြောင့် စိတ်ကြည်လင်မှုများများ ဖြစ်အောင် မြဲမြန်စွာဖြစ်နိုင်အောင် မကောင်းသော အကြံအစည် ဝင်လာလျှင် စိတ်ညစ်နွမ်းစေတယ်၊ ခန္ဓာကိုယ်ထိခိုက်စေတယ်၊ သို့အတွက် မကောင်းသော ကြံစည်မှုဖယ်ရှားပြီး ကောင်းတဲ့အကြံကိုသာ ကြံစည်နေခြင်းက သူတော်ကောင်းတို့နှစ်သက်ကြလိမ့်မည်၊ သူတော်ကောင်း နတ်ကောင်း မသည် အဆိုပင်တည်း။

ဤအဆိုက အမှန်ပင်ဖြစ်လို့ သူတော်ကောင်းဖြစ်သော မိမိကို သူတော်ကောင်းတို့က ပြန်စောင့်ရှောက်နေပါ၏။ ထို့ကြောင့် ကြံစည်တိုင်းကြံစည်တိုင်း အကြံအစည်များသည်

မှန်ကန်မှုဖြစ်နေပါက ယင်းအကြံအစည်သည် သမ္မာသင်္ကပ္ပ= မှန်သောကြံစည်မှု ရနေတော့၏။

## ၃။ သမ္မာဝါစာ မှန်သောပြောဆိုမှု

စကားများအကြောင်းအရာမျိုးစုံတို့ကို ပြောဆိုဆက်ဆံရာမှာ စကားတစ်ခွန်းသည် အရေးပါအရာရောက်၏။ မှန်သောစကားလည်း ဖြစ်ဖို့ ပိုအရေးကြီး၏။ ပြောဆိုမည့်စကားကို မှန်တဲ့အတိုင်း တည်တည်ငြိမ်ငြိမ် ရဲရဲဝံ့ဝံ့ မကြောက်မရွံ့ဘဲ ပြောဆိုတတ်ဖို့ လိုအပ်ပေ၏။ မိမိပြောဆိုသောစကား ကြားရကာ တစ်ဖက်သားက မှတ်ချက်ပေးမည်၊ ဆုံးဖြတ်ချက်ချ ပြုလုပ်လိမ့်မည်၊ ပြုလုပ်သည့်အခါ မှန်သောစကားဖြစ်ပါက မှန်တဲ့အတိုင်း ဖြစ်လိမ့်မည်၊ စကားမမှန်ပါက မမှန်တဲ့အတိုင်း ဖြစ်လိမ့်မည်။

## ၄။ သမ္မာကမ္မန္တ=မှန်သောပြုလုပ်ခြင်း

ဤသမ္မာကမ္မန္တကား ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်း အရာဌာနဖြစ်လေ၏။ လက်တို့ဖြင့်ပြုလုပ်ခြင်း၊ ခြေတို့ဖြင့် ပြုလုပ်ခြင်း၊ လက်ခြေတို့ဖြင့် ပြုလုပ်ရာမှာ ကောင်းသော အလုပ်လည်း ပြုလုပ်လို့ရ၏။ မကောင်းသောအလုပ်လည်း ပြုလုပ်လို့ရလေ၏။ ကောင်းသော အလုပ်လုပ်လျှင် သမ္မာအလုပ်၊ မကောင်းတဲ့အလုပ် လုပ်လျှင် မိစ္ဆာအလုပ် အလုပ်ပိုင်းဆိုင်ရာ ခွဲခြားထားရမည်။ ခွဲခြားပြီး လက်တွေ့လုပ်ရာမှာ သမ္မာဖြစ်အောင် ပြုလုပ်ရမည်။ ကိုယ်က လက်ဖြင့်လည်းကောင်း၊ ခြေဖြင့်လည်းကောင်း၊ ပြုလုပ်

လို့ သူတစ်ပါးထိခိုက်နာကျင်သွားသည်ဖြစ်စေ၊ အင်္ဂါချို့ယွင်း ပျက်စီးသွားမည်ဖြစ်စေ တစ်ပါးသူ ဒုက္ခရောက်သွားလျှင် မိမိအလုပ်သည် မိစ္ဆာအလုပ်ဖြစ်နေ၏။

မိစ္ဆာအယူပြုလုပ်မိသည်နှင့်အမျှ ယနေ့ရော မနက်ဖြန်ရော ပစ္စုပ္ပန်သံရာတို့၌ အနှောင့်အယှက်ဆိုးကျိုးတွေ ဖြစ်လိမ့်မည်။ ဤရရှိတော့မည့် ဆိုးကျိုးများမဖြစ်ရလေအောင် လက်ခြေများကို သမ္မာအလုပ်ဖြင့် ပြောင်းလဲကာ ပိတ်ပင်တားမြစ်ထားနိုင်ရမည်။ ဤကဲ့သို့ မိမိကိုယ်ကို ယုံကြည်နိုင်လောက်သည်ထိ မကောင်းသော ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကာ ကောင်းသောပြုလုပ်ခြင်းဖြင့် ကျင့်သုံးနေနိုင်လျှင် မိမိအလုပ်သည် မိစ္ဆာအလုပ်မှ ကင်းဝေးပြီး၊ သမ္မာကမ္မန္တ မှန်သောလုပ်ငန်းသဘောဖြင့် နေထိုင်ရာရောက်လေ၏။

၅။ သမ္မာအာဇီဝ–မှန်သောအသက်မွေးမှု

ခန္ဓာကိုယ်အသက်မွေးရာမှာ မှန်ကန်မှုဖြင့် အသက်မွေးဝမ်းကြောင်းပြုလုပ်နေထိုင်ခြင်းကို သမ္မာအာဇီဝဖြင့် နေထိုင်ခြင်းဟု ရှေးဦးစွာ မှတ်ထားရမည်။ ဤကဏ္ဍကား ဂရုပြုရမည့် အချက် ဖြစ်လေ၏။ အသက်မွေးမှုပြုရာတွင် များသောအားဖြင့် လောဘ တဏှာအားကြီးအဖြစ် များသောကြောင့် သမ္မာအာဇီဝဖြင့် နေနိုင်အောင် အတော်ကြိုးစားယူရမည်။ ရုပ်ကို အာဟာရစောင့်၏ဟု ဆိုပေမယ့် ရုပ်ကအာဟာရကို တပ်မက်တတ်၏။ နောက်တစ်မျိုး ရှိသေး၏။ မျက်စိအကျင့် ဝမ်းအချင့်ဟူသော

သုံးမစကားများသည် တိုတိုနှင့်ထိရောက်လေသော စကားဖြစ်၏။ သို့ပေမယ့် ယခုခေတ် အများသူငါ ကာမကုန်ထကြွစေသော အာရုံများနောက်သို့ မျက်စိအကျင့်များနေကြ၏။ ထို့အတူ အသား ငါးမပါ မစားတတ်၊ ငါးပိမပါ ထမင်းမမိန်ဟူသောသူတို့က များလေ၏။

ကိလေသာအဖြစ်နဲ့မည့် အစားအသောက်တို့ကို စားသုံးရမှာ ခံတွင်းမတွေ့ဖြစ်နေကြတယ်။ ဤအချက်ကို အထောက်အကူပြုနိုင်ရန် ဘုရားရှင်က "ဘောဇနေမတ္တညုတာ"ဟု ဟောတော်မူလေ၏။ အသက်မွေးရာမှာ အစားအသောက်ပေါ် အတိုင်းအရှည်ပမာဏကိုသိရမည်။ အစားအသောက်က တရားအားထုတ်မှု၌ အထောက်အကူများစွာ ရရှိနိုင်၏။ စားသုံးမှုကို အတိုင်းအရှည်မထားဘဲ စားချင်တိုင်းစားလျှင် ငိုက်မည်းနေတတ်၏။ တဏှာက စားချင်တိုင်း အလိုမလိုက်ဘဲ ပမာဏကိုသိ၍ မျှတရုံစားသောက်လျှင် ခန္ဓာကိုယ်မျှတပေါ့ပါးနေ၍ အားထုတ်ရာမှာ အထောက်အကူဖြစ်စေလာ၏။ ထို့ကြောင့် စားဝတ်နေရေးဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြရာ၊ တရားအားတုတ်မှု၏ ဆန့်ကျင်ဘက်ဖြစ်၍ ကိလေသာ တဏှာအားပေးသော စားဝတ်နေရေးကို ရှောင်ကြဉ်ရမည်။ တရားအားထုတ်မှုကို အထောက်အကူဖြစ်သော စားဝတ်နေရေးဖြင့် မှန်ကန်မှုဖြစ်အောင် အသက်မွေးဝမ်းကြောင်း ပြုရမည်။ စားဝတ်နေရေးမှန်ကန်မှု ဖြစ်ပါမှ အသက်မွေးမှု စင်ကြယ်ပြီး သမ္မာအာဇီဝ မှန်သော အသက်မွေးမှု မည်ပါလေ၏။

## ၆။ သမ္မာဝါယမ မှန်သောအားထုတ်မှု

သမ္မာဝါယမ ဟူသည် ကောင်းမြတ်သောတရားကို ရအောင်ယူခြင်း၌ ကြိုးစားအားထုတ်ခြင်းသည် သမ္မာဝါယမ၏ သဘောပင်တည်း။ ကြိုးစားဟူသော စကားက အသုံးများသော စကားလုံးဖြစ်လေ၏။ ကြိုးစားလျှင် ဘုရားဖြစ် ပျင်းတော့ ဖျင်းတတ်၏။ ယင်းစကားများက လောကီဘက်မှကြည့်လျှင် ထင်ရှားနေပါ၏။ ကြိုးစားမှုရှိလျှင် အောင်မြင်ကျော်ကြား၏။ ချမ်းသာသုခဖြင့် ဖိမ်ကျကျနေရလေ၏။ မကြိုးစားဘဲ ပျင်းနေလျှင် ဖျင်းအအနှင့် နေရာတကာသူများနောက်မှ လိုက်ရပြီး ဆင်းရဲမှု တာရှည်နေတတ်ရ၏။ ပျင်းသူများကား မြတ်သော တရားကိုရခြင်း၌ အလွန်ဝေးကွာနေ၏။ မဆုတ်မနစ်ဖွဲလုံ့လနှင့် ကြိုးစားအားထုတ်သူတို့တွက် ရည်ရွယ်ချက် ပန်းတိုင်သို့ လျှင်လျှင်မြန်မြန် ရောက်ရ၏။ မြတ်သောဆုပန်ဆင်သော ပုဂ္ဂိုလ် ထူးတို့ကြည့်လျှင် ဆုပန်သည့်တိုင်း ကြိုးစားအားထုတ်ရင်း ကျုံးဝါးခဲ့သော "ကြိုးစားဘုရားဖြစ်"ဟူသော စကားလုံးသည် အထွတ်အထိပ်စကားလုံး ဖြစ်နေ၏။ ကြိုးစားသူတို့ ကိုယ်တွေ့ ခံစားရသော တန်ဖိုးရှိသော အားပေးစကားလုံးလည်း ဖြစ်နေ၏။

သမ္မာဝါယမဖြစ်အောင် ကြိုးစားအားထုတ်ရာမှာ ဘုရား တရားသံဃာ ရတနာမြတ်သုံးပါးကို စစ်မှန်သောနည်းလမ်းဖြင့် အားထုတ်တတ်ဖို့ လိုအပ်ပေ၏။ ကြိုးစားအားထုတ်နေချိန် တစ်ခါတစ်ခါ မကောင်းမှုအနိဋ္ဌာရုံများ ဝင်လာတတ်သည်။ ယင်းသို့ဝင်လာသည့်ခါ အနုသယကိလေသာများက မကောင်း

မှုကိုပြုလုပ်ချင်သလိုလို အားထုတ်တတ်၏။ ထိုအခါ ဣန္ဒြာရုံ ဘက်ပြောင်းလိုက်၏။ ဘုရားသပ္ပာယ်ခြင်း၊ ပုတီးစိတ်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ပွားများ အားထုတ်ခြင်း စသည်ကို ပြုလုပ်လိုက်ရသည်။ တစ်ဖန် မကောင်းမှုပြုလုပ်တော့မည်ဆိုလျှင် ရရှိတော့မည့် ဆိုးကျိုးများကို ရှုမှန်းပြီး၊ မကောင်းမှုမပြုဘဲ ရှောင်ကြဉ်နေတဲ့ သူတော်ကောင်းတွေ လမ်းစဉ်လိုက်ကာ ဘုရားရှေ့သွားပါ တရားကျင့်ပါ သံဃာတော်ထံ ဆုံးမဩဝါဒ ခံယူမှုဖြင့် မကောင်းသောအကုသိုလ်များ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ပြီး၊ ကောင်းသောပြုလုပ်ခြင်းသို့ အစဉ်လိုက်ကာ ကြိုးစား အားထုတ်နေပါက သမ္မာဝါယမ မှန်သောအားထုတ်မှု ရရှိနေခြင်း ဖြစ်လေ၏။

## ၇။ သမ္မာသတိ မှန်သောသတိရှိမှု

ပထမသတိရိုးရိုးအကြောင်းကို ဆိုချင်ပါ၏။ သတိတရားသည် ပြုလုပ်စရာကိစ္စများကို အောက်မေ့မှု၊ အမှတ်ရမှုဖြစ်အောင် နှိုးဆော်တိုက်တွန်းပေးသောတရား ဖြစ်သည်။ ကောင်းတာရော၊ မကောင်းတာရော ကိစ္စရပ်တို့ပေါ် သတိထားပေးလျှင် ထိုသတိကို ရိုးရိုးသတိဟု အောင့်မေ့ထားပါ။ တရားအားလုံးပေါ် (တစ်နည်း) ကိစ္စအားလုံးပေါ် သစ္စာနှင့်ကြည့်ပြီး နှိုးဆော်တိုက်တွန်းနေလျှင် သာမန်သတိ မဟုတ်ဘဲ ဝိသေသသမ္မာသတိဖြစ်၍ မှန်ကန်စွာ သတိရှိနေခြင်းဖြစ်နေပါ၏။ သတိတရားက စိတ်ကို ဝမ်းသာအောင် ဝမ်းနည်းအောင် ချမ်းသာဆင်းရဲဖြစ်အောင်လည်း

ဖော်ဆောင်ပေးတတ်သည်။ ဖော်ဆောင်ပေးတတ်သောကြောင့် သတိတရားက ကိစ္စအားလုံးမှာ အရေးပါအရာရောက်ဆုံး ဖြစ်လေ၏။ ဤသတိတရားသည် ပိုလွန်နေသည်ဆိုတာ မရှိ လိုနေသည်သာ ရှိ၏။ ဒါကြောင့်လည်း ပညာရှိများက "သတိ ဟူသည်ပိုသည်မရှိ လိုသည်သာရှိ၏"ဟု အဆိုပြုခဲ့ကြ၏။ ယင်းသို့ အဆိုပြုခဲ့သောကြောင့် သတိခဏခဏရဖို့ မြဲမြဲခိုင်မြဲ နေရအောင် သတိကိုပြန်ပြီး လုပ်ငန်းသဘောနှင့် သတ်မှတ် ပေးထားရမည်။ ပြုလုပ်မည့်လုပ်ငန်းကိစ္စရပ်တို့ကို အချိန်နာရီ မိနစ်ဖြင့် သတ်မှတ်ချက်ပေးထားရမည်။ ကိုယ်သတ်မှတ်ပေးထား သော အချိန်နာရီကိုလည်း ပြုလုပ်နိုင်ဖို့ ကြိုးစားရမည်။ သို့မှလည်း သတိပိုမိုခိုင်မာအားကောင်းလာနိုင်မည်။

အချိန်များများပိုင်းပြီး၊ သတိထားလုပ်နိုင်လေလေ သတိ တရားရဲ့ အကျိုးကျေးဇူးများလေလေ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် မကောင်းမှုများပေါ် သတိရလျှင် သတိနှင့်ပင်ပြန်ပြီး ဖျောက်ဖျက် လိုက်၍ သတိနှင့်ပင်ကောင်းမှုများကို ရစေကာ မှန်ကန်သော တရားကိုသာရအောင် ငါသတိထားနိုင်ရမည်ဟု မိမိကိုယ်ကို ကောင်းသောသတိတရားလေးနှင့် အမြဲနေနိုင်ပါလျှင် သမ္မာသတိ မှန်သောသတိရှိသူဖြစ်ကြောင်း သူတော်ကောင်းတွေ ကောင်းချီး ပေးကာ ချမ်းသာနေသူဖြစ်ပါလေ၏။

၈။ သမ္မာသမာဓိ -မှန်သောတည်ကြည်မှု

သမာဓိသဘောသည် ငြိမ်သက်တည်ကြည်နေသော

သဘောကို သမာဓိရသည်၊ သမာဓိဖြစ်သည်ဟု သမာဓိသဘော ကို အရင်မှတ်သားရမည်။ ငြိမ်သက်တည်ကြည်သည့် သမာဓိ သဘောသည် ကောင်းသောအာရုံကြောင့်လည်း ဖြစ်နိုင်၏။ မကောင်းသောအာရုံကြောင့်လည်း ဖြစ်နိုင်၏။ ကောင်းသော အာရုံဖြစ်စေ၊ မကောင်းသောအာရုံဖြစ်စေကို ယူသည့် အာရုံတစ်ခု ခုပေါ် စိတ်ပါဝင်စားပြီး ခိုင်ခိုင်မာမာ တည်ကြည်နေလျှင် သမာဓိရနေတာပါပဲ၊ သမာဓိရတိုင်းတော့ သမ္မာသမာဓိမဖြစ်နိုင် လေ။

## မကောင်းသောအာရုံနှင့် သမာဓိ

ရှေးဦးစွာ မကောင်းတဲ့အာရုံမှာ ငြိမ်သက်တည်ကြည်နေနိုင် ပုံကို လေ့လာခဲ့ကြည့်ပါ။ ဒီနေရာသမာဓိအကြောင်း ရေးနေ ခြင်းဖြစ်လို့ ထင်မြင်လွယ်သောအကြောင်း ပြရမည့်တွက် စိတ်တော့ တစ်မျိုးတစ်ဖုံပြောင်းမသွားကြလေနှင့် ငယ်ရွယ်သူတို့ သဘာဝအလျောက် တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်များ ငြိတွယ်ကာ ချစ်ကြကြိုက်ကြ၍ တစ်နေရာရာသို့ ချိန်းဆိုသော ချစ်သူဆီက အာရုံတစ်ခုရသွားပါလျှင် ယင်းအာရုံပေါ်ပဲ တည် ကြည်မြဲနေပါလိမ့်မည်။ ထိုတည်ကြည်မှုက အခြားအာရုံတွေ အဝင်မခံတော့ပေ။ မိမိယူထားသော အာရုံမှတစ်ပါး အခြားအာရုံ များကို ပျောက်ဖျက်နိုင်စွမ်းရှိ၏။ တစ်ဖန် ချိန်းဆိုရာအရပ်သို့ အရောက်သွားကြရာလမ်းခရီး၌ အဆိပ်ရှိသတ္တဝါစသော ဘေးရန် အပေါင်းကို ကြောက်လန့်တုန်လှုပ်မှုမရှိ၊ ညအချိန်ဖြစ်လျှင်

တစ္ဆေသူရဲလည်း ကြောက်လန့်တုန်လှုပ်ဖွယ် မဖြစ်ဘဲ၊ အခြားအခြားသော အန္တရာယ်အာရုံများကို မတွေးတော မစဉ်းစားသည့်အတွက် ကြောက်လန့်တုန်လှုပ်ဖွယ်မဖြစ်ဘဲ အာရုံတစ်ခုမှာပင်ခိုင်မာစွာ ရပ်တည်နေလေ၏။ ထိုသို့တည်ကြည်နေခြင်းသည်မိမိယူထားသော အာရုံကလွဲလို့ အခြားအာရုံတွေနောက် စိတ်မပါသောကြောင့် စိတ်ပါဝင်စားနေတဲ့ အာရုံတစ်ခုမှာသာ တည်ကြည်နေခြင်းဖြစ်သည်။ သို့ပေမယ့် ထိုသမာဓိမျိုးသည် ကြာရှည်တော့မတည်နိုင်ပေ၊ ဘယ်အတွက်ကြောင့်ပါလည်း မှန်ကန်မှုမရှိ၍ဝဋ္ဋဒုက္ခမှ မလွတ်မြောက်နိုင်သောကြောင့် ဖြစ်နေလို့ပါ။ ရှေ့ပူပင်ရမယ့် အာရုံကို ယူနေခြင်းကြောင့်လည်း ဖြစ်သည်။

ကောင်းသောအာရုံနှင့်သမာဓိ

ကောင်းသောအာရုံဖြစ်တဲ့ဘုရားကို အာရုံယူကြည့်ပါ။ မြတ်စွာဘုရားသည် သီလ၊ သမာဓိ၊ ပညာတို့၏ သန့်ရှင်းစင်ကြယ်သည့်နေရာအထွတ်အမြတ်ကို ယုံကြည်ကိုးကွယ်မှုရဖို့အပြည့်အဝပါပဲ၊ သက်ရှိထင်ရှားရှိတဲ့ဘုရားရှင်ရဲ့ ရုပ်တော်ကိုအသာထားဦး၊ ကိုယ်တော်စားရှိနေသည့် ရုပ်ပွားဆင်းတုတော်များကို ဖူးမြင်ကြည့်လျှင် အသက်ဝင်၍ သမာဓိကို ဖြစ်စေနိုင်လေ၏။

တစ်ဖန် ဘုရားတရားတော်ကို အာရုံယူကြည့်ဦး။ ပိဋကတ်သုံးပုံတရားစကားတော်များဟာ နက်နဲပြီး အစစ်အဆေးခံနိုင်လေ၏။ လောကကျင့်သုံးသူတို့ကို တရားအတိုင်း မှန်ကန်စွာ

ဖြစ်နေလို့ သမာဓိကိုဖြစ်စေသည်။ ဘုရားရှင်ရဲ့ အနှစ်သာရပြည့်ဝသည့် တရားစကားကို သတိထားကြည့်ရှုလေ။ ယင်းကား "အရာအားလုံးကို အမြဲသတိထားပြီး ပယ်သင့်ယူသင့်သည်ကို သိနေလျှင် ကိစ္စအားလုံးပြီးရော" ဤကား စာရှုသူတို့ အမြင်အယူစင်ကြယ်နိုင်ဖို့ သတိပေးစကားဖြစ်လေသည်။

နောက်ကအာရုံအမျိုးမျိုး ထိန်းချုပ်တည်ကြည်နိုင်ဖို့ "အပ္ပမာဒေနသမ္ပာဒေထ" အဲဒါ အနှစ်ချုပ်စကားပါပဲ ထိုတရားစကားသည် ခိုင်မာလှ၍ တုန်လှုပ်မှုမရှိဘဲ တည်ကြည်မှု သမာဓိကို အပြည့်အဝဖြစ်စေလေ၏။ ဘုရား၊ တရား၊ ရတနာကို အာရုံယူကြည်ညိုကြပြီး၊ ခုတစ်ဖန် သံဃာရတနာဘက်လှည့်ကာ အာရုံယူကြည်ညိုကြည့်လေဦး၊ သံဃာတော်ဟု ဆိုရာမှာ အရိယာသံဃာမှာ ကိလေသာဖြူစင်၍ ဘုရားချီးမွမ်းလေ၏။ ယင်းအရိယာ သံဃာကို အာရုံယူ ဂုဏ်တော်များကို ပွားများတတ်လျှင် သမာဓိကို ခိုင်လုံစေတာပဲ။ ပုထုဇဉ်ရဟန်းတော်များကို သီလ၊ သမာဓိ၊ ပညာပြည့်စုံ၊ ပြည့်စုံသလို အာရုံယူကြည်ညိုတတ်မှ အကျိုးများကာ သမာဓိထူထောင်နိုင်လေသည်။ ထိုအချက်သည် ဂရုပြုရာအချက်ဖြစ်လေသည်။ ပုထုဇဉ်ရဟန်းတော်များကို ကိုးကွယ်ဆည်းကပ်အမှီပြုကြရာ၊ ပုထုဇဉ်ရဟန်းပင်ဖြစ်လင့်ကစား အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာစသော အရှင်မြတ်တို့တိုင် အောင်အာရုံယူအတူထား၍ ကိုးကွယ်ဆည်းကပ်ကြည်ညိုကြလျှင် သံဃာကို အလေးထားရာရောက်သောကြောင့် ပုထုဇဉ် ရဟန်း

များကိုမှီပြီး သမာဓိရနိုင်စရာအချက်ဆိုတာ မှတ်သားထိုက်စရာဖြစ်နေလို့ပါ။

ဤသို့သမာဓိရနိုင်စရာအချက်ကို ခွဲခြားပြရခြင်းသည် အရိယာသံဃာတော်ရှစ်ယောက်တို့သည် ပုထုဇဉ်ရဟန်းတော်များနှင့်၊ သီလ၊ သမာဓိ၊ ပညာဂုဏ် သိက္ခာအဆင့်အတန်းကွာခြားနေကြ၏။ ပုထုဇဉ်ရဟန်းတော်များကား လောဘ၊ ဒေါသ၊ မောဟ၊ ငြိမ်းကြောင်း ကျင့်နေဆဲဖြစ်ခြင်းကြောင့် အရိယာအဖြစ်သို့ မရောက်ကြသေးပေ။ ထိုအခါ ပုထုဇဉ်ရဟန်းတို့ စိတ်အမျိုးမျိုးဖြစ်၍ မတည်ငြိမ်ကြလေဘူး။ ပုထုဇဉ်ရဟန်းတို့ရဲ့ မတည်ငြိမ်ပုံကိုကြည့်ပြီး ကိုးကွယ်ဆည်းကပ်ပုံ ရှိသေလေးစားမှု မရှိလျှင် အာရုံပြောင်းသွားလိမ့်မည်။ အာရုံပြောင်းသွားလျှင် တည်ကြည်မှု သမာဓိမရနိုင်ဘဲ ဆုပ်ယုတ်မှုသာ ဖြစ်စေနိုင်၏။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် ပုထုဇဉ်ရဟန်းတော်များ ကိုးကွတ်ဆည်းကပ် ပူဇော်ကြရာ၊ အရိသာသံဃာတော်များနှင့်အတူ ထား၍ ဆည်းကပ်ပူဇော်နိုင်လျှင် သမာဓိခိုင်မြဲခြင်းအကြောင်းဖြစ်လေ၏။

ထို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတည်းဟူသော အာရုံများသည် ကောင်းမြတ်သောအာရုံဖြစ်နေ၍ အာရုံယူကြည့်သောအခါ နောက်ဆက်တွဲပူပင်သောကမရှိဘဲ သမာဓိတရားကိုသာ တိုးတက်ကြီးပွားစေနိုင်ပါတယ်။ ဤသို့ ကောင်းသောအာရုံတွေကို အာရုံယူမှသာလျှင် ကောင်းမြတ်သော သမာဓိအမှန်တရားကို ရရှိပြီး ဤသမာဓိမျိုးမှ သမ္မာသမာဓိ

မှန်သောတည်ကြည်မှု ဖြစ်လေတော့၏။

ဤမဂ္ဂင်ရှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး အပြန်အလှန် ကျေးဇူးပြုတတ်၏။ တစ်ပါးကိုကျင့်သုံးနိုင်လျှင် ကျန်သောတရားများကိုလည်း ကျင့်သုံးလိုသော စိတ်ဆန္ဒနှစ်ခြိုက်စွာဖြစ်ပေါ်လာပါလိမ့်မည်။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါး အမြတ်တရားကို ပိုမိုနားလည်သဘောပေါက်ကျင့်သုံးနိုင်ရန် ဤမဂ္ဂသစ္စာပြရာအခန်းကဏ္ဍမှာ မဂ္ဂသစ္စာမည်သော မဂ္ဂင်ရှစ်ပါးသည် ဝဋ်ဆင်းရဲအပေါင်းမှ ထွက်မြောက်ကြောင်းဖြစ်၊ နိဗ္ဗာန်ကို သိမြင်နိုင်တဲ့အဖြစ်၊ သစ္စာလေးပါးကို သိမြင်နိုင်သည့်အဖြစ်၊ သစ္စာလေးပါးကို သိမြင်ဖို့မှာလည်း စိတ်ဓာတ်ကို အကြီးအမှူးအဖြစ်ဖြင့် တွန်းအားပေးတဲ့ ကျင့်စဉ်အမှန်တရား ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် လောကမှာ ရဟန်းရှင်လူများစွာသော သူတို့သည် အလုပ်အကိုင် အကြံအစည်ကျင့်စဉ်တို့ဖြင့် ချမ်းသာအမျိုးမျိုးကို ရှာကြံကျင့်သုံးနေကြ၏။ လောကီချမ်းသာလောက်မျှဖြင့် ရောင့်ရဲတင်းတိမ်ပြီး၊ တစ်ဘဝ တစ်ဘဝ ဆုံးမနေကြပါပဲ၊ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်ကို သိမြင်ခွင့်ရမှ အမြင်အားလုံးကြည်လင်၊ အလုပ်အားလုံးရှင်းလင်း၊ အသိအားလုံးဆုံးနိုင်၍ အစဉ်ထာဝရ ငြိမ်းအေးနေရမှာ ဖြစ်လေသည်။ အစဉ်ထာဝရ ငြိမ်းအေးနိုင်ရန် သစ္စာလေးပါး မြတ်တရားကို ထပ်ကာထပ်ကာ ဖတ်ရှုလေ့လာ မှတ်သားပြီး မဇ္ဈိမပဋိပဒါ လမ်းဖြောင့်လမ်းမှန် အကျင့်တရားဖြင့် နိဗ္ဗာန်သို့ အရောက်တက်လှမ်းနိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်း၍ ရေးသားအပ်လေသတည်း။

ဆုတောင်းမေတ္တာ ဖြန့်ဝေပါ၏။

၁။ သစ္စာလေးပါးသိမြင်ဖို့ ကြိုးစားနိုင်ပါစေ။

၂။ သီလတရားဖြင့် စိတ်ကိုအမြဲဖြူစင်အောင် ထိန်းချုပ်နိုင်ပါစေ။

၃။ အနန္တော အနန္တ ငါးပါး ဂုဏ်ကျေးဇူးဖြင့် ရှင်လန်းတက်ကြွ နိုင်ပါစေ။

၄။ အသက်ရှင် နေထိုင်သမျှ ကာလပတ်လုံး အမြတ်တရား ရပါစေ။

၅။ ယခုဘဝ နိဗ္ဗာန်မရပါက အရှုံးမရှိ၍ စိတ်ဓာတ်မကျပါစေနှင့်။

၆။ တစ်နေ့တစ်ချိန်မှာ ကေန်မုချ ရလိမ့်မည်ဟု ယုံကြည်နိုင်ပါစေ။

သာသနာတော်ထွန်းကားပြန့်ပွားရေးညီနောင်အသင်း
အမှတ် ၂၆၉၅၂
ရက်စွဲ ၁၅.၁၂.၀၆
သုတေသနစာကြည့်တိုက်

ချမ်းသာကိုယ်စိတ်မြဲပါစေ။
ကြိုးစားလျက်

**ဘဒ္ဒန္တ ဇာနေယျ**
**မိုးညိုရွှေပုဏ္ဏားလေး**



# ဘဝအမှောင်အလင်းဆောင်

ဘဒ္ဒန္တဇာနေယျ

(မိုးညို့ရွှေပုဏ္ဏားလေး)